

ကျင်းယုံ၏ သွားပုကုန်းဖိန်း

**2003**

တက္ကသိုလ်

## နေလင်းအောင်

1

# ဓားတရား

၆-အုပ်တွဲသိုင်းစာစဉ်

Alien-ချစ်စုလှိုင်

သိုင်းစာစဉ်များpage



# တက္ကသိုလ် နေလင်းအောင်

---

## ဆေးတခါရေး

### ပထမပိုင်း

[redacted]
[redacted]
တာမူခွင့်ပြုချက်အမှတ် - ၆၆/၂၀၀၃/၁
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၄၁၆ / ၂၀၀၃ (၄)
[redacted]
ပထမအကြိမ်
[redacted] ၂၀၀၃-ခုနှစ်၊ သြဂုတ်လ
အုပ်ရေ-၅၀၀၊ တန်ဖိုး - ၂၅၀ ကျပ်

ထုတ်ဝေသူ
ဦးထင်ရှိန် (စန်းရောင်ရှိန်စာပေ)
အမှတ်-၄/၁၇၇၊ မေခလမ်း၊
မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်
ဒေါ်တင်တင်ဆွေး (၀၄၆၈၁)၊ ပန်းကြာဆိုင်ပုံနှိပ်တိုက်
၅၆/ပြည်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။

အထက်မြန်မာပြည်ဖြန့်ချိရေး - **နဂါးစာပေ** (မန္တလေးမြို့)

**ဖြန့်ချိရေး - ကိုမျိုး (ပန်းကြာဆိုင်)**

**ရွှေပဒုမ္မာစာပေ**
၁၅၈(က)၊ ၃၇-လမ်း၊ ရန်ကုန်မြို့။

# တက္ကသိုလ်နေလင်းအောင်

## ဆေးတာရေး

ပထမပိုင်း

ရွှေပဒုမ္မာစာပေ

## အခန်း (၁)

## တရားခံဧပြောင်းပြန်

ရှန်စီပြည်နယ်ရှိတာ့ထုံစံအိမ်တော်ကြီးသည်ညဥ့် အမှောင်အောက်တွင် ငြိမ်သက်စွာ တည်ရှိနေ၏။ မီးအိမ်များမှ ဖြာကျနေသည့်အလင်းရောင်သည်ညဥ့်အမှောင်ကိုမရဲတရဲလေးထိုးဖောက်နေသည်။ အမှောင်က မကောင်းမှုဒုစရိုက် အမှုကို ကျူးလွန်စေရန် အားပေးအားမြှောက်သကဲ့သို့ ရှိနေ၏။

စံအိမ်တော်၏ သခင်ကြီးကား ထင်ဟုန်စာ ဖြစ်၏။ သူ၏ မျက်နှာထားကား သုန်မှုန်တင်းမာနေသည်။ ရှည်လျားလှသော မုတ်ဆိတ်မွေးများကို ဘယ်လက်ဖြင့် ဂနာမငြိမ်အဲ ပွတ်သတ်နေခြင်းက တစ်စုံတစ်ခုကိုအပြင်းအထန် စဉ်းစားနေကြောင်းဖော်ပြနေ၏။

မနက်ဖြန်ညနေတွင် သူအမှုစစ်ဆေးစရာ တစ်ခုရှိနေသည်။ ထိုအမှုကာသာမန်ဖြစ်ရိုးဖြစ်စဥ် အမှုတစ်ခု ဖြစ်သော်လည်း ဖြေရှင်းရမည်ကို သူအနည်းငယ် တွန့်ဆုတ်နေသည်။ အဘယ်ကြောင့်ဆိုသော် တကယ့်တရားခံ ဖြစ်ရမည့် သူက သူ့အပေါ် မှာ လွှမ်းမိုးချုပ်ကိုင် နိုင်စွမ်းရှိနေသူ တစ်ဦး ဖြစ်နေသော

ကြောင့်တည်း။ ထိုတစ်ညလုံး သူအိပ်မပျော်ခဲ့ပေ။ သူမည်သူ့မျှ တွန့်ဆုတ်နေစေကာမူ တရားစီရင်ရမည့် ညနေသည် သူ့ထံသို့မူ မလွဲမသွေ ရောက်ရှိလာလေတော့သည်။

'ဒုန်း'

နဂိုကတည်းက တိတ်ဆိတ်နေသော အခန်းမှာသူ၏ သစ်သားတူအချက်ပေးသံကြောင့် အပ်ကျသံပင် ကြားရလောက်အောင် တိတ်ဆိတ်သွားသည်။

တရားခွင်ရှိလူများ၊ အသက်ကို ပြင်းပြင်း မရှူရဲကြပေ။ သို့တိုင်အောင် ထင်ဟုန်တာက ငြိမ်သက်အောင် ကြိုးစားနေသည်။ အတန်ကြာကာမှ ထင်ဟုန်တာ၏ အသံကွဲကြီး ထွက်ပေါ်လာ၏။

'ကြည်စုကျွင်'

သူ့အသံကြောင့် ခုံရုံးရှေ့၌ ထိုင်နေသော မိန်းမပျိုလေး တစ်ယောက်မှာ ဆတ်ခနဲတုန်သွားတော့သည်။ ထိုမိန်းကလေးကား ကြည်စုကျွင်တည်း။

ထင်ဟုန်တာက မျက်လုံးကိုမြှုံးသည်ထက်မြှုံးပြလိုက်ပြီး ဒေါသဖြင့် ဟိန်းဟောက်လိုက်၏။

'မင်းတော်တော် အတင့်ရဲတဲ့ မိန်းကလေးပါလား၊ ယောက်ျားပျိုတစ်ယောက်နဲ့တိတ်တဆိတ်ဖောက်ပြန်ပြီးဖခင်အရင်းကိုတောင်မှ လုပ်ကြံသတ်ဖြတ်ရဲတယ်၊ အခုမင်းအကောင် ဘယ်မှာလဲ။ ငါ့ကိုမြန်မြန်ပြောစမ်း၊ ငြင်းဖို့တော့ မကြိုးစားနဲ့ လိမ်ညာမှုပါထပ်ပေါင်းပြီး အပြစ်ကြီးသွားလိမ့်မယ်'



'ဟင်'

အာမေဋိတ်သံများသည် တရားခွင်တစ်ခွင်လုံး လွှမ်းမိုးသွားသည်။ ကြည်စုကျွင်၏ မျက်နှာမှာ ရုတ်ချက်၊ ဒေါသစိတ်ကြောင့် နီရဲသွား၏။ သူမ၏ နှုတ်ခမ်းဖူးဖူးကလေးများပင် တဆတ်ဆတ် တုန်လာသည်။ မိန်းကလေးနှင့်အတူရှိနေသော အဘိုးအို တစ်ယောက်သည် မျက်နှာတစ်ချက်ပျက်သွားပြီး သွေးဆုတ်ဖြူရော်သွားသည်။ သူသည် ထင်ဟုန်တာရှေ့တွင် ဒူးထောက်နေရာမှ တုန်ယင်သော အသံဖြင့် တောင်းပန်လိုက်၏။

'သခင်ကြီး ခင်ဗျ - ဒီကိစ္စတွေဟာ မတရား၊ မတရားစွပ်စွဲနေတာပါ။ သခင်ကြီး ပြောသလို မဟုတ် မဟုတ်ရပါဘူး'

'ဒုန်း'

ထင်ဟုန်တာက သစ်သားတူကို စားပွဲပေါ် သို့ ထုရိုက်ပြန်သည်။

'တိတ်စမ်း'

သူ့တားမြစ်သံကြောင့် မိန်းကလေး ကြည်စုကျွင်မှာ အကြောက်လွန်ပြီး ကြမ်းပြင်ပေါ် သို့ ဝုန်းခနဲလဲကျသွားရတော့သည်။

အဘိုးအိုကမူ ကြမ်းပြင်နှင့်နဖူးကို ဦးတိုက်ပြီး အကြိမ်ကြိမ် တောင်းပန်နေ၏။ သို့သော် ထင်ဟုန်တာ စိတ်ဆိုးဒေါသကား မပြေနိုင်ဘဲဖြစ်နေ၏။

'တိတ်လို့ ပြောနေတာ မကြားဘူးလား၊ အခိုင်းအစေကများ မတရားစွပ်စွဲတယ်လို့ ပြောရဲသေးတယ်။ ရာရာစစ

ဒီကောင့်ပါးစပ်ကို ပိတ်လိုက်ကြစမ်း'

'ဖြန်း - ဖြန်း - ဖြန်း'

သူ့အမိန့်ပေးသံ ဆုံးသည်နှင့် ပါးရိုက်သံများ တဖြန်းဖြန်း ထွက်ပေါ်လာ၏။ အဘိုးအို၏ ပါးပြင် ချက်ချင်းယောင်ကိုင်း သွားသည်။ နှုတ်ခမ်းလည်း ကွဲသွားကာသွေးများ ထွက်ကျလာ၏။

သို့သော် အဘိုးအိုကားအလျှော့မပေးချေ။ သူပြောစကားကိုသာ ထပ်တလဲလဲ ပြောဆိုနေတော့သည်။

'ကျွန်တော်မျိုးမှန်တာကိုလျှောက်တင်တာပါ သခင်ကြီး၊ သခင်ကြီးပြောတာတွေက မတရားစွပ်စွဲပြီး ပြောတာတွေချည်းပါပဲ'

'သအောက်ကောင်၊ မင်းက အပြစ်ကို ဝန်မခံချင်တဲ့အပြင် အဖြစ်မှန်ကို ဖုံးဖိချင်သေးတယ်ပေါ့'

'ကျွန်တော်မျိုး ဒီလို မလုပ်ဝံ့ပါဘူးခင်ဗျာ'

'မင်းရုပ်လား၊ ဒီလိုမလုပ်ဝံ့မှာ မင်းလို လူမျိုးတွေ ရှိနေလို့ ဟိုမိန်းမယုတ်လို မိန်းကလေးတွေ ထောင်နေတာ'

' သ -- သခင်ကြီး မှားနေပါပြီခင်ဗျာ'

' ဘာ --ငါမှားတယ် ဟုတ်လား'

' မင်းက သခင်အားရ ကျွန်ပါးဝ လုပ်နေသေးတယ်၊ မင်းကို ဒီလိုလုပ်လို့မရတော့ဘူး၊ အပြစ်ဒဏ်ကြီးကြီး မားမား ခတ်မှ ဖြစ်လိမ့်မယ်၊ ဟေ့ -ဒီကောင်ကို ထပ်ပြီး ဆုံးမလိုက်စမ်း'

ပါးကွက်သား အာဏာသားများရှေ့သို့ တိုးဝင်လာကြ



ဖြန်၏။ လက်ဝါးများ ခြေစောင်းများ၊ အဘိုးအိုကိုယ်ပေါ်သို့ အဆက်မပြတ် ကျရောက်လာသည်။ ထိုးရိုက်ကန်ကျောက်သည့် ဒဏ်ပြင်းထန်လှသဖြင့် အဘိုးအိုသည် ကြမ်းပြင်ပေါ်သို့ ဝုန်းခနဲ လဲကျသွားတော့သည်။ ထိုအချိန်တွင် လဲကျသွားသော မိန်းကလေးက ပြန်သတိရလာသည်။ အဘိုးအို လဲကျနေသည်ကို တွေ့ရသောအခါ ရင်ထဲတွင်ဆို့သွား၏။ သေဆုံးသွားလေပြီဟု ထင်မှတ်လိုက်သည်။

အမျိုးသမီးလေး၏ပါးပြင်ထက်သို့ မျက်ရည်များ တစ်တွေ တွေ စီးဆင်းကျလာသည်။ သူမခမျာရှိုက်သံပင် မထွက်နိုင်ရှာပေ။ သူမအတွက် ကြားထဲမှ မြေစာပင် ဖြစ်ရှာသူအတွက် သူမ စိတ်ထိခိုက်လှသည်။

ထိုတဒင်္ဂအတွင်း တရားသူကြီးကို မုန်းတီးနာကျည်းစိတ်လည်း ဝင်လာ၏။ ထို့ကြောင့် သူမ၏မျက်လုံးများသည် မီးကျီး မီးခဲပမာ ရဲရဲတောက်လာ၏။ အံကို တင်းတင်းစေ့ကြိတ်လိုက်သည်။ ကြောက်ရွံ့ထိတ်လန့်ခြင်း၏ အဆုံးတွင် ရဲစွမ်းသတ္တိပေါ်လာခဲ့လေသည်။ ကြောက်စိတ်များနေရာတွင် နာကျည်းဒေါသစိတ်တို့ တိန်းအောင်းလာခဲ့ချေပြီ။

'လုံ -- လုံမလေး၊ ကျုပ် -- မနေရတော့ဘူး၊ အရာရာကို ဂရုစိုက်ပြီး သတိဝီရိယနဲ့ -- နေ'

လဲကျနေသော အဘိုးအိုထံမှ စကားသံထွက်ပေါ်လာသဖြင့် မိန်းကလေး အလွန်တရာ ဝမ်းသာသွားသည်။ သို့သော် အဘိုးအိုမှာ ထိုစကားကလေးသာ ပြောနိုင်ပြီး ခေါက်ခနဲလိမ့်

ကာ သေဆုံးသွားတော့၏။

မိန်းကလေး ရင်ထဲတွင်ဆို့သွား၏။ လဲကျသွားမတတ် မူးမိုက်သွားသည်။ သူမသည် တရားသူကြီး စွပ်စွဲသလို ပြစ်မှုကျူးလွန်ခဲ့သူ မဟုတ်ပါချေ။ သို့သော် တရားသူကြီးက သူမအား မဟုတ်မမှန် စွပ်စွဲပြောဆိုနေခဲ့၏။ ဖခင်ဖြစ်သူ အသက်ဆုံးရသည့်အပြင် မိမိကိုပါ လောလီဖောက်ပြားသည့် အကျင့်ယုတ်မိန်းမအဖြစ် လူအများရှေ့၌ ဝန်ခံခိုင်းနေခြင်းမှာ အလွန့်အလွန် မတရားသော အပြုအမူပင် ဖြစ်ပါတော့၏။

တစ်ဘက်မှ မားမတ်စွာ သက်သေခံ ရပ်တည်ပေးခဲ့သည့် သက်သေအဘိုးအိုသည်ပင် ထင်ဟုန်တာတို့ နှိပ်စက်ညှဉ်းဆဲသဖြင့် အသက်ဆုံးရှုံးခဲ့ရချေပြီ။ မိမိသည်လည်း အသက်သော်လည်းကောင်း၊ အရှက်သော်လည်းကောင်း၊ ဆုံးရှုံးရမည်မှာ သေချာလှပေတော့သည်။ ထိုသို့သော အားကိုးရာမဲ့အတွေးကြောင့် သူမရင်ထဲ လှိုက်၍လှိုက်၍ တက်လာပြီး မျက်ရည်ပေါက်ပေါက်ကျလာတော့သည်။

မိန်းကလေးမှာ မခံမရပ်နိုင်ပြီး ရှိုက်ကြီးတငင် ငိုကြွေးလိုက်မိလေတော့သည်။

'ရုံးတော်မှာ ငိုမနေစမ်းနဲ့ ကြည်စုကျွင်၊ မင်းအမှန်အတိုင်း ဝန်ခံမလား၊ ဝန်မခံဘူးလား၊ ခုနက မင်းအစေခံကြီးရဲ့ဇာတ်သိမ်းကို မြင်ရတယ်မဟုတ်လား၊ မင်းပါးစပ်က အမှန်အတိုင်း ဝန်မခံရင် မင်းကိုလဲ ဒီနည်းနဲ့ ဆုံးမပြီး စစ်ဆေးရလိမ့်မယ်'

ကြည်စုကျွင် အံကြိတ်လိုက်၏။



'သခင်ကြီး ကျွန်မကာမဟုတ်မမှန်ဘဲ အစွပ်စွဲခံရတာပါ။ ကျွန်မအဖေဟာ ဝမ်တိတ်ရှင် လက်ချက်နဲ့ မသေသင့်ဘဲ သေခဲ့ရတယ်ဆိုတာ ကျွန်မတို့ အနီးအနားကရွာသူရွာသား အားလုံးသိပါတယ်။ မြင်တဲ့လူလဲမြင်ကြပါတယ်။ ဒီနေ့ သခင်ကြီးက တရားခံအစစ်ကို မဖမ်းဘဲ ကျွန်မကို တစ်ပါးသူနဲ့ ဖောက်လွဲဖောက်ပြန်လုပ်ပြီး ဖခင်အရင်းကို လုပ်ကြံတယ်လို့ စွပ်စွဲနေတာ တကယ့်ကို မတော်မလျော်တဲ့ အပြုအမူပါ။ အပြစ်ဒဏ်ခံရမှာကို ကြောက်လို့မဟုတ်ပါဘူး။ ဖခင်ကို ဘယ်သားသမီးက မြန်သတ်မှာလဲ၊ မဟုတ်မမှန်ဘဲနဲ့တော့ လူတကာရဲ့ တံတွေးခွက်ထဲမှာ ပက်လက်အမျောမခံနိုင်ပါဘူး။ တကယ်ဆိုရင် တရားခံအစစ်ဖြစ်တဲ့ ဝမ်တိမ်ရှင်ကို အမြန်ဆုံးဖမ်းပြီး အမြန်ဆုံး အပြစ်ဒဏ်ပေးသင့်ပါတယ်'

'ဒုန်း'

ထင်ဟုန်တာက သစ်သားတူဖြင့် စားပွဲပေါ် သို့ ထုရိုက်ချလိုက်ပြန်သည်။

'တော်တော်စွာပြီးတော်တော်သတ္တိကောင်းတဲ့ မိန်းမယုတ်ပါလား၊ ဝါးလုံးကို ဝါးခြမ်းဖြစ်အောင် လုပ်ဦးမလို့ပေါ့လေ၊ မင်းတို့လို တရားခံမျိုးတွေ ရှိနေလို့ အမှုစစ်ဆေးတဲ့နေရာမှာ နှိပ်စက်ညှဉ်းပန်းတဲ့နည်းကို သုံးနေရတာ၊ မရိုက်မနှက်သေးတော့ ခပ်ပေါ့ပေါ့ပဲ၊ ကိုယ့်အပြစ် ကိုယ်ဝန်မခံချင်တဲ့အပြင် လူကောင်းသူကောင်းကိုပါ စွပ်စွဲ အပြစ်တင်ချင် နေသေးတယ်၊ လာကြစမ်းဟေ့ သူ့ကိုပညာပေးလိုက်စမ်း'

အစောင့်တပ်သားများသည် သက်သေ အဘိုးအိုကို ရိုက်နှက်သကဲ့သို့ ရိုက်နှက်ရန် ရှေ့သို့တိုးလာကြ၏။ ကြည်စုကျွင်သည် ကြောက်စိတ်လွှမ်းပြီး ဝုန်းခနဲလဲကျသွားတော့၏။ သူမ မေ့မျောသွားရှာလေပြီ။

အစောင့်တပ်သားတစ်ယောက်ကရေတစ်ပုံး ယူလာပြီး မျက်နှာကို ရေဖြင့် လောင်းလိုက်ရာ ကြည်စုကျွင် ပြန်သတိရလာသည်။ မျက်နှာပေါ်တွင် ပေကျံနေသော ရေများကို လက်ဝါးဖြင့် သပ်ချလိုက်သည်။

ထင်ဟုန်တာနှင့် ဝမ်ဇီတ်ရှင်တို့ တီးတိုးတီးတိုးဖြင့် သဖန်းပိုးလုပ်နေကြ၏။ သူမ၏ မုန်းတီးခြင်းများသည် ရင်ထဲ၌ အလိပ်လိုက် တက်လာသည်။ တစ်ချိန်တည်းမှာပင် သူမ၏ ဇာတ်သိမ်းကို သူမသိရှိနားလည်တော့၏။ သူမအတွက် အသက်ရှင်သန်ဖို့ မျှော်လင့်ချက်ရောင်ခြည် မရှိတော့ပေ။

ထင်ဟုန်တာ၏ မျက်နှာထားသည် စောစောကလို တင်းမာမနေတော့ပေ။ ကြည်စုကျွင်ဆီသို့ အသာအယာ လှမ်းကြည့်ပြီး ခေါ်သည်။

'ကြည်စုကျွင်'

သူ့စကားသံက ချိုသာပျော့ပျောင်းနေသည်ဟု ကြည်စုကျွင် ထင်မှတ်သည်။ သို့သော် မုန်တိုင်းမလာခင် လေပြည် တိုက်ခတ်ခြင်းအာဖြစ်ကြောင်း သူမနားလည်မိသည်။

'မင်းလိုကြီးသူကို ရိုသေရမှန်းမသိ၊ မိဘကို မိဘမှန်းမသိ၊ ဘုရားမရှိ၊ တရားမရှိတဲ့လူကို တကယ်တမ်းဆိုရင် စံပြအဖြစ်နဲ့



အကြီးမားဆုံး အပြစ်ဒဏ်ပေးသင့်တယ်။ ဒါပေမယ့် သခင်လေး ဝမ်က မင်းအပေါ်မှာ တကယ်ပဲသက်ညှာပါတယ်။ မင်းက အသက်ငယ်ရွယ်သေးတော့ တစ်ခါတစ်လေ မှားယွင်းမိတာ ဖြစ်ကောင်းဖြစ်မယ်လို့ တို့ဘက်က လျှော့လျှော့ပေါ့ပေါ့ ယူဆပြီး သခင်လေးဝမ်က မင်းအပြစ်ကို ခွင့်လွှတ်ပါတယ်။ ငွေမယူတဲ့ အပြင် နိုကိုးရာမဲ့နေတဲ့ မင်းကို သခင်လေးက အိမ်ဖော်အဖြစ် ခေါ်ထားမယ်လို့ပြောတယ်။ ဒီတော့ မင်းရဲ့အသက်သခင် ကျေးဇူးရှင် သခင်လေးဝမ်ကိုလာပြီး ကန်တော့ပေတော့'

ကြည်စုကျွင် နှုတ်ခမ်းရွဲ့သွားသည်။ မျက်လုံးများ၌ မီးလျှံလို အလျှံတညီးညီး အရောင်များထွက်လာ၏။

'သခင်ကြီး၊ ရှင်ဟာ ရွာသူရွာသားတွေကို ကိုယ့်သားသမီးလို ကြည့်ရှုစောင့်ရှောက်ပေးတတ်တဲ့ ပုဂ္ဂိုလ်ကြီးလို့ ထင်မြင်ယူဆမိခဲ့တယ်၊ အခုတော့မှ ရှင်ဟာ ဝမ်ဇီတ်ရှင်ဆိုတဲ့ အမျိုးယုတ်သူဌေးရဲ့ လက်ကိုင်တုတ်ဆိုတာ သိရတော့တယ်'

ထင်ဟုန်တာမှာ လုံးဝမမျှော်လင့်သည့် ရဲရဲတောက်စကားများကို ကြားရသောအခါ ကြက်သေသေသွားတော့၏။ ကြည်စုကျွင် က မရပ်ဘဲ ဆက်ပြော၏။

'ရှင်တို့နှစ်ယောက်ဟာ ပထမဦးဆုံး ကျွန်မအဖေကို လုပ်ကြံသတ်ဖြတ်တယ်၊ နောက်ကျွန်မတို့ အိမ်ယာကို ဖျက်ဆီးပစ်တယ်၊ နောက် ကျွန်မတို့အိမ်ဖော် သက်သေ အဘိုးကြီးကိုလဲ သတ်ပြန်တယ်၊ အခု ကျွန်မကို ညှဉ်းပန်းနှိပ်စက်ဦးမယ်၊ ရှင်တို့ တော်တော်တရားမျှတပါလား'

သူမက ပြောပြီးသည်နှင့် ရုတ်တရက် မတ်တက်ထရပ်လိုက်သည်။ သူမဘေးတွင်ရပ်နေသော လူအုပ်ကိုလည်း ရုတ်ခြည်းပင် လက်နှင့် တွန်းဖယ်ပစ် လိုက်သည်။

ထို့နောက်ရှေ့သို့ တစ်အားပြေးထွက်ကာ ကျောက်တိုင်ကိုဦးခေါင်းဖြင့် ပြေးတိုက်ပစ်လိုက်တော့သည်။

အစောင့်တစ်ယောက် မမှီတစ်မှီလှမ်းဆွဲလိုက်သဖြင့် ကြည်စုကျွင် အရှိန်လျော့သွား၏။

'ဒုန်း'

တစ်ချိန်လုံး ရပ်ကြည့်နေသော ဝမ်တိတ်ရှင် ပျာပျာသလဲဖြစ်သွားသည်။ မိမိ၏ဂုဏ်သိက္ခာကိုပင် မငဲ့နိုင်တော့ဘဲ ကြည်စုကျွင်ကို ပြေးပွေ့လိုက်သည်။ ကြည်စုကျွင် မသေသေး။ ခေါင်းတွင် ဒဏ်ရာအနည်းငယ်သာရလိုက်သည်။ အစောင့်တစ်သား လှမ်းဆွဲလိုက်သဖြင့်သာ ကြည်စုကျွင် လက်မတင်ကလေး အသက်ချမ်းသာရာရသွားခြင်း ဖြစ်ပေသည်။

ဝမ်တိတ်ရှင်သည် သိက္ခာမရှိ၊ အရှက်မရှိ၊ ကြည်စုကျွင်၏ ခန္ဓာကိုယ်ကို စမ်းသပ်ရန် ပြင်နေသည်။

'မလုပ်နဲ့'

ထင်ဟုန်တာ၏ အော်ငေါက်သံက မိုးခြိမ်းသံအလား ကျယ်လောင်စွာ ဟိန်းထွက်လာသည်။ ဝမ်တိတ်ရှင်လက်ကို အသာပြန်ရုပ်လိုက်ရ၏။ လူပုံကြားတွင် အော်ဟစ်သတိပေးခံလိုက်ရသဖြင့် သူမျက်နှာ တစ်ပြင်လုံး ရဲရဲနီသွားသည်။

ထိုအချိန်မှာပင် ကြည်စုကျွင် သတိပြန်လည်လာသည်။



သူ့ကိုယ်သူသေကြောင်းကြံစည်ကာမှ တစ်စုံတစ်ယောက်၏ ကယ်တင်ခြင်းကို ခံလိုက်ရပြီကို သူနားလည်မိ၏။ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဝမ်တိတ်ရှင်၏ ခန္ဓာကိုယ်ထဲ ရောက်နေသည်ကို သိလိုက်ရသည်။ သူမအကြီးအကျယ် ဒေါသထွက်သွား၏။ သို့သော် သူ့ဒေါသကို ချုပ်တည်းထားလိုက်သည်။ အကောင်းဆုံးသော အတွေးတစ်ခု ခေါင်းထဲဝင်လာ၏။ သူမ အသာငြိမ်နေလိုက်၏။

ကလဲ့စားချေလိုစိတ် ပြင်းထန်လာသဖြင့် မျက်လုံးကို ပြန်ပိတ်ကာ ပျော့ခွေကျနေလိုက်သည်။ ဝမ်တိတ်ရှင်၏ ရင်ဘတ်ပေါ်တွင်လည်း ပို၍တိုးကပ်ဖိတိုးနေလိုက်သည်။ ဝမ်တိတ်ရှင်က သူမ၏ ဦးခေါင်းကို ပခုံးပေါ်သို့ မှေးတင်ထားပြီး ဘယ်လက်ဖြင့် သူမ၏ ကျောပြင်ကို သိုင်းဖက်ထားသည်။ ညာဘက်ကမူ သူမ၏ လက်ဖဝါးလေးကို အသာအယာဆုပ်နယ် ပေးနေ၏။

ထင်ဟုန်တာမှာ ဝမ်တိတ်ရှင်၏ မဖွယ်မရာအပြုအမူကြောင့် စိတ်ထဲတွင် ခိုးလိုးခုလုဖြစ်နေမိသည်။ ရုံးတော်တွင် ဤသို့ မည်သူမျှ မပြုမူရဲပေ။ ဝမ်တိတ်ရှင်ကတော့ ပြုမူရဲသည်။ ဤသည်မှာ သူ့ဂုဏ်သိက္ခာကိုပါ ထိခိုက်စော်ကားနေခြင်းဖြစ်ပေသည်။ သို့သော် သူ့အနေနှင့် ဝမ်တိတ်ရှင်ကို မလွန်ဆန်ရဲ။ ဝမ်တိတ်ရှင် ၏ အရှိန်အဝါကြောင့် သူ့ရာထူးတည်မြဲနေရခြင်း ဖြစ်ပေသည်။

ဝမ်တိတ်ရှင်က မဖွယ်မရာလုပ်နေသည်ကို မည်သို့တားရမည်နည်းဟု စဉ်းစားရာ စဉ်းစားမရတော့သဖြင့် တရားစီရင်ရာ

ခန်းမထဲမှ ရွာသားများ အားလုံးကို အပြင်သို့ထွက်ခိုင်းလိုက်ရတော့သည်။

ထိုအခိုက်မှာပင် ထွက်ပေါ်လာသည်နှင့် ကြည်စုကျွင်သည် ဝမ်တီတ်ရှင်၏ ပခုံးကို ဆတ်ခနဲကိုက်ချလိုက်သည်။ ဝမ်တီတ်ရှင်မှာ ကြည်စုကျွင်ကို ပွေ့ဖက်ထားရသဖြင့် စိတ်ထဲတွင် သာယာနေသဖြင့် တိုက်ခိုက်ချက်ကို မည်သို့မျှ မခုခံနိုင်ပေ။

ကြည်စုကျွင်မှာ ဝမ်တီတ်ရှင်ရင်ခွင်ထဲမှ ထွက်သွားနိုင်သည်နှင့်ကျားနာတစ်ကောင်အလား သောင်းကျန်းနေလေသည်။ အခန်းထဲရှိ ပစ္စည်းများဖြင့် အတင်းပစ်ပေါက်တိုက်ခိုက်လေတော့ရာ ဝရုန်းသုန်းကား ဖြစ်သွားလေတော့သည်။

ထင်ဟုန်တာက စစ်သည်အချို့ကို ခေါ်ယူ ထိန်းချုပ်ခိုင်းမှ ကြည်စုကျွင် ငြိမ်သက်သွားတော့သည်။ သူမ၏ ပစ်ခတ်တိုက်ခိုက်မှုကြောင့် ထင်ဟုန်တာ တစ်ကိုယ်လုံးတွင် မင်များမြင်မကောင်းအောင် ပေကျံနေသည်။ ဝမ်တီတ်ရှင်၏ ဘယ်ဘက်ပခုံးတွင်ကား ကြည်စုကျွင် ကိုက်ဖြတ်ထားသဖြင့် အကြောပြတ်ကာ လက်ကိုမြှောက်၍ မရတော့။ ညာဘက်ပါးပြင်ကိုလည်း တံဆိပ်တုံးနှင့် ပစ်ပေါက်ခံရသဖြင့် အရိုးတွင် ဒဏ်ရာရကာ နာကျင်နေသည်။ ထင်ဟုန်တာမှာ ရုက်လွန်းသဖြင့် ဟန်ပင်မဆောင်နိုင်တော့ သစ်သားတူကလေးဖြင့် စားပွဲကို ဒုန်းခနဲပင်ထုချလိုက်သည်။

'ဒီကောင်မကို အပြင်ခေါ်ထုတ်သွားပြီး သတ်ပစ်လိုက်'

သူ့အမိန့်ပေးသံက အခန်းတစ်ခုလုံး ချောက်ချား သွားစေ



၏။ သို့သော် သူ့အမိန့်ကို ဆန့်ကျင် နိုင်သူဆို၍ တစ်ခန်းလုံးတွင် တစ်ယောက်မျှမရှိပေ။

'ရှင်တို့ မတရားဘူး၊ သက်သက်ကျွန်မကို ညစ်ပတ်တာ'

ကြည်စုကျွင်မှာ မခံမရပ်နိုင်အောင် ဆွေ့ဆွေ့ခုန်နေတော့၏။

'ရှင်တော်တော် ယုတ်မာရက်စက်ပါလား၊ အစိုးရအရာရှိတစ်ယောက်ဖြစ်နေပြီးလာဘ်စား၊ ဒုစရိုက်ကောင်တွေနဲ့ ပေါင်းသင်းဆက်ဆံတယ်၊ ကျွန်မ သေသွားရင်တောင်မှ ကျွန်မ ဝိညာဉ်က ရှင့်ကို ခွင့်မလွှတ်ဘူး၊ သိရဲ့လား'

ထင်ဟုန်တာမှာ မျက်ထောင့်ကြီး နီရဲလာသည်။

'ဒီလောက် မိုက်ရိုင်းတဲ့ ကောင်မလေးကို အမြန်ဆုံးသာ သတ်ပစ်လိုက်ပြီးရင် ငါ့ဆီအကြောင်းပြန်ကြား'

ပါးကွက်အာဏာသားတို့မှာ သားသတ်အကျီများကို လဲလှယ်ဝတ်ဆင်လိုက်ပြီး ကျောပြင်တွင် ဓားကိုသိုင်းပိုးကာ ကြည်စုကျွင်အား အပြင်သို့ ဆွဲထုတ်သွားကြလေသည်။ အပြင်ဘက်တွင် ဆီးနှင်းများ ထူထပ်သိပ်သည်းစွာ ကျဆင်းနေပြီး အအေးဓာတ်က ပိုကဲနေသည်။ ညနေ နေဝင်ရီတရော ဖြစ်၍ မှောင်စလည်း ပျိုးနေပေပြီ။

ကြည်စုကျွင်မှာ အားအင်ကုန်ခမ်းနွမ်းနယ် နေရာမှ လေအေးတိုက်ခတ်မှုကြောင့် အာရုံများ အနည်းငယ် နိုးကြားလာသည်။ သူမသည် သေရမည်ကို သိသော်လည်း လုံးဝ ကြောက်ရွံ့ခြင်း မရှိပေ။

သူမ၏ဟန်အမူအရာကိုကြည့်ပြီး ပါးကွက် အာဏာသားများက စိတ်ထဲကကျိတ်၍ ချီးကျူး နေကြသည်။ ဤသို့ ရဲရင့်သော မိန်းကလေးမျိုးကို သူတို့မသတ်လို။ သို့သော် မသတ်ဘဲလည်း မနေနိုင်ကြပေ။

လူသတ်ကုန်းသို့ ရောက်ရှိလာကြသည်။ ကြည်စုကျွင်အံကြိတ်နေ၏။ ပါးကွက်အာဏာသားတို့သည် သူမ၏ ထီမထင်သော အမူအရာကိုကြည့်ပြီး သတ်ရမည်ကိုပင် မဝံ့မရဲဖြစ်နေသည်။

'ရပ်လိုက်'

'အော်သံကြောင့် ပါးကွက်အာဏာသားတို့သည် သူတို့၏ ဓားကို တွဲခနဲ ရပ်တန့်သိမ်းဆည်းလိုက်ပြီး နောက်သို့ လှည့်ကြည့်လိုက်ကြ၏'

'ဘာကိစ္စကြောင့် ရပ်လိုက်ရမှာလဲ'

'ခဏလေးနေကြပါဦး၊ သူ့ကို သခင်လေး ဝမ်တိတ်ရှင်က လက်စားချေမယ်တဲ့'

ထိုစကားကို ကြားလိုက်ရတော့ ကြည်စုကျွင်မှာ ငိုင်သွားသည်။ သူမ၏ ဖခင်မှာ ဝမ်တိတ်ရှင်၏ လက်ချက်ဖြင့် အသက်ဆုံးရှုံးခဲ့ရသည်။ အိမ်စေအဘိုးအိုသည်လည်း သူ့ပယောဂကြောင့်ပင် အသက်ဆုံးရှုံးခဲ့ရသည်။ ယခုတစ်ဖန် သူမကိုပင် သူက ကိုယ်တိုင်သတ်ဦးမည်တဲ့။ သူမ၏ နှလုံးသားသည် လွန်စွာခါးသီးနာကျင်သွားမိလေတော့သည်။

သို့သော်သူမသည် မည်သို့ တတ်နိုင်ပါမည်နည်း။



မည်သို့မျှ မတတ်နိုင်ပါ။ ထို့ကြောင့်အားမတန် မာန်လျှော့ပြီး ခေါင်းကိုမော့နေလိုက်သည်။

မကြာမီ ဝမ်တိတ်ရှင်က အနီးသို့ ရောက်ရှိလာသည်။ သူမကို လှောင်ပြောင်သရော် ကြည့်ကြည့်သည်။ ကြည်စုကျွင်က ဝမ်တိတ်ရှင်၏ မျက်နှာကို တံထွေးဖြင့် ပျစ်ခနဲလှမ်းထွေးလိုက်လေ၏။

'ထွီ'

ဝမ်တိတ်ရှင်၏ မျက်နှာတွင် တံထွေးများ ပေကျံကုန်သည်။ ဝဲဘက်လက်မှာ သွေးကြော ပြတ်တောက်နေသဖြင့် မြှောက်၍မရ။ ထို့ကြောင့် ဓားကို ဆုပ်ကိုင်ထားသော ညာလက်ဖြင့် လက်ပြန်သုတ်လိုက်ရသည်။

'တောက်'

ဝမ်တိတ်ရှင်သည် ဒေါသတကြီး တက်ခေါက်ပြီးညာလက်ဖြင့် ဓားကိုဆွဲထုတ်ကာ လေထဲသို့ မြှောက်တင်လိုက်လေသတည်း။

❊❊❊❊❊

## အခန်း (၂)
## ကေယါတင်ရှင်

ကယ်သူဝေးပြီဟု ထင်နေစဉ်မှာပင် အဝေးမှ မြဗာ အာဏာသံပါသော အသံတစ်သံက မှောင်ရိပ်ရော အမှောင်ထုကို ဖြတ်သန်းရောက်ရှိလာသည်။

'ဓားကိုရုပ်ထားလိုက်ပါ'

ဝမ်တိတ်ရှင် အကြီးအကျယ် အံ့အားသင့်သွား၏၊ သူ့ဓားအောက်ကို ခုတ်မချနိုင်ဘဲ ဖြစ်သွားသည်။ သူ့နောက်မှ ရောက်ရှိလာသော ထင်ဟုန်တာမှာလည်း ပါးစပ်အဟောင်းသား ဖြစ်နေ၏။

လူတစ်ယောက်သည် သူတို့ဆီ အပြေးကလေး ရောက်ရှိလာသည်။

'တော်တော်သတ္တိကောင်းတဲ့ သခင်ကြီးပဲ၊ အထက်လူကြီးရဲ့ အမိန့်ကို တော်လှန်ပုန်ကန်ပြီး ညအချိန်မတော်ကြီး လူသတ်ရသတဲ့လား။ ကျုပ်သာ ခြေလှမ်းတစ်လှမ်း နောက်ကျသွားရင် ဒီမိန်းကလေး သေပြီ၊ ခင်ဗျားကကော အထက်လူကြီးကို ဘယ်လိုလုပ် မျက်နှာပြမလဲ'

ထင်ဟုန်တာမှာ ထိုလူကို မြင်လိုက်ရသည်နှင့် ထိတ်ခနဲ ဖြစ်သွားရ၏။ ထိုသူကား မိမိကို တရားခံ၊ တရားလို၊ သက်သေခံများကို အဆင်သင့်လုပ်ထားရန် နောက်တစ်နေ့တွင် အထက်လူကြီး ကိုယ်တိုင်လာရောက်ကာ တရားစစ်ဆေးမည်ဟု



အကြောင်း ကြားသည့် စေတမန်ပုဂ္ဂိုလ်ဖြစ်နေသောကြောင့်တည်း။

ထိုစေတမန်သည် အထက်လူကြီး "လိုထင်ဆင့်" ၏ လက်အောက်ခံ ဝန်ထမ်းတစ်ယောက်ဖြစ်သည်။ လိုထင်ဆင့်တာ့ထုံစံအိမ်တော်သို့ လာရောက်ကာ အမှုမှန်သမျှ စစ်ဆေးစီရင်မည်ဟု ကြိုတင်အကြောင်းကြားထားခဲ့သည်။ လိုထင်ဆင့်သည် အမှုပေါင်းများစွာကို ဘက်မလိုက်တမ်းဖြေရှင်း ပေးခဲ့သူဖြစ်၏။ ထင်ဟုန်တာမှာ လိုထင်ဆင့်၏ သတင်းများကို ကြားဖူးထားသူ ဖြစ်သည်၊ ထို့ကြောင့် ရှိသေကြောက်ရွံ့နေခဲ့သည်။

သို့သော်လည်း ဝမ်တိတ်ရှင်ကိစ္စဖြစ်နေ၍ မလွန်ဆန်သာဘဲ လုပ်ပေးခဲ့ရခြင်းဖြစ်ပေတော့သည်။ ဝမ်တိတ်ရှင်နှင့် ကြည်စုကျွင်တို့ အမှုအခင်းကာ ဤသို့တည်း။

ဝမ်တိတ်ရှင်သည် ကြည်စုကျွင်ကို တိတ်တခိုး ချစ်နေခဲ့သူဖြစ်၏။ သို့သော် ကြည်စုကျွင်က သူ့အား မည်သို့မျှ မတုန့်ပြန်ခဲ့ပေ။

ဝမ်တိတ်ရှင်သည် စွဲလမ်းစိတ်ကို မမျိုသိပ်နိုင်တော့ဘဲ ကြည်စုကျွင်၏ဖခင် အပြင်သို့ ထွက်သွားခိုက်တွင် အိမ်သို့ ဝင်ရောက်ကာ အဓမ္မကြံစည် ကြိုးစားတော့သည်။ ကြည်စုကျွင်က အတင်းရုန်းထွက်ကာ အော်ဟစ်အကူအညီ တောင်းသည်။ ထိုစဉ် သူမဖခင် ပြန်ရောက်လာသည်။

သူမဖခင်က ဝမ်တိတ်ရှင်ကို ဖမ်းချုပ်ကာ အိမ်နီးချင်းများကို အော်ဟစ်အကူအညီတောင်းသည်။ ဝမ်တိတ်ရှင်က မတက်သာတော့ဘဲ အသင့်ဝှက်ယူဆောင်လာသော ဓားမြှောင်

ကိုဆွဲထုတ်ကာ ကြည်စုကျွင်၏ဖခင်အား အသေထိုးသတ်လိုက်လေသည်။

အိမ်နီးချင်းများက သူ့အရှိန်အဝါကို ကြောက်ရွံ့သောကြောင့် မည်သို့မျှ မပြောရဲကြပေ။ ကြည်စုကျွင်၏ ဖခင်ကို သတ်သွားသည်ကို ငေးကြည့်နေခဲ့ကြရသည်။

ကြည်စုကျွင်မှာ မခံမရပ်နိုင်ဖြစ်ပြီး ဖခင်ကိုမြေမြှုပ်သင်္ဂြိုလ်ကာ တရားရုံးသို့ လာရောက်အမှုဖွင့်စွဲဆိုသည်။ ဝမ်တီတ်ရှင်က ထင်ဟုန်တာနှင့် ပူးပေါင်းပြီး ကြည်စုကျွန်၏ အမှုကို ပြောင်းပြန်လှန်ကာ ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် စီစဉ်တော့၏။

ထိုအမှုကို လိုထင်ဆင့်၏ လက်ထဲသို့ မအပ်ရဲပါချေ။ အပ်လိုက်ပါကမိမိတို့ စီစဉ်ထားသမျှ ကမောက်ကမ ဖြစ်သွားမည်ကို ထင်ဟုန်တာ စိုးရိမ်ပေသည်။

ဤနေရာ၌ ထင်ရှားသော်လည်း သူ့ကိုယ်သူ ဇာတ်မြှုပ်နေသူတစ်ဦးက တစ်ခန်းတစ်ကဏ္ဍဝင်လာ၏။ ထိုသူကား ထင်ဟုန်တာ၏ ဆရာကြီးဆိုသူပေတည်း။ သူကား ကြည်စုကျွင်၏ အမှုကိစ္စတစ်ခုလုံးကို ဖန်တီးကြိုးဆွဲသူပေတည်း။

ထင်ဟုန်တာ၏ ဆရာကြီး ဆိုသူက ကြည်စုကျွင်ကို အရင်ဆုံး အပြုတ်ရှင်းပစ်လိုက်လျှင် မည်သူကမျှ အမှုမှန်ကို ပြောရဲမည်မဟုတ်ဟု အကြံပေးသည်။

ထိုအခါ ထိုအမှုကို လိုထင်ဆင့် မည်သို့မျှ စစ်ဆေးမှုပြုနိုင်တော့မည်မဟုတ်ဟုဆိုသည်။ ထို့ကြောင့် ထိုအမှုကို ညတွင်းချင်းပင်စစ်ဆေးပြီး ညတွင်းချင်းပင် ကြည်စုကျွင်အား



အပြုတ်ရှင်းပစ်နေခြင်း ဖြစ်ပေသည်။ သို့သော် မထင်မှတ်ဘဲ လိုထင်ဆင့်၏ သက်တော်စောင့် ဖန်ရှုံ ရောက်ရှိလာကာ တားမြစ်လိုက်သဖြင့် ထင်ဟုန်တာတို့အုပ်စုမှာ အကြီးအကျယ် ထိတ်လန့်နေကြတော့သည်။

ဝမ်တီတ်ရှင်ကား ဂရုမစိုက်၊ သူ့ဖခင်အရှိန်အဝါကို လွှန်စွာအားကိုးသူဖြစ်၍ ဖန်ရှုံကို မည်သို့မျှ ဂရုမထားချေ။ ထို့ကြောင့် မာမာထန်ထန်ပင် ပြန်လည် ဟိန်းဟောက်လိုက်၏။

'ကျုပ်ကိစ္စကို ဝင်တားနေတာ ဘယ်သူလဲ၊ အေးကိုဖယ်စမ်း၊ မင်းလို ကိုယ်ရံတော်စစ်သား တစ်ယောက်ကို ကျုပ်ကဂရုစိုက်နေရမှာလား၊ မင်းသခင်ကြီးကို ပြောလိုက် ကိစ္စရှိရင် ငါ့အိမ်မှာ လာတွေ့ချေလို့'

ဝမ်တီတ်ရှင် ပြောပြီးသည်နှင့် လယ်ယာလက်ကို ဝှေ့ယမ်းပြလိုက်သည်။ ဖန်ရှုံ ဝင်လာခါစက ထင်ဟုန်တာကိုသာ သတိထားမိပြီး ဝမ်တီတ်ရှင်ကို သတိမထားမိချေ။ ပါးကွက် အာဏာသားတစ်ယောက်ဟုသာ ထင်နေမိသည်။ ယခုကဲ့သို့ ဝမ်တီတ်ရှင်က အော်ဟစ်လိုက်သောအခါမှ ပါးကွက်အာဏာသားတစ်ယောက်မဟုတ်ကြောင်း သိလိုက်ရတော့သည်။ အကြီးအကျယ် သူအံ့အားသင့်သွား၏။ ဤနေရာ၌ ထူးထူးခြားခြား တစ်စုံတစ်ခုဖြစ်နေပြီကို သူရိပ်မိလိုက်လေပြီ။

ဝမ်တီတ်ရှင်က

"မင်းကျုပ်ကို သိလား၊ အေးပါလေ မင်းကျုပ်ကို သိဖို့မလိုပ်ဘူး။ ဝမ်ဘိုးဘိုးရဲ့သားဆိုတာ သိရင်ပဲ ခဲလောက်ပါပြီ"

ဖန်ရှုံ တုန်လှုပ်သွားသည်။ ထိုသူမှာ နန်းတွင်း၌ ဩဇာတိက္ကမရှိသော ဝမ်ကျင်၏ သားတစ်ယောက်မှန်း သိလိုက်တော့၏။ ဝမ်ကျင်မှာ ဘုရင်မင်းမြတ်နှင့် အလွမ်းသင့်လှသဖြင့် သူ့အထက်အရာရှိများကပင် ကြောက်ရွံ့ လေးစားနေရသူတစ်ဦး ဖြစ်ပေသည်။ ထို့ကြောင့် ဖန်ရှုံမှာ ငိုင်သွားရ၏။ ထိုပုံသဏ္ဌာန်ကို ကြည့်ပြီး ဝမ်တိတ်ရှင် ကျေနပ်ပြုံးပြုံးလိုက်မိသည်။

'အဟင်း ဟင်း - ကျုပ်က သူ့ကိုသတ်ပစ်လိုက်ဦးတော့ မင်းရဲ့သခင်က ကျုပ်ရဲ့ဝမ်စံအိမ်တော်မှာ ကျုပ်ကို လာရှာရဲမတဲ့လား'

ဖန်ရှုံမှာ အကြီးအကျယ် စိတ်ပူသွားသည်။ ဤမိန်းကလေး အကြောင်းမဲ့သက်သက် သေသွားခဲ့လျှင် ဟူသော အတွေးက သူ့အား အကြီးအကျယ် စိတ်ပူပန်စေသည်။ ထိုခဏမှာပင် အကြံတစ်ခုက သူ့ဦးနှောက်ထဲသို့ ဖျက်ခနဲဝင်လာ၏။

'သခင်ကြီးထင်ဟုန်တာ၊ ဒီကိစ္စတွေဟာ ခင်ဗျားအပေါ်မှာ လုံးလုံးလျားလျား တာဝန်ရှိနေတယ်၊ တကယ်လို့ သခင်ကြီး လိုထင်ဆင့်က အသေးစိတ် စစ်ဆေးမေးမြန်း လာတဲ့အခါ ဖြေရှင်းရမှာက ခင်ဗျားဖြစ်နေတယ်။ ဝမ်တိတ်ရှင် ဆိုတာ နန်းတွင်းမှာ တာဝန်ရှိတဲ့ ဝန်ထမ်းတစ်ယောက် မဟုတ်သလို ခင်ဗျားရဲ့ ပါးကွက်အာဏာသားလဲမဟုတ်ဘူး။ နောက်တစ်ခါ သူ့နှုတ်ကို စောင့်စည်းခြင်းမရှိဘဲ သခင်ကြီး လိုထင်ဆင့်ကိုလဲ စော်ကားမော်ကားပြောဆိုသေးတယ်။ ဒါတွေကို ဘေးကလူတွေ အားလုံးကြား်ကြတယ်။ ဒါတွေကို သခင်ကြီး ထင်ဟုန်တာက ဘာမျှအရေး မယူရင် သခင်ကြီးရဲ့ အပြစ်ဖြစ်နေလိမ့်မယ်'



ဖန်ရှုံ၏စကားကြောင့်ထင်ဟုန်တာ အနည်းငယ် တွေဝေသွားသည်။ သို့သော် ဆရာကြီးဆိုသူသည် ထင်ဟုန်တာကို လက်တို့ပြီး တိုးတိုးပြောလာလေ၏။

ဖန်ရှုံသည် သူတစ်ယောက်တည်း ရောက်ရှိလာပြီး လိုထင်ဆင့် စေလွှတ်လိုက်သယောင် လာရောက် ခြိမ်းခြောက်နေခြင်းဖြစ်ကြောင်း ပြောပြခြင်းဖြစ်ပေသည်။ ဖန်ရှုံကို နှုတ်ပိတ်လိုက်လျှင် ပြဿနာ အေးသွားလိမ့်မည်ဟု အကြံပေးသည်။ထိုဆရာကြီးကပင်-

'နောင်ကြီးဖန်ရှုံက မှောင်စပြုနေချိန်ကျမှ ဘာဖြစ်လို့ ရောက်လာရတာလဲ၊ သခင်ကြီး လိုထင်ဆင့်က အခုဘယ်နေရာမှာရောက်နေပါသလဲ၊ ကျုပ်တို့ ခရီးဦးကြိုပြုရအောင် မေးတာပါ'

ဖန်ရှုံကား လှစ်နေအောင် ပါးလုပ်သူတည်း။ ဆရာကြီးဆိုသူ၏ စကားအသွားအလာသည် မည်မျှအထိ နက်ရှိုင်းသည်ကို သူကောင်းစွာ သဘောပေါက်နားလည်သည်။ သူတို့ မည်သို့ ကြံစည်စိတ်ကူးနေသည်ကိုလည်း သူ့တွက်ချက် မှန်းဆနိုင်သည်။ သူသည်လုံးဝဣန္ဒြေမပျက်ဘဲ ခပ်အေးအေးပင် ပြောသည်။

'အင်း ---- လာရင်းကိစ္စတောင် မေ့တော့တော့ ဖြစ်သွားရတယ်၊ သခင်ကြီးလိုထင်ဆင့်က သခင်ကြီး ထင်ဟုန်တာ အိမ်ဆောင်တော်မှာရှိတဲ့ အမှုတွေကို အစီအစဉ်ချပြင်ဆင်ထားဖို့ ညွှန်ကြားလိုက်ပါတယ်။ သူရောက်လာတာနဲ့ အမှုကိစ္စကို စစ်ဆေးဖို့ အသင့်ဖြစ်ပါစေ၊ အချိန်မကြန့်ကြာပါစေနဲ့တဲ့ သူက ကျုပ်ကို တမင်အရင်လွှတ်လိုက်တာပါ။ ဒီကို မနက်အရောက်

တက်လောက် ရောက်လာပါလိမ့်မယ်။

ဆရာကြီးဆိုသူနှင့် ထင်ဟုန်တာတို့သည် ခေါင်းချင်းရိုက်တိုင်ပင်နေကြသည်။ ဖန်ရှုံကား ကြည်စုကျွင်အား အလျှင်အမြန် လာရောက်ကယ်တင်ပါရန် လိုထင်ဆင့်ထံ အကြောင်းကြားလိုလှပြီ။ သူ့အနေနှင့် ထင်ဟုန်တာ၏ စံအိမ်တော်သို့ မလိုက်လိုပေ။ ယင်းသို့ မလိုက်မြန်လျှင်လည်း သူ့စကားကို အယုံအကြည်မရှိဘဲ သံသယဝင်သွားနိုင်သည်။

'အား --- ကျွတ် ကျွတ် အရေးထဲ အရာပေါ်ဗိုက်နာလိုက်တာဗျာ'

ဖန်ရှုံသည် ဗိုက်ကိုလက်ဖြင့် နှိပ်လိုက်ပြီး နာလာဟန်ပြုလေတော့၏။ ချက်ချင်းပင် ထန်ဟုန်တာတို့ကို ခွင့်ပန်ပြီး မှောင်ရိပ်သို့ ဝင်ပြေးတော့သည်။ အချိန်တန်၍ ပြန်မလာသဖြင့် လိုက်ရှာကြသောအခါ ဖန်ရှုံ၏အရိပ်အယောက်ကိုပင် မတွေ့ရတော့ချေ။

*****

အခန်း (၃)

## ခက်ခဲသောအမှုအခင်း

လိုထင်ဆင့်သည် ဖန်ရှုံ၏ ပြောကြားချက်များကို သေချာစွာ နားထောင်၏။ ကြည်စုကျွင်၏ အမှုမှာ အမှန်တကယ်ပင် ဖြေရှင်းရခက်မည့် အမှုဖြစ်မည်ကို တွေးမိသည်။ မည်သို့ ဖြေရှင်းရမည်ကို ကြိုတင်စဉ်းစားရသည်။ ဝမ်တိတ်ရှင်သာ အခြားလူတစ်ယောက်ဖြစ်နေလျှင် သူ့အဖို့ အကြောင်းမဟုတ်ပေ။ နေပြည်တော်၌ ဩဇာတိက္ကမကြီးမားလှသော ဝမ်ကျင်၏ မွေးစားသား ဖြစ်နေသည်က သူ့အတွက် အကြောင်းဖြစ်နေသည်။ ဤအမှုတွင် ဝမ်ကျင်သာ ဝင်ရောက်လာပါက အမှုမှန် ကွယ်ပျောက်ကာ ကမောက်ကမ ဖြစ်သွားမည်မှာ သေချာလှကြောင်း လိုထင်ဆင့် ကောင်းစွာ ရိပ်မိပေသည်။

ဝမ်တိတ်ရှင်လို လူတစ်ယောက်ကို ရွာသူရွာသားများက အရိုးထဲက စိမ့်နေအောင် မုန်းတီးနေမည်ကား အသေအချာပင်ဖြစ်၏။ အကယ်၍ မိမိကသာ ယင်းပြဿနာကို ပြေလည်အောင် ဖြေရှင်းပေးနိုင်ပါက ပြည်သူလူထုအနေနှင့်များစွာ

စိတ်ချမ်းသာ သွားကြပေလိမ့်မည်။ သို့သော် ဝမ်တိတ်ရှင်၏ အရှိန်အဝါကြောင့် မျက်မြင်သက်သေ ပြည်သူများအနေနှင့် အမှန်အတိုင်း ထွက်ဆိုရဲကြမည် မဟုတ်သဖြင့် အမှုမှန်ပေါ်ရေးကား ခက်နေပြန်၏။

ကြည်စုကျွင်၏အမှုကို ခေတ္တရပ်ဆိုင်းလိုက်ပြီး ကွယ်ရာတွင် တိတ်တဆိတ်စုံစမ်းပြီးမှ အမှုကို ပြန်လည်ကိုင်တွယ်ဖြေရှင်းပါက သင့်လျော်လိမ့်မည်ဟု လိုထင်ဆင့် ယူဆသည်။

သို့သော် လိုထင်ဆင့်သည် တာ့ထုံဂေဟာသို့ ရောက်ပြီး သုံးရက်မြောက်နေ့တွင် အကြံအစည်တစ်မျိုး ပြောင်းလိုက်၏။ ကြည်စုကျွင်အား နားဝင်အောင် ဖျောင်းဖျသိမ်းသွင်းကာ ဝမ်တိတ်ရှင်ထံသို့ ပေးပို့ရေးအတွက် အကူအညီ ပေးပါရန် ထင်ဟုန်တာအား စကားသွင်းလိုက်၏။

ထိုသတင်းကို ကြားလိုက်ရသော ဝမ်တိတ်ရှင်သည် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်သွားတော့သည်။ ရှုပ်လည်းလျှောက်သာ မျှားလည်း စွဲသာဖြစ်အောင် လိုထင်ဆင့် စီစဉ်လိုက်ပေသည်ဟု သူ့စိတ်ထဲ နားလည်သဘောပေါက်လိုက်သည်။ ထို့ကြောင့်လည်း လိုထင်ဆင့် လိုလားသူများ စာရင်းတွင် ဝမ်တိတ်ရှင်သည် နံပါတ်တစ်က ပါရှိသွားလေ တော့သည်။

သို့သော် ဆရာကြီးဆိုသူကား ထိုအစီအစဉ်ကို ဘဝင်မကျနိုင်ပေ။ လိုထင်ဆင့်တွင် လျှို့ဝှက်ဖုံးကွယ်ထားသော အကြံအစည်တစ်ခု မလွဲမသွေ ရှိရမည်ဟု တွေး၏။

သို့သော် လိုထင်ဆင့်၏ နောက်ကွယ်မှ အကြံအစည်ကို



တိတိကျကျ မထုတ်ဖော်နိုင်ခဲ့ပေ။

ဝမ်တိတ်ရှင်အနေဖြင့် လိုထင်ဆင့်၏စကားကို လုံးဝယုံသည်။ အကြောင်းမှာ သူမွေးစားဖခင်သည် နေပြည်တော်၌ လွှမ်းမိုးစွာ ဩဇာတိက္ကမရှိနေ၍ ဖြစ်ပေသည်။ လိုထင်ဆင့်သည် မည်သည့်နည်းနှင့်မျှ ဝမ်ကျောင် စိတ်ဆိုးအောင် မလုပ်ရဲဟု သူယူဆသောကြောင့် ဖြစ်သည်။

လိုထင်ဆင့် တာ့ထုံဂေဟာသို့ ရောက်ရှိနေခဲ့သည်မှာ ငါးရက်ကျော်ခဲ့လေပြီ။ သူကိုင်တွယ် ဖြေရှင်းခဲ့သော အမှုအခင်းများမှာ တရားမျှတမှုရှိသောကြောင့် တာ့ထုံဂေဟာမှ လူအများက ချီးကျူးကြသည်။ သို့သော် ကြည်စုကျွင်၏အမှုကို မဖြေရှင်းသေးသည့် အတွက်ကား စိတ်ထဲတွင် အနည်းငယ်သံသယ ရှိနေကြ၏။ လိုထင်ဆင့် အမှန်တရားအတိုင်း ဖြေရှင်း ဆောင်ရွက်မည်လား အဂတိလိုက်စားကာ ဖုံးကွယ်ဆောင်ရွက် သွားမည်လား ဟူ၍ စိတ်ဝင်စားနေကြ၏။

ထိုအချိန်မှာပင် သတင်းတစ်ခုက ရုတ်တရက် ထွက်ပေါ်လာကြ၏။ ကြည်စုကျွင်၏ အမှုကို နောက်တစ်နေ့မှာပင် လိုထင်ဆင့် ကိုင်တွယ် ဖြေရှင်းတော့မည်။ ထိုအမှုတွင် ကြည်စုကျွင် က တရားလိုဖြစ်ကာ ဝမ်တိတ်ရှင်နှင့် ထင်ဟုန်တာတို့က တရားခံဘက်မှ ဖြစ်ပြီး တရားစီရင်မှုတွင် ပြည်သူပြည်သားများက လာရောက်နားထောင်နိုင်ကြသည် ဟူသော သတင်းပင် ဖြစ်တော့သည်။

ရွာသူရွာသားများကား ရှေ့ဆောင်ရှေ့ရွက်ပြုမည့်

သူသာရှိမည်ဆိုပါက အမှန်အတိုင်းသက်သေခံ ထွက်ဆိုကြမည့်သူများဖြစ်ကြ၏။

ဝမ်တိတ်ရှင်သည် ယခင်က တာထုံဂေဟာနှင့် အတော်ပင် ကွာလှမ်းသော ကျေးကျိုးအရပ်တွင် နေထိုင်သူဖြစ်၏။ သို့သော် ထိုအရပ်တွင် သူမပျော်ပေ။ ထို့ကြောင့် တာ့ထုံမြို့ အရှေ့ဘက်ရှိမြေတစ်နေရာကို အပိုင်စီးကာ ဝမ်ဂေဟာကို ဆောက်လုပ်တော့သည်။ ထိုဝမ်ဂေဟာဆောက်လုပ်ပြီးသော အခါ အလုပ်သမား များမှာ လုပ်အားနှင့်မညီမျှသော လုပ်ခများသာ ရရှိကြ၏။ ဝမ်တိတ်ရှင်ထံ အရေးဆိုကြသောအခါ ဝမ်တိတ်ရှင်၏ တပည့်များက ထုထောင်းရိုက်နှက်ကြသဖြင့် နောက်ထပ်မတောင်းဆိုဝံ့ကြတော့ပေ။ ထိုအဖြစ်ကို သိထားသော တာ့ထုံမြို့သားများသည် ဝမ်တိတ်ရှင်ကို မြီးတေး၍ ထားကြလေ၏။ သို့သော် ရှေ့တွင်ကား ဘာမျှ မပြောရဲကြပေ။

ဝမ်ဂေဟာကို ဆောက်လုပ်ပြီးသည်နှင့် ဝမ်တိတ်ရှင် ဂေဟာနှင့်ပတ်သက်၍ ပညတ်ချက် အတော်များများ ထုတ်ပြန်ကြေညာခဲ့သည်။ ဂေဟာအတွင်းသို့ အပြင်လူမဝင်ရ၊ လူဖြစ်စေ တိရစ္ဆာန်ဖြစ်စေ ဝင်ရောက်မိခဲ့ပါက သေဒဏ် ခံရမည်ဟူ၏။

တာထုံမြို့သားများသည် ဝမ်ဂေဟာကို ကွယ်ရာတွင် သားရဲတွင်းဟုခေါ် ဝေါ်ခဲ့ကြပေသည်။ ယခု --- သားရဲတွင်းနှင့် အလွန်နီးကပ်သောနေရာသို့ ဖြောင့်မတ်မှန်ကန်လှသည် ဆိုသော လိုထင်ဆင့် ရောက်ရှိလာပေဒံ့။

လိုထင်ဆင့်၏ သတင်းသည် နေပြည်တော်၌ ကျော်ကြား



သလိုအခြားပြည်နယ်နှင့် မြို့များတွင်လည်း ကျော်ကြားပေသည်။ ထို့ကြောင့်လိုထင်ဆင့် ရောက်လာခြင်းသည် ဝမ်ဂေဟာ၏ ရမ်းကားမှုများကို နိဂုံးချုပ်ပေးရန် ရောက်လာခြင်းလောဟု တာထုံမြို့သူမြို့သားများက ကျိတ်၍ ပြောဆိုနေကြသည်။

ဝမ်ဂေဟာ၌နေသူအတော်များများမှာ သိုင်းလောကမှ ဒုစရိုက်သမားများဖြစ်ကြသည်။ သူတို့သည် သောက်သောက် စားစားပျော်ပျော်ပါးပါး နေထိုင်ခဲ့ကြရသည်မှာ ဝမ်တိတ်ရှင်၏ ကျေးဇူးဂုဏ်ကြောင့် ဖြစ်၏။ ယခု ဝမ်တိတ်ရှင် တစ်ယောက် တရားခံဖြစ်ကာ အမှုရင်ဆိုင်ရမည် ဆိုသောအခါ သူတို့၏ ရှေ့ရေးအတွက်ထည့်သွင်းစဉ်းစားလာရတော့သည်။ဝမ်တိတ်ရှင် လွတ်မြောက်ရေးကိစ္စကို စဉ်းစားလာရတော့သည်။

သူတို့ ပထမဦးစွာ စီစဉ်သည့်အချက်မှာ နေပြည်တော်သို့ လူလွှတ်ပြီး ဝမ်ကျင်၏အကူအညီရယူဖို့ ဆုံးဖြတ်ခြင်းဖြစ်သည်။ ဝမ်ကျင်သာ ကူညီမည်ဆိုလျှင် လိုထင်ဆင့်မည်သို့မျှ တတ်နိုင်တော့မည် မဟုတ်ဟု သူတို့ယူဆသည်။ သို့သော် နေပြည်တော်နှင့် တာ့ထုံ အလှမ်းကွာလှသည်။ တာ့ထုံတွင် လောင်ကျွမ်းနေသော မီးခဲ မီးလျှံကို ပီကင်းနေပြည်တော်မှအလျင်အမြန် ငြိမ်းသတ်ရန် မလွယ်ကူလှပေ။

ထို့ကြောင့် ဝမ်ဂေဟာသားတို့သည် အကြီးအကျယ် စိုးရိမ်လာကြ၏။ လူစုခွဲကာ တာ့ထုံ စံအိမ်တော်သို့ ညဘက်တွင် တိတ်တဆိတ် ဝင်ရောက်ပြီး အခြေအနေ စုံစမ်းတီးခေါက်ရန် ဆုံးဖြတ်ကြသည်။

နေပြည်တော်သို့ သွားရောက်သတင်းပို့သူကလည်း သွားရောက် သတင်းပို့သည်။ ထိုအကြောင်းအရာ အားလုံးကို ဝမ်တီတ်ရှင်အား အသိပေးခိုင်းလိုက်၏။ သို့သော် အသိပေးခိုင်းသူသည် အချိန်မီ ပြန်ရောက်မလာပေ။

ထို့ကြောင့် ဝမ်ဂေဟာမှ လူများ ဂနာမငြိမ် ဖြစ်လာကြတော့သည်။ မုစန်ချိန် ဆိုသူက ရုတ်တရက် ဖြန်းခနဲ ထရပ်လိုက်သည်။

'ကျုပ်အရင်သွားနှင့်တော့မယ်၊ ဆရာစန် ပြန်လာရင် ကျုပ်နောက်ကို လွှတ်လိုက်ပါဗျာ'

မုစန်ချိန် ထွက်ပြီး စုံစမ်းမည်ကို အားလုံး သဘောတူကြ၏။ သိုင်းပညာအရာတွင် သာမန်အဆင့်သာရှိသော်လည်း ကိုယ်ဖော့ပညာတွင်ကား အဆင့်မြင့်လှသည်။ ဝမ်တီတ်ရှင်၏ လက်အောက်ရှိ ပုဂ္ဂိုလ်များထဲတွင် သူ့လောက် ကိုယ်ဖော့ပညာ ကောင်းသူ မရှိပေ။ သူကိုယ်တိုင် ဆရာစန်ဟု ခေါ်လိုက်သော သူသည်ပင် သူ့ထက် ကိုယ်ဖော့ပညာ အဆင့်နိမ့်ပေသည်။

တာ့ထုံစံအိမ်တော်၏ တရားစီရင်သည့် ရုံးခန်းရှေ့တွင် အစောင့်နှစ်ယောက် စောင့်နေသည်ကို တွေ့ရသဖြင့် အသာ ရှောင်ထွက်လာပြီး ညောင်ပင်ကြီး တစ်ပင်ပေါ်သို့ ခုန်တက်လိုက်သည်။ ထိုညောင်ပင်ပေါ်မှ တစ်ဆင့် အိမ်ခေါင်ပေါ်သို့ ကူးလိုက်သည်။ အိမ်ခေါင်မိုး သုံးလေးခုလောက်ကျော် ဖြတ်ရှာဖွေပြီးသော်လည်း ဝမ်တီတ်ရှင်ကို မတွေ့ရသေးပေ။ အရှက်တကွဲခါနီးဖြစ်၍ မုစန်ချိန်စိတ်ထဲတွင် လောကြီးသလိုပင်



ဖြစ်လာသည်။

သူသည် အရပ်လေးမျက်နှာကို အကဲခတ်လိုက်၏။ ထိုစဉ်မှာပင် သူနှင့်ကိုက်တစ်ရာခန့်အကွာမှ လူရိပ်တစ်ရိပ် ပြေးလွှားလာနေသည်ကို တွေ့ရှိလိုက်သည်။

'ဆရာစန်မော်စိန်နဲ့တူတယ်'

သူထင်သည့်အတိုင်းပင် စန်မော်စိန်ဖြစ်နေသည်။ မုစန်ချိန်ကို တွေ့လိုက်လျှင် အနီးသို့ချဉ်းကပ်လာသည်။

စန်မော်စိန်ထံမှ ဘာသတင်းမျှမရရှိ။ ထို့ကြောင့် နှစ်ယောက်သား လမ်းခွဲပြီး ဝမ်တီတ်ရှင်ကို ထပ်မံရှာဖွေကြပြန်သည်။ မုစန်ချိန်သည် လိုထင်ဆင့်အား ကြည့်စုကျွင်ကိစ္စတွင် ဝင်ရောက်မစွက်ဖက်ရန် ခြိမ်းခြောက်မည်ဟု စိတ်ကူးလိုက်၏။

စန်မော်စိန်သည် မုစန်ချိန်၏အထက်မှဖြစ်သည်။ သူသည်လည်း ဝမ်တီတ်ရှင်အတွက် အသက်စွန့် ကူညီမည့်သူပင်။ အဆောင်တစ်ခု၏ပြတင်းပေါက်ဆီမှ မီးအလင်းရောင် ထွက်လာသည်ကို တွေ့လိုက်ရသဖြင့် စန်မော်စိန်သည် ထိုအဆောင်သို့ ချဉ်းကပ်လေတော့သည်။ ပြတင်းပေါက် အနီးသို့ ကပ်ကာ တံခါးကြားမှ အထဲသို့ ချောင်းကြည့်လိုက်သည်။ သူ့စိတ်ထဲတွင် အကြီးအကျယ် ဝမ်းသာသွား၏။ မထင်မှတ်ဘဲ လိုထင်ဆင့်ကို တွေ့လိုက်ရသောကြောင့်ပင် တည်း။

လိုထင်ဆင့်သည် သူ့အခန်းထဲတွင် ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိသည်။ သူသည် တာ့ထုံမြို့တွင် အတော်အတန်

စုံစမ်းခဲ့ပြီးလေပြီ။ ဝမ်တက်ရှင်၏ မကောင်းမှုလုပ်ရပ်ကား များပြားလှ၏။ ဝမ်တိတ်ရှင်အပေါ် ကြီးလေးသော အပြစ်ဒဏ် သတ်မှတ် ဆုံးဖြတ်ပါက မြို့လူထုသည် ဆုံးဖြတ်ချက် အပေါ် ကျေနပ်လက်ခံကြမည်မှာ မလွဲပါချေ။ သို့သော် ဝမ်ကျင်၏ ဩဇာတိက္ကမအရှိန်အဝါကိုလည်း သူထည့်တွက်နေရသည်။ ဝမ်တိတ်ရှင်အကြောင်း ကြားသိသွားပါက ဝမ်ကျင်သည် သူ့လက်ပါးစေများဖြင့် တာ့ထုံသို့ စေလွှတ်မည်သာဖြစ်၏။

မိမိ၏ အသက်အန္တရာယ်ထက် တာ့ထုံမြို့သူမြို့သားများ ကြုံတွေ့ရမည့် ဘေးဆိုးအန္တရာယ်က ပို၍ပင် ကြီးမားကြောင်း လိုထင်ဆင့်တွေးမိသည်။

ထိုစဉ် စန်မော်စိန်သည် အိတ်ထဲသို့ လက်နှိုက်လိုက် သည်။ အသင့်ယူဆောင်လာသော စာအိတ်တစ်အိတ်နှင့် ဓားမြှောင်တစ်ချောင်းက ပါလာခဲ့သည်။ ထိုဓားမြှောင်ဖြင့်ပင် ပြတင်းတံခါးကို အသာအယာ ဖွင့်လိုက်၏။ ပြတင်းတံခါး ပွင့်လု ဖြစ်နေစဉ် ခြေသံသဲ့သဲ့ကို ကြားလိုက်ရသဖြင့် ခေါင်းမိုးသို့ ကိုယ်ဖော့ခုန်တက် ပုန်းကွယ်လိုက်ရသည်။ အသက်ပြင်းပြင်း မရှူဝံ့ဘဲ စောင့်ကြည့်နေလိုက်ရသည်။

အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိ လူတစ်ယောက်က တံခါး ဖွင့်ကာ လိုထင်ဆင့်ထံသို့ ဝင်ရောက်သွားသည်။ သူသည် အအေးဒဏ်ကြောင့် မေးရိုက်မတတ် တုန်ယင်ကာ လက်နှစ် ဘက်ကို အနွေးဓာတ်ရစေရန် ပွတ်သပ်နေမိသည်။ လိုထင်ဆင့် က စားပွဲကို ဘယ်လက်ဖြင့် ထောက်ထားပြီး ထိုလူနှင့် မျက်နှာ



ချင်းဆိုင်ရပ်ကာ မေးခွန်းထုတ်နေသည်။

'အပြင်ဘက်က အခြေအနေဘယ်လိုရှိသလဲ ဖန်ရှုံ'

ဖန်ရှုံကဂါရဝပြုလိုက်၏။

'အခြေအနေကောင်းပါတယ် သခင်ကြီး၊ မနက်ဖြန် ကြည့်ရကျွင် အမှုကို စစ်ဆေးမယ်ဆိုလို့ တာ့ထုံမြို့သူမြို့သားတွေ အတော်ပဲ စိတ်ဝင်စားနေကြပါတယ်။ ဝမ်တိတ်ရှင်ကို သူတို့ အသက်နဲ့ လဲပြီးစွဲချက်တင်ဖို့အသင့်ပါပဲ။ ဒါပေမယ့် ဝမ်တိတ်ရှင် ရဲ့ တပည့်လက်ပါးစေတွေထဲမှာ သိုင်းအကျော်အမော် ဒုစရိုက် သမားတွေက အတော်များနေတယ်။ သခင်ကြီး အနေနဲ့ အထူးဂရုစိုက်နေဖို့ သတိပေးပါရစေ'

သူ့စကားမဆုံးခင်မှာပင် ပြတင်းတံခါးက ဖျတ်ခနဲပွင့် သွား၏။ ဓားရောင်အလင်းတန်းတစ်ခုကလည်း ရှိပ်ခနဲ အခန်း ထဲသို့ တိုးဝင်လာသည်။

'ဒေါက်'

'ဖူး'

ဓားကန့်ရဲကို ထွင်းဖောက်စိုက်ဝင်သွား၏။ အတွေ့အကြုံ များသော ဖန်ရှုံသည် မီးအိမ်ကို ငြိမ်းသတ်လိုက်ပြီး လိုထင်ဆင့် ကို တစ်ဘက်သို့ တွန်းပစ်လိုက်၏။ လိုထင်ဆင့်မှာ အကင်းပါး သူဖြစ်၍ မလှုပ်ရှားဘဲ ငြိမ်နေလိုက်သည်။ အချိန်အတော် ကြာသည်အထိ မည်သည့်လှုပ်ရှားမှုကိုမှ မတွေ့ရသည့်အခါမှ ဖန်ရှုံထသည်။

အခန်းအပြင်ဘက်သို့ ထွက်၍ရှာကြည့်သည်။ ဖန်ရှုံမှာ

သိုင်းပညာမညံ့သော်လည်း ကိုယ်ဖော့ပညာ မကျွမ်းကျင်သဖြင့် အိမ်ခေါင်မိုးပေါ်သို့ တက်ကာ လိုက်မရှာနိုင်ပေ။ ထို့ကြောင့် အခန်းထဲသို့ ပြန်ဝင်လာခဲ့သည်။

လိုထင်ဆင့်မှာ မီးအိမ်ကို ပြန်လည် ထွန်းညှိလိုက်ပြီး စာတစ်စောင်ကို ဖြန့်ဖတ်နေ၏။ ဖန်ရှုံဝင်လာသည်နှင့် တစ်ပြိုင်နက် လှမ်းမေးလိုက်၏။ 'ဘယ်လိုလဲဟေ့၊ လူမမိလိုက်ဘူး မဟုတ်လား'

ဖန်ရှုံ ခေါင်းကို စိတ်ပျက်လက်ပျက် ခါယမ်းပြီး သူအသုံးမကျ၍ လူကိုမမိလိုက်ကြောင်း အစီရင်ခံလိုက်သည်။

လိုထင်ဆင့်သည် မည်သို့မျှ ဂရုမထားဘဲ ပြုံးပြလိုက်ပြီး-

'ဘာမှကိစ္စမရှိပါဘူးလေ၊ ဝမ်တိတ်ရှင် ကိုယ်စား အသနားခံစာပေးနေကြတာပါ။ နောက်ပိုင်း ဘာမျှ အကြောင်းထူးတော့မှာ မဟုတ်ပါဘူး၊ မင်းလဲ အနားယူတော့၊ ငါလဲ အိပ်တော့မယ်'

ဖန်ရှုံခေါင်းညိတ်ပြလိုက်၏။ ထို့နောက် အခန်းအပြင်ဘက်သို့ ထွက်ခဲ့ကာ ပတ်ဝန်းကျင်အနှံ့ လိုက်လံစစ်ဆေး၏။ ထိုအချိန်မှာပင် တဖြည်းဖြည်း အလင်းရောင်တက်လာလေ၏။ ထိုအခါမှသာ လိုထင်ဆင့်အတွက် စိတ်ချသွားပြီး သူ့အိပ်ခန်းဆီသို့ သွားနိုင်တော့သည်။

* * * * *

အခန်း (၄)

**မှန်ကန်စွာ စီရင်ခြင်း**

တာ့ထုံဂေဟာ၏ တရားရုံးအပြင်ဘက်တွင်ကား အမှုစီရင်ချက်ကို လာရောက်နားထောင်နေကြသူများ ပြွတ်သိပ်ကျပ်ညှပ်နေ၏။ လိုထင်ဆင့်သည် ရုံးတော်စားပွဲပေါ်သို့ ရောက်သည်နှင့် ရွာသူရွာသားများအား ဝင်ရောက်ကြည့်ရှုခွင့်ပြုလိုက်သည်။

ဝမ်တိတ်ရှင်နှင့်ကြည်စုကျွင်တို့မှ ကြမ်းပြင်ပေါ်တွင် ဒူးထောက်လျက်ရှိနေကြ၏။ထင်ဟုန်တာက သူတို့နှစ်ယောက်ဘေးတွင် ရပ်နေ၏။

ဖန်ရှုံက ရွာသူရွာသားများအား တရားရုံး၏ စည်းကမ်းချက်များဖြစ်သော ဆူညံခြင်းမပြုလုပ်ရန် အကယ်၍ မကျေနပ်ချက်ရှိနေပါကလိုထင်ဆင့်အား ဒူးထောက်ပြီးပြောရန် ရှင်းပြ၏။

အတန်ကြာမှ လိုထင်ဆင့်က သတိပေးသစ်သားတုံးကို စားပွဲပေါ်သို့ အသာယာပင် ဒုန်းခနဲထုချလိုက်၏။ ထို့နောက် ကြည်စုကျွင်ကို စတင်၍ စစ်မေးတော့သည်။

" သူငယ်မကြည်စုကျွင် မင်းဟာ ယောကျ်ားသန်နဲ့

ဖောက်ပြန်ပြီး ဖခင်အရင်းကို လုပ်ကြံသတ်ဖြတ်ခဲ့တယ်၊ ပြီးတော့ ရဲရဲတင်းတင်းပဲ ဝမ်တီတ်ရှင်ကို စွပ်စွဲချက်တင်နေတယ်၊ အခုတော့ ရှင်းရှင်းလင်းလင်း သိရအောင် စစ်ဆေးပြီးပြီ မင်းအနေနဲ့ ဘာပြောချင်လဲ၊ ဘာလျှောက်လဲချက် ပေးချင်သေးသလဲ"

ကြည်စုကျွင်မှာ ရွာသူရွာသားများ၏ စကားအရ လိုထင်ဆင့်၏ တရားတပေါင်စီရင်ရာတွင် သမာသမတ်ကျမှုကို ကောင်းစွာ နားလည်သဘောပေါက်ထားပြီး ဖြစ်၏။ ထို့ကြောင့် သူ့အဖြစ်အပျက် အလုံးစုံကိုကို မထိမ်မချန် မကွယ်ဝှက်ဘဲ ထုတ်ဖော်အစစ်ခံသည်။ သူမ၏ စကားဆုံးသောအခါ လိုထင်ဆင့် က မျက်လုံးပြူးမျက်ဆန်ပြူး အော်ငေါက်လေတော့၏။

'ပါးစပ်ပိတ်ထားလိုက်စမ်း၊ မင်းဟာ တော်တော် အတင့်ရဲပြီး သတ္တိကောင်းတဲ့ မိန်းကလေးပါလား၊ မင်းကို အပြစ်ဒဏ်ကြီးကြီးမားမား ပေးမှဖြစ်တော့မယ် မဟုတ်ရင် မင်းဘယ်လိုမှ ဝန်ခံမှာ မဟုတ်တော့ဘူး'

သူ့စကားဆုံးသည်နှင့် မင်းမှုထမ်းနှစ်ယောက် ရုတ်တရက် ခုန်ထွက်လာကြပြီး ကြည်စုကျွင်ကို ဖမ်းချုပ်ရန် ပြင်လိုက်ကြ၏။

'ဒုန်း'

လိုထင်ဆင့်က သစ်သားတူဖြင့် စားပွဲကို ရိုက်ချလိုက်ပြီး ဒေါသတကြီး အော်ငေါက်လိုက်ပြန်သည်။

'ပြောလေ ဘာလို့ ဇန်မခံသေးတာလဲ၊ မင်း ဒုက္ခဖြစ်ချင်



ပြီနဲ့တူတယ်'

'မဟုတ်ဘူး၊ ကျွန်မ ဝန်မခံနိုင်ဘူး။ ကျွန်မအပေါ် မတရား စွပ်စွဲတာကို ဘာဖြစ်လို့ ဝန်ခံရမှာလဲ၊ ဒီအမှုမှာ အနစ်နာဆုံးက ကျွန်မရှင့်'

ကြည်စုကျွင်သည် မခံမရပ်နိုင်ဖြစ်ကာ ပြန်လည်အော်ဟစ်တော့သည်။

လိုထင်ဆင့်က တရားခွင်တစ်ခုလုံးသို့ တစ်ချက်မျှ အကဲခတ်လိုက်၏။ ထို့နောက် ကြည်စုကျွင်အား မေးလိုက် ပြန်သည်။

'ကျုပ်က အမှုစစ်ရင် လူတစ်ယောက်ကို ဘယ်တော့မှ မတရားအပြစ် မကျခံစေခဲ့ဘူး၊ မင်းက ဝမ်တီတ်ရှင်ကို စွဲချက်တင်ရအောင် သူ့မှာ ဘာအပြစ်ရှိနေလို့လဲ၊ သူ့မှာ အပြစ်ရှိတယ်လို့ ပြောရအောင် သက်သေခံ လက်နက်ပစ္စည်းကလဲ မရှိဘူး။ မျက်မြင်သက်သေဆိုတာလဲ မရှိဘူး၊ ဒီတော့ သူဟာ တရားခံ တစ်ယောက်ဘယ်လိုဖြစ်လာနိုင်တော့မှာလဲ၊ ပြီးတော့ သခင်ကြီးထင်ဟုန်တာက တရားသူကြီး တစ်ယောက်ဖြစ်လျက်နဲ့ မင်းရဲ့ အိမ်စေအဘိုးအိုကိုသတ်တယ်ဆိုတာ မင်းဘယ်လိုပြောပြော ဘယ်သူက ယုံမှာလဲ၊ မင်းအမှန်အတိုင်း ဝန်ခံစမ်းပါ'

ကြည်စုကျွင်မှာ သူမ ကြားထားသည့် ကောင်းသတင်းအတိုင်းဖြစ်မလာဘဲ နောက်လာသည့် မောင်ပုလဲဒိုင်းဝန်ထက်ကဲလာသကဲ့သို့ ဖြစ်နေသဖြင့် ရှိုက်ကြီးတငင် ငိုကြွေးမိတော့သည်။ သူမအတွက် အားကိုးစရာမဲ့ချေပြီတကား။

သေမိန့်ကျနေသူသည် သေရမည်ကို မကြောက်တော့ဘဲ

ကြောက်ကန် ကန်တတ်ကြပေသည်။ ထိုကဲ့သို့ပင် ကြည်စုကျွင်တွင်လည်း သတ္တိများ ဝင်ရောက်လာရတော့သည်။ ငိုရှိုက်နေရင်းမှပင် ---

'လူကြီးမင်းရှင့် --- ကျွန်မအခု လျှောက်ထားတဲ့ အကြောင်းအရာကို ကျေးဇူးပြုပြီး နားထောင်စေချင်ပါတယ်။ ကျွန်မပြောတာတွေ မှန်မမှန်ဆိုတာကိုလဲ လူကြီးမင်း နားထောင်ရင်းက သဘောပေါက်နားလည်လာမှာပါ'

ကြည်စုကျွင်စကားကို ခဏဖြတ်ပြီး လိုထင်ဆင့်တို့ မော့ကြည့်သည်။ လိုထင်ဆင့်၏ မျက်လုံးထဲမှ သူမအား အားပေးသည့် အရိပ်အယောင်များကို မြင်လိုက်ရသောအခါ သူမအံ့အားသင့်သွား၏။ ထို့ကြောင့် အားတက်ကာ ဆက်လက်လျှောက်ထားလေတော့သည်။

'ကျွန်မအဖေကို ဝမ်တိတ်ရှင် သတ်ပါတယ် ဆိုတာကို ကျွန်မရဲ့ အိမ်နီးနားချင်းတွေက သက်သေအဖြစ် လိုက်ပေးနိုင်ပါတယ်။ ထင်ဟုန်တာက ကျွန်မရဲ့ အိမ်စေအဘိုးအိုကို သတ်တုန်းကတော့ တရားရုံးတော်မှာပဲ ဆရာကြီးနဲ့ ပါးကွက် အာဏာသား တွေအပြင် မင်းမှုထမ်းအချို့လဲ သက်သေအဖြစ် ရှိကြပါတယ်ရှင်'

လိုထင်ဆင့်က လက်ဝါးကာပြကာ တားဆီးလိုက်ပြီး ရုံးတော်အတွင်း မရှိသေးသော ဆရာကြီးဆိုသူ ရန်တိတ်အား ရုံးတော်ရှေ့သို့ လာရောက်စေရန် သွားရောက်ခေါ်စေသည်။ ထိုညဘက်က အိမ်ဖော်အဘိုးအိုအား သတ်ဖြတ်သော



မင်းမှုထမ်းများကိုလည်း ကြည်စုကျွင်မှ ရွေးထုတ်စီစစ်နိုင်းသည်။ အိမ်နီးနားချင်းများကိုလည်း မိမိတို့၏သဘောဆန္ဒအလျောက် ကြည်စုကျွင်ဘက်မှ သက်သေလိုက်ခွင့်ပြုလိုက်၏။ အိမ်နီးချင်းများကလည်း ထိုအခွင့်အရေးကို စောင့်နေကြသူများဖြစ်ရာ ကြည်စုကျွင်ဖခင်အား ဝမ်တိတ်ရှင်က အမှန်တကယ် သတ်ဖြတ်သွားကြောင်းကို ထုတ်ဖော် အစစ်ခံကြလေတော့၏။

ထိုအခါ ဝမ်တိတ်ရှင် အသားများ တဆတ်ဆတ်တုန်ပြီး ဒေါသတကြီး အော်ဟစ်တော့၏။

"အသုံးမကျတဲ့လိုထင်ဆင့်၊ ခင်ဗျားဘယ်လောက်အထိ စွာနိုင်တယ်ဆိုတာ စောင့်ကြည့်ရသေးတာပေါ့။ ကျုပ်မွေးစားအဖေဆီက စာချွန်လွှာရောက်လာမှ ခင်ဗျားကို ရာထူးက ပြုတ်ကျအောင်လုပ်ပြမယ်'

လိုထင်ဆင့်က ဒေါသမထွက်ဘဲ အေးအေး ဆေးဆေး ပြော၏။

'ဝမ်တိတ်ရှင် --- မင်း ဘာဖြစ်လို့ စိတ်တိုနေရတာလဲ၊ တရားသဖြင့်ဖြစ်အောင် ငါစီစဉ်နေတယ်၊ မင်းစိတ်အေးအေး နေပါ'

ထင်ဟုန်တာကား ကြောက်ရွံ့တုန်လှုပ်လာပြီး ကြမ်းပြင်ပေါ်သို့ ဒူးထောက်ချလိုက်ကာ သူ့အပြစ်ကို ဝန်ခံလေတော့၏။ ထိုအချိန်အထိ ရန်တိတ်ကား ပေါ်မလာချေ။ လိုထင်ဆင့် မျက်မှောင်ကြုတ်လိုက်ပြီး ဖန်ရှုံအား ဒေါသဖြင့် လှမ်းမေး

လိုက်၏။

'ဖန်ရှူ --- ရန်တိတ်ကော၊ ရန်တိတ် ဘယ်မှာလဲ၊ သူ့ကို အမြန်ဆုံးခေါ်လာခဲ့စမ်း' ဖန်ရှူ စိတ်မသက်မသာဖြင့် ခေါင်းခါယမ်းပြလိုက်ပြီး -

'သူမရှိတော့ဘူးသခင်ကြီး - သူထွက်ပြေးသွားပြီ'

လိုထင်ဆင့် မျက်ခုံးများမြင့်တက်သွား၏။ အမှုသွားအမှုလာ အခြေအနေအရပ်ရပ်ကို သူက ရှင်းလင်းပြပြီး ချက်ချင်းပင် စီရင်ချက်ချတော့သည်။

သူ့စီရင်ချက်ကား ထင်ဟုန်တာအား ရာထူးမှ ဖြုတ်ချလိုက်ပြီး ဝမ်တိမ်ရှင်ကို နေ့လည် သုံးနာရီအချိန်တွင် အဆုံးစီရင်ရန် အမိန့်ပေးလိုက်ခြင်းပေတည်း။

တစ်သက်လုံး သူတစ်ပါး မျက်ခုံးမွှေးပေါ် စကြံ့န်လျှောက်လာခဲ့သော ဝမ်တိတ်ရှင်ကား ကြမ်းပြင်ပေါ်သို့ လဲကျသွားတော့သည်။ ထင်ဟုန်တာ၏ မျက်နှာတွင်လည်း သွေးရောင်မရှိတော့ဘဲ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။

ကြည့်စုကျွင်မှာမူ ဝမ်းသာလွန်းသဖြင့် မျက်ရည်များတဖြိုင်ဖြိုင်ကျလာကာ လိုထင်ဆင့်အား အကြိမ်ကြိမ်ဦးခိုက် ရှိခိုးနေလေတော့၏။

'ဝှစ် - ဝှစ် - ဝှစ်'

ထိုအချိန်မှာပင် လူအုပ်ကြားမှ ဓားသုံးလက် ရိပ်ခနဲ ပြေးထွက်လာပြီး လိုထင်ဆင့်၏ မျက်နှာနှင့် ရင်ဘတ်သို့ ပြေးဝင်သွားလေတော့၏။ ပရိတ်သတ် အားလုံးမှာ အာမေဋိတ်



သံပင် မပြုနိုင်ကြ။ မှင်သက် ငေးကြောင် ကြည့်နေမိကြတော့သည်။

လိုထင်ဆင့်ကိုယ်တိုင်ပင် ကြက်သေသေပြီး ထိုဓားများကို ကြည့်နေ၏။ သူသည် သိုင်းပညာတတ်ကျွမ်းသူ မဟုတ်ပါ။ သူသည် စာပေ၊ ကျမ်းဂန်၊ ဂီတ စသည်တို့ကိုသာ ကျွမ်းကျင်သူဖြစ်ပါသည်။ ထို့ကြောင့် ဓားများကို လုံးဝရှောင်နိုင်စွမ်းမရှိပါ။

သက်တော်စောင့် ဖန်ရှူမှာလည်း သူနှင့်လက်လှမ်းမမှီသည့်နေရာသို့ ရောက်နေသဖြင့် သူ့အား ကယ်တင်နိုင်ရန် အခွင့်အလမ်းမရှိပါ။

'ငါတော့ သေဖြစ်ပြီ'

လိုထင်ဆင့်သည်ထိုအတွေးကိုတော့ တွေးနိုင်သေးသည်။

ထိုစဉ် ---

'ထန်း ------ ထန်း ----- ထန်း'

သံ သံချင်းထိခတ်သံ သုံးချက် ကျယ်လောင်စွာ မြည်ဟီးသွားပြီးလျှင် ဓားမြှောင်သုံးလက်က လိုထင်ဆင့် ကိုယ်နှင့် တည့်တည့်မတ်မတ်နေရာမှ လွဲဖယ်သွားတော့သည်။ သူ့ကျောဘက်ရှိ နံရံတွင် ပြင်းထန်စွာ စိုက်ဝင်သွားသည်။

'ဘုရား ---- ဘုရား --- ကံကောင်းပေလို့ပဲ'

ပရိတ်သတ်ကြီးသည် ထိုအခါကျမှ သက်ပြင်းချနိုင်လေတော့သည်။

ပရိသတ်များမှာ ဓားမြှောင်ပစ်လွှတ်လိုက်သူသည် မည်သူ

မည်ဝါဖြစ်သည်ကို မသိရှိကြ။ ထိုဓားမြှောင် သုံးချောင်းကို လမ်းကြောင်းပြောင်းအောင် လက်နက်ပုန်းဖြင့် ပစ်ပြီး လိုထင်ဆင့်၏ အသက်ကို ကယ်တင်ပေးသူကိုလည်း မသိကြပေ။

လိုထင်ဆင့်ကမူ ဤလူအုပ်ထဲ၌ သူ့အား သတ်ဖြတ်လိုသည့် ဒုစရိုက်ကောင်များ ရှိနေကြောင်း နားလည်လိုက်သည်။

ယခုအဖြစ်အပျက်ကြောင့် သူ့အစီအစဉ်ကိုလည်း ရုတ်တရက်ပြောင်းလဲလိုက်ရပြန်သည်။ အချိန်ဆွဲစောင့်ဆိုင်းနေ၍ မည်သို့မျှမဖြစ်တော့။ ဝမ်တီတ်ရှင်ကို အပြတ်မရှင်းသေးသမျှ ကာလပတ်လုံး ပြဿနာက အမျိုးမျိုးပေါ်ပေါက်လာဦးမည်။ ထို့ကြောင့် တုံ့ဆိုင်းမနေတော့ဘဲ လူထုပရိတ်သတ်ရှေ့မှာပင် ဝမ်တီတ်ရှင်အား သေစားသေစေ အပြစ်ပေးရန် အမိန့်ချလိုက်တော့၏။

စန်မော်စိန်နှင့် မုစန်ချိန်တို့မှာ မဆွကတည်းက လူထုပရိတ်သတ်ကြားတွင် ရောက်ရှိနေခဲ့သူများ ဖြစ်ကြသည်။ ဝမ်တီတ်ရှင်အား အပြစ်ဒဏ်စီရင်ချက်ချလိုက်သဖြင့် မခံမရပ်နိုင်ဖြစ်ပြီးလျှင် စန်မော်စိန်က လူအုပ်ကြားမှ ဓားမြှောင် ဖြင့် ပစ်လွှတ်လုပ်ကြံလိုက်ခြင်းဖြစ်သည်။ မထင်မှတ်ဘဲ လက်နက်ပုန်းများ ထွက်လာပြီး သူ့ဓားမြှောင်များကို ဖယ်ရှားပစ်လိုက်သောအခါ ဒုစရိုက်အုပ်စုမှာ အကြီးအကျယ် ထိတ်လန့်သွားကြလေတော့၏။

ပါးကွက်အာဏာသားများသည် ဝမ်တီတ်ရှင်အား ဖမ်းဆီး



ခေါ်ဆောင်သွားကြလေပြီ။

စန်မော်စိန်တို့သည် ဝမ်တီတ်ရှင်အား ဖမ်းဆီးခေါ်ဆောင်သွားသည့် ပါးကွက်အာဏာသားတို့ကို ကြည့်ပြီး ရင်တထိတ်ထိတ် ခုန်နေ၏။ မုစန်ချိန် ထွက်သွားခဲ့သည်မှာ ကြာမြင့်ခဲ့ပြီ။ ကိုယ်ဖော့ပညာကောင်းမွန်သူ တစ်ယောက်ဖြစ်သဖြင့် ခရီးတွင်လိမ့်မည်ဟု သူတွက်ဆမိသည်။ ယခုအချိန်ဆွဲထားနိုင်မည်ဆိုလျှင် မုစန်ချိန်ပြန်ရောက် လာသည့်အခါ ဝမ်တီတ်ရှင်ကို ကယ်တင်နိုင်လိမ့်မည်ဟု သူအားခဲနေမိ၏။

မုစန်ချိန် သွားရောက်ခေါ်ငင်နေသည်မှာ ဝမ်တီတ်ရှင်၏ နောက်လိုက်များဖြစ်သည်။ ထိုအင်အားစုဖြင့် တော့ထုံဂေဟာကို ဝင်ရောက်တိုက်ခိုက်ပြီး ဝမ်တီတ်ရှင်ကို ကယ်တင်ရန် အရေးပေါ် ကြံစည်လိုက်ရခြင်း ဖြစ်ပေသည်။

သို့သော် မုစန်ချိန်မှာ ဝမ်တီတ်ရှင်တစ်ယောက် အသက်ပျောက်သွားပြီး မြေမြုပ်ပြီးသည့်အချိန်ထိ ပေါ်မလာခဲ့ပေ။ စန်မော်စိန်သည် လူအတန်ရှင်းနေပြီဖြစ်၍ လုပ်ကြံရန် အခွင့်မသာဘဲရှိသည်။ တစ်ကြိမ်တွင် လူလစ်ပြီဟုယူဆကာ လက်ကျန်ဓားမြှောင်ဖြင့် ပစ်သည်။

ဖန်ရှူမှာ သတိရှိနေပြီမို့ စန်မော်စိန်နောက်သို့ အတင်းပြေးလိုက်ခဲ့သည်။ စန်မော်စိန်၏ဓားမြှောင်မှာ လိုထင်ဆင့်ကို မထိပေ။ မင်းမှုထမ်းနှစ်ယောက်ကို ထိသွားသည်။ သေလောက်အောင် ဒဏ်ရာမရပေ။

ဖန်ရှူသည်လည်း စန်မော်စိန်နောက်သို့လိုက်ရာတွင်

ယုန်ထောင်ကြောင်မိဆိုသကဲ့သို့ စန်မော်စိန်ကို မမိဘဲ ထွက်ပြေး တိမ်းရှောင်ပုန်းအောင်းနေသည့် ဆရာကြီးရန်တီတ် ကိုသာ ဖမ်းဆီးမိခဲ့၏။

ရန်တီတ်ကိုလည်း သေဒဏ်စီရင်ချက်ချလိုက်သည်။

ထိုအခါမှ ဝမ်တိမ်ရှင် ကျူးလွန်သည့် လူသတ်မှု အရှုပ် အထွေးသည် အမှန်အတိုင်း ပြီးပြတ်သွားလေတော့သည်။

* * * * *

## အခန်း (၅)
## အကျိုးဆက်များ

လူသတ်မှု စီရင်ဆုံးဖြတ်ခြင်းကား ပြီးဆုံးသွားလေပြီ။ တရားသူကြီး လိုထင်ဆင့်၏ နောင်ရေးကား မပြီးဆုံးသေးချေ။ လိုထင်ဆင့်သည့် သူ၏ မုတ်ဆိတ်မွေးရှည်ကြီးကို ဖြည်းညှင်းစွာ ပွတ်သပ်ရင်း ခိုကိုးရာမဲ့ရှာသော ကြည်စုကျွင်ကို ငေးမောကြည့် နေမိ၏။

ကြည်စုကျွင်ကိုကြည့်ပြီး သမီးကလေးကို သတိရနေ သည်။ သူနှင့်သမီးကလေး မတွေ့ရသည်မှာ သုံးနှစ်ခန့် ပင်ရှိပြီ ဖြစ်၏။ သူသည် လုပ်ငန်းတာဝန်ထဲတွင် စိတ်ရောလူပါ နှစ်ထား သဖြင့် ဇနီးသည်နှင့် သမီးကိုပင် လျစ်လျူရှုထားခဲ့ရပေသည်။

'အင်း ---- သမီးလေး စုရောင်လဲ ဆယ့်ခုနှစ်နှစ်ရှိပြီ၊ သမီးလေးနဲ့ ကြည်စုကျွင်ဟာ လုံးတူရုပ်တူ အရွယ်တူပဲ၊ ငါ့မလဲတာဝန်တွေ ဖိစီးနေလို့ သမီးနဲ့တောင် မတွေ့ရတာ အတော်ကလေးကြာခဲ့ပြီပဲ'

လိုထင်ဆင့် စိတ်မကောင်းသလိုဖြစ်သွားမိသည်။ ကြည်စုကျွင်ကိုကြည့်ပြီး ပို၍ပင် စိတ်မကောင်း ဖြစ်မိသည်။ မိန်းကလေးခမျာ အရွယ်ငယ်ငယ်နှင့် မိမဲ့ဖမဲ့ ဒိုးမဲ့ဒါးမဲ့ ဖြစ်ကာ ရှေ့ဘဝခရီးကို မည်ကဲ့သို့ ခက်ခဲပင်ပန်းစွာ လျှောက်လှမ်းရလေမည်နည်းဟူသော သားသမီးချင်းစာနာသည့် အတွေးဖြင့် လွှန်စွာသနားနေမိ၏။ နောက်ဆုံးတွင် သူသည် ကြည်စုကျွင်၏ သဘောဆန္ဒကိုမေးမြန်းပြီး သမီးအဖြစ် မွေးစားလိုက်လေတော့သည်။

ညအမှောင်သမ်းလာခဲ့ပြီ၊ ဖန်ရှုံနှင့် လိုထင်ဆင့်တို့ သည် ယခုညတွင် ပြဿနာဖြစ်ပေါ် လာတော့မည်ကို ကြိုတင်မျှော်လင့်ထားပြီးဖြစ်ပေသည်။ မိမိတို့အတွက် အန္တရာယ်ရှိသလို ကြည်စုကျွင်အတွက်လည်း အန္တရာယ် ကျရောက်လာမည်ကို စိုးရိမ်မိကြသည်။ ထို့ကြောင့် တာ့ထုံဂေဟာပတ်ဝန်းကျင်တွင် အစောင့်စစ်သားများကို စနစ်တကျချထားလိုက်သည်။ တာ့ထုံဂေဟာအား လုံခြုံရေးအတွက် ဦးဆောင်စီစဉ်သူမှာဖန်ရှုံပင် ဖြစ်သည်။သူအားထားရသော လုပ်ဖော်ကိုင်ဘက် တစ်ယောက်မှာ ဝမ်ဟိုဖြစ်လေသည်။

ဝမ်ဟိုက

'သိပ်စိတ်မပူပါနဲ့ ဖန်ရှုံရယ်၊ တို့အနေနဲ့ သိပ်ပြီးပျာယာခတ်နေဖို့ မလိုဘူး၊ ဝမ်ဂေဟာကလူတွေ ဒီညဒီကို မလွဲမသွေရောက်လာမှာ သေချာတယ်၊ တို့ကို ကူညီတဲ့ ထိပ်သီးသိုင်းသမားတစ်ယောက်လဲ မုချရောက်လာလိမ့်မယ်၊



နေ့ခင်းတုန်းက တို့ကိုအကူအညီ ပေးခဲ့တဲ့ လူတစ်ယောက်ရှိနေပြီမဟုတ်လား၊ အဒီလူဟာ ဒီညလဲ ရောက်လာဦးမှာပဲ၊ နေ့ခင်းက သူ့ရဲ့ လက်နက်ပုန်းပစ်ပြီး တာတွယ်ပေးလိုက်ပုံကိုကြည့်၊ သူ့အဆင့်အတန်းက ဝမ်ဂေဟာမှာရှိတဲ့ သိုင်းသမားတွေထက် အများကြီးသာတယ်ကွ'

ဝမ်ဟို၏ ကိုးကြောင်းဆီလျော်သော စကားကြောင့် ဖန်ရှုံငြိမ်နေလိုက်၏။ နေ့ခင်းက အကူအညီပေးခဲ့သောလက်နက်ပုန်းပစ်ပေါက်သူသည် ယခုညဘက်တွင်လည်း မျက်နှာလွှဲဖယ်နေမည် မဟုတ်ပေ။ ထိုလူ၏ အမျိုးအမည်ကို မသိရသည်က ခက်သည်။

လိုထင်ဆင့်သည်လည်း အရင်ညများကလိုပင် စိတ်မငြိမ်မသက်ဖြစ်နေမိသည်။ သူကဝမ်ကျင်၏ မွေးစားသားကို သေဒဏ်အဖြစ်ပေးလိုက်ခြင်းမှာ ဝမ်ကျင်၏ ငယ်ထိပ်ကို လက်ဖြင့် ပုတ်လိုက်ခြင်းသာဖြစ်သည်။ ဝမ်ကျင်သည် နေပြည်တော်တွင် အရှိန်အဝါသြဇာတိက္ကမကြီးမားသော လူတစ်ယောက် ဖြစ်သောကြောင့် လိုထင်ဆင့်၏ လုပ်ရပ်ကို ငြိမ်ခံနေမည်မဟုတ်ပေ။

ခါတိုင်းအချိန်မှာပင် ဝမ်ကျင်က သူ့ကို အပြစ်မရှိအပြစ်ရှာနေတတ်ခဲ့၏။ ယခုကဲ့သို့ အခြေအနေတွင်ကား ပြောဖွယ်ရာရှိတော့မည် မဟုတ်ပေ။လိုထင်ဆင့်သည် ပထမတွင် သူ့အတွက်သာသူ စဉ်းစားသည်။ သို့သော် တဖြည်းဖြည်း ဇနီးနှင့် သမီးတို့ကို တွေးမိသောအခါတွင်ကား စိတ်ထဲတွင် တုန်လှုပ်

လာရတော့သည်။ စုရောင်တို့သားအမိကို မတရား အနိုင်ကျင့် ညှင်းဆဲမည်ဆိုလျှင် အဝေးသို့ ရောက်ရှိနေရသဖြင့် သူမည်သို့မျှ ကာကွယ်နိုင်မည် မဟုတ်ပေ။

ထို့ကြောင့် အခန်းကျဉ်းကလေးထဲတွင် ခေါက်တုံ့ခေါက်ပြန် လျှောက်ကာ ဖျစ်ညှစ်၍ အကြံထုတ် စဉ်းစားနေရတော့သည်။

အပြင်ဘက်တွင် အအေးဓာတ်ကကြီးစိုးနေ၏။ လေကလည်း တသုန်သုန်တိုက်ခတ်နေသည်။ လေဒဏ်ကြောင့် တံခါးအချို့ ရိုက်ခတ်သံ ဂုန်းခနဲ ဂုန်းခနဲ ထွက်ပေါ်လာသည်။ သံချောင်းသံရှစ်ချက် ထွက်ပေါ်လာပြီးသည့်နောက်တွင် အပြင်ဘက်မှ ဆူညံသံများကို ကြားလာရတော့သည်။ ဝမ်ဂေဟာမှ သိုင်းသမားများ ရောက်လာကြလေပြီလားဟု လိုထင်ဆင့် တွေးလိုက်သည်။

ထိုစဉ် ဖန်ရှုံရောက်လာပြီး ---

'သခင်ကြီး လျှို့ဝှက်ဆောင်ဝင်ပြီး ခဏအနားယူနေပါ။ ဒီအခန်းထဲမှာ အန္တရာယ်များလှပါတယ်'

လိုထင်ဆင့်သည် တည်ငြိမ်အေးဆေးစွာ ပြောသည်။

'နေပါစေကွာ၊ မလိုပါဘူး၊ မင်းသာ ရန်သူတွေကို သတိထားပြီး ကာကွယ်တိုက်ခိုက်ပါ၊ ဒီကောင်တွေကို ငါမကြောက်ပါဘူး'

လိုထင်ဆင့်သည် ဖန်ရှုံနှင့်ပင် အပြင်သို့ထွက်ပြီး အကဲခတ်လိုက်သေး၏။ ထို့နောက် သူ၏ စစ်သည်တော်များကို



နှိုးကြားတက်ကြွလာစေရန် ကိုယ်တိုင်ပင် အားပေးစကားပြောလိုက်သေးသည်။ ထိုအပြုအမူအတွက် စိတ်ပင်ပန်းရသူမှာ ဖန်ရှုံဖြစ်သည်။

သူ့သိုင်းပညာနှင့် လိုထင်ဆင့်အား အကာအကွယ်မပေးနိုင်မည်ကို သူစိုးရိမ်နေမိသည်။ သို့သော် လိုထင်ဆင့်ကိုယ်တိုင် ကြပ်မတ်ဦးဆောင်နေသဖြင့် စစ်သည်တော်များ တက်တက်ကြွကြွ ဖြစ်လာသည်ကတော့ အမှန်ပင်။

ထိုအချိန်၌ မုစန်ချိန်သည် အိမ်ခေါင်မိုးများပေါ်မှ ထိုးဖောက်ကျော်တက်လာနိုင်ခဲ့သည်။ လိုထင်ဆင့်ကို တွေ့ရလျှင် ဝမ်တိတ်ရှင်အတွက် ကလဲ့စားချေလိုစိတ်ဖြင့် ကျားရဲ တစ်ကောင်အလား ခုန်အုပ်လိုက်သည်။ ဖန်ရှုံသည် လိုထင်ဆင့်ကို ကာကွယ်မှုပေးရန် အဆက်မပြတ်ရှိနေသူဖြစ်၍ မုစန်ချိန် ခုန်အုပ်လာသည့်နှင့်တပြိုင်နက် လက်ထဲမှကျာပွတ်ဖြင့် တရကြမ်းလှမ်းရိုက်လိုက်တော့သည်။

'ရွှမ်း'

မုစန်ချိန်ကဓားဦးကိုလှည့်ကာ ကျာပွတ်ရိုက်ချက်အားရှောင်တိမ်းပေးလိုက်၏။ တစ်ဆက်တည်းပင် ဖန်ရှုံ၏ ဝမ်းဗိုက်ထဲသို့ ဓားဦးချွန်ဖြင့် ထိုးသွင်းချလိုက်သည်။ သူ့ တိုက်ကွက်ကား မြန်ဆန် သွက်လက်ပြီး ကြောက်စရာကောင်းလှပေသည်။ ရန်သူကို တစ်ချက်တည်းနှင့် အသေသတ်နိုင်သော တိုက်ကွက်ဖြစ်လေသည်။ ဖန်ရှုံက ကျာပွတ်ဖြင့် ရိုက်ထုတ်လိုက်သည်။

'ရွှမ်း ---'

မုစန်ချိန်အတင့်မရဲဝံ့တော့။ နောက်သို့ ခြေလှမ်းတစ်လှမ်း ဆုတ်ပေး လိုက်ရသဖြင့် အခန်းထဲသို့ မဝင်နိုင်တော့ပေ။ ဖန်ရှုံမှာ တစ်ဘက်မှ မုစန်ချိန်ကို တိုက်ခိုက်နေရပြီး တစ်ဘက်မှလည်း လိုထင်ဆင့်ကို အန္တရာယ်မကျရောက်စေရန် မကြာမကြာ လှည့်ကြည့်အကာခံတော်နေရသဖြင့် လွတ်လွတ်လပ်လပ် တိုက်ခိုက်နိုင်စွမ်းမရှိပေ။ ထို့ကြောင့် မုစန်ချိန် သက်သာရာရရှိနေခြင်း ဖြစ်သည်။ သို့မဟုတ်ပါက တိုက်ကွက်ပေါင်းငါးဆယ် မကျော်ခင်မှာပင် မုစန်ချိန် အရေးနိမ့်နိုင်ပေသည်။

'သခင်ကြီး၊ လွတ်ရာကို ရှောင်တိမ်းနေပါ၊ သူ့ကို ကျွန်တော်တားထားပါ့မယ်-

မုစန်ချိန်မှာ ဖန်ရှုံ၏တိုက်ခိုက်မှုကြောင့် ရှေ့သို့လည်း တိုး၍မရ၊ လိုထင်ဆင့်အား ဝမ်တိတ်ရှင်အတွက် လက်စားမချေနိုင်မည်ကိုလည်း စိုးရိမ်နေသည်။ ထိုစဉ်လိုထင်ဆင့်က အော်ဟစ် အမိန့်ပေးလိုက်၏။

'အစောင့်စစ်သည်တော်တွေ ဘာလုပ်နေကြသလဲ၊ ဒီလူရမ်းကားကို ထွက်ဖမ်းကြစမ်း-

လိုထင်ဆင့်အော်သံက ညအမှောင်ထဲ၌ ဟိန်းထွက်သွား၏။ သို့သော် မည်သည့်အစောင့်တပ်သားမျှ ထွက်မလာပေ။ လိုထင်ဆင့်မှာ အကြီးအကျယ် မျက်နှာပျက်သွားရတော့သည်။

လိုထင်ဆင့်၏ အစီအစဉ်သည် လွတ်ဟာ တိမ်းပါးသွားခဲ့ရသည်။ သူ့အနေဖြင့် တာ့ထုံစံအိမ်တော်တွင် အစောင့်စစ်သား မြောက်များစွာရှိပြီး သိုင်းပညာ အဆင့်မြင့်မားသူ



အတန်အသင့်ရှိသည်ကို သိထားခဲ့၏။ သို့သော် ထိုပညာအဆင့်မြင့်သူ အားလုံးသည် ထင်ဟုန်တာ၏ လူယုံတော်များ ဖြစ်နေကြသည်ကိုမူ သူမသိရှိပါပေ။ ယေဘုယျခြုံငုံ၍ပြောရလျှင် တာ့ထုံဂေဟာမှ အစောင့်တပ်သားအားလုံးသည် လိုထင်ဆင့်အပေါ် သစ္စာရှိသယောင် ဟန်ဆောင်နေကြခြင်းသာဖြစ်ပေသည်။

ထိုလူယုံတော်များမှာ ယခင် ဝမ်ဂေဟာမှ လူများနှင့် ရောရောထွေးထွေး နေထိုင်လေ့ရှိကြ၏။ ဝမ်တိတ်ရှင် အသေဆိုး နှင့် သေဆုံးခဲ့ရပြီး ထင်ဟုန်တာလည်း အရာကျသွားသောအခါ သူတို့သည် သောင်ပြင်လွတ်သည့် ခွေးများကဲ့သို့ ခံစားသွားကြရသည်။ သို့သော် ဟန်မပျက် သစ္စာခံသယောင် နေကြပြီး တကယ့်အရေးကြုံသောအခါမှ သူတို့သည် တာ့ထုံဂေဟာကို စွန့်ခွာသွားကြခြင်းဖြစ်သည်။

သစ္စာစောင့်ထိန်းသူများမှာလည်း တာ့ထုံဂေဟာတွင် မနေရဲကြတော့ပေ။ တခြားတစ်ပါးသို့ တိတ်တဆိတ်ထွက်ခွာသွားကြသည်။ ထို့ကြောင့် လိုထင်ဆင့် အမိန့်ပေးချိန်၌ မည်သူမျှ ရှိမနေတော့ခြင်း ဖြစ်သည်။

လိုထင်ဆင့်မှာ ထိုအဖြစ်အပျက်များကို မသိနိုင်ချေ။ အဘယ်ကြောင့် တပ်သားများ ထွက်မလာသနည်းဟု စဉ်းစားနေချိန်မှာပင် တစ်စုံတစ်ယောက် အော်ဝေါ်လိုက်သံ တစ်သံကို ကြားလိုက်ကြသည်။ အသံနှင့်အတူ လေအလျင်ကဲ့သို့ လျင်မြန်ဖျတ်လတ်လှသော လူရိပ်တစ်ရိပ်ကလည်း ရိပ်ခနဲ

ခုန်ချလာသဖြင့် လိုထင်ဆင့်မှာ နောက်သို့ အလိုလိုဆုတ်သွားမိတော့၏။ ထိုသူသည် လိုထင်ဆင့်အနီးသို့ ရောက်သည်နှင့် ဟက်ဟက်ပက်ပက် ရယ်မောလိုက်လေတော့သည်။

'ဟား -- ဟား -- ဟား တရားသူကြီးစုတ်၊ ခင်ဗျားက ဩဇာအာဏာအရှိန်အဝါကို အသုံးပြုပြီး လူတွေကို နှိပ်စက်ချင်သလို နှိပ်စက်ခဲ့တယ်။ ဒီနေ့ဟာ ခင်ဗျားအတွက် ဝဋ်လည်တဲ့နေ့ပဲ။ ဆရာကြီး ထင်ဟုန်တာနဲ့ သခင်လေးဝမ်တိတ်ရှင်အတွက် ကလဲ့စားမချေနိုင်ရန် ကျုပ်လူမဟုတ်တော့ဘူးဗျ သိရဲ့လား။

လိုထင်ဆင့်မှာ အသံကို ကြားဖူးသလိုလို စိတ်ထဲတွင် ဇဝေဇဝါဖြစ်နေမိသည်။အသေအချာ ကြည့်လိုက်သည့်အခါတွင်ကား သူ့အံ့အားသင့်သွားတော့သည်။

လိုထင်ဆင့်၏မျက်နှာမှာ ချက်ချင်းပင် ဖေါသရောင်သမ်းလာ၏။ လက်ညှိုးထိုးကာ ဟိန်းဟောက်လိုက်လေတော့၏။

'ဟင် ---- မင်း ---- မင်း တုန်းလန်မဟုတ်လား၊ မင်းလို ဂျပိုးသူခိုးကများ ငါလိုလူကို ခြိမ်းခြောက်ရဲသလား'

'ဟဲ ---- ဟဲ.--- ဟဲ ဟုတ်ပါ့ဗျာ၊ ကျုပ် တုန်းလန်ပါပဲ၊ သစ္စာဖောက်တာတွေ အာခံတာတွေ ပြောမနေနဲ့တော့ အပိုပဲ၊ ခင်ဗျားအခု ဘာတတ်နိုင်သေးသလဲ ထွက်ပြေးဖို့တော့ မကြိုးစားနဲ့ ကြိုးစားလဲ မောရုံပဲရှိလိမ့်မယ်'

တုန်းလန်ကား တာ့ထုံဂေဟာမှ အစောင့်တပ်မှူးဖြစ်ပေသည်။



လိုထင်ဆင့်သည် ထိုအခါကျမှသာ စံအိမ်တော်မှ လူများသူ့အပေါ် သစ္စာဖောက်မှန်း သိရပေတော့သည်။

လိုထင်ဆင့် ငိုင်သွားသည်ကို ကြည့်ပြီး သူ့အား ကြောက်ရွံ့သွားလေပြီဟု တုန်းလန်က ထင်သွားသည်။ သူသည်ရုတ်တရက် လိုထင်ဆင့်ထံသို့ ခုန်အုပ်လိုက်သည်။

ထိုအချိန်မှာပင် ငါးကိုက်ခန့်အကွာမှ လူရိပ်တစ်ရိပ်ရုတ်တရက် ခုန်ပျံရောက်ရှိလာ၏။ လူနှင့်အတူ လက်ဝါးရိုက်ချက်ကလည်း အတူပါလာ၏။ ထိုသူ၏ လက်ဝါးရိုက်ချက်ဇက်ကြောင့် တုန်းလန် မှာ ခြေထောက်ကိုပင် မြဲမြဲနိုင်နိုင်မရပ်နိုင်ပဲနောက်သို့ ဒယိမ်းဒယိုင် ဆုတ်သွားရတော့၏။

တုန်းလန်၏ သိုင်းပညာမှာ မခေလှပေ။ မုဆိုးချိန်ယက်များစွာ သာလွန်ပေသည်။ သို့သော် တစ်ဘက်လူက သူ့ထက်အဆင့်မြင့်လွန်းနေသဖြင့် ခုခံရုံမှအပ အခြားဘာမျှ မတတ်နိုင်တော့ပေ။

'အိုး'

တစ်ဘက်ရန်သူ၏ တိုက်ခိုက်မှုအရှိန်အဝါကို အစွမ်းကုန်ခုခံကာကွယ်ရင်းမှ တုန်းလန်မှာ အာမေဋိတ်သံများ ထွက်ပေါ်ရေရွတ်နေမိသည်။ ထိုအချိန်မှာပင် အသက်ငါးဆယ်ခန့်ရှိ အမျိုးသမီးကြီး တစ်ယောက် အော်ဟစ်မေးမြန်းလိုက်သံ တစ်သံထွက်ပေါ်လာ၏။

'တုန်းလန် ----- မင်းဘာဖြစ်နေတာလဲ'

တုန်းလန် စိတ်ထဲတွင် အနည်းငယ် အားတက်သွား၏။

ပြန်လည်ဖြေကြားခြင်း မပြုနိုင်ခင်မှာပင် တစ်ဘက်လူ၏ တိုက်စစ်က အရှိန်ပြင်းထန်လာ၏။ လက်ဝါးများက လိပ်ပြာ တောင်ပံခတ်သည့်နှယ် သူ့အားလွှမ်းခြုံလာသည်။

တုန်းလန် တစ်သက်နှင့်တစ်ကိုယ် ဤမျှထက်မြက် လှသော လက်ဝါးသိုင်းကွက်ကို မမြင်တွေ့ခဲ့ဖူးချေ။ ထို့ကြောင့် ကြောက်လန့်ကာ ချွေးချေးများ ပြန်လာသည်။

သူ့အတွက် ရင်ဆိုင်တိုက်ခိုက်နိုင်ခွင့်မရှိတော့။ ဓားကိုသာ အဆက်မပြတ် ဝှေ့ယမ်းပြီး နောက်သို့ တစ်ဆုတ်တည်း ဆုတ်နေ ရပေသည်။

တိုက်ကွက် ဆယ်ကွက်အရောက်တွင် သူ့ဓားသည် တစ်ဘက်လူလက်ထဲသို့ ဖျတ်ခနဲ ရောက်ရှိသွားတော့သည်။ အခြေအနေမဟန်တော့ပေ။ နောက်သို့ လှည့်ကာ ထွက်ပြေးရန် တုန်းလန် ခြေလှမ်းပြင်လိုက်သည်။ တစ်ဘက်လူက ဓားကိုင် ထားသော ညာလက်ကို လှုပ်ရှားလိုက်သည်။

'ဝှစ်'

'အား'

တုန်းလန်၏ ကျောပြင်တွင် သူ့ဓားပြန်စိုက်ကာ မြေကြီး ပေါ်သို့ မှောက်လျက်သား လဲကျသွားတော့သည်။

မုစန်ချိန်မှာ ဖန်ရှုံနှင့်တိုက်ခိုက်နေရာမှ ထိတ်ခနဲ ဖြစ်သွား ပြီး တုန်းလန်ကို ကြည့်လိုက်မိသည်။ အသက်မရှိတော့။ တုန်းလန်ကို သတ်ဖြတ် တိုက်ခိုက်လိုက်သူကိုလည်း အမှတ် မထင် ကြည့်လိုက်၏။ အသက်သုံးဆယ်ဝန်းကျင်ခန့်ရှိ



လူထွားကြီး တစ်ယောက်ဖြစ်နေသည်။

ခေါင်းပေါ်တွင် ပုဝါတစ်ထည်ကို စည်းနှောင်ထားပြီး ကိုယ်ကျပ်အကျႌတစ်ထည်ကို ဝတ်ဆင်ထား၏။ နောက်ကျော တွင် ဓားရှည်တစ်ချောင်းကို လွယ်ပိုးထားသော်လည်း တုန်းလန် နှင့် တိုက်ခိုက်ရာတွင်မူ ဓားကိုထုတ်မသုံးခဲ့ချေ။

လိုထင်ဆင့်မှာ သူ့အသက်ကယ်တင်ခြင်းခံလိုက် ရသဖြင့် ဝမ်းသာသွားကာ ရှေ့သို့ ခြေလှမ်းပြင်လိုက်ပြီး ကျေးဇူးတင် စကားပြောရန် ဟန်ပြင်လိုက်၏။ လူထွားကြီးက သူ့ကို စကား ပြောမခံဘဲ လက်ဝါးကာပြလိုက်ပြီး အရင်ဦးအောင် ဖြတ်ပြော လိုက်၏။

'လူကြီးမင်း ခင်ဗျား --

ကျေးဇူးပြုပြီး ခပ်ဝေးဝေး ရှောင်တိမ်းပေးစေချင်ပါတယ်။ အခုတစ်ခါ ရောက်လာမယ့် အမျိုးသမီးကြီးက တုန်းလန့်ထက် ပိုပြီး အစွမ်းထက်တဲ့ ရန်သူဖြစ်နေပါတယ်'

လိုထင်ဆင့် မျက်လုံးပြူးသွားပြီး ရှေ့သို့ ရုတ်တရက် ကြည့်လိုက်သည်။ ခပ်လှမ်းလှမ်းထဲမှ လူရိပ်တစ်ရိပ်ပြေးလွှားလာ နေသည်ကို တွေ့ရှိလိုက်ရသဖြင့် ကယ်တင်ရှင်၏ စကားအတိုင်း နောက်ဆုတ်ပေးလိုက်ရတော့သည်။

*****

## အခန်း (၆)
## ကူညီသူ ကယ်တင်ရှင်

ကယ်တင်ရှင်သည် ရန်သူအမျိုးသမီးအနီးသို့ ရောက်လာသည်နှင့် လက်နှစ်ဘက်ကို ကြက်ခြေခတ်ကာ အမျိုးသမီး၏ ဝင်လမ်းကို ပိတ်ဆို့ထားလိုက်သည်။ ပြေးလာသော အမျိုးသမီးကြီးမှာ တုံ့ခနဲ ရပ်သွားရလေ၏။ ရန်သူအမျိုးသမီးကြီးက အေးစက်စက် ရယ်လိုက်သည်။

'အဟင်း ----- ဒီလောက်အတင့်ရဲရဲနဲ့ ငါ့သွားလမ်းကို ပိတ်ဆို့ထားတာ ဘယ်သူများလဲလို့ လက်စသတ်တော့ တကယ့်သူရဲကောင်းကြီးကို၊ တဲ-- မင်းရဲ့ဝါဆန်းဓားသိုင်းပညာ ဘယ်လောက်ထိ အစွမ်းထက်သလဲဆိုတာ သိရအောင်ဓားထုတ်လိုက်စမ်း'

ကယ်တင်ရှင်က အေးစက်စက်ပြုံးလိုက်၏။

'စကားကြီး စကားကျယ်တွေ ပြောမနေပါနဲ့ လေ၊ ကျုပ်တိုက်ကွက်ကိုသာ ခုခံဖို့ ပြင်ထားပေတော့'

ပြောပြောဆိုဆိုပင် ဘယ်ခြေရှေ့သို့တက်ကာ ညာလက်



ဖြင့် တိုက်ကွက်စတင်လိုက်သည်။ သူ့ တိုက်ကွက်က လျင်မြန်မှု မရှိသော်လည်း အားမာန် အပြည့်ရှိလှပေသည်။ အမျိုးသမီးကြီးမှာ ထိပ်တိုက်မခုခံရဲဘဲ ထိုက်ကြည်သိုင်းကွက်ဖြင့် ဘယ်ခြေကိုနောက်ဆုတ်ကာ ညာလက်ဖြင့်ခုခံလိုက်၏။ သူ့လက်ချောင်းငါးချောင်းက လူထွားကြီး၏ လက်ကောက်ဝတ်ကို ရုတ်ခြည်းဖမ်းအုပ်လိုက်သည်။

ခံစစ်ယောင်ပြကာ တိုက်စစ်ကို ထုတ်သုံးလိုက်ခြင်းပင်တည်း။ နှစ်ယောက်စလုံးမှာ တစ်ယောက် တစ်ကွက်စီသာ ထုတ်သုံးလိုက်ကြသော်လည်း အချင်းချင်း လေးစားသွားကြ၏။ တစ်ဦး၏ စွမ်းရည်ကို တစ်ဦးက အသိအမှတ်ပြုမိကြလေ၏။

အမျိုးသမီးကြီးက ထိုသို့ လှလှပပ တိုက်ခိုက်လာသော အခါ ကယ်တင်ရှင်သည် ချက်ချင်းပင် ကိုယ်လှည့်ကာ ဟူတန်းလက်ဝါးသိုင်းကွက်ဖြင့် ရိုက်ထုတ်လိုက်တော့၏။

နှစ်ယောက်စလုံးသည် သတိထား တိုက်ခိုက်နေကြသည် ဆိုသော်လည်း ထုတ်သုံးသည့် အင်အားကတော့မသေးပေ။ တစ်ချက်ဆို ဆိုသလောက် ဒုက္ခရောက်နိုင်သည်သာ။

တိုက်ကွက်ပေါင်း လေးဆယ်ခန့် ကျော်လွန်လာသည့်တိုင် သူတို့သည် တစ်ဘက်နှင့်တစ်ဘက် ထိခိုက်ဒဏ်ရာရအောင် မတိုက်ခိုက်နိုင်သေးပေ။ လက်ဝါးရိုက်သံများက တဝုန်းဝုန်း မြည်ဟီးပြီး လေထုမှ တဟူးဟူး တုန်ခါနေ၏။

မုစန်ချိန်နှင့် ဖန်ရှုတို့မှာ တိုက်ပွဲစည်းဝိုင်းနှင့် နီးကပ်စွာ ရှိနေကြသဖြင့် လက်ဝါးရိုက်ချက်များမှ ထွက်ပေါ်လာသော

လေထုအရှိန်ဒဏ်ကို မခံနိုင်ကြသဖြင့် နောက်သို့ တစ်ဖြည်းဖြည်း ဆုတ်ခွာပေးနေကြရသည်။

ထိုအချိန်တွင် လိုထင်ဆင့်၏ နောက်လိုက်နောက်ပါ ကိုယ်ရံတော်တပ်သားများသည် အချိန်မီ ရောက်ရှိလာကြ၏။ လိုထင်ဆင့် ဝမ်းသာသွားသည်။ ကိုယ်ရံတော်တပ်သားများသည် ဝမ်ဂေဟာမှ လူဆိုးလူရမ်းကားများကို အားနှင့်မာန်နှင့် ခုခံ တိုက်ခိုက်ကြ၏။

အမျိုးသမီးကြီးသည် သူမ၏အခြေအနေကို နားလည်လာသဖြင့် နောက်သို့ ခုန်ဆုတ်လိုက်ပြီး လေသံမာမာဖြင့် အော်ဟစ်လိုက်၏။

'မင်းရဲ့လက်ဝါးသိုင်းပညာကို သိပ်အထင်ကြီးမနေနဲ့။ ဆက်ကစားရင် မင်းဒုက္ခနဲ့တွေ့ရလိမ့်မယ်၊ ဒီတော့ မင်းစိတ်ထဲ မကျေနပ်ရင် မနက်ဖြန် ညသန်းခေါင်အချိန်မှာ ကူးအော်စန်း တောင်ပေါ်ကို လာခဲ့ပါ။ မင်းတို့ ဝါဆန်းဂိုဏ်းမှာ ဘယ်လောက်အထိ အဆင့်မြင့်တဲ့ သိုင်းပညာတွေရှိနေတယ်ဆိုတာ ငါကြည့်မယ်'

ကယ်တင်ရှင်က ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး

'ရပါတယ်၊ ကူးအော်စန်းမှာယှဉ်ပြိုင်ရင်လဲ ဖြစ်ပါတယ်၊ ကျုပ်က ခင်ဗျားကို ကြောက်နေစရာမလိုပါဘူး၊ ဒါပေမယ့် တစ်ခုတော့ကြိုပြီး မေးထားပါရစေ အဲဒီကို ခင်ဗျား တစ်ယောက်တည်းပဲ လာမှာလား၊ ဒါမှမဟုတ် ပါးစပ်မဲ့ဒုစရိုက်ကောင်ပါလာမှာလား'



သူ့စကားကြောင့် [illegible]

'အယုတ်တမာကောင် [illegible] တယ်ပေါ့လေ'

စကားဆုံးသည်နှင့် လက်ဝါးရိုက်ချက် [illegible]။ ကယ်တင်ရှင် သိုင်းသမားသည် တိုက်စစ်ပြန်မထုတ်ချေ။ နောက်ဆုတ်ခုခံသည်။

အမျိုးသမီးကြီး၏ တိုက်စစ်သည် ရုတ်တရက် ရပ်တန့်သွား၏။ ထို့နောက် ရုတ်တရက် ကိုယ်ကိုလှည့်ကာ ပြေးထွက်သွားလေတော့သည်။

ကယ်တင်ရှင်သည် အမျိုးသမီးကြီး၏ကျောပြင်ကို မျက်စိတစ်ဆုံးကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ ထို့နောက် တီးတိုးရေရွတ်မိသည်။

'ဩော် --- ဒါ့ကြောင့်မို့လဲ ဒီအမျိုးသမီးကြီး ဘယ်သူ့ကိုမှ သိပ်ဂရုမစိုက်တာကိုး၊ သူ့သိုင်းပညာ တိုးတက်ဖွံ့ကလဲ မြန်ဆန်လိုက်တာ လွန်ပါရော၊ လွန်ခဲ့တဲ့ တစ်နှစ် နှစ်နှစ်က အခြေအနေထက် လုံးလုံးလျားလျားကြီး ပြောင်းလဲနေပါလား'

သူသည် သူ့လက်ဝါးနှစ်ဘက်ကို ပွတ်သပ်ရင်း ဆက်ပြောနေပြန်၏။

'အင်း ---ငါလဲဒီတစ်နှစ်၊ နှစ်နှစ်အတွင်း အပြင်းအထန် လေ့ကျင့်ထားလို့ တော်သေးတာပေါ့။ မနက်ဖြန် တိုက်ပွဲကိုတော့ မီးစင်ကြည့်ကရတော့မှာပဲ'

သူသည် ထိုအကြောင်းအရာထဲစိတ်ရောက်နေသဖြင့်

ပတ်ဝန်းကျင်ကို တခဏမျှ မေ့လျော့သွားသည်။ သူ့နောက်မှ ချက်ခနဲ အသံကြားမှ လှည့်ကြည့်မိသည်။ လိုထင်ဆင့်ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် ချက်ချင်းပင် လက်သီးဆုပ်ဂါရဝပြု အရှိအသေပေးလိုက်၏။

'လူကြီးမင်း ဘာမှမဖြစ်ဘူးနော်၊ ကျွန်တော့်ဆရာကိုယ်စား အခုလိုစောင့်ရှောက်ရတာကို ဝမ်းသာဂုဏ်ယူမိပါတယ် ခင်ဗျာ'

လိုထင်ဆင့် သူ့ကို ငေးကြောင်ကြည့်နေမိသည်။

အတန်ကြာမှ ----

'မိတ်ဆွေက ဘယ်သူပါလဲ၊ မိတ်ဆွေရဲ့ ဆရာ ဆိုတာကရော ဘယ်သူပါလဲ။ ကျုပ်က အလုပ်ကိစ္စတွေများပြီး လူအတော်များများနဲ့လဲ ဆက်ဆံနေရလို့ နာမည်နဲ့လူတွဲမမှတ်မိဘဲ မေ့နေတာကို ခွင့်လွှတ်ပါ။ ဒီလိုထုတ်ဖော်ပြီး မေးနေရတာ တစ်ဘက်လူကို အားနာဖို့ကောင်းလိုက်တာ'

'စုကျေးရွာမှာ တွေ့ဆုံခဲ့ရတဲ့ ရသေ့အိုကြီးကိုတော့ လူကြီးမင်း မှတ်မိကောင်းပါတယ်။ အဲဒါ ကျွန်တော့် ဆရာပါ'

လိုထင်ဆင့် တအံ့တသြဖြစ်သွား၏။

အော် ဟိန်ကျင်ရသေ့ကြီးက မိတ်ဆွေရဲ့ဆရာကိုး၊ အဲဒီတုန်းကလဲ မိတ်ဆွေရဲ့ ဆရာရသေ့ကြီးကူညီလို့ ဘေးဒုက္ခက လွတ်ကင်းခဲ့ရတယ်၊ အခုလဲ မိတ်ဆွေက ကူညီလိုက် ပြန်ပြီဆိုတော့ နှစ်ခါရှိပြီပေါ့လေ၊ ဒါနဲ့ မိတ်ဆွေကတော ---'

လူထွားကြီးက



'ကျွန်တော့်နာမည် လမ်ကျုံကျုံပါ။ အခုကိစ္စ အတွက် စိတ်ထဲမှာ ဘယ်လိုမှ မရှိပါနဲ့ ခင်ဗျား၊ လူကြီးမင်းဟာ တိုင်းပြည်သားတွေကို ကျောသား ရင်သား မခွဲခြား မျက်နှာမလိုက်ဘဲ သမာသမတ်ကျကျ ဝီစဉ်ဆောင်ရွက်တတ်သလို အလုပ်တာဝန်အပေါ် မှာလဲ မဆုတ်မနစ် ဖွဲလုံ့လနဲ့ ဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်မို့ ဝန်ထမ်းလောကမှာ တွေ့ရခဲလှပါတယ်။ လူကြီးမင်းလို မကောင်းမှု ပယ်ရှားပြီး ကောင်းကျိုးဆောင်ရွက်ပေးတဲ့ ပုဂ္ဂိုလ်တစ်ယောက်ဘက်ကို ကျွန်တော်တို့ အထက်တန်း ဂိုဏ်းသားတွေက စောင့်ရှောက်ရမှာပါ။ ကျွန်တော် စန်းရှီဘက် ကိုသွားရင်း လမ်းကြုံတာနဲ့ ဝင်ပြီး ကူညီရတာပါ။ ကျေးဇူးစကား ကို မပြောပါနဲ့ခင်ဗျား'

သူသည် စကားဆုံးသည်နှင့် ထွက်ခွာသွားရန် ခြေလှမ်းပြင်လိုက်၏။ လိုထင်ဆင့်မှာ လန်ကျုံကျုံ၏ သိုင်းပညာ အဆင့်မြင့်မားခြင်း၊ မာန်မာနမရှိဘဲ ကိုယ့်ကိုယ်ကို နှိမ့်ချပြောဆိုဆက်ဆံတတ်ခြင်းတို့ကြောင့် လေးစားသွားမိသည်။ ဤလို လူမျိုးမိမိအနားတွင် အမြဲတစေရှိနေပါက မိမိအတွက် လွန်စွာအကျိုးရှိမည်ဟုထင်မိသည်။ လိုထင်ဆင့်၏ စိတ်ထဲ၌ တွေးတောနေခြင်းကို တပည့်ဖြစ်သူ ဖန်ရှုံက သိရှိသည်။

ထို့ကြောင့် အလိုက်သိသော ဖန်ရှုံက ဆရာ့ ကိုယ်စားဝင်ရောက်တောင်းပန် ပြောဆိုလေ၏။

'သူရဲကောင်းကြီး လန်ကျုံကျုံခင်ဗျား- စောစောက အမျိုးသမီးကြီးနဲ့ နေ့ဝင်ကြီး အချိန်းအချက်ရှိနေတာကို

ကျွန်တော်သိပါတယ်။ ကျွန်တော့အမြင် ပြောရမယ်ဆိုရင်တော့ အမျိုးသမီးကြီးရဲ့ မျက်လုံးတွေ ဂနာမငြိမ်ဘူး။ သူ့မှာ တစ်ခြား အကြံအစည်\ တစ်ခုခုရှိနေပုံရပါတယ်။ နောင်ကြီး အနေနဲ့ အထူးသတိထားပါမှ သူ့ထောင်ချောက်ထဲ မကျနိုင်ဘဲ ရှိလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်ခင်ဗျား'

လန်ကျုံကျူ လှမ်းလက်စခြေလှမ်းကို ရပ်တန့်ထားလိုက်ပြီး ဖန်ရှဲ့ကို အရိုအသေပေးကာ ကျေးဇူးစကားဆိုလိုက်၏။

'အခုလို သတိပေးတာကို ကျေးဇူးတင်ပါတယ် နောင်ကြီး ကျွန်တော်နဲ့ အဲဒီအမျိုးသမီးဟာ လွန်ခဲ့တဲ့ နှစ်နှ်လောက်က တစ်ခါ တိုက်ခိုက်ခဲ့ဖူးကြပြီးပါပြီ။ သူက လူတ⸺အပေါ်မှာ မောက်မောက်မာမာ ပြောဆို ဆက်ဆံတတ်ပေမ⸺့် ကတိကိုတော့ စောင့်ထိန်းတတ်ပါတယ်။ မနက်ဖြန် ချိန်းဆိုပွဲကို သူကလိမ်ကျလိမ့်မယ်လို့ မထင်ပါဘူး။ တစ်ခြား အကူအညီ တစ်ယောက်ယောက်ခေါ်လာခဲ့ရင်လဲ ကျွန်တော့် အတွက် စိုးရိမ်စရာမရှိပါဘူး။ နောင်ကြီး အခုလို ပြောတာကိုပဲ ကျေးဇူးတင်လှပါပြီး ကဲ --- ကျွန်တော့် ကို သွားခွင့်ပြုပါဦး။ နောက်များမှပဲ ပြန်ဆုံကြတာပေါ့'

ထိုအခါ လိုထင်ဆင့်က လှမ်းတားလိုက်၏။ သူပြောလိုရာကို ပွင့်ပွင့်လင်းလင်းပဲ ပြောလေတော့သည်။

'ခဏနေပါဦး မိတ်ဆွေ၊ မိတ်ဆွေတို့ ဆရာတပည့် နှစ်ယောက်နှစ်ကြိမ်နှစ်ခါကူညီတဲ့အတွက်ကျုပ်မှာ အသက်ဘေးကလွတ်မြောက်ခဲ့ရတာကိုလှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်



လှပါတယ်။ ဒီမြို့ရဲ့ တရားရေးရာ အရှုပ်အထွေးတွေကို ဆက်လက်ပြီး ရှင်းလင်းရဦးမှာမို့ ဒီမြို့မှာ ကျုပ်ဆက်နေရပါဦးမယ်။ ဝမ်တီတ်ရှင် ဒီမှာ မဟုတ်တာလုပ်တာကို ကျုပ်ကရှင်းလိုက်တော့ ဝမ်ကျင်နဲ့ ကျုပ်ထိပ်တိုက်တိုးတဲ့ သဘောဖြစ်သွားပါတယ်။တိုင်းပြည်အတွက်ပဲ အရေးထားပါတယ်။ ဝမ်ကျင်နဲ့ပဲ ထိပ်တိုက်တွေ့ရင် ပြည်သူပြည်သား တွေအတွက်ပဲ ကျုပ်ပူရတာပါ။ ဝမ်ကျင် ဘယ်လောက်ဒုက္ခပေးနိုင်မယ်ဆိုတာ မိတ်ဆွေ လန်ကျုံကျူတွေးမိမှာပါ။ ကျုပ် ဘယ်လိုဆက်လုပ်ရမယ်ဆိုတာ မိတ်ဆွေမှာ အကြံကောင်း ဉာဏ်ကောင်းလေးများရှိရင် ပေးခဲ့စေချင်ပါတယ်'

လန်ကျုံကျူသည်လည်း လူနုံလူအတစ်ယောက် မဟုတ်ပါ။ လိုထင်ဆင့်၏ စကားအသွားအလာအရ သူ့ကိုအလိုရှိနေကြောင်း သိပါတယ်။ သူက စဉ်းစဉ်းစားစားဖြင့် ပြောသည်။

'လူကြီးမင်းက အခုလိုမေးလာတော့ ကျွန်တော်လဲ ပွင့်ပွင့်လင်းလင်းရိုးရိုးသားသားပဲ ပြောရပါလိမ့်မယ်။ ဒါပေမယ့် အခုညမှာ လူကြီးမင်းလဲ ရှင်းစရာလင်းစရာလေးတွေ ရှိနေသေးသလို ကျွန်တော်လဲ အခြားကိစ္စကလေးတွေ ရှိနေသေးတာမို့ လက်တလော အဖြေမပေးနိုင်သေးပါဘူး။ မနက်ဖြန်ည ချိန်းဆိုပွဲပြီးမှ ကျွန်တော်ထပ်လာခဲ့ပြီး ဒီအဖြေကိုပေးပါ့မယ်'

လိုထင်ဆင့် ဝမ်းသာသွားသည်။ သူလိုချင်သော အဖြေရလိမ့်မည်ဟုလည်း မျှော်လင့်ချက်ထားလိုက်မိ၏။ ထို့ကြောင့် လန်ကျုံကျူအား ကျေးဇူးစကား ထပ်ပြော၏။ လန်ကျုံကျူသည်

လိုထင်ဆင့်အား ဂါရဝပြု နှုတ်ဆက်ပြီး ထွက်ခွာသွားလေတော့သည်။ လန်ကျုံကျုံ လုံးဝပျောက်ကွယ်သွားမှ လိုထင်ဆင့်က ဖန်ရှုံအား ပြော၏။

'လန်ကျုံကျုံဟာ ဟိန်ကျင်ရသေ့ရဲ့ တပည့်ကောင်း တစ်ယောက်ပဲ၊ ဟိန်ကျင် ရသေ့လိုပုဂ္ဂိုလ်မျိုးကို ငါတို့တောင် သိတယ်ဆိုတော့ တခြားဘယ်သူက ပိုမသိပဲရှိပါ့မလဲ၊ လန်ကျုံကျုံသာ ငါ့အနားမှာ ရှိနေမယ်ဆိုရင် ငါ့တရားစီရင်ရေး ကိစ္စကို ငါဒီထက် မြန်မြန်ဆန်ဆန် ဆောင်ရွက်နိုင်မှာ'

ဖန်ရှုံကလည်း ဝမ်းသာအားရပြောသည်။

'ကောင်းပါတယ် သခင်ကြီး၊ ကျွန်တော်က ကိုယ်ဖော့ပညာကို ကောင်းကောင်း မသင်ခဲ့ရသလို သာမန်လူဆိုးဓားပြလောက်နဲ့ ရင်ဆိုင်တဲ့နေရာမှာ အခက်အခဲ မတွေ့ရပေမယ့် ဒီလို ရန်သူသိုင်းသမားမျိုးတွေနဲ့ တွေ့ရင်တော့ မလွယ်လှပါဘူး။ လန်ကျုံကျုံသာ ကူညီမယ်ဆိုရင် ကျွန်တော် သူ့ဆီက ကိုယ်ဖော့ပညာ နည်းနည်းလောက်တော့ သင်ယူချင်တယ်၊ ဘယ်နှယ့်လဲဗျ နောင်ကြီးဝမ် -- သူ ကျွန်တော့်ကို သင်ပေးနိုင်ပါ့မလား'

ဖန်ရှုံသည် လိုထင်ဆင့်ကို ပြောရင်းမှ ဝမ်ဟို ဘက်သို့ လှမ်းမေးလိုက်သည်။ ဝမ်ဟိုမှာ သူကိုယ်တိုင် ကိုယ်ဖော့ပညာ အဆင့်နိမ့်လှသူဖြစ်၍ ဖန်ရှုံ၏ စကားကို ကြားသောအခါ အားတက်သွားတော့သည်။ သို့သော် သိုင်းလောကသားများ အကြောင်းကိုဖန်ရှုံထက် ပို၍သိသည်။ ထို့ကြောင့် သူက



စဉ်းစဉ်းစားစား ပြော၏။

'ဒါကတော့ ပြောရခက်တယ်။ သာမန်အခြေအနေမျိုးဆိုရင် ဒီလိုသူရဲကောင်းတွေရဲ့ စိတ်ဓာတ်က သူများနဲ့တူတာ မဟုတ်ဘူး။ သက်တော်စောင့်ဆိုတာက ကိုယ့်အရှင်သခင် သွားလေရာနောက် တကောက်ကောက် လိုက်နေရတာ သိုင်းလောကသားတွေကတော့ အချုပ်အချယ်မရှိ လွတ်လွတ်လပ်လပ်သွားနေချင်ကြတာ၊ နောက်ပြီး သူတစ်ပါးကို သိုင်းပညာ ကိုယ်ဖော့ပညာ သင်ပေးဖို့ဆိုတာ မလွယ်လှဘူး။ သူတို့ရဲ့ဂိုဏ်း စည်းကမ်းတွေကလဲ ရှိသေးတယ်။

ဖန်ရှုံသည် ဝမ်ဟို၏စကားကို လက်ခံရလေတော့၏။ ထို့နောက် နှစ်ယောက်သား ဝမ်ဂေဟာအတွင်းရှိ ပြဿနာများကို ဖြေရှင်းရန် လိုထင်ဆင့်ထံ ခွင့်တောင်းပြီးထွက်ခွာ သွားကြလေတော့၏။

✻✻✻✻✻

## အခန်း (၄)
## ထူးခြားဆန်းကြယ်သော ပန်းပွင့်

လန်ကျုံကျူသည် သူ့သိုင်းပညာသင်ကြားစဉ်က သူ့ဆရာ ဟိန်ကျင်ရသေ့ကြီး ဆုံးမစကားဆိုခဲ့သည်များ ကို ပြန်လည်သတိ ရနေသည်။ သိုင်းပညာသင်ကြားပြီးလျှင် ထိုပညာဖြင့် တစ်ပါးသူကို အနိုင်မကျင့် မစော်ကားရ၊ မကောင်းမှုကို ဖယ်ရှားပြီး ကောင်းမှု အတွက် ကူညီရမည်။အစိုးရ မင်းမှုထမ်းအလုပ် မလုပ်ရ၊ ကိုယ်ရံတော် သက်တော်စောင့် မလုပ်ရဟူသော စကားများပင်တည်း။

ထိုစကားများအရ သူ့အနေဖြင့် လိုထင်ဆင့်အား သက်တော်စောင့်အဖြစ် စောင့်ရှောက်ရန်ဆိုသည်မှာ မဖြစ်နိုင်တော့ပေ။

'လိုထင်ဆင့်ရဲ့ စကားကို ငါဘယ်လိုလုပ် နားထောင်ရမလဲ၊ သူ့ကိုယ်ရံတော် သက်တော်စောင့် လုပ်လိုက်ရင် ဆရာ့စကားကို သွေဖီလွန်ဆန်သလို ဖြစ်သွားမှာပေါ့'

လန်ကျုံကျူသည် သက်ပြင်းချပြီး ဆက်လက်၍ စဉ်းစားနေလေ၏။

'ငါတို့မုန်းတီးတာက လာဘ်စားတဲ့ တရားမရှိတဲ့



မင်းမှုထမ်း အရာရှိတွေပဲ၊ လိုထင်ဆင့်က ပြည်သူတွေကို ရင်ဝယ်သားလို ချစ်ခင်တယ်၊ အထက်အရာရှိတွေရဲ့ အရှိန်အဝါကို မကြောက်ဘူး။ လာဘ်လာဘနဲ့လဲ ကင်းလွတ်တယ်။ သူ့လို သမာသမတ်ကျပြီး တရားမျှတတဲ့ လူကို အရာရှိဆိုးတွေစာရင်းထဲမှာ ထည့်လို့မရဘူး။ ဒီလိုလူတစ်ယောက် လူဆိုးဓားပြတွေရဲ့ လက်ချက်ကြောင့် သေဆုံးသွားမယ်ဆိုရင် တိုင်းပြည်အတွက် အများကြီး နစ်နာတယ်။ ငါတို့ဟာ တရုတ်ပြည် တစ်နံတစ်လျား လျှောက်သွားနေတာ ကိုယ်ကျိုးအတွက် မဟုတ်ဘူး။ မကောင်းသူပယ် ကောင်းသူကယ် ဖို့အတွက် မဟုတ်လား၊ ဒီလိုဆိုရင် ငါဟာ ဘာဖြစ်လို့ မြင့်မြတ်တဲ့ပုဂ္ဂိုလ်တစ်ယောက်ကို မကူညီနိုင်ရမှာလဲ'

ထိုအတွေးကို တွေးမိလိုက်ပြန်သောအခါ သူ့အနေဖြင့် ဆရာ့စကားကို ပယ်ရှားလိုက်ပြီး လိုထင်ဆင့်အား ကူညီနိုင်သည်ဟု တွေးမိပြန်၏။

နောက်ဆုံးတွင် အခြေအနေကိုကြည့်ပြီး အကူအညီပေးသွားရန်ဆုံးဖြတ်ချက်ချလိုက်လေသည်။ လေအေးတစ်ချက်သုတ်ခနဲ တိုက်ခတ်လာသဖြင့် လန်ကျုံကျူ စိတ်ထဲ လန်းဆန်းလာသည်။ သူ့ကိုယ်သူ သတိထားမိသောအခါတွင်ကား အတော်ပင်ခရီးပေါက်နေခဲ့ပြီကို သိလိုက်ရ၏။

'ဂစ်'

ငှက်ဆိုးတစ်ကောင်၏ အော်ဟစ်သံကြောင့် သူ့ရင်ထဲလန့်သွားရသည်။ ခရီးရှည်ပြေးနှင်လာသဖြင့် တစ်ကိုယ်တည်း

ချွေးဒီးဒီးကျ၍ရှိန်နေပြီ။ ထို့ကြောင့် အပြေးလျှော့ပြီး ခြေလှမ်းကို ခပ်သွက်သွက်ကလေးသာ လှမ်းတော့၏။ တစ်ခဏအတွင်း မှာပင် သူတည်းခိုနေသည့် အခန်းသို့ ပြန်ရောက်လာခဲ့သည်။

သူအခန်းထဲသို့ ရောက်သည့်အချိန်ကား အရုဏ်တက် မနက်ငါးနာရီပင်ရှိခဲ့လေပြီ။ လန်ကျုံကျု နောက်ကျောထက်တွင် လွယ်ပိုးထားသော ဓားကို အမှတ်မထင် ကြည့်လိုက်ပြီး တီးတိုး လေး ရေရွတ်လိုက်မိသည်။

'တကယ်လို့ ငါသာ အချိန်မီရောက်မသွားရင်' တရား သူကြီးမင်းလိုထင်ဆင့်တော့ သက်ခင်ပြတ်လုလောက်ပြီ။ အင်းလေ ---- တရားကို နတ်စောင့်တယ်ဆိုတာ ဒါမျိုးပဲပေါ့'

သူသည် ဓားရှည်ကို ဝှမ်းခနဲ ဆွဲထုတ်လိုက်သည်။ အရောင်တဖျပ်လျက်လက်နေသော ဓားအသွားကို အသေ အချာ စိုက်ကြည့်ပြီး တီးတိုးရေရွတ်၏။

'ဒီညမသုံးရပေမယ့် မနက်ဖြန်ညဆိုရင်တော့ ဒီဓားကို သုံးရတော့မယ်။ နောင်ကြီး ဖန်ရှုံပြောတဲ့စကား တော်တော်လေး ဖြစ်နိုင်ခြေရှိတာပဲ။ တကယ်လို့သာ ဒီအမျိုးသမီးကြီးက ထောင်ချောက်တွေ ဘာတွေ ဆင်ထားမယ်ဆိုရင်တော့ ငါဒုက္ခရောက်သွားနိုင်တယ်'

သို့သော် သူသည် ကတိအတိုင်း သွားရောက် တွေ့ဆုံရန် ဆုံးဖြတ်ချက်ချလိုက်တော့သည်။ ဤဆုံးဖြတ်ချက် ချလိုက်သော အခါမှ လန်ကျုံကျုစိတ်ထဲ၌ သက်တောင့်သက်သာရှိသွား၏။ ထို့နောက် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်သွားတော့သည်။



သူအိပ်ရာမှ ထချိန်တွင် အတော်ပင်နေမြင့်ခဲ့ချေပြီ။ အဝတ်အစားလဲ၊ နံနက်စာစားသောက်ပြီးသောအခါ ကူးအော်စန်၊ တောင်ဘက်သို့ ထွက်ခွာလာခဲ့လေတော့သည်။

လမ်းတစ်လျှောက်လုံးတွင် အဝတ်အစား စုတ်စုတ် ပြတ်ပြတ်၊ အစားအသောက် မဖူလုံ မပြည့်ဝသဖြင့် ပိန်လှီ နေသောသူများကိုသာ တွေ့ခဲ့ရ၏။ ထိုသူတို့၏မျက်လုံး အိမ်များမှာ မှိုင်းညှိုနေပြီး အသက်မပါဘဲ အရှုပ်ဆန်နေသည်ကို သူသတိပြုမိသည်။ ထိုသူများကို မြင်ရလေလေ အရာရှိ ဆိုးများ၏ တိုင်းသူ ပြည်သားများအပေါ် လူမဆန်စွာ နှိပ်စက် ပုံများကို မုန်းလေလေဖြစ်သည်။ ထိုအရာရှိဆိုးများကို အားပေး အားမြှောက်ပြုလုပ်နေသူများမှာ ယမန်နေ့က သူနှင့်ရင်ဆိုင်ခဲ့ ရသည့် ရန်သူအမျိုးသမီးကြီးလို အောက်လမ်းဂိုဏ်းသား သိုင်းသမားများသာ ဖြစ်သည်။ ထို့ကြောင့် သူ့နာကြည်းမုန်းတီးမှု သည် ထိုမကောင်းဆိုးဝါး ရန်သူမိန်းမကြီးအပေါ်သို့ ကျရောက် သွားပြန်လေသတည်း။

နေရောင်ခြည်က နွေးထွေးရာမှ တဖြည်းဖြည်း အပူကဲ လာသည်။ လန်ကျုံကျုမှာ ခရီးရှည်လျှောက်လာခဲ့ရသဖြင့် ချွေးဒီးဒီးကျလာရ၏။ ထို့ကြောင့် လမ်းဘေးဘုရားကျောင်းပျက် တစ်ခုကို တွေ့သောအခါ ဝင်ရောက်နားခိုရတော့သည်။

'ထမင်းတစ်အိုးကျက် လောက်တဲ့အချိန် လောက် ဆက်သွားရင် ကူးအော်စန်းတောင်ကို ရောက်မှာပဲ။ အခုနေမွန်း တည့်လောက်ပဲရှိသေးတော့ အချိန်တွေ အများကြီးစောသေး

တယ်။ ငါဘာလို့ အလျင်စလို လောကြီးနေရမှာလဲ၊ ဒီမှာ ခဏနားမယ်'

လန်ကျုံကျုံသည် ရိက္ခာခြောက်ထုပ်ကို ဖြေကာ စားသောက်လိုက်ပြီးလျှင် ကျောင်းဝင်းထဲ၌ ခြေပစ်လက်ပစ် ထိုင်ချအနားယူနေလိုက်သည်။ ညဘက်တွင် တောင်ပေါ်၌ တိုက်ခိုက်ရမည့် အစီအစဉ်ကိုလည်း စိတ်ကူးထဲတွင် တွက်ချက်နေ၏။ ဘုရားကျောင်းပျက်ဖြစ်၍ သူတစ်ယောက်တည်း အေးအေးဆေးဆေး အနားယူခွင့်ရနေသည်။

လန်ကျုံကျုံမှာ မြေပြင်တွင် ထိုင်နေရင်းမှ ဘုရားစင်ထံသို့ လှမ်းကြည့်လိုက်၏။ ထိုအရာကား ပန်းအိုးကလေး တစ်လုံးပင်တည်း။ ညှို့မှုံ့ပျက်စီး ယိုယွင်းနေသည့် ဘုရား ကျောင်းပျက်တွင် ထိုပန်းအိုး ကလေးမှာ သစ်လွင်နေ၏။ နေရောင်ကြောင့် အရောင် တစ်လက်လက်တောက်ပနေသည်။ ဘုရားကျောင်းပျက် နှင့် ပန်းအိုးသစ်သည် မည်သို့မျှ မဆီလျော်ကြောင်း လန်ကျုံကျုံ စဉ်းစားနေမိလေ၏။

သူ့စိတ်ထဲတွင် ထိုပန်းအိုးအကြောင်းကို မေ့ဖျောက်ပြီး အေးချမ်းစွာ အနားယူဖို့ ကြိုးစားကြည့်သည်။ မရ။ ထိုပန်းအိုးကလေး ဤနေရာသို့ လိုက်လျောညီထွေ မှုမရှိဘဲ ဘာကြောင့် ရောက်ရှိနေသည်ကိုသာ စိတ်ရောက်နေမိသည်။ ပန်းအိုးထဲတွင် ထိုးစိုက်ထားသော ပန်းပွင့်အနီရဲရဲကလေးမှာ နေရောင်ကြောင့် လန်းဆန်းတောက်ပနေသည်။

ထိုစဉ် ဗူးရှုရှု အသံတစ်သံထွက်ပေါ်လာသောကြောင့်

33



လန်ကျုံကျုံရင်ထဲတွင် ထိတ်ခနဲဖြစ်သွားရ၏။ သူ့အကြည့်မဆုံးခင်မှာပင် ဘုရားကျောင်းဆောင် အမိုးထက်မှ လူရုပ်တစ်ရုပ် လွှားခနဲ ခုန်ဆင်းလာသည်ကို တွေ့လိုက်ရတော့သည်။

ထိုလူရိပ်ကား အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိ ထိပ်ပြောင်ပြောင် အဘိုးအိုတစ်ယောက်ပင်တည်း။ အဘိုးအို၏ ကိုယ်ဖော့ပညာမှာ ကောင်းမွန်လွန်းသောကြောင့် မြေပြင်ပေါ်သို့ သစ်ရွက်ကလေးတစ်ရွက် ပမာပေါ့ပါးစွာ ကျဆင်းလာသည်။ လန်ကျုံကျုံမှာ ထိုအဘိုးအိုကို မမြင်မတွေ့ဖူးသလို မည်သူမည်ဝါ ဖြစ်သည်ဟုလည်း မခန့်မှန်းတတ်ပေ။ ထိုအဘိုးအို၏ ကိုယ်ဖော့ပညာကောင်းမွန်လွန်းသောကြောင့် သူငေးကာ ကြည့်နေမိတော့၏။

အဘိုးအိုသည် ကြမ်းတမ်းခက်ထန်နေသည်။ မျက်ခုံးနှစ်ဘက်က ထူထဲနက်မှောင်နေသည်။ ဦးခေါင်းမှာ နေရောင်ကြောင့် ပြောင်လက်နေသည်။ ဘုရားစင်ပန်းအိုးရှေ့ကိုက်ငါးကိုက်ခန့်အကွာတွင် ရပ်လိုက်ပြီး ရင်ဘက်ရှေ့တွင် လက်အုပ်ချီထား၏။ ထို့နောက် ပန်းပွင့်အနီကလေးရှိရာ တဖြည်းဖြည်း တိုးကပ်သွားလေတော့၏။ ပါးစပ်ကြီးဟပြီး ပန်းပွင့်ရှိရာသို့ လျှောက်သွားနေသည့် ပုံသဏ္ဍာန်မှာ ထူးခြား ဆန်းကြယ်သောပုံသဏ္ဍာန်ပင်ဖြစ်တော့သည်။

လန်ကျုံကျုံသည် အဘိုးအို၏ လှုပ်ရှားမှုကို ပထမတွင် နားမလည်ပေ။ အံ့အားသင့်နေသည်။ စိတ်ထဲတွင်လည်း ထူးထူးဆန်းဆန်းဖြစ်နေမိသည်။ အသေအချာကြည့်မိသောအခါမှ အဘိုးအို၏ပါးစပ်မှ အခိုးအငွေ့များထွက်နေပြီး ပန်းပွင့်

ပေါ်သို့ ကျရောက် နေကြောင်း တွေ့ရှိတော့သည်။ အဘယ့်ကြောင့် ဤသို့ ပြုမူနေခြင်းဖြစ်သည်ကို ထိုသူ သဘော မပေါက်ပေ။

အဘိုးအိုသည် ထမင်းတစ်အိုးကျက်ခန့် အချိန်ကြာအောင် ပင် ဤကဲ့သို့ ပြုလုပ်နေ၏။ နေမွန်းတိမ်းသွားမှ သူ့လုပ်ငန်းကို ရပ်လိုက်သည်။

ထို့နောက် ပန်းပွင့်ကလေးကို အသေအချာ ကြည့်လိုက်ပြီး ထိုပန်းပွင့်ကလေး၏ရှေ့ မြေပြင်တွင် တင်ပျဉ်ခွေထိုင်ချလိုက်၏။ ထို့နောက် ပါးစပ်ဟကာ အသက်ကို ပြင်းပြင်းရှူရှိုက် နေတော့သည်။ လန်ကျုံကျူ မျက်မှောင်ကြုတ်ကာ စိုက်ကြည့်နေမိသည်။ ပြောင်းလဲသွားသော အခြားအရာကြောင့် သူအံ့သြ ထိန့်လန့်သွား၏။

အဘိုးအို၏ အသက်ရှူသံနှင့်အတူ ပန်းပွင့် ကလေးနှင့် အရွက်လေးမှာ ယိမ်းထိုးလှုပ်ရှားနေသည်ကို သူမြင်တွေ့လိုက်ရသောကြောင့်ဖြစ်သည်။

လန်ကျုံကျူ နားမလည်နိုင်အောင် ငေးကြောင်ကြည့်နေမိသည်။ ထိုအချိန်မှာပင် အဘိုးအိုက လေးပေခန့် အမြင့်သို့ ခုန်တက်လိုက်၏။ ထို့နောက် ညာလက်ဖြင့်နောက်သို့ လက်ပြန်ရိုက်ချလိုက်ပြန်သည်။

'ဝုန်း'

လက်ဝါးရိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

ထို့နောက် ဘယ်ခြေကို ရှေ့သို့ ကစ်လှမ်းတိုးလှမ်း လိုက်ပြီး



ဘယ်လက်ဝါးဖြင့် လက်ပြန် ရိုက်ချပြန်သည်။ လန်ကျုံကျူသည် တစ်ဦးတည်း သိုင်းစွမ်းရည်ပြနေသော အဘိုးအိုကို ကြည့်ပြီး ပြုံးနေမိ၏။ တတိယလက်ဝါး ရိုက်ချက်ကို ထုတ်တော့မည် ဟန်ပေတည်း။

သို့သော် သူ့မျက်လုံးအစုံသည် အခန်းအပြင်သို့ စွေစောင်းသွားပြီး ရုတ်ရက်နားစွင့်သည့် ပုံစံမျိုး ဖြစ်သွားသည်။

လန်ကျုံကျူ စိတ်ထဲက အဘိုးအို၏အပြုအမူကို အထူးအဆန်းဖြစ်နေစဉ်ပင် အခန်းအပြင်ဘက်မှ ရယ်မောသံ တစ်သံကြားလိုက်ရလေသည်။

' ဟား ---- ဟား ----- ဟား'

'ရယ်သံက ကျယ်လောင်လှသည်မဟုတ်ပေ။ခေါင်းပြောင် အဘိုးအိုသည် ရုတ်တရက် မျက်နှာ ပျက်သွားသည်'

'ဘယ်သူလဲ --- ဖုံလောင်အော့လား'

အပြင်ဘက်မှ လူတဆက်၍ ရယ်မောနေပြီးမှ လှောင်ပြောင်သည့် လေသံဖြင့် ပြန်အော်သည်။

'ဘယ်လိုလဲ ခေါင်းပြောင်ကြီးရဲ့၊ ဗိုမဟန်းအခြေအနေ ဘယ်လောက်ထိရောက်နေပြီလဲ။ အင်း ---- ကျုပ် ပန်းနံ့ရပြီ။ သိပ်မဆိုးပါဘူး။ နောက်တစ်နှစ်ခွဲလောက် ဆိုရင်အောင်မြင် တန်ကောင်းပါရဲ့'

ခေါင်းပြောင်အဖိုး၏ အမည်မှာ မိန်ရှူဖြစ်ပြီး ခုံထုံဂိုဏ်း၏အဆင့်မြင့် သိုင်းသမားတစ်ယောက် ဖြစ်သည်။ အသက် သုံးဆယ်ခန့်ကပင် တစ်ခေါင်းလုံး ဆံပင်မရိတ်ဘဲ ပြောင်နေ

သဖြင့် သိုင်းလောကသား အချို့က သူ့ကို ခေါင်းပြောင်ကြီးဟု ခေါ်ဝေါ်ကြ၏။ နောက်ပြောင် ခေါ်ဝေါ် သည့် ထိုနာမည်ကို အဘိုးအို မိန့်ရှုမကြိုက်နှစ်သက်ပေ။ သူ့သိုင်းပညာကို ကြောက်ရွံ့ကြသော သူများက ဤနာမည်ကို သူ့ရှေ့တွင် မခေါ်ဝံ့ကြချေ။ ယခု သူ့အား ခေါင်းပြောင်ကြီးဟု ပြောင်ပြောင်တင်းတင်း ခေါ်လာသည့် ဖုံလောင်အော့ ကို သူအတော်လေး စိတ်ခုသွား၏။

ဖုံလောင်အော့မှာ အသက်လေးဆယ့်ခြောက် နှစ်ခန့်ရှိပြီး ဟိုနန်ဇာတိသားဖြစ်၏။ သူ့တွင် အစ်ကို တစ်ယောက်နှင့် ညီတစ်ယောက်ရှိ၏။ သူသည် ကိုယ်ဖော့ပညာ အစွမ်းဖြင့် သိုင်းလောကအတွင်း သွားလာ ကျက်စားနေခဲ့သည်။ ခါးအနည်းငယ် ကိုင်းနေသဖြင့် သူ့ကွယ်ရာတွင် မြင်းအိုကြီးဟု ခေါ်ဝေါ်တတ်ကြသည်။သူသည် ဘယ်ဘက်လက်ဖြင့် အကျီကို ဆွဲဆန့်ရင်း ဘုရားကျောင်းဝင်းထဲသို့ ဝင်ရောက်လာသည်။ မိန့်ရှုကိုလက်သီးဆုပ် ဂါရဝ ပြုလိုက်ပြီး -----------

'စိတ်မရှိပါနဲ့ဗျာ၊ ခင်ဗျားအနေနဲ့တော့ ဒီဖိုမပန်းကို ပြုစုပျိုးထောင်လာခဲ့တာ ဆယ်နှစ် နီးပါးရှိနေပြီဆိုတော့ သိပ်ပြီး ပင်ပန်းနေပြီပေါ့။ ကျုပ်က ဒီလိုမဆုတ်မနစ်တဲ့ စိတ်ဓာတ်မျိုး ကိုချီးကျူးပါတယ်လေ။ ဒီတော့ ခင်ဗျားဆက်ပြီး အပင်ပန်းခံမ နေပါနဲ့တော့။ ကျုပ်ကပဲ ဆက်ပြီး ပြုစုပေးပါရစေတော့ဗျာ'

ပြောပြပြီးသည်နှင့် လက်သီးဆုပ်မှ လက်ဝါး အဖြစ်သို့ ရုတ်တရက် ပြောင်းလဲလာပြီး ခေါင်းပြောင် အဘိုးအိုမိန့်ရှု၏



ရင်ဝဆီသို့ ရိုက်ချလိုက်လေသည်။

'ဝုန်း'

လက်ဝါးရိုက်သံ ပြင်းထန်စွာ ပေါ်လာ၏။ မိန့်ရှုသည် ဖုံလောင်အော့၏ အသံကြားပြီးသည်နှင့် သတိလက်လွတ်မနေချေ။ သို့သော် ဖုံလောင်အော့က ယခုကဲ့သို့ ဂါရဝပြုပြီး တိုက်ခိုက်လာလိမ့်မည်ဟုကား မထင်မှတ်ခဲ့ချေ။ နောက်သို့ ခြေလှမ်း သုံးလှမ်းခန့် ကမန်းကတန်း ဆုတ်ပေးလိုက်ရတော့သည်။ ထို့ကြောင့် သူနှင့်ပန်းအိုးမှာ သုံးလေးပေခန့် ကွာလှမ်းသွားတော့သည်။ ထိုအခါ ဖုံလောင်အော့အတွက် အခွင့်အရေးတစ်ခု ရရှိသွားတော့၏။

သူသည် ရှေ့သို့တိုးလာပြီး ကိုယ်ကို ဘေးသို့ တစ်ချက် စောင်းကာ ဘယ်ဘက်လက်ဖြင့် ပန်းအိုးကို လှမ်းဆွဲလိုက်လေတော့၏။

'ဟိတ်'

သူ့လက်ထဲသို့ အနီရောင်ပန်းပွင့်ကလေး ရောက်ရှိသွားတော့သည်။ တစ်ပြိုင်တည်း ညာလက်ဝါးကို ရိုက်ထုတ်လိုက်ပြီး ခြေကို တစ်ချက်ဆောင့်ချလိုက်၏။ လူရိပ်မှာ လှစ်ခနဲ မြောက်တက်သွားပြီး ကျောင်းပျက်ခေါင်မိုးပေါ်သို့ ရောက်ရှိသွားတော့၏။

ခေါင်းပြောင်အဘိုးအိုမိန့်ရှုမှာ မည်သို့မျှ မတုန့်ပြန်နိုင်တော့ဘဲ ငိုင်ကျန်ရစ်ခဲ့လေတော့သည်။ လန်ကျုံကျု မှာ သိုင်းပညာအတော်အတန် အဆင့်မြင့်မားသော်လည်း ဤမျှ

လျှင်မြန်လှသော လှုပ်ရှားမှုမျိုးကို မတွေ့မြင်ခဲ့ဖူးချေ။ ဖုံလောင်အော့နှင့်မိန်ရှုအဘိုးအို နှစ်ယောက်၏ အမည်နာမများကိုမူ သူကြားဖူးသည်။ ယနေ့သူတို့နှစ်ယောက်၏ သိုင်းကွက်အချို့ကို မျက်မြင် ကိုယ်တွေ့ တွေ့မြင်လိုက်ရသဖြင့် သူ့စိတ်ထဲတွင် ဝမ်းသာ ကျေနပ်သွားသည်။

ထိုဖုံလောင်အော့နှင့် မိန်ရှုအဘိုးအိုတို့မှာ သိုင်းလောကတွင် လျှမ်းလျှမ်းတောက် ကျော်ကြားကြသူများ ဖြစ်ကြ၏။ ဖုံလောင်အော့လို လူမျိုးက ဤကဲ့သို့ အောက်တန်း ကျသော နည်းကို သုံးပြီး မိန်ရှုအဘိုးအို၏ ဖိုမပန်းကို လုယူလိမ့်မည်ဟု လန်ကျုံကျူမထင်မှတ်ခဲ့ပေ။ ဤမျှ သိုင်းပညာ အဆင့်အတန်းမြင့်မားသူတစ်ဦးပင် ဤသို့ ကောက်ကျစ်နေပါက သူနှင့်ချိန်းဆိုထားသော အမျိုးသမီးကြီးအား လုံးဝ မကောက်ကျစ်သူဟု တစ်ထစ်ချမယုံရဲတော့ချေ။ ထိုအတွေးကြောင့် လန်ကျုံကျူ ထိတ်လန့်သွားသည်။

မိန်ရှုအဘိုးအိုသည် ဒေါသအကြီးအကျယ်ထွက်နေ၏။ သူ့မျက်နှာပြင်တစ်ခုလုံး ရဲရဲတွတ် နီမြန်းနေသည်။ သူသည် ဤဖိုမပန်းကို ဆယ်နှစ်ကြာမြင့်အောင် မြုစုပျိုးထောင်ခဲ့ရသည်။ သူ့အတွက် ဆယ့်ငါးနှစ်အရွယ် သားတစ်ယောက်ရှိသည်။ ထိုကလေးမှာ မွေးစဉ်ကပင် အရိုးပျော့ရောဂါစွဲကပ်ခဲ့သည်။ ဖိုမပန်းမှာ အဆိပ်ပေါင်းစုံကို ဖြေဖျောက်နိုင်သည့် အပြင် အားအင်ကုန်ခန်းမှုကိုလည်း ပြန်လည် ဖြည့်ဆည်းပေး နိုင်စွမ်းရှိ၏။



မိန်ရှု၏ သားငယ်မှာ ရောဂါသည် တစ်ယောက် ဖြစ်သဖြင့် သိုင်းပညာလေ့ကျင့်ရန်မဆိုထားနှင့် လမ်းပင် ကောင်းကောင်း မလျှောက်နိုင်ပေ။ မိန်ရှု အစွမ်းကုန် ကုသသော်လည်း အကျိုးမထူးချေ။ သူစိတ်ပျက်စ ပြုနေစဉ်မှာပင် ဟိမဝန္တာ တောင်ထွတ်မှ ဖိုမပန်းပွင့် သတင်းကို ကြားလာရတော့၏။ ထိုပန်းပွင့်ဖြင့် ကုသလျှင် သူ့ဒုက္ခိတ သားလေး၏ ရောဂါ ပျောက်ကင်း နိုင်သည့် မျှော်လင့်ချက်အလင်းရောင် ကိုလည်း ရရှိခဲ့၏။

ထိုဖိုမပန်းမှာ နှစ်ပေါင်း ခြောက်ဆယ်ကြာမှ တစ်ခါသာ ပွင့်တတ်သည်။ ပန်းပွင့်ချိန်တွင် ပန်းရနံ့မှာ သုံးလေးမိုင် အကွာ အဝေးကပင် မွှေးကြိုင်သော အနံ့ ရရှိနိုင်သည်။ ထိုပန်းပွင့်ချိန်တွင် အဆိပ်ရှိသော တိရစ္ဆာန်များ၊ မြွေများအားလုံး အဝေးသို့ ရှောင်တိမ်းသွားရတတ်၏။ ထိုပန်းရနံ့ကို ရှူရှိုက်မိလျှင် အဆိပ်ရှိ သတ္တဝါအားလုံး သေဆုံးတတ်ကြသဖြင့် သတ္တဝါများမှာ ဖိုမပန်းကို အမုန်းတီးကြီးမုန်းတီးပြီး ပန်းပင်ကို တွေ့သည်နှင့် ပွင့်ဖို့ အခွင့်အရေးမပေးဘဲဖျက်ဆီးပစ်တတ်ကြကြောင်းလည်း သိရှိထားသည်။

မိန်ရှုသည် ဖိုမပန်း၏ ပုံသဏ္ဌာန်ကို သူတီးခေါက် မေးစမ်းတော့သည်။ မမြင်ဖူးကြသဖြင့် မည်သူမျှ အတိအကျ မပြောနိုင်ကြချေ။ ထိုပန်းပွင့်အမှန်တကယ် ရှိမရှိဆိုသည်ကိုပင် မည်သူကမျှ အာမမခံရဲကြချေ။ သို့သော် မိန်ရှုသည် ရရှိလာသော မျှော်လင့်ချက် ရောင်ခြည်လေးကိုအဆုံးရှုံးမခံဘဲ

ဟိမဝန္တာတောင်တန်း သို့တက်ကာ ဖိုမပန်းရှာထွက်ခဲ့သည်မှာ သုံးနှစ်ခန့်ရှိ သည်တွင် မတွေ့သဖြင့် သူစိတ်လျှော့ လုလု ဖြစ်လာ၏။ သို့သော်ကံကောင်းထောက်မပြီး သူလက်မလျှော့မီ ထူးခြားမှုတစ်ခုကို တွေ့လာရတော့သည်။

သူတောင်ထိပ်တစ်နေရာတွင် ထိုင်နေစဉ် မမျှော်လင့်ဘဲ တောရိုင်းတိရစ္ဆာန်အုပ်စုတစ်စု ကျောက်ပြားကြီးနှစ်ခုကို ခြေထောက်ဖြင့် နင်းပြီး အတင်းချေဖျက်နေသည်ကို တွေ့လိုက်ရသဖြင့် မိန်ရှူ အံ့ဩသွားသည်။

ထိုမြင်ကွင်းသည် သူ့ကို အကြီးအကျယ် စိတ်လှုပ်ရှားစေသည်။ ထို့ကြောင့် သူသည် တောရိုင်း တိရစ္ဆာန်များကို မောင်းထုတ်လိုက်သည်။ ကျောက်ပြား အကြား ငုံ့ကြည့်လိုက်ရာ တစ်လက်မခန့်အမြင့်ရှိသော အပင်ကလေးတစ်ပင်ကို တွေ့လိုက်ရတော့သည်။ မိန်ရှူ ကတုန်ကယင်ဖြစ်သွား၏။ အဘယ့်ကြောင့်ဆိုသော် သူ့မျက်စိအောက်တွင် အများတကာ ပြောဆိုနေကြသည့် ဖိုမပန်းပုံသဏ္ဍာန်နှင့်တူညီသော အပင် ကလေး တစ်ပင်ကို မြင်တွေ့နေရသောကြောင့်တည်း။

မိန်ရှူမှာ ဝမ်းသာသွားသော်လည်း ဤအပင် ကလေးကို သူရှာဖွေနေသည့် ဖိုမပန်းဖြစ်သည်ဟူ၍ မယုံကြည်ရဲသေး။ ထို့ကြောင့် ဖိုမပန်း ဟုတ်မဟုတ် သိချင်သောကြောင့် ဆယ်ကိုက်ခန့် အကွာရှိ ကျောက်ဆောင်တစ်ခုပေါ်တွင် ဝပ်ကာ အခြေအနေကို စောင့်ကြည့်နေ၏။ မကြာခင်အချိန်မှာပင် မြွေအုပ်စုတစ်စု ထိုကျောက်ပြားအကြားသို့ ဝင်ရောက်သွား



သည်ကို တွေ့လိုက်ရသဖြင့် ထိတ်ခနဲဖြစ်သွား၏။ သူလွန်စွာ ထိတ်လန့်သွားသည်။ ဖိုမပန်းကလေးကို ထိုမြွေအုပ်စုက ဖျက်ဆီးပစ်နိုင်သည် မဟုတ်ပါလား။

သူသည် အိတ်စွင်း၌ ယူဆောင်လာသော သံမဏိအပ် လက်နက်ပုန်း ဆယ်ခုခန့် ထုတ်ယူပြီး မြွေအုပ်စုကို ပစ်ခတ်ရတော့၏။ မြွေအားလုံး သေကုန်သည်။ သူသည် လက်မတင်လေး ဦးသွားခြင်းဖြစ်သည်။ သူသာ ဤမြွေများ ကို ကြိုတင် မသတ်မိလျှင် ထိုမြွေများက ဖိုမပန်းပင်ကလေးကို ဖျက်ဆီးပစ်တော့ မည်မှာ သေချာလှပေသည်။

ထိုပန်းပင်ကလေးကို နေရောင်၊ လရောင်ဖြင့် နေ့တိုင်း ထိတွေ့စေရသလို ကိုယ်ခန္ဓာအတွင်းမှ အတွင်းအား လေမှုတ်အား ဖြင့်လည်း ထိတွေ့စေရသည်။ သို့မှသာ ထိုပန်းပင် သန်စွမ်းပြီး အပွင့်ပွင့်နိုင်မည် ဖြစ်သည်။

ဆယ်နှစ်ကျော်ကျော် ဤသို့ ပြုစုလိုက်သောအခါ ပန်းပွင့်ကလေး ပွင့်လာတော့သည်။ ယခုဤပန်းပွင့် ကလေးကို ဖုံလောင်အော့က ပရိယာယ်သုံးကာ လုယူသွားခဲ့ချေပြီ။ မိန်ရှူ မခံမရပ်နိုင်အောင် ဒေါသ ထွက်တော့သည်။ ထိုပန်းပွင့်ကလေး မရှိလျှင် သူ့သားကလေး၏ ရောဂါအခြေအနေ ဆိုးရွားသွားပေတော့မည်။ ထို့ကြောင့် ဖုံလောင်အော့နောက်သို့ ဒေါသတကြီး ပြေးလိုက်သွားရတော့သည်။

သူတို့နှစ်ယောက် ထွက်သွားပြီး လန်ကျုံကျူသည် အိမ်ခေါင်မိုးပေါ်သို့ ခုန်တက်ရဲတော့၏။ ပူပြင်းသော

နေရောင်အောက်တွင် ဖုံလောင်အော့က ရှေ့မှပြေးပြီး မိန်ရှုက နောက်မှ တစ်ရိပ်ရိပ်ပြေးလိုက်နေသည်ကို တွေ့လိုက်ရသည်။ လန်ကျုံကျုသည် သူထက် သိုင်းပညာအဆင့်မြင့်သူနှစ်ယောက် ခေါင်းတုံးပေါ် ထိပ်ကွက်အဖြစ်ကို ကြည့်ပြီး သက်ပြင်းချလိုက်မိသည်။ ထိုသူများနှင့်ယှဉ်လျှင် သူ၏ သိုင်းပညာမှာ များစွာ အဆင့်နိမ့်နေကြောင်း တွေးမိ၍ဖြစ်သည်။

'ဟင်း --- ငါလဲသွားမှဖြစ်တော့မယ်'

ညနေစောင်းလေပြီ

လန်ကျုံကျုသည် ကူးအော်စန်း တောင်ဘက် ခရီးဆက်လေတော့၏။

*****

အခန်း (၈)

## ကြမ်းမှောင်သော ရန်သူများ

ကူးအော်စန်းတောင်မှာ ကူးစန်းတောင်၏ မြောက်ဘက်တွင် တည်ရှိနေ၏။ ကူးစန်းတောင်သို့ လန်ကျုံကျု ရောက်လျှင် မိုးမမှောင်သေး။ ထိုတောင်ပေါ်တွင် ခေတ္တနားပြီး သွစမ်းကို ဖြည့်သည်။ ပြီးမှ ကူးအော်စန်းတောင်သို့ ဆက်လက်ထွက်ခွာသည်။ ကူးအော်စန်းတောင်မှာ သိပ်မြင့်မားလှသည် မဟုတ်ချေ။ တောင်ထိပ်တွင် ပေနှစ်ဆယ်ပတ်လည်ခန့် မြေကွက်လပ်တစ်ခုရှိပြီး အရှေ့ဘက်တွင် ထင်းရှူးတောကြီးက ထူထပ်စွာ ပေါက်ရောက်နေ၏။ နောက်ဘက်တွင်မူ ထင်းရှူးပင် ထက်မြင့်မားလှသော ပင်မြင့်ကြီးများရှိ၏။

ကူးအော်စန်းတောင်၏ မြောက်ဘက်တွင်ချောင်းကလေး တစ်ခု ရစ်ပတ်စီးဆင်းနေ၏။ လရောင်ကြောင့် ထိုချောင်းရိုးကလေးမှာ ရေစီးကြောင်းတစ်ခု စီးမျောနေသည့် အလားထင်မှတ်ရပေသည်။ တောင်၏ တောင်ဘက်လမ်း ခုလတ်တွင် ဓနိအိမ် သုံးလုံးရှိပြီး လေအဝေ့တွင် ထူးဆန်းလှသောပလွေသံ တစ်သံကို လန်ကျုံကျု စတင်ကြားလိုက်ရတော့သည်။

ထိုခနီအိမ်တန်းလေးကို လန်ကျုံကျူ အကဲခတ် ကြည့်နေလိုက်သည်။ မီးရောင်မမြင်၊ လူသံမကြားရ၊ လူသူနေပုံမရသဖြင့် လန့်ကျုံကျူ သိပ်စိတ်မဝင်စားတော့ဘဲ ရှေ့ဆက်ထွက်လာ၏။

'ထုံ'

အဝေးမှ အုန်းမောင်းခေါက်သံ သဲ့သဲ့ကြား ရသည်။

လန်ကျုံကျူ ဆတ်ခနဲဖြစ်သွား၏။ အရပ်လေးမျက်နှာသို့လည်း လှည့်ပတ်ကြည့်ရှုမိသည်။ ကူးအော်စန်းတောင်၏မြောက်ဘက်ဝေးလံသော နေရာမှ အလွန်စူးရှသော အသံတစ်သံ ကြားလိုက်ရ၏။ ထိုအသံမှာ တိုးညင်းလွန်းသော်လည်းနားထဲတွင် ပီသကြည်လင်နေသဖြင့်လန်ကျုံကျူ ကြက်သီးဖြန်းခနဲ ထသွားရတော့သည်။

သူ၏ လက်နက်ပုန်းနှင့် ဓားရှည်ကို ရုတ်တရက်လက်ဖြင့်စမ်းမိလိုက်သည်။ မြောက်ဘက်သို့ ဂရုစိုက်၍ ကြည့်လိုက်ရာ အရိပ်မည်းတစ်ခု ခုန်ဆွခုန်ဆွ ပြေးလာနေသည်ကို တွေ့လိုက်ရတော့သည်။

တခဏအတွင်းမှာပင် တောင်အောက်ဆီသို့ ထိုအရိပ်မည်းသည် ရောက်ရှိလာသည်။ ထိုမှ တောင်ပေါ်သို့ ပြေးတက်လာနေကြောင်း တွေ့ရသည်။ ထိုအရိပ်၏ ပုံသဏ္ဌာန်မှာ ချိန်းဆိုထားသော အမျိုးသမီး မဟုတ်သဖြင့် လန်ကျုံကျူစိတ်ထဲမှ ကျိန်ဆဲလိုက်မိ၏။

ချိန်းဆိုထားသော အမျိုးသမီးကြီး ရောက်မလာ သေးသဖြင့် ထိုလူနှင့် လန်ကျုံကျူ မျက်နှာချင်း မဆိုင်လို။ ထို့ကြောင့်



သစ်ပင်တစ်ပင်အပေါ်သို့ တက်ကာ အခြေအနေကိုစောင့်ကြည့်နေလိုက်သည်။

ထိုသူ၏ ကိုယ်ဖော့ပညာကောင်းမွန်လွန်းသောကြောင့် တောင်ထိပ်ပေါ်သို့ ရောက်လာသည်ကိုပင် လန်ကျုံကျူ မသိလိုက်ပေ။ သစ်ပင်ပေါ်မှ အသေအချာ ငုံ့ကြည့်လိုက်သောအခါ အမျိုးသမီးတစ်ယောက်ဖြစ်နေသည်ကို တွေ့လိုက်ရသဖြင့် သူအကြီးအကျယ် အံ့အားသင့်သွားရတော့သည်။

အမျိုးသမီး၏ အသက်အရွယ်ကို သူမခန့်မှန်းနိုင်ချေ။ ထိုတောင်ပေါ်သို့ သူလုံးဝမသိထားသော အမျိုးသမီးတစ်ယောက် ရောက်ရှိလာခြင်းကို လန်ကျုံကျူ၏ စိတ်ထဲ၌ အဆန်းတစ်ကြယ်ဖြစ်နေ၏။ အမျိုးသမီးသည် ရှေ့သို့ အနည်းငယ်လျှောက်လာပြီး လမင်းကို မျက်နှာမူကာ အသက်မြင်းမြင်း ရှူရှိုက်နေ သည်။ သစ်ပင်ပေါ်တွင် လန်ကျုံကျူ ရောက်ရှိ နေခြင်းကို သူမ မသိပေ။

အတန်ကြာအောင် ငြိမ်သက်စွာ ရပ်နေပြီးမှ ဘယ်လက်ဝါး ကို ဆန့်တန်းရိုက်ချလိုက်သည်။

'ဝုန်း'

ထို့နောက် အမျိုးသမီးက ဘယ်လက်ကို ရုပ်သိမ်းပြီးညာလက်ဖြင့် ရိုက်ချက်ထစ်ချက် ထုတ်ပြန်သည်။ ဤသို့ဖြင့်သူသည် ရိုက်ချက်တစ်ချက်ပြီးတစ်ချက် ရိုက်ထုတ်နေတော့သည်။ တိုက်ကွက် ကောင်းမွန်ခြင်း၊ အတွင်းအား ပညာကောင်းမွန်ခြင်းတို့ကြောင့် သူမ၏ရိုက်ချက်များသည် တဝုန်းဝုန်း

မြည်ဟီးနေသည်။ ထိုအမျိုးသမီး၏ အံ့မခန်းပညာကို တွေ့လိုက်ရသောအခါ သစ်ပင်ပေါ်မှ ပုန်းလျှိုးကွယ် ကြည့်နေသော လန်ကျူကျူမှာ ကြက်သီးတစ်ဖြန်းဖြန်း ထလေတော့၏။

ဤသို့ဖြစ်ရခြင်းမှာ တစ်ရက်တည်းနှင့် သိုင်းအကျော်အမော် သုံးယောက်၏ သိုင်းပညာများကို တိုက်တာဆိုက် တွေ့လိုက်ရသောကြောင့် ဖြစ်ပေသည်။ လန်ကျူကျူ ငေးနေစဉ်မှာပင် အမျိုးသမီးသည် သိုင်းကွက်ထုတ်ခြင်းကို ရပ်လိုက်ပြီး အထက်သို့ ပေါ့ပါးစွာ ခုန်တက်ခြင်းကို လေ့ကျင့်ပေသည်။ သူမသည် တစ်ကြိမ်ထက်တစ်ကြိမ် ပို၍ မြင့်စွာ ခုန်နိုင်သည်။ ကိုယ်ဖော့ပညာ မည်မျှ ထက်မြက်ကြောင်းကို စွမ်းရည်ထုတ်ပြသကဲ့သို့ ရှိနေသည်။ သူမသည် အကြိမ် လေးဆယ်ခန့် ခုန်ပြီးသောအခါ လေ့ကျင့်မှု ရပ်ဆိုင်းပြီး တရွှီရွှီလေချွန်လေတော့သည်။

'ရွှီ --- ရွှီ --- ရွှီ'

သူ့လေချွန်သံသည် တိုးညင်းရာမှ တဖြည်းဖြည်း ကျယ်လောင်လာပြီး ကောင်းကင်ယံကိုပင်ထိုးဖောက်သွားလုမတတ် စူးရှလာသည်။ လန်ကျူကျူ သည် သူမ၏ အတွင်းအား ကောင်းမွန်ပုံကို သိပြီးရင်း သိလာရသဖြင့်စိတ်ထဲမှ ကျိတ်၍ ချီးကျူးမိတော့သည်။ အမျိုးသမီးသည် လေချွန်ရပ်ပြီးသောအခါ သူပုန်းနေသည့် ပင်မြင့်ကြီးများရှိရာ သစ်ပင်အုပ်ဆီသို့ လှမ်းလျှောက်လာလေတော့၏။

လန်ကျူကျူမှာ အမျိုးသမီးကသူ့ကို တွေ့ရှိသွားပြီ ဟု သတ်မှတ်ပြီး ချောက်ချားတုန်လှုပ်သွား၏။ [illegible] အသင့်ဆုပ်ကိုင်ထားပြီး တိုက်ခိုက်ရန် ပြင်ဆင်[illegible]ပြီ။ သို့သော် အမျိုးသမီးသည် သူ့ကို လုံးဝဂရုမစိုက်ဘဲ သူပုန်းနေသည့် သစ်ပင်များ အောက်ခြေမှ ကျောက်တုံး ကျောက်ခဲများကို ရှာဖွေ သယ်ထုတ်နေခြင်းသာဖြစ်သည်။ အမျိုးသမီးကား အသက်မကြီးလှသေး။ အလွန်ဆုံးရှိမှ အသက်သုံးဆယ်ခန့်သာရှိပေမည်။

ထိုအမျိုးသမီးသည် ခဲများ လိုသလောက်ရရှိပြီးသောအခါ ခဲလုံးများကို ထင်ရှူးပင်များဆီသို့ အဆက်မပြတ် ပစ်ခတ်တိုက်ခတ်လေတော့၏။ 'ဤသည်မှာလည်း လက်နက်ပုန်းပစ်ခတ်လေ့ကျင့်သည့်သဘောပင်။

'အင်း ---- တကယ့်အမျိုးသမီးပဲ၊ သိုင်းပညာကလဲ ကောင်းလိုက်တာ၊ ငါ့အနေနဲ့ သူ့ကို ဘယ်လိုမှ နိုင်မှာမဟုတ်ဘူး'

'တုံ ----- တုံ'

အုန်းမောင်းခေါက်သံနှစ်ချက် သဲ့သဲ့ကြားရသည်။

အမျိုးသမီးသည် သူ့ကိုယ်ပေါ်မှ အရှည်တစ်လန် နီးပါးရှိသော လက်နက်တစ်ခုကို ထုတ်ယူဖြေချလိုက်သည်။ ထိုလက်နက်မျိုးကို လန်ကျူကျူ တစ်ခါမျှမြင်ဖူးခြင်းမရှိပေ။ ကျာပွတ်ဆန်း တစ်ချောင်းဟုပင် ခေါ်ဆိုရပေလိမ့်မည်။ အမျိုးသမီးက ထိုကျာပွတ်ဆန်းကို လေထဲတွင် တရွှမ်းရွှမ်း ဝှေ့ယမ်းလိုက်၏။ ထို့နောက် ကိုယ်ကိုတစ်ချက်လှည့်ကာ သိုင်းကွက်ဖြင့် ကျောက်ခဲတစ်ခုကို ရိုက်ချလိုက်သည်။

'ဂွမ်း ---'

'ဦး'

'ဖြောင်း ----'

ကျာပွတ်ဆန်းတစ်ချက် ဝှေ့ယမ်းလိုက်သည်နှင့် ထူးခြားသော အသံများ ထွက်ပေါ်လာသည်။ ထိုကျာပွတ် ရိုက်ချက်ကြောင့် ကျောက်တုံးကလေးမှာ ထင်းရှူးတောထဲသို့ ဖြင်းထန်သော အရှိန်အဟုန်ဖြင့် ပြေးဝင်သွားပြီး ထင်းရှူးကိုင်း တစ်ခုကို ထိမှန်ကျိုးကျသွားစေပြန်သည်။ လန်ကျုံကျူမှာ ပါးစပ်အဟောင်းသား ဖြင့် ငေးမောနေမိတော့သည်။

'ဂွမ်း ---'

'ဦး'

အမျိုးသမီးသည် ကျာပွတ်ကို အဆက်မပြတ် ရိုက်ထုတ်နေသဖြင့် ကျောက်တုံးများကလည်း အဆက်မပြတ် လွင့်စင်နေသည်။ ထိုအချိန်မှာပင် တောင်အောက်ဆီမှ အရိပ်မည်းသုံးခု ပြေးတက် လာကြသည်ကို လန်ကျုံကျု တွေ့လိုက်ရတော့သည်။

ရှေ့ဆုံးမှ ပြေးလွှားလာသူကား သူနှင့်ချိန်းဆိုထားသည့် မျှော့ကောင်အမျိုးသမီးကြီး ဖြစ်တန်တူပြီး နောက်မှ နှစ်ယောက်မှာ ယောကျ်ားများဖြစ်နေ၏။ လန်ကျုံကျူ စိတ်ထဲတွင် ထိုနှစ်ယောက် ကို ခန့်မှန်းကြည့် လိုက်ရာ တစ်ယောက်မှာ မျှော့ကောင် အမျိုးသမီး၏ ခင်ပွန်းသည် ပါးစပ်ရှဲ့ဒုစရိုက်ကောင်ကြီး ဖြစ်နိုင်ပြီး ကျန်တစ်ယောက်မှာတော့ မည်သူမည်ဝါ



မှန်း လန်ကျုံကျူ မခန့်မှန်းတတ်ပေ။

ထိုအဖွဲ့သည် တမဟုတ်ချင်းမှာပင် တောင်ခြေဆီသို့ ရောက်ရှိလာကြ၏။ တောင်ပေါ်မှ အမျိုးသမီးမှာ တောင်လေတဟူးဟူး တိုက်ခတ်နေသဖြင့် တောင်ခြေသို့ လူသုံးယောက် ရောက်ရှိလာသည်ကို သတိမထားမိပေ။ သူမ၏ ကျာပွတ်သာ တရှမ်းရှမ်း ရိုက်ကာ ကျောက်တုံးများကို တောင်အောက်ဆီသို့ ပစ်လွှတ်နေသည်။ ကျောက်တုံးများ ကုန်သွားမှ ကျာပွတ်ကို ခေါက်သိမ်းကာ ခါးတွင် ပြန်၍ ချည်နှောင်ထားလိုက်သည်။

ထိုစဉ်

'မင်းက ငါ့ကို တိတ်ဟဆိတ် လုပ်ကြံမလို့ပေါ့လေ၊ မင်းအသက်ကို သတိထား နေပေတော့'

မျှော့ကောင် အမျိုးသမီးကြီး၏ လေသံပင်တည်း။ သူမ၏ အသံမဆုံးခင်မှာပင် နောက်ထပ် အမျိုးသား အသံက တစ်ဆက်တည်း ထွက်ပေါ်လာပြန်သည်။

'တိတ်တိတ်ပုန်းလုပ်စရာမလိုဘူး။ ငါ့သိုင်းကွက်ကိုသာ ခံကြည့်စမ်းပါ။ ပြီးမှ မင်းကြိုက်သလိုလုပ်'

ထိုအသံသည် မပီကလာပီကလာဖြစ်နေသဖြင့် ပါးစပ်ရှဲ့ဒုစရိုက်ကောင်ကြီးဖြစ်မည်ကို လန်ကျုံကျူ အတပ်သိလိုက်၏။ ထိုစဉ်မှာပင် အခြားလူရိပ်တစ်ရိပ် သူတို့နှစ်ယောက်ထက် အလျင် ရှေ့သို့ ကျော်ဖြတ်တက်လာ၏။ တောင်ထိပ်တွင် အမျိုးသမီးတစ်ယောက် မတ်မတ်မားမား ရပ်နေသည်ကို တွေ့လိုက်ရသောအခါ လူရိပ်သည် အံ့အားသင့်ပြီး ရပ်တန့်

သွားလေတော့သည်။

ထိုလူသည် အမျိုးသမီးကိုတွေ့လိုက်ရသောအခါ အကြီးအကျယ် ဒေါသထွက်သွားပြီး ကြမ်းကြမ်းတမ်းတမ်း အော်ဟစ်ကြိမ်းမောင်းတော့သည်။

'တောင်မစုတ်၊ ခုနက ငါတို့ကို ထိတ်တာဆိတ် လုပ်ကြဲတာ နင်မဟုတ်လား၊ နင့်ကို မတွေ့ချင်ဘူး။ နင့်ယောကျ်ားကို ခေါ် လိုက်စမ်း'

ထိုသူက အမျိုးသမီးကို လန်ကျံကျူ၏ ဇနီးဟု ထင်မှတ်ကာ ပြောဆိုလိုက်ခြင်းဖြစ်ပေသည်။ အမျိုးသမီးမှာ သူ့ဆရာသမား၏ အမိန့်စကားအရ ဤတောင်ထိပ်ပေါ်သို့ လူတစ်ယောက်ကို ကယ်တင်ရန် ရောက်ရှိလာခြင်းသာဖြစ်သည်။ သူမရောက်ရှိလာသောအခါ ထိုသူမရှိတော့သဖြင့် ဆရာကို မျက်နှာမပြရဲဘဲ ဤတောင်ထိပ်ပေါ်တွင် နှစ်ရက်ခန့် သိုင်းပညာလေ့ကျင့်နေခြင်းဖြစ်သည်။ သူတောင်ထိပ်မှ ပြန်မဆင်းရသေးယခုကဲ့သို့ လူစိမ်းသူစိမ်းများ ရောက်ရှိလာပြီး သူမအား ရန်စအော်ဟစ်သည်ကို တွေ့ကြုံရခြင်း ဖြစ်ပေတော့သည်။

သူမ၏အမည်မှာ အိုးရန်ဝေဖြစ်သည်။ သူမမှာ ဘုမသိဘမသိ စော်ကားခံလိုက်ရသဖြင့် လွန်စွာ ဒေါသ ထွက်သွားရတော့သည်။ သူမကဲ့သို့ အပျိုနုနုထွတ်ထွတ် တစ်ယောက်ကိုအိမ်ထောင်သည်အဖြစ် ရှုံးစွပ် အပြောခံရသောအခါ ဒေါသနှင့်ရှက်စိတ်တို့ ရောပြီး ထိုလူစိမ်းများကို ခါးထောက်ရင်ဆိုင်လေတော့သည်။



'ရှင်တာ ဘယ်သူလဲ၊ ကျွန်မကို ဘာကြောင့် စော်ကားရတာလဲ၊ ရှင်သိပ်ပြီး သေချင်နေသလား'

'ဟား ---- ဟား ---- ဟား ------ ဟား'

ထိုသူက အေးတိအေးစက်ရယ်မောလိုက်၏။

'ကျုပ်ဘယ်သူလဲဆိုတာ မင်းမေးနေစရာ မလိုပါဘူး။ မင်းဘယ်သူဆိုတာကိုတော့ ကျုပ်သိတယ်။ မိန်းမပီပီ သိပ်ပြီး ပရိယာယ်တွေသုံးမနေနဲ့၊ မင်းယောကျ်ားကို ခေါ်ထုတ်မပေးဘူးလား၊ မုဆိုးမ ဖြစ်ရမှာကို မင်းကြောက်နေပြီမဟုတ်လား'

ထိုသူက လန်ကျံကျူ ၏ ဇနီးသည်အဖြစ် အခိုင်အမာပင် ပြောဆိုနေခြင်းဖြစ်သည်။ ထိုအချိန်မှာပင် မျှော့ကောင် အမျိုးသမီးကြီးကလည်း အနီးသို့ ရောက်ရှိလာလေတော့သတည်း။

'မင်းက လန်ကျံကျူရဲ့ မိန်းမ မဟုတ်ဘူးလား။ ငါနဲ့ လန်ကျံကျူ ဒီနေ့ ဒီအချိန် ဒီနေရာမှာ တွေ့ဖို့ ချိန်းထားတယ်၊ တကယ်လို့ မင်းက သူနဲ့ မပတ်သတ်ဘူး ဆိုရင် ဘာဖြစ်လို့ ဒီမှာလာပြီး စပ်စုပြီး တို့ကို ချောင်းမြောင်းကြည့်နေရတာလဲ'

သူမသည် ပြောပြောဆိုဆို အိုးရန်ဝေအနီးသို့ တဖြည်းဖြည်း တိုးဝင်လာသည်။ အိုးရန်ဝေ၏ မျက်လုံးတွင် ဒေါသမီးလျှံများ တညီးညီးတောက်လာ၏။ သူမ၏ စကားများအရ အိုးရန်ဝေအား သည်းမခံနိုင်စေသည့် အဆုံးစွန်သော အခြေအနေသို့ ပို့ဆောင်ပေးလိုက်တော့သည်။

'ကျွန်မ ဘယ်သူဆိုတာ ရှင်သိစရာမလိုပါဘူး။ ရှင်တို့

အယ်သူတွေလဲဆိုတာ ကျွန်မဂရုမစိုက်ဘူး။ ကျွန်မတို့ဟာ တစ်ယောက်နဲ့တစ်ယောက် သိကျွမ်းတဲ့လူတွေ မဟုတ်လို့ ခိုက်ရန်ဒေါသဖြစ်စရာမလို ဘူး။ ဒါပေမယ့် ရှင့်တို့က ဒီလောက်တောင် စည်းမဲ့ကမ်းမဲ့ နှုတ်သရမ်းပြီးကျွန်မကို စော်ကားလာတော့ သည်းခံနေလို့မဖြစ်ဘူး။ ရှင်တို့ကို ခွင့်လွှတ်လိုက်ရင် နောင်တစ်ချိန် လူတွေရှေ့မှာ ကျွန်မဘယ်လို မျက်နှာပြရမလဲ'

သူမက တောင်ပေါ်သို့ အလျင်ပြေးတက်လာသူအား လက်ညှိုးညွှန်ပြကာ ဆက်ပြောပြန်သည်။

'ရှင်က ကျွန်မနဲ့ သိုင်းကွက် ယှဉ်ကြည့်မယ်လို့ စိန်ခေါ်လိုက်တယ်မဟုတ်လား၊ ကဲ --- စပေတော့ ကျွန်မက စတက်ရမယ်ဆိုရင်လဲ ရတယ်၊ အားနာနေလိမ့်မယ်လို့တော့ မထင်လေနဲ့'

သူမက လက်နှစ်ဘက်ကို ဆုပ်ထားလိုက်သည်။ ထိုသူမှာ အိုးရန်ဝေ၏ စကားကြောင့် ရှုးရှူးရှားရှား ဖြစ်သွား၏။

'ငါက မင်းကို ကြောက်ရမတဲ့လား၊ ကြည့်ရသေးတာ ပေါ့ကွာ၊ ကဲ- လာပြီဟေ့'

ကြုံးဝါးသံနှင့်အတူ ထိုသူက သိုင်းကွက်ခင်းကာ အိုးရန်ဝေ၏ ဝမ်းဗိုက်နှင့်ရင်ဘတ်ထံသို့ လက်ဝါးနှစ်ဘက်ဖြင့် တစ်ပြိုင်တည်း ရိုက်ချက်လိုက်၏။ သူ့တိုက်ကွက်မှာ ပြင်းထန်သလောက် အန္တရာယ်များလှသည်။ မိန်းကလေး တစ်ဦးအား တိုက်ခိုက်သင့်သောတိုက်ကွက်မျိုးလည်းမဟုတ်ပေ။



သို့သော် အိုးရန်ဝေက မရှောင်မတိမ်းပေ။ လက်နှစ်ဘက်ကို ခွဲထုတ်ကာ ထိုသူ၏တိုက်ကွက်ကို ထိပ်တိုက်ရင်ဆိုင်လိုက်သည်။ ထိုသူမှာ အိုးရန်ဝေကို အသက်ကလည်းငယ်၊မိန်းကလေးကလည်း ဖြစ်နေသဖြင့် ဂရုမစိုက်ဘဲ ပေါ့ပေါ့တန်တန်ပင် သဘောထားဟန်တူသည်။ သူ့တိုက်ကွက်ကို ထိပ်တိုက်ရင်ဆိုင်နေသည်ကို တွေ့ရသောအခါတွင်မူကား ဒေါသထွက်လာပြီး အတွင်းအား အပြည့်သုံး တိုက်ခိုက်တော့သည်။

'ဝုန်း'

လေထုကို ရိုက်ခတ်လိုက်သော လက်ဝါးရိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာ၏။

အိုးရန်ဝေမှာ ထိုသူ၏အတွင်းအားပညာ မည့်သည်ကို သဘောပေါက်လိုက်၏။ အမာခံတိုက်ကွက်ကို အမာခံတိုက်ကွက်ဖြင့် ထိပ်တိုက်ခုခံလျှင် မိမိဘက်မှ အခွင့်အရေး မသာနိုင်ဟု တွေးမိကာ ရုတ်တရက် လက်နှစ်ဘက်ကို တစ်ချက်ရိုက်ထုတ်လိုက်ပြီး လက်ခလယ်ဖြင့် ရန်သူ၏ လက်ဝါးအလယ်ကို တစ်ချက်တို့ကာ အကြောထိုးပိတ်လိုက်၏။တစ်ဆက်တည်းပင် ရှေ့သို့ တစ်လှမ်းတက်ပြီး ထိုသူ၏ သွေးကြောကို ဖမ်းဆုပ်လိုက်ပြန်သည်။

'ဖတ်'

ထိုသူကို ဖမ်းချုပ်မိသည်နှင့် လွှဲယမ်းကာ ပစ်ပေါက်လိုက်သည်။

ထိုသူ လေထဲတွင် မြောက်တက်သွားလေရာ လူရိပ်

တစ်ရိပ် လှစ်ခနဲ ခုန်တက်ကာ ထိုသူကို ဖမ်းပွေ့ထား၍သာ တော်ပေတော့သည်။ ကယ်တင်လိုက်သူကား ပါးစပ်ရှဲ့ ခုစရိုက်ကောင် ပင်တည်း။ သူသာ ထိုသို့ အသက်စွန့် မကယ်တင်လိုက်ပါက ထိုသူမှာ မြေကြီးနှင့် ခေါင်းဆောင့်ပြီး ဦးခေါင်းကွဲကြေ သေဆုံးသွားနိုင်ပေသည်။

အိုးရန်ဝေမှာ ထိုသိုင်းကွက်ကို လျှပ်တစ်ပြတ် အထူးပြု တိုက်ခိုက်လိုက်ခြင်း ဖြစ်၍ နံဘေးမှ ကြည့်နေသော မျှော့ကောင် အမျိုးသမီးကြီးမှာ မည်သို့မျှ နားမလည်လိုက်ပေ။ ခံလိုက်ရသူကိုယ်တိုင်ပင် မိမိမည်သို့ ဖြစ်သွားသည်ကို မသိခဲ့ပေ။ အိုးရန်ဝေက ထိုသူများ ငေးကြောင်နေသည်ကို ကြည့်ပြီး လှောင်ရယ်ရယ်ကာ ခနဲ့လိုက်သည်။

'အဟင်း --- ဟင်း၊ နတ်ဒီလောက် သရမ်းနေလို့ သိုင်းပညာ တော်တော်ထက်မြက်မယ် အောက်မေ့နေတာ ယှဉ်ကြည့်တော့မှ ဘာမှ အသုံးမဝင်တဲ့ သစ်သားရုပ်ကလေး တစ်ရုပ်လိုဖြစ်နေတော့သည်။

အဟင်း --- ဟင်း

သူမ၏ ခနဲ့စကားကြောင့် မျှော့ကောင်အမျိုးသမီးကြီးမှာ မျက်ထောင့်နီသွား၏။ ဓားနှစ်လက်ကို ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။

'ကြီးကြီးကျယ်ကျယ်ပြောနေတဲ့ ကောင်မစုတ်၊ သေဖို့သာ ပြင်ထားပေတော့'

သူမ ရိုင်းရိုင်းစိုင်းစိုင်း ကြုံးဝါးသည်။ အိုးရန်ဝေကား



သူမ၏ ရန်သူများကို အထင်မကြီးတော့ပေ။

'လုပ်လိုက်လေ၊ ဒီနေ့ ကျွန်မအကြောင်းကို ရှင်တို့ ကောင်းကောင်းသိသွားရတာပေါ့'

'ရှမ်း'

သူမ၏ စကားမဆုံးခင်မှာပင် မျှော့ကောင် အမျိုးသမီးကြီးထံမှ ဓားရောင်တစ်ချက် လက်သွား၏။ အိုးရန်ဝေက ထိုဓားချက်ကို ရှောင်တိမ်းပြီး ရိပ်ခနဲ လှုပ်ရှားလိုက်၏။ သူမသည် မျှော့ကောင်အဘွားကြီး၏ နောက်ကျောဘက်သို့ ရိပ်ခနဲ ရောက်ရှိသွားသည်။ နံဘေးမှ ရပ်ကြည့်နေသော ပါးစပ်ရှဲ့ကြီးမှာ အကြီးအကျယ် လန့်ဖျပ်သွားသည်။ ထို့ကြောင့် သူ၏ ဇနီးသည်ကို အော်ဟစ်သတိပေးလိုက်မိ၏။

'ကျောဘက်ကိုသတိထား'

ထိုအတူ အိုးရန်ဝေအား အရှုံးပေးသွားရသည့် ပထမဆုံးရန်သူသည် အိုးရန်ဝေအား လှမ်းအော်ရှုတ်ချမြန်သည်။ ထိုသူ၏အမည်ကားလုံပုစိန်ဖြစ်လေ၏။

'အောက်လမ်းတန္တြေသရဲနည်းတွေ မသုံးနဲ့'

သူ့အနေနှင့် အိုးရန်ဝေကို အောက်လမ်းနည်းဖြင့် တိုက်ခိုက်နေသည်ဟုသာ ထင်မှတ်မိ၏။ ထိုအော်သံကြောင့် အိုးရန်ဝေမှာ ရယ်လည်းရယ်ချင်၊ ဒေါသလည်း ထွက်သွားရ၏။ မျှော့ကောင်အမျိုးသမီးကြီး၏ တိုက်ကွက်ကို အလွယ်တကူပင် ရှောင်တိမ်းလိုက်သည်။ တိုက်ကွက်ငါးကွက်တိတိ ထုတ်သုံးတိုက်ခိုက်ခဲ့ သော်လည်း အိုးရန်ဝေကမူ သူမ၏ တိုက်ကွက်ကို

မည်သို့ ရှောင်တိမ်းသွားမှန်း မသိရှိလိုက်ပေ။

မျှော့ကောင်အမျိုးသမီးကြီးမှာ ကျောချမှ ခားပြမှန်း သိတော့သည်။ အစွမ်းထက်သော ရန်သူကို သူမနိုင် နိုင်ကြောင်း ရိပ်မိလာသဖြင့် တိုက်ကွက်နှစ်ကွက် ကိုဆက်တိုက် ထုတ်လိုက်ပြီး နောက်သို့ အလျင်အမြန် ခုန်ဆုတ်လိုက်ရသည်။

'ခဏနေဦး'

သူမ၏ အော်ဟစ်သံကြောင့် အပေါ်စီးရနေသော်လည်း အိုးရန်ဝေက ဆက်လက်မတိုက်ခိုက်ဘဲ ရပ်တန့်ထားလိုက်သည်။ မျှော့ကောင်အမျိုးသမီးကြီးက စူးစိုက်ကြည့်ပြီ

'မင်းကဘယ်လိုလဲ၊ လန်ကျုံကျူ ရဲ့ မိန်းမ မ ှုတ်ရင် ဘာကြောင့် သူ့ကိုယ်စား မင်းက ဝင်ပြီး တိုက်ခိုက်နေရင ာလဲ'

အိုးရန်ဝေမှာ လန်ကျုံကျူကို မြင်ဖူးဖို့အသာထား နာမည်ကိုတောင် ယနေ့မှ ကြားမိခြင်းဖြစ်၏။ တစ်ဘက်လူက သူမကို လန်ကျုံကျူ ၏ ဇနီးဖြစ်သည်ဟု အကြိမ်ကြိမ် အထပ်ထပ် စွပ်စွဲနေသဖြင့် အရှက်ကြီး ရှက်ပြီးအားလုံးကို ဒေါသထွက်နေသည်။

သူမက မျှော့ကောင်အမျိုးသမီးကြီးနှင့် မျက်နှာချင်းဆိုင်လိုက်ပြီး အေးတိအေးစက်ပြောလိုက်သည်။

'လန်ကျုံကျူသောဘာသော ကျွန်မ မသိဘူး။ ဂရုလဲ မစိုက်နိုင်ဘူး၊ ရှင်က ကျွန်မကို စော်ကားသွားတဲ့အတွက် ကျွန်မအကြောင်းသိရအောင် ရှင့်ကို ဆုံးမရမှ ကျေနပ်နိုင်မယ်။ ကျွန်မ တိုက်ကွက်ကိုသာ ရင်ဆိုင်ဖို့ အသင့် ပြင်ထားပေတော့'



ပြောပြောဆိုဆိုပင် ဘယ်လက်ကို တစ်ပတ်ဝိုက်ပြီး ညာလက်ဖြင့် လျှင်မြန်စွာရိုက်ချသည်။ ရိုက်အား ပြင်းထန်သောကြောင့် လေထုတုန်ခါသွားပြီးလျှင်မျှော့ကောင် အမျိုးသမီးကြီးမှာ နောက်သို့ ခြေတစ်လှမ်း ထပ်ဆုတ်လိုက်ရပြန်သည်။

'မင်းလန်ကျုံကျူရဲ့ ဇနီးမဟုတ်ဘူးဆိုရင် တို့တစ်တွေ တစ်ယောက်နဲ့တစ်ယောက် အထင်လွဲကုန်ကြပြီ၊ ဘာမှ မပတ်သတ်ရင် မတိုက်ခိုက်ကြတာ အကောင်းဆုံးပေါ့'

အိုးရန်ဝေက အေးတိအေးစက်ရယ်မောလိုက်၏။

'အဟင်း ---- ဟင်း ----- ဟင်း၊ တော်တော် တရားကျဖို့ကောင်းတဲ့လူတွေပဲ၊ တစ်ဘက်သားကို စော်ကားချင်တိုင်း စော်ကားလို့အားရမှ ရှောင်ပြေးမလို့ စိတ်ကူးနေတယ် ပေါ့လေ။ ဒီလိုဘယ်ရလိမ့်မလဲ၊ ကျွန်မနဲ့ လန်ကျုံကျူ ဆိုတဲ့လူမသိပေမယ့် အခုတော့ ရှင်တို့ ပြောစကားအရ သိသွားခဲ့ပြီ၊ ထွက်ပြေးဖို့ မကြိုးစားနဲ့တော့'

အိုးရန်ဝေက ပြောပြောဆိုဆိုပင် တိုက်ကွက် တစ်က ွဲပြီး တစ်ကွက်ထုတ်တာ မျှော့ကောင်အမျိုးသမီးကြီးကို ထွက်သွားခွင့်မပေး။

မျှော့ကောင်အမျိုးသမီးကြီးမှာ ဖြေလည်အောင် ညှိနှိုင်းမှု မပြေလည်နိုင်ပဲ ထပ်မံတိုက်ခိုက်နေရသဖြင့် လွန်စွာ ဒေါသထွက်လာသည်။

'ကောင်မစုတ်၊ နင့်ကို ငါကြောက်နေတယ် အောက်မေ့နေသလား၊ လန်ကျုံကျူနဲ့ မပတ်သတ်ဘူး ဆိုလို့ နင့်ကို ဒီဒောကြီး

မျက်မည်းထဲမှာ မသေရအောင် တမင်စိတ်လျှော့ပြီး အသက်ချမ်းသာခွင့် ပေးလိုက်တာကို နင်က ကြီးကြီးကျယ်ကျယ် ငါ့ကို တိုက်ခိုက်ရဲတယ်ပေါ့၊ ဒီလိုဆိုရင် ငါနဲ့ထပ်ပြီးယှဉ်ကြည့်ကြရတာပေါ့'

'ဖြန်း ------- ဖြန်း'

သူမသည် စကားမဆုံးခင်မှာပင် နားရင်းနှစ်ချက် အရိုက်ခံလိုက်ရ၏။

တိတ်ဆိတ်သောညဥ့်ယံတွင် နားရင်းရိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာသည်။ ပါးစပ်ရှဲ ဒုဋ္ဌကြက်ကောင်မှာ မယားဖြစ်သူ၏ ရှုံးနိမ့်မှုကို မြင်ရသောအခါ မခံမရပ်နိုင်ဖြစ်သွားခဲ့ပြီး တိုက်ပွဲစည်းဝိုင်း အတွင်းသို့ ခုန်ဝင်လာခဲ့သည်။

အိုးရန်ဝေမှာ နှစ်ယောက်နှင့်တစ်ယောက် တိုက်ခိုက်နေရသော်လည်း ကောင်းစွာထိန်းထားနိုင်၏။ တစ်ချီတစ်ချီတွင် ပါးစပ်ရှဲ တို့လင်မယားနှစ်ယောက် အခက်ကြုံဒုက္ခတွေ့အောင်ပင် တိုက်ခိုက်လိုက်သေးသည်။

စောစောက ဖင်ထိုင်ကျသွားခဲ့သော လုံပုစိန်မှာ အိုးရန်ဝေကို ပါးစပ်ရှဲ့တို့လင်မယားနှစ်ယောက်က အနိုင်မတိုက်ခိုက်နိုင်ဘဲ အလူးအလဲခံနေရသည်ကို တွေ့လျှင် ထိုင်မကြည့်နေအားတော့ ဆတ်ခနဲ မတ်တက်ရပ်ကာ တိုက်ပွဲစည်းဝိုင်းအတွင်း ထပ်မံ ခုန်ဝင်လိုက်ပြန်လေတော့သည်။

✻✻✻✻✻

အခန်း (၉)

## သုံးယောက်ညီ၏ အထိမ်းအမှတ်

အိုးရန်ဝေသည် ထိုသုံးယောက်ကို မှုဟန့်မရှိပေ။ သရော်ပြုံးလေးပင် ပြုံးလိုက်သေး၏။ ယေကလေး တစ်ချက်ပင် ရွှန်လိုက်သေး၏။

လုံပုစိန်တို့ သုံးယောက်၏လက်နက်များက လရောင်တွင် ဖွေးခနဲဖြစ်ပေါ်နေ၏။ အိုးရန်ဝေမှာ ဓားရိပ်များကြားမှ ဖျားပိတုန်းတစ်ကောင်ပမာ ဝဲပျံရှောင်တိမ်းနေသည်မှာ လွန်စွာလှပနေသည်။

ပင်မြင့်ကြီးပေါ်မှ ကြည့်နေသော လန်ကျုံကျုံမှာ တိုက်ပွဲကိုကြည့်ရင်းကြည့်ရင်း မျက်စိပြာဝေလာသည်။ အိုးရန်ဝေ၏ အရိပ်ကိုသာမြင်ရတော့သဖြင့် သူမ၏လျင်မြန်စွာ လှုပ်ရှားနိုင်မှုကို ရင်သပ်ရှုမော အံ့ဩရတော့သည်။

ဤသုံးယောက် တွေ့ဆုံခဲ့ရသည့်အဖြစ်အပျက်ကား ဤသို့တည်း။

မျှော့ကောင်အမျိုးသမီးကြီးမှာ လန်ကျုံကျုံ တစ်ယောက်တည်းရင်ဆိုင်၍ မနိုင်မည်စိုးသဖြင့် ခင်ပွန်းကို အကူအညီတောင်းခံခဲ့၏။

ကံအားလျော်စွာ လမ်းခရီးတွင် လုံပုစိန်နှင့် တွေ့သဖြင့်

လုံ့ပုစိန်က သူ့သဘောနှင့် သူလိုက်ပါ ကူညီခဲ့ပေရာ လန်ကျုံကျူကို အနိုင်တိုက်ခိုက်နိုင်သည့်အပြင် လက်ရဖမ်းဆီးနိုင်လိမ့်မည်ဟုကိုယ့်ကိုယ်ကို ယုံကြည်ကာ ပီတိဖြစ်လာခဲ့ကြသည်။

တောင်ထိပ်သို့ရောက်သောအခါတွင်ကား အခြေအနေက တစ်မျိုးတစ်ဖုံပြောင်းသွား၏။ လန်ကျုံကျူကို ရှာမတွေ့ဘဲ အိုးရန်ဝေနှင့် ထိပ်တိုက် တွေ့ခဲ့ကြရသည်။ သုံးယောက်ပေါင်းတိုက်ခိုက်နေသော်လည်း တစ်ဘက် ရန်သူကသူတို့ကို အရုပ်ကလေးများ သဖွယ် လုပ်ချင်တိုင်း လုပ်နေခဲ့သည်။

သုံးယောက်စလုံး၏ နှာရင်းများ တဖြောင်းဖြောင်း အရိုက်ခံရကာ ပူထူနာကျင်နေလေပြီ။ အထူးသဖြင့် လုံ့ပုစိန် ဘယ်ဘက်နားရွက်တွင် ဓားချက် တစ်ချက်အထိ ခံလိုက်ရသည်။ လုံ့ပုစိန်၏ အဖြစ်ကို ကြည့်ပြီး ပါးစပ်ရွဲ့တို့ လင်မယား နှစ်ယောက်မှာ ဆွေဆွေခုန်ဖြစ်သွားကြရတော့၏။

အိုးရန်ဝေမှာ တစ်ဘက်ရန်သူ သုံးယောက်ကို စိတ်တိုင်းကျ ကစားပြီးနောက်သို့ ခြေလှမ်းငါးလှမ်းခန့် ခုန်ဆုတ်လိုက်ပြီး အော်ဟစ်သတိပေးလိုက်၏။

'အသက်မသေချင်ရင် ရှင်တို့သုံးယောက်စလုံးအမြန်ဆုတ်ပေးကြ။ ကျွန်မ ဒီနေရာကနေ နံပါတ်စဉ် ခေါ်ပေးမယ်။ နံပါတ်စဉ် နှစ်ဆယ်ပြည့်လို့မှ ရှင်တို့ဒီနေရာကနေ ခွာမပေးသေးဘူးဆိုရင် ကျွန်မမှာ အပြစ်မရှိတော့ဘူး'

သူမက စကားကို ခဏရပ်ပြီး ပါးစပ်ရွဲ့တို့ လူသုံးယောက်ကိုကြည့်လိုက်၏။ ထိုသုံးယောက်သည် သူမကို ငေးကြောင်ကြည့်နေကြ၏။

' တစ် ----- နှစ် ---- သုံး'

အမှတ်စဉ် ခုနှစ်သို့အရောက်တွင် ပါးစပ်ရွဲ့က သူ့ဇနီးသည်၏ လက်ကိုအတင်းဆွဲပြီး ထွက်ပြေးသွားတော့၏။ လုံ့ပုစိန်လည်း မနေသာတော့ဘဲ နောက်မှ ထပ်ကြပ်မကွာ ပြေးလိုက်သွားလေတော့၏။ လုံ့ပုစိန်က ပြေးလွှားရင်းမှ --

' ကောင်မစုတ်လေး --- မင်းသိပ်ဘဝင်မြင့်မနေပါနဲ့ကွ၊ မင်းနာမည် ကျုပ်ကို ပြောလိုက်စမ်းပါ။ တစ်နေ့နေ့ မင်းကို မုဆိုးမလေး ဘဝရောက်အောင် ကျုပ်လုပ်ပြပါ့မယ်'

အိုးရန်ဝေမှာ ထောင်းခနဲဒေါသထွက်သွားလေ၏။ လုံ့ပုစိန်နောက်သို့ ရိပ်ခနဲပြေးလိုက်ကာ နားရင်း တီးပစ်လိုက်သည်။

'ဖြောင်း ----- ဖြောင်း ----- ဖြောင်း'

သူမသည် ဒေါသဖြစ်ဖြစ်နှင့် အချက်ပေါင်းများစွာ ရိုက်ပစ်လိုက်၏။ ပြီးမှ

'အစကတော့ ရှင့်ကို ကျွန်မ အသေသတ်ပစ်လိုက်မလို့ဘဲ။ ဒါပေမယ့် ရှင်ကလဲ့စားချေမှာကို ကြောက်လို့ သတ်ပစ်လိုက်တယ်ဆိုတာမျိုး အဖြစ်မခံနိုင်ဘူး။ အခုရှင့်ကို ကျွန်မအသတ် ချမ်းသာခွင့်ပေးလိုက်မယ်။ ရှင် ကျွန်မ လက်ထဲက လွတ်ဖို့ဆိုတာ ဘယ်လိုမှ မလွယ်ပါဘူး။ ရှင်သတ္တိရှိ ရင် ကျွန်မ အကြောင်း စုံစမ်းလိုက် --- ရှင်ကလဲ့စား ချေမှာကို စောင့်နေမယ်'

အားမာန် စာပေ
စာအုပ်အငှား (ပ)
ဝင်ဦး၊ မြို့

'ဝှန်း'

မြောပြီးသည်နှင့် လုံပုစိန်ကို ဘယ်ခြေဖြင့် ကန်ထုတ်လိုက်သည်။ လုံပုစိန်မှာ တလိမ့်ခေါက်ကွေး လွင့်ထွက်သွားပြီး ရှေ့သွားများကျိုးကာ ပါးစပ်တွင်သွေးများထွက်လာသည်။ အတန်ကြာမှ လူးလဲထကာ တောင်အောက်သို့ ပြေးဆင်းသွားရသည်။

မျှော့ကောင်အမျိုးသမီးကြီးမှာ အတော်ပင် ရှပ်ပျက်ဆင်းပျက် ပြေးလာခဲ့ရ၏။

အိုးရန်ဝေတစ်ယောက် နောက်မှ ဆက်လိုက်လာ ခြင်းမရှိတော့မူ တောင်အောက်တွင် အသက်ပြင်းပြင်း ရှုရဲလေတော့၏။ ထို့နောက် လန်ကျုံကျူအား အကြီးအကျယ် ကျိန်ဆဲနေတော့၏။

လုံပုစိန်နှင့် ပါးစပ်ရွဲ့တို့နှစ်ဦးကမူ အိုးရန်ဝေကိုသာ မကြားဝံ့မနာသာ ဆဲဆိုကြသည်။ သူတို့ နှစ်ယောက်မှာ အကြီးအကျယ် ဒေါသထွက်နေ သော်လည်း တစ်ဘက်ရန်သူ၏ နာမည်ကိုပင် မသိခဲ့ကြသေးချေ။

သူတို့သည် ကူးအော်စန်းတောင်မှ ထွက်လာခဲ့ကြသည်။ သူတို့အတော်လျှောက်ပြီးမှ တောင်ခါးပန်းအောက်တွင် လူရိပ်တစ်ရိပ် ပြေးလွှား လှုပ်ရှားလာသည်ကို တွေ့လိုက်ရသည်။

ထိုအခါ မျှော့ကောင်အမျိုးသမီးကြီးက တီးတိုး ရေရွတ်တော့သည်။

'လန်ကျုံကျူ အခုမှ ရောက်လာတယ်၊ တို့ဒီနေရာကနေ သူ့ကိုတားထားပြီး တစ်မျိုးတစ်ဖုံ ကြံရအောင်'



ပါးစပ်ရွဲ့က သူ့မိန်းမပါးစပ်ကို လက်ဖြင့် အသာအယာဖမ်းအုပ်လိုက်ပြီး မျက်လုံးပြူးမျက်ဆံပြူးဖြင့် --

'နေပါစေ၊ တို့တစ်တွေ ညဝက်လောက် ဒုက္ခခံ တိုက်ခိုက်ခဲ့ရပြီးပြီ၊ သူ့ကိုလဲ အဲဒီဒုက္ခဝေဒနာမျိုး ခံစားပါစေ'

မျှော့ကောင်အမျိုးသမီးကြီးသည် သူ့ယောကျ်ား၏ စကားကို မျက်လုံးထောင့်ကပ်စဉ်းစားလိုက်၏။ ထိုအကြံအစည်ကို သူမ သဘောကျသွားသည်။ လန်ကျုံကျူ တစ်ယောက် တောင်ထိပ်မှ အမျိုးသမီး လက်ချက်ဖြင့် အကြီးအကျယ် ဒုက္ခရောက်ပါစေ ဟု ဆုတောင်းလိုက်၏။

'ကောင်းပြီ၊ သူ့ဘာသာသူသွားပါစေ၊ ဒါမှ တောင်ပေါ်မှာ ဟိုကောင်မနဲ့ တွေ့ပြီး ဒုက္ခရောက်မှာ'

သုံးယောက်သားသည် တစ်ဘက်သို့ လှည့်ကာ ကူးအော်စန်းတောင် ပေါ်သို့ လျှောက်သွားတော့သည်။ သို့သော် လန်ကျုံကျူ သည် သူတို့သုံးယောက်နောက်သို့သာ အမီလိုက်လာသည်။

'အဘွားကြီး ကျုပ်က ခင်ဗျားတစ်ယောက်တည်း လာရဲမယ်လို့ အောက်မေ့နေတာ၊ အခုတော့ အကူအညီတွေပါ ခေါ်လာခဲ့တာကိုး၊ မြန်မြန်လျှောက်- မြန်မြန် လျှောက် သုံးနာရီထိုးတော့မယ်'

မျှော့ကောင်အမျိုးသမီးကြီးက ဒေါသဖြင့် ပြန်အော်သည်။

'ဒီလိုမပြောပါနဲ့ကွ၊ မင်းနဲ့တိုက်ခိုက်မှာ ကျုပ် တစ်ယောက်တည်းပါ၊ ကျုပ်နဲ့ပါလာတဲ့လူတွေက မင်းကို မြုပ်ရအောင်

အထူးလာပြီး ကူညီကြတာ မင်းအနေနဲ့ သူတို့ကို ကျေးဇူးတင်ထိုက်ပါတယ်'

'ကောင်းပြီ ခင်ဗျားတို့ တကယ်ပဲ သတ္တိရှိသလား၊ မရှိဘူးလားဆိုတာသိရတာပေါ့၊ လိပ်သွားသလို နှေးတုံ့ နှေးတုံ့ မလုပ်နေကြနဲ့ မြန်မြန်ပြေးခဲ့ကြ'

လန်ကျုံကျူမှာ ပြောပြီးသည်နှင့် ရှေ့မှ အတင်း လုယက်ပြေးထွက်သွားသည်။

'မြန်မြန်လိုက်ခဲ့ကြ၊ ကျုပ် တောင်ပေါ်က စောင့်နေမယ်'

အော်ဟစ်ပြောဆိုခဲ့ပြီး မကြာခင်မှာပင် ကူးအော်စန်း တောင်ခြေသို့ ရောက်ရှိလာ၏။ ပါးစပ်ရွဲ့မှာ သူကိုယ်တိုင် အိုးရန်ဝေ၏ တိုက်ခိုက်မှုကို လှလှပပ ခံစားခဲ့ရသဖြင့် လန်ကျုံကျူ ကိုလည်း သူကဲ့သို့ ထိုဒုက္ခ ဝေဒနာကို ခံစားစေချင်နေသည်။

လန်ကျုံကျူ ပြေးလာနိုင်ပုံကား သူသည် အောက်မှ တိုက်ပွဲကြောင့် သစ်ပင်အောက်သို့ မဆင်းနိုင်ခဲ့ပေ။ သို့ရာတွင် လုံပုစိန်က အမျိုးသမီးအား ဆဲရေးပြေးထွက်သွားသောအခါ အမျိုးသမီး ဒေါသထွက်ပြီး သူ့နောက်မှလိုက်ပြီး ဆုံးမ၏။ ဤကား လန်ကျုံကျူအတွက် အခွင့်ကောင်းပေတည်း။

လန်ကျုံကျူမှာ ထိုအခွင့်ကောင်းကိုယူ၍ တောင်တစ်ဝက် ခန့်ပတ်ကာ တောင်အောက်သို့ ဆင်းလာခဲ့တော့သည်။ ထို့နောက် မျှော့ကောင် အမျိုးသမီးတို့အား မသိသလို ဆီးကြိုလိုက်ခြင်း ဖြစ်ပေသည်။



သူ့စိတ်ထဲတွင် ထိုသုံးယောက်မှာ တိုက်ပွဲ၌ ရှုံးပြီး စိတ်ဓာတ်ကျနေကြသဖြင့် သူယှဉ်လျှင် ကောင်းစွာ ယှဉ်နိုင်မည်ဟု ယူဆခဲ့သည်။ အကယ်၍ သူရှုံးနိမ့်သွားပါကလည်း လွတ်အောင်ရှောင်တိမ်းနိုင်သည်ဟု တွက်ဆကာ ရဲရဲတင်းတင်း ရင်ဆိုင်ခြင်း ဖြစ်ပေသည်။

လန်ကျုံကျူမှာ မျှော့ကောင်အမျိုးသမီးကြီးကို ရင်ဆိုင်ရန် သတ္တိရှိသော်လည်း အိုးရန်ဝေနှင့်တွေ့ဖို့ကိုမူ ဝန်လေးမိသည်မှာ အမှန်ပင်။ သူသည် တောင်ပေါ်သို့ တက်ရင်းမှ အိုးရန်ဝေကို မည်ကဲ့သို့ ရင်ဆိုင်ရမည်ဆိုသည်ကို တွေးတော စဉ်းစားလာခဲ့၏။

တောင်ထိပ်သို့ ရောက်ခါနီးလေ သူ့စိတ်များ လှုပ်ရှားလေ ဖြစ်နေ၏။ သို့သော် တောင်ထိပ်ပေါ်သို့ ရောက်သည့်အခါ တွင်ကား သူ့ရင်ထဲတွင် လွန်စွာ ပေါ့ပါးသွား၏။ ပိသအရာ အထောင် ရင်ဘတ်ပေါ်မှ လွင့်စဉ် ကျသွားသကဲ့သို့တည်း။ တောင်ထိပ်ပေါ်တွင် အိုးရန်ဝေရှိမနေတော့ချေ။

တောင်ထိပ်လွင်ပြင်တစ်ခုလုံးတွင် စောစောက ပါးစပ်ရွဲ့၊ မျှော့ကောင်အမျိုးသမီးကြီး၊ လုံပုစိန်နှင့် အိုးရန်ဝေတို့ တိုက်ခိုက်သည့် ခြေရာများနှင့် လူတစ်ယောက်တည်းသာ ထီးထီး မားမားကြီး ရှိနေလေတော့သည်။

အိုးရန်ဝေ တစ်ယောက် မည်သည့် အရပ်သို့ ထွက်သွားလေသနည်း။

လန်ကျုံကျူသည် စောစောက တိုက်ခိုက်ခဲ့ကြသော ခြေရာများကို ငုံ့ကြည့်လိုက်မိသည်။အမှတ်မထင်ပင် မြေပြင်

ပေါ်၌ လက်ကိုင်ပုဝါကလေး တစ်ထည်ကို တွေ့ရှိလိုက်ရသဖြင့် ကောက်ယူပြီး စမ်းကြည့်လိုက်၏။ ကိုယ်သင်းရနံ့မှာ သူ့နှာခေါင်းထဲသို့ တိုးဝင်လာသည်။

ထိုပုဝါကို ဖြေကြည့်လိုက်၏။ ပုဝါ၏ ထောင့် တစ်နေရာတွင် "ဝေ" ဟူသော စာလုံးကလေးတစ်လုံး ကို တွေ့လိုက်ရ၏။ အိုးရန်ဝေ၏ လက်ကိုင် ပုဝါပင်တည်း။

ဒီပုဝါလေးဟာ ခုနက အမျိုးသမီးရဲ့ လက်ကိုင် ပုဝါလေးပဲ ဖြစ်ရမယ်။ သူ့နာမည်မှာ ဝေဆိုတဲ့ အက္ခရာ ပါပါလား'

လန်ကျုံကျူစိတ်ထဲတွင် ရေရွတ်လိုက်ပြီး လက်ကိုင်ပုဝါလေးကို ဘယ်ပြန်ညာပြန် နှစ်ကြိမ်ခန့် ကြည့်လိုက်သည်။ လွှင့်ပစ်မည်ပြုပြီးခါမှ လက်ထဲတွင် တင်းတင်းကျပ်ကျပ် ဆုပ်ထားပြီး တီးတိုးရေရွတ်နေမိ ပြန်သည်။

'ခုနက သူတိတ်တဆိတ် ကယ်တင်ပေးလို့ ငါ့မှာ အန္တရာယ် နည်းသွားရတယ်။ သူ့ကျေးဇူးငါ့မှာရှိနေတယ်။ ဒီလက်ကိုင်ပုဝါလေးကို အမှတ်တရအနေနဲ့ သိမ်းထားရမယ်'

လန်ကျုံကျူ ထိုပုဝါလေးကို အကျအန ခေါက်ပြီး ရင်ခွင်ထဲတွင် အမှတ်တရ သိမ်းဆည်းထားလိုက်၏။ သူသည် တောင်ထိပ်လွင်ပြင်ကလေး၌ ခေါက်တုံ့ ခေါက်ပြန် လျှောက်နေမိသည်။

အတန်ကြာသည်တွင် မျှော့ကောင်အမျိုးသမီးကြီး တို့ ပေါ်မလာကြသဖြင့် တောင်အောက်သို့ ငုံ့ကြည့်လိုက်၏။ သူတို့သုံးယောက်သည် တောင်ပေါ်သို့ တက်မလာကြဘဲ



လာလမ်းအတိုင်း လှည့်ပြေးနေသည်ကို တွေ့လိုက်ရသဖြင့် လန်ကျုံကျူ ကျိန်ဆဲလိုက်မိသည်။

'သေခြင်းဆိုးတွေ ငါ့ကိုသက်သက်မဲ့ ဒီတောင်ပေါ် ရောက်အောင် လိမ့်လွှတ်လိုက်တာကိုး၊ ငါ့ကုသိုလ်ကံ မခေလို့ပေါ့၊ နို့မဟုတ်ရင် သင်းတို့ ထောင်ချောက်ထဲကျရပြီ'

မျှော့ကောင်အမျိုးသမီးကြီးက သူ့အား အိုးရန်ဝေ နှင့် တွေ့ကြုံဒုက္ခရောက်စေရန် ကြံဆောင်လိုက်ခြင်း ဖြစ်ကြောင်း သိလိုက်သည်။

မည်သို့ပင်ဖြစ်စေ ယနေ့ညချိန်းဆိုချက်ကို ရှောင်လွှဲသူမှာ သူမဟုတ်တော့ပေ။ မျှော့ကောင် အမျိုးသမီးကြီးသာ ဖြစ်နေပေပြီ။ လန်ကျုံကျူသည် လက်ကိုင်ပုဝါလေးကို တယုတယထုတ်ကြည့်ပြီး နမ်းရှိုက်မိပြန်သည်။

'ငါ ---- ငါဘာကြောင့် ဒီလက်ကိုင်ပုဝါလေးကို သိမ်းထားရတာလဲ၊ ဒါဟာ အမျိုးသမီးသုံးပစ္စည်း တစ်ခုပဲ၊ တကယ်လို့ ဒီပစ္စည်းကို ငါ့ကိုယ်ပေါ်မှာ သိမ်းထားတာကို မြင်သွားရင် ငါ့ကိုဘာပြောမလဲ၊ မုန်းများ မုန်းနေမလား၊ အထင်များ သေးသွားလေမလား'

သူ့စိတ်ထဲတွင် လက်ကိုင်ပုဝါလေးကို သိမ်းထားသင့်၊ စွန့်ပစ်သင့်ဆိုသည်ကို ဝေခွဲရခက်နေ၏။ နောက်ဆုံးတွင် ဘာပဲဖြစ်ဖြစ် ထိုပစ္စည်းကို သိမ်းဆည်းထားမည်ဟု ဆုံးဖြတ်လိုက်တော့သည်။

✻✻✻✻✻

## အခန်း (၁၀)
## ကြားဖြတ်သတင်း

လန်ကျူကျူသည် တောင်ထိပ်မှ ဆင်းသက်လာသော်လည်း အိုးရန်ဝေ၏ ပုံသဏ္ဌာန်ကို မျက်စိထဲ၌ မြင်ယောင်နေခဲ့သည်။ သူမ၏ စကားသံ၊ လှောင်ရယ်သံ တို့က နားထဲတွင် ကြားယောင်နေခဲ့သည်။ တစ်ကြိမ်တစ်ခါမျှ လှုပ်ရှားခြင်း မဖြစ်ခဲ့ဖူးသော သူ့နှလုံးသားသည်လည်း လှုပ်ရှားခဲ့ရလေပြီ။

တောင်ခြေမှ အတန်ကြာလျှောက်လာပြီးသော အခါတွင် ညနေခင်းက သူဝင်ရောက်ခဲ့သော ဘုရားကျောင်းပျက်အနီးသို့ ရောက်လာခဲ့၏။

ကျောင်းအနီးသို့ ရောက်လျှင် လန်ကျူကျူ ခြေလှမ်းတို့ အလိုအလျောက် ရပ်တန့်သွားရသည်။ ခေါင်းပြောင်အဘိုးအို နှင့် ဖုံလောင်အော့ တို့ကို သတိရလိုက်သောကြောင့် ဖြစ်၏။ ခေါင်းပြောင်အဘိုးအိုမိန့်ရှုကတော့ ဖုံလောင်အော့ကို လိုက်မမီပါက ဤနေရာသို့ ပြန်ရောက်ကောင်းရောက် နေပေလိမ့်မည်။

'မနက်က သူငါ့ကိုမှ မတွေ့လိုက်ဘဲ တကယ်လို့ ဘုရားကျောင်းပျက်ထဲမှာ ရှိနေရင်လဲ ငါ့ကို ဘာမှလုပ်မှာ မဟုတ်ပါဘူး။ ငါ ဘာကြောင့် ကြောက်နေရမှာလဲ'



သူသည် ဘုရားကျောင်းပျက်ထဲဝင်ပြီး တစ်ပတ် ပတ်ကာ ရှာဖွေကြည့်၏။ မည်သူ့ကိုမျှ မတွေ့ရ။ သို့ဖြင့် ကျောင်းဝင်းထဲမှ ပြန်ထွက်ခဲ့ကာ တာ့ထုံမြို့သို့ ခရီးဆက်လေတော့သည်။ မိုးမလင်းမီပင် မြို့ထဲသို့ အရောက်သွားပြီး နေရာတစ်နေရာ ရှာဖွေအနားယူမည်။ နောက်မှ လိုထင်ဆင့်အား အကူအညီပေးသင့် မပေးသင့်စဉ်းစားမည်ဟု ဆုံးဖြတ်လိုက်တော့သည်။

အရှက်တက်အုန်းမောင်းလေးချက်သံ ထွက်ပေါ်လာ၏။ သူသည်ကိုယ်ဖော့ပညာမသုံးဘဲ မပြေးရုံတမယ် ခရီးပြင်းနှင် နေမိ၏။ လေတဟူးဟူးတိုက်ခတ်နေသည့်ကြားမှ မြင်းခွာသံကို သူအမှတ်မထင် ကြားလိုက်ရသဖြင့် စိတ်ထဲ၌ ထူးဆန်းသလို ဖြစ်သွားသည်။

ထိုခြေသံကို အသေအချာ နားထောင်သောအခါ ထိုမြင်းသည် ကဆုန်စိုင်းပြေးလာခြင်းဖြစ်ကြောင်း သိရှိလိုက်၏။

မကြာမီ မြင်းသည် သူ့အနီးသို့ ရောက်ရှိလာသည်။ လန်ကျူကျူမှာ မြင်းကိုဘေးသို့ကမန်းကတန်း ရှောင်တိမ်းပေးလိုက်၏။ ရှောင်တိမ်းမပေးလျှင် လန်ကျူကျူကို တိုက်ချသွားမည်မှာ သေချာလှသည်။

မြင်းစီးသမားမှာ မြင်းပေါ်တွင် အခန့်သား ထိုင်နေပြီး လန်ကျူကျူကို တစ်ချက်လေးမျှပင် စောင်းငဲ့မကြည့်ချေ။ လန်ကျူကျူ ဒေါသထွက်သွားလေ၏။

သူသည် အနီးရှိ သစ်တုံးတစ်တုံးကို ကောက်ယူလိုက်ရာ ရွှံ့တုံးတစ်တုံးကို ကောက်ကိုင်မိသည်။ မထူးတော့ပြီဖြစ်၍

ထိုရွှံ့တုံးဖြင့်ပင် ပစ်လိုက်သည်။

'ဗွီး'

'ဖတ်'

ရွှံ့ဖတ်က မြင်းစီးသမား၏ ပခုံးနောက်ဘက်ကို ထိမှန်သွားသည်။ လန်ကျုံကျူက ရွှံ့တုံးကို အားအနည်းငယ် စိုက်လွှတ်လိုက်သဖြင့် ထိုသူမှာ နာကျင် သွားပုံရလေသည်။ မြင်းဇက်ကြိုးကို တုံ့ခနဲသတ်လိုက်ပြီး နောက်သို့ လှည့်ကြည့်၏။

'သေချင်လို့လား ဟိတ်ကောင်'

လန်ကျုံကျူကလဲ ဆက်ဆတ်ထိမခံ

'မင်းဘယ်သူ့ကိုပြောတာလဲ၊ မြင်းစီးတာ ရမ်းလှချည်လား။ မင်းဒီလို လျှောက်စီးရင် အများပြည်သူကို ထိခိုက်ကုန်တော့မှာပေါ့'

'ငါစီးချင်သလို စီးတယ်ကွာ၊ ဘာလုပ်ချင်သလဲ'

'အေး ဒီလိုဆိုရင် မင်းကို နည်းနည်းလောက် ဆုံးမရမယ်'

မြင်းစီးသမားက မြင်းကို လှည့်လိုက်ပြီး လန်ကျုံကျူ နှင့် မျက်နှာချင်းဆိုင်လိုက်သည်။

'သတ္တိရှိရင် မင်းရှေ့ကို တိုးလာခဲ့စမ်း၊ ခေါင်းသုံးလုံး နဲ့ လက်ခြောက်ဖက်ရှိတဲ့ လူလားဆိုတာ ကြည့်ရအောင် ငါလို လူတစ်ယောက်လုံးကို ခံပြောရဲတယ်ဆိုတဲ့သတ္တိက နဲတဲ့သတ္တိတော့မဟုတ်ဘူး'

'ရွှမ်း'

ပြောပြောဆိုဆိုပင် လက်ထဲမှ ကျာပွတ်ဖြင့် လန်ကျုံကျူ



၏ မျက်နှာကို ဖြတ်ရိုက်ချလိုက်သည်။

လန်ကျုံကျူ၏ ဒေါသကား ပေါက်ကွဲသွားလေပြီ။ နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့်ဆုတ်ကာ ကျာပွတ် ရိုက်ချက်ကို ရှောင်တိမ်းပေးလိုက်ရသည်။

'တော်တော် သတ္တိကောင်းတဲ့ ကောင်ပါလား၊ ဒီနေ့မှ မင်းကို မဆုံးမရရင် မဖြစ်တော့ဘူး၊ တလောကလုံး ကိုယ်တစ်ယောက်တည်း အသက်ရှိတယ်လို့ထင်နေတဲ့လူကို မင်းထက်တန်ဖိုးရှိတဲ့လူ ရှိနေသေးတယ်ဆိုတာ ပြရမယ်၊ မြင်းပေါ်က ဆင်းပြီး ငါ့လက်ဝါးတစ်ချက်လောက် မြည်းစမ်းကြည့်ပါဦး'

လန်ကျုံကျူသည် ပြောရင်းလက်ဝါးအစုံထုတ်၍ ရိုက်ချလိုက်၏။ သို့သော် အတွင်းအားမပါသဖြင့် မြင်းစီးသမား ဘာမှ မဖြစ်ချေ။

ထိုသူက လန်ကျုံကျူကို သိုင်းပညာ မထက်မြက်သူတစ်ယောက်ဟူ၍ အထင်ရှိသွား၏။ ထို့ကြောင့် မြင်းပေါ်မှ ခုန်ဆင်းကာ လန်ကျုံကျူအား ကျာပွတ်ဖြင့် ထပ်ရိုက်လိုက်ပြန်သည်။

'ရွှမ်း'

လန်ကျုံကျူ ရှောင်တိမ်းပေးလိုက်ပြန်သည်။ သူသည် မြင်းစီးသမားအား တမင်အလျှော့ပေးပြီး တိုက်ခိုက်နေသည်။

အကြောင်းမှာ သူအပြင်းအထန် တိုက်ခိုက်ပါက မြင်းစီးသမားသည် သူ့မြင်းဖြင့် ထွက်ပြေးသွားမည်ကို စိုးရိမ်သောကြောင့်တည်း။

မြင်းစီးသမားသည် သူ့အသာရပြီထင်ကာ ပေါ့ပေါ့ဆဆ တိုက်ခိုက်လာ၏။ ထိုအခါလန်ကျုံကျုံသည် သူ၏ဓားရှည်ကို ဆွဲထုတ်ပြီး ပြန်လည် တိုက်ခိုက်လေတော့သည်။

လက်တစ်ချက်ခါယမ်းလိုက်သည်နှင့် ဓားရှည်မှာ တုန်ခါသွားပြီး ရန်သူ၏ ကျောဘက်ဆီသို့ ရောက်ရှိသွားသည်။

မြင်းစီးသမားမှာ လန်ကျုံကျုံ၏ မထင်မှတ်သော တိုက်ကွက်ကိုကြည့်ပြီး အကြီးအကျယ် အံ့အားသင့်သွား၏၊ တန်ပြန်တိုက်ကွက်တစ်ကွက်ပြန်တိုက်၏။

ဘယ်ခြေကို ရှေ့တက်၊ ကိုယ်ကို ရုတ်တရက် လှည့်ပြီး ဘယ်လက်ဝါးကို ရိုက်ထုတ်လိုက်၏။ သူ့သိုင်းကွက် ကလည်း အဆင့်မနိမ့်လှချေ။

သို့သော် လန်ကျုံကျုံအတွက်မူ ထိရောက်သော သိုင်းကွက်မဟုတ်ပါချေ။

ဓားထိပ်ဦးက အပေါ်သို့ မြောက်တက်ကာ ကျောပွတ် ကို ရှောင်တိမ်းပြီး မြင်းစီးသမား၏ လက်ကောက်ဝတ်ဆီသို့ ဦးတည်လိုက်၏။

'ရှမ်း'

တိုက်ကွက်မှာ လျင်မြန်လှသလို အမှတ်မထင် ထုတ်သုံးလိုက်ခြင်း ဖြစ်သဖြင့် မြင်းစီးသမားမှာ ရှောင်တိမ်းချိန်မရလိုက်၊ လက်ချောင်းကလေးများအား ဓားချက်ထိသွားလေ၏။

'အား'

နာကျင်စွာ အော်ဟစ်လိုက်သည့် အသံကြောင့် ထိုသူ၏



မြင်းပင်လျှင် လန့်ဖျပ်သွားရသည်။ ထိုသူသည် နောက်သို့ တဖြည်းဖြည်းဆုတ်နေသဖြင့် မြင်းပေါ်သို့ ခုန်တက်ထွက်ပြေးသွားမည်ကို လန်ကျုံကျုံ စိုးရိမ်သည်။

ထို့ကြောင့် ဓားရှည်ဖြင့် အဆက်မပြတ်တိုက်ခိုက်လိုက်၏။ ဓားရိပ်များက မြင်းစီးသမား၏ တစ်ကိုယ်ကို လွှမ်းခြုံဝန်းပက်ထားလိုက်၏။

မြင်းစီးသမား ပြေးခွင့်မသာတော့ပေ။

မြင်းစီးသမားမှာ တိုက်ကွက်ဆယ်ကွက်မျှ ထပ်မံတိုက်ခိုက်သော်လည်း သူ့အတွက် ထွက်ပေါက်မရနိုင်ဘဲ ဖြစ်လာသည်။ သူစိတ်ပူလာသည်။ သူသည် နောက်သို့ တဖြည်းဖြည်း ဆုတ်ရင်းမှ အော်ဟစ် ကြုံးဝါးလိုက်သည်။

'မင်း သိပ်ဘဝင်သိပ်မြင့်မနေပါနဲ့ကွ၊ ငါသေသွားရင်တောင် မင်းပြေးလို့မလွတ်ပါဘူး၊ သခင်လေးဝမ်က ငါ့အတွက် ကလဲ့စားချေမှာပါ'

လန်ကျုံကျုံ စိတ်ထဲ ထင့်ခနဲဖြစ်သွား၏။ တိုက်ကွက်ကို ရုတ်သိမ်းလိုက်ပြီး တအံ့တသြဟန်ဖြင့် မေးလိုက်မိသည်။

'ဟင် မင်းက ဝမ်ဂေဟာက လူလား၊ လိုထင်ဆင့်ရဲ့ လူမဟုတ်ဘူးပေါ့'

မြင်းစီးသမားက မျက်လုံးပြူးမျက်ဆံပြူးဖြင့် ဒေါသတကြီး ပြောသည်'

'ဟုတ်တယ်၊ ငါက သခင်လေးဝမ်ကိုတွေ့ဖို့ သခင်ကြီးဝမ်ကျင်ကစေလွှတ်လိုက်တာ၊ လိုထင်ဆင့်လို မလောက်လေး

မလောက်စားတစ်ယောက်ရဲ့ လူမဟုတ်ဘူး-

လန်ကျုံကျူလည်း ရုတ်ချည်းပင် အားတုံ့အားနာ မျက်နှာထားပြောင်းလဲလိုက်၏။

'အို ခင်ဗျားစောစောက ဘာလို့မပြောတာလဲဗျ၊ ဒီအတိုင်းဆိုရင် သခင်လေးဝမ်ကို ကျွန်တော် ဘယ်လို လုပ်မျက်နှာပြရတော့မှာလဲ'

မြင်းစီးသမားသည်များစွာ စိတ်သက်သာရာရသွား၏။ လန်ကျုံကျူ သက်ပြင်းချက်ချလိုက်ပြီး သတင်းကို ပြောပြသည်။

'ဒီရက်ထဲမှာ ကျွန်တော်တို့ အပြင်းအထန် တိုက်ခိုက်ခဲ့ကြတာကို ခင်ဗျားမသိသေးဘူးနဲ့တူတယ်။ နှစ်ဘက်စလုံး ထိပ်သီးသိုင်းသမားတွေ ရှိကြလို့ တိုက်ပွဲလေးပွဲလောက် တိုက်ခိုက်အပြီးမှာ နှစ်ဘက်စလုံး ဒဏ်ရာအနာတရာ ဖြစ်ခဲ့ကြရတယ်။ ခင်ဗျားသာ အစကတည်းက ဒီလိုပြောခဲ့ရင် အထင်မှားမှုတွေ ဘယ်ဖြစ်တော့မှာလဲဗျ'

ပြောပြောဆိုဆိုပင် ဓားရှည်ကို ဓားအိမ်တွင်းသို့ ထိုးသွင်းသိမ်းဆည်းလိုက်သည်။ တစ်ဆက်တည်းပင် မြင်းစီးသမား၏ ဒဏ်ရာများကို ဆေးထည့်ပေးရန် လက်ဟန်ပြင်လိုက်သည်။

'ရပါတယ်၊ ဒဏ်ရာက နည်းနည်းပါးပါးပါ သိပ်မပြင်းထန်ပါဘူး'

မြင်းစီးသမားက ငြင်းပယ်လိုက်သည်။ လန်ကျုံကျူကို ဝမ်ဂေဟာမှ လူအဖြစ်လည်း ယုံကြည်သွားသည်။ ထို့ကြောင့် သူလာရင်း အကြောင်းများကို ဖွင့်ဟပြောပြမိတော့သည်။



လန့်ကျုံကျူကလည်း ဤရက်ပိုင်းအတွင်း ဖြစ်ပျက်ခဲ့သမျှတို့ကို ဟုတ်သည်မဟုတ်သည်ပါ ရောထွေးပြီး ထိုသူအား ပြောဆိုလေ၏။ ဝမ်တိတ်ရှင် သေဆုံးသွားပြီဟူသော စကားသို့ ရောက်သည့်အခါ တွင်မူ မြင်းစီးသမား အထိတ်တလန့် ဖြစ်သွားတော့သည်။ လန့်ကျုံကျူက ---

'နောက်ကျသွားပြီ မိတ်ဆွေ'

လန့်ကျုံကျူက ခနဲ့သံဖြင့် ပြောလိုက်ပြီး မြင်းစီးသမား၏ ချွေးကြောကို ဖျတ်ခနဲထိုးလိုက်သည်။ ထိုသူမှာ တစ်မဟုတ်ချင်းပင်တစ်ကိုယ်လုံး ပျော့ခွေကျသွားတော့၏။ လန့်ကျုံကျူသည် သူ၏ကိုယ်ပေါ်၌ ရှာဖွေရာ လျှို့ဝှက်စာနှစ်စောင်ကို တွေ့ရသဖြင့် သိမ်းယူလိုက်ပြီး တာ့ထုံမြို့ဘက်ဆီသို့ ထွက်ခဲ့တော့သည်။

မြို့အနောက်ဘက်ရှိ တည်းခိုဆောင်တွင် အခန်းတစ်ခန်းငှားပြီး အစားအသောက်စား၊ ရေမိုးချိုးပြီး အိပ်စက်အနားယူလိုက်သည်။ သူအိပ်ရာမှ နိုးသောအခါ မွန်းတည့်နေလေပြီ။ သူနေသည့်ခန်းထဲ ထွက်လာသောအခါ ဝမ်ဂေဟာနှင့် ပတ်သတ်သည့် သတင်းတစ်ပုဒ်ကို ရရှိလေ၏။

ဝမ်ဂေဟာမှ လူများသည် ယနေ့ညတွင် အင်အားအလုံးအရင်းနှင့်တိုက်ခိုက်ကြမည်ဖြစ်ကြောင်း၊ လိုထင်ဆင့် ကိုသတ်ဖြတ်ပြီးမှ ဝမ်တိတ်ရှင်အတွက် ကျေနပ်နိုင်မည်ဖြစ်ကြောင်း သတင်းကို အလုပ်သမားနှစ်ယောက် ထံမှ လန့်ကျုံကျူ ရရှိလိုက်သည်။ တကယ်တော့ ထိုသတင်းမှာ တစ်မြို့လုံး ပျံ့နှံ့နေသည့် သတင်း ဖြစ်သည်။ မြို့သူမြို့သားများမှာ

လိုထင်ဆင့်ဘက်မှ တတ်နိုင်သရွေ့ ပါဝင်ကူညီတိုက်ခိုက်ရန် ဆုံးဖြတ်ထားကြောင်း သတင်းကိုပါ ကြားသိရသဖြင့် လန်ကျုံကျု များစွာ သက်သာရာရသွားသည်။

သို့သော် ဤသတင်း မှန်မမှန်ဆိုသည်ကိုမူ လန်ကျုံကျု တပ်မပြောနိုင်။ ဤသို့ သတင်းဖြစ်က မိမိအဖို့ အလေးမထား ဂရုမမူရ၍ မဖြစ်နိုင်တော့။ မြို့သူ မြို့သားများကပင် လိုထင်ဆင့် ဘက်မှ တစ်ခဲနက် ကူညီတိုက်ခိုက်ရန် သဘောဆန္ဒရှိ နေလျှင် မိမိလို လူတစ်ယောက်က မည်သို့လုပ်ရမည်နည်း။

ယခင်က လိုထင်ဆင့်ကို အကူအညီပေးရေး မပေးရေး နောက်မှစဉ်းစားဆုံးဖြတ်ရန် စီစဉ်ထားသော်လည်း ဤသတင်း ကိုကြားမိလျှင် တစ်မြို့လုံးမှ လူသားများအတွက် မိမိသည်လည်း လိုထင်ဆင့်ဘက်မှ ပါဝင်ကူညီတိုက်ခိုက်မှ ဖြစ်တော့မည်ဟု ဆုံးဖြတ်ချက်ချကာ လိုထင်ဆင့်ထံသို့ ထွက်လာခဲ့တော့သည်၊

လိုထင်ဆင့်မှာ လန်ကျုံကျု၏ သိုင်းပညာကို မြင်တွေ့ပြီး ကတည်းက အလွန်သဘောကျသွား၏။ သူ့အား အနီးကပ် စောင့်ရှောက်သူအဖြစ် များစွာ လိုလားမိသည်။ မည်သို့ပင် ဖြစ်စေ သူ့အနေဖြင့် လန်ကျုံကျုနှင့် တွေ့လိုသေးသည်ကတော့ အမှန်ပင်။

ထိုစဉ် ဖန်ရှုံ ပြုံးရွှင်သောမျက်နှာထားနှင့် အခန်းတွင်းသို့ ဝင်ရောက်လာပြီးလျှင် လန်ကျုံကျု ရောက်ရှိ လာပြီ ဖြစ်ကြောင်း သတင်းပို့၏။ လိုထင်ဆင့်မှာ ဝမ်းသာအားရ ဧည့်ခန်းဆောင်သို့ ထွက်လာခဲ့တော့သည်။ သူနှင့်အတူ ဝမ်ဟိုကလည်း



သာသနာ့

ကပ်လျက် လိုက်ပါလာခဲ့လေသည်။ ဝမ်ဟိုနှင့် ဖန်ရှုံတို့သည် လန်ကျုံကျုရောက်လာခြင်း အတွက် အားတက်သွားကြ၏။ သူတို့၏ ကာကွယ်ရေးအင်အားတောင့်သွားပြီဟု ယုံကြည် နေကြသည်။

လန်ကျုံကျုက လိုထင်ဆင့်ကို ဦးညွှတ်အရိုအသေ ပေးလိုက်ပြီးလျှင် ဝမ်ကျင်က ဝမ်တီတ်ရှင်ထံ ပေးခိုင်းလိုက်သည့် လျှို့ဝှက်စာနှစ်စောင်ကို ထုတ်ပေးလိုက်၏။

လန်ကျုံကျုမှာ ထိုစာနှစ်စောင်ကို ကြိုတင်ဖတ်ရှုထား ပြီးဖြစ်သည်။ စာတစ်စောင်ထဲတွင် ဝမ်တီတ်ရှင်အား သိုင်းသမား အကျော်အမော်များ ခေါ်ယူပြီး လိုထင်ဆင့်ကို ခြောက်လှန့် လွှတ်လိုက်ရန် သို့မဟုတ် လိုထင်ဆင့် ပျောကွက်ဟာကွက်များကို တိတ်တဆိတ် စုဆောင်းပေးရန် ရေးသားထား၏။

စာအဆုံးတွင်မူ လိုထင်ဆင့်၏ အသက်အန္တရာယ်မဖြစ် စေရန် ဂရုစိုက်ရမည်ဟု အထူးမှာကြားထား၏။ ဤကိစ္စမှာ ဝမ်တီတ်ရှင်သေဆုံးသွားခဲ့ရပြီဖြစ်၍ ဂရုစိုက် အလေးထားစရာ မလိုတော့။

နောက်စာတစ်စောင်တွင်ကား နန်းတွင်း၌ လက်ရှိဖြစ်ပေါ် နေသော အခြေအနေများကို ထည့်သွင်းဆွေးနွေးထား၏။ နန်းတွင်း၌ ဖြစ်ပေါ်နေသော ကိစ္စများကို ဝမ်ကျင်ကိုယ်တိုင် ကောင်းသလို စီစဉ် လုပ်ကိုင်သွားမည်ဟု ရေးသားထား၏။ နောက်ထပ် မင်္ဂလာကိစ္စကိုမူ လန်ကျုံကျု နားမလည်နိုင်ပေ။

ထိုမင်္ဂလာကိစ္စမှာ လန်ကျုံကျုနားမလည်သော်လည်း

လိုထင်ဆင့်ကမူ ကောင်းစွာ သိရှိနားလည်ပေသည်။ ဝမ်ကျင်ပြောသည့် မဂ်လာကိစ္စသည် သူ့သမီး လိုစုရောင်အား ရည်ညွှန်းပြောဆိုလိုက်ခြင်း ဖြစ်ပေသည်။ သူ့သမီး အရွယ်မရောက်ခင်ကပင် ထိုအကြောင်းကို ဝမ်ကျင်စခဲ့ဖူးသည်။

ယခုအခါ ထိုအကြောင်းကို ပြန်လည်၍ အစဖော်ပေးလိုက်ခြင်းဖြစ်၏။ ထိုကိစ္စမှာ ကောင်းသော အစီအစဉ်တစ်ရပ်မဖြစ်နိုင်ပေ။ မိမိကို မသတ်ရန် အတန်တန် မှာကြားနေရခြင်းသည် မိမိ၏သမီးကိစ္စ နှင့်ပတ်သတ်နေမည်ကို လိုထင်ဆင့်နားလည် သဘောပေါက်ပြီး ဖြစ်ပေသည်။

ထိုစာကို ဖတ်မိခါမှ လိုထင်ဆင့်မှာ သမီးနှင့်ဇနီးကို သတိရလာမိသည်။ ဝမ်ကျင်မှာ နန်းတွင်း၌ ဩဇာတိက္ကမကြီးမားသူတစ်ယောက်ဖြစ်သဖြင့် တကယ်တမ်း အကျပ်ကိုင် အကြမ်းဖက်လာလျှင် သူသည် ဘာမျှ တတ်နိုင်တော့ မည်မဟုတ်ချေ။ ထို့ကြောင့် သမီးနှင့် ဇနီးသည်အတွက် မစိုးရိမ်စဖူးစိုးရိမ်သွားမိတော့သည်။

လိုထင်ဆင့်မှာ သမီးကလေးတစ်ယောက်တည်း သာရှိသဖြင့် သည်းအူပြတ်မျှ ချစ်ခင်ရပေသည်။ သမီးကလေးအားဘေးအန္တရာယ်ကျရောက်တော့မည့်ကိစ္စ ဆိုလျှင် မည်သည့်ကိစ္စမျှ မတွေးချင်ပေ။ ထို့ကြောင့် သက်ပြင်းရှည်ကြီးကို ချလိုက်ပြီးလျှင် ဖန်ရှုံအား မေးလိုက်မိသည်။

'ဝမ်ကျင်ကတော့ မင်းသခင်မကြီးနဲ့ သမီးကို အကောက်ကြံနေပြီ။ တို့ဘယ်လို ရင်ဆိုင်ကြရင်ကောင်းမလဲဆိုတာမင်းစဉ်းစားကြည့်စမ်းပါဦး'



ဖန်ရှုံမှာ လိုထင်ဆင့်နှင့် အတူနေခဲ့သည်မှာ ကြာမြင့်ခဲ့ပြီဖြစ်၍ လိုထင်ဆင့်က သူ့အား အမြဲတစေ ကျွဲသားလို သဘောထားကာ ဆွေးနွေးတိုင်ပင်တတ်၏။ လန်ကျုံကျူမှာ လိုထင်ဆင့်နှင့် သိခါစဖြစ်နေသဖြင့် ဘေးတွင်သာ ငြိမ်နေလိုက်သည်။ ဖန်ရှုံက တစ်ခဏမျှ စဉ်းစားပြီး အကြံပေးသည်။

'စိတ်ချလက်ချသာနေပါသခင်ကြီး၊ မမလေးကဉာဏ်ပညာထက်မြက်ပြီး လိမ္မာပါးနပ်ပါတယ်၊ ပြဿနာတော့ဖြစ်မယ်မထင်ပါဘူး။ ပြီးတော့ ရိုးမိသားစုနဲ့ကလဲ အိမ်နီးနားချင်းဖြစ်နေလို့ အကြောင်းတစ်စုံတစ်ရာ ဖြစ်လာရင် သူတို့ကလျစ်လျူရှုနေမှာမဟုတ်ပါဘူး။ ကျွန်တော့အထင် ပြောရရင်တော့ ဝမ်ကျင် ဘယ်လောက်ပဲ တောက်ကျစ် ကောက်ကျစ်မျက်နှာပျက်ရတဲ့အထိတော့လုပ်မယ်မထင်ပါဘူး။ အခုကိစ္စကလဲသူတစ်ပါးအတွက် လုပ်ပေးနေရတာမို့ သိပ်တော့ ဇွဲစိုက်စရာမလိုဘူးလို့ ထင်ပါတယ်'

လိုထင်ဆင့် ခေါင်းညိတ်ပြလိုက်သည်။

'သမီးနဲ့ အဖော်ရအောင် ကြည်စုကျွင်ကို မြို့မှာ ပို့ထားချင်တယ်၊ ဒီကိစ္စ ဘယ်သူတာဝန်ယူနိုင်သလဲ ဆိုတာ စဉ်းစားစမ်းပါဦးကွာ၊ မင်းကော သွားပို့နိုင်သလား'

'သခင်လေးကျွန်း ဒီရက်ပိုင်းအတွက် မြို့ကို သွားစရာရှိတယ်လို့ ကျွန်တော်ကြားရတယ်၊ သခင်ကြီး သူ့ကိုပို့မယ်ဆိုရင်တော့ အချိန်ကောင်းပဲ၊ ကျွန်တော် တစ်ယောက်ထဲနဲ့

ဒီတာဝန်ကြီးကို မယူရဲဘူး။ သခင်လေးကျန်းနဲ့အတူသွား ရမယ်ဆိုရင်တော့ ဘာပြဿနာမှ မရှိအောင် ကျွန်တော် တာဝန် ယူပါ့မယ်'

'ကောင်းပြီလေ'

လိုထင်ဆင့်က သဘောတူလိုက်ပြီးလျှင် ဖန်ရှုံနှင့် ကြည်စုကျွင်အား ပြုစုစောင့်ရှောက်ရန် အမျိုးသမီးအဖော် နှစ်ယောက်ကို ခေါ်ယူထည့်ပေးလိုက်၏။ လန်ကျုံကျူကိုမူ မြို့၌ သူနေစဉ် အတောအတွင်း သူ့အား စောင့်ရှောက်ပေးပါရန် မေတ္တာရပ်ခံသည်။ လန်ကျုံကျူကလည်း သဘောတူလိုက်သည်။

✻✻✻✻✻

## အခန်း (၁၁)
## လျှို့ဝှက်ကြံစည်သောမှုခင်းများ

ကြည်စုကျွင်သည် တောမြို့သူဘဝမှ အရာရှိကြီး တစ်ယောက်၏ မွေးစားသမီးဘဝသို့ ရောက်ကာ လွန်စွာငြိမ်းငြိမ်း ချမ်းချမ်းနေရ၏။ ထိုသို့နေရခြင်းကပင် သူမအတွက် ပျင်းရိငြီးငွေ့ စရာဖြစ်နေပေသည်။ ထို့ကြောင့် ခရီးထွက်ရမည်ဆိုသောအခါ သူမလွန်စွာ ဝမ်းသာမိတော့သည်။

တာ့ထုံမြို့မှ ထွက်လာခဲ့ရာ လမ်းတစ်လျှောက်တွင် မည်သည့်ပြဿနာမျှ မတွေ့ကြပေ။ စကားပြောစရာ ရှိလျှင် ဖန်ရှုံကို အမျိုးသမီးနှစ်ယောက်မှ တစ်ဆင့် ပြောကြားရပေသည်။ လမ်းတွင် လိုကတော်မိသားစု၏အကြောင်းကို တီးခေါက် မေးမြန်းလိုသော်လည်း အမျိုးသမီးအဖော်နှစ်ယောက်မှာ တာ့ထုံ မြို့မှ ငှားရမ်းလိုက်ပါလာခဲ့ခြင်းဖြစ်၍ လိုမိသားစု အကြောင်းကို ဘာမျှမသိရှိကြပေ။

ကြည်စုကျွင်သည် အားငယ်စိတ်လွှမ်းမိုးလာသဖြင့် ယခင်ကလို ပျော်ပျော်ရွှင်ရွှင် မရှိတော့ပေ။ သို့သော် မြို့သို့ ရောက်ပြီး လိုကတော်ကြီးနှင့်လည်းတောင်း၊ သမီးဖြစ်သူ

လိုစုရောင်နှင့်လည်းကောင်း တွေ့ဆုံမိသည့်အခါတွင်မူ သူမ စိုးရိမ်သလိုဖြစ်မလာပေ။ လိုကတော်ကြီးရော သမီးဖြစ်သူ လိုစုရောင်ပါ လွန်စွာ ပျူပျူငှာငှာ ရှိကြောင်း တွေ့ရှိရတော့သည်။

'မမကအခု တာ့ထုံကလာတယ်လို့ သိရပါတယ်။တာ့ထုံမှာ အခြေအနေကောင်းပါရဲ့လား၊ ဖေဖေကော နေထိုင်ကောင်းရဲ့ လားဟင်'

လိုစုရောင်က ကြည်စုကျွင်ကို နေရာထိုင်ခင်းပေးပြီး အခြေအနေမေးမြန်းစုံစမ်းသည်။ အိမ်ဖော်မလေး ရှောင်ကျင် ကိုလည်း စားဖွယ်သောက်ဖွယ်တို့ဖြင့် ဧည့်ခံစေသည်။ ကြည်စုကျွင်မှာ လွန်စွာ စိတ်သက်သာရာရသွားသည်။

'မမလေး ကျွန်မအပေါ် သိပ်ဖော်ရွေတာပဲနော်၊ ဖေဖေ နေကောင်းပါတယ်၊ အန္တရာယ်တွေနဲ့ ကြုံကြိုက်ခဲ့ရပေမယ့် ဘာမှပြဿနာမရှိပါဘူး၊ ဝမ်တိတ်ရှင် တစ်ယောက်တော့ သူ့အဖြစ်ဒဏ် သူခံသွားပြီးပါပြီ'

လိုစုရောင်ကကြားဖြတ်ကာ---

'ဖြည်းဖြည်းပြောပါ မမရယ်၊ မောနေပါ့မယ်၊ ကျွန်မကိုလဲ ညီမလေးလို့ခေါ်ပါ၊ မမလေးလို့ မခေါ်ပါနဲ့၊ နားထောင် လို့မကောင်းပါဘူး။ ခေါ်လဲမခေါ်သင့်ပါဘူး။

မှန်ပါသည်။ ကြည်စုကျွင်က လိုစုရောင်ထက် အနည်းငယ် အသက်ကြီးပါသည်။

ကြည်စုကျွင်က ခေါင်းညိတ်လိုက်ပြီး တွေ့ကြုံခဲ့ရသမျှ အဖြစ်အပျက်များကို အစအဆုံး ပြန်လည် ပြောပြလေတော့



သည်။ လိုစုရောင်သည် ကြည်စုကျွင်အား လွန်စွာလေးစား ခင်မင်သွားသည်။

'မမတာကယ့်ကို သတ္တိရှိတာပဲနော်၊ ထင်ဟုန်တာကို စကားအတိုက်အခံမပြောရတဲ့အပြင် ဝမ်တိတ်ရှင်ကိုတောင် ခံသတ်ရဲတယ်၊ အဲဒီတုန်းက မမ ကြောက်မနေဘူးလား'

ကြည်စုကျွင်မှာ ခင်မင်ရင်းနှီးလာသဖြင့် အနည်းငယ် ရဲတင်းပွင့်လင်းလာ၏။ လိုစုရောင်၏ အမေးစကားကို ပြုံးပြ လိုက်ပြီး ---

'အဲဒီတုန်းက ကြောက်ရမှန်းလန့်ရမှန်းလဲ မသိတော့ဘူး။ မုန်းတီးတာရယ်၊ နာကြည်းတာရယ် ပဲရှိတော့တယ်၊ အဲဒီတုန်းက မမမှာ အင်အားသိပ်မရှိလို့သာပေါ့၊ နို့မို့ရင် ဝမ်တိတ်ရှင် ကိုတောင် အသေသတ်ပစ်လိုက်ချင်ပါတယ်'

လိုစုရောင်က ကြည်စုကျွင်အား ဂရုတစိုက် ကြည့်လိုက်ပြီး

'ဟုတ်တယ်နော် ။ မမက တော်တော်လေး အားနည်း နေတာပဲ'

မှတ်ချက်ချကာ သနားကရုဏာသက်ဟန်ဖြင့် ဆက်ပြော ပြန်သည်။

'အဲဒီတုန်းက ကျွန်မနဲ့ မမ မသိကျွမ်းခဲ့လို့ပေါ့၊ ကျွန်မသာ မမနဲ့အတူရှိနေရင် ဗိုင်းပြီး သူ့ကို သတ်ပေးပါတယ်'

လိုစုရောင်က လေးလေးနက်နက် ပြောလိုက်ခြင်း ဖြစ်သော်လည်း ကြည်စုကျွင် စိတ်ထဲ ရယ်ချင်သလို ဖြစ်သွား သည်။

'ညီမလေး ပုံစံက ပျော့ပျော့ပျောင်းပျောင်းနဲ့၊ လေတိုးတာတောင်မှ ခံနိုင်ပါ့မလား ညီမလေးရယ်၊ မမကိုများ အားနည်းတယ်လို့ ပြောရသေးတယ်နော်'

လိုစုရောင်က ရုတ်တရက် ကောက်ကာငင်ကာ မေးလိုက်ပြန်သည်။

'မမကို ကျွန်မတစ်ခုမေးရဦးမယ်၊ မမမှာ တကယ်ကိုခွန်အားတွေရှိရင် လူတကယ် သတ်ရဲပါ့မလား'

ထိုအမေးစကားအတွက် ကြည်စုကျွင် မစဉ်းစားမိသဖြင့် အဖြေမပေးနိုင်အောင် ဖြစ်သွားရသည်။ တကယ်တမ်းတွင် သူမမှာ လူတစ်ယောက်ကို သတ်ဖို့ မပြောနဲ့ ကြက်တစ်ကောင်ကိုပင် ရဲရဲဝံ့ဝံ့သတ်ဝံ့သူ တစ်ဦးမဟုတ်ပေ။ ထို့ကြောင့် အရှက်ပြေကလေး ရယ်မောလိုက်ပြီး-----

'သာမန်အချိန်မှာဆိုရင်တော့ မမတကယ်ပဲ ကြောက်ပါတယ်။ လူမသတ်ရဲပါဘူး။ ဒါပေမယ့် အဲဒီအချိန်တုန်း ကတော့ မမစိတ်ထဲမှာ မုန်းတီးတာရယ်၊ နာကြည်းတာရယ်ပဲ ရှိနေတယ်။ ဝမ်တိတ်ရှင်ကို အဲဒီ အချိန်မှာ အဲဒီစိတ်နဲ့ဆိုရင် သတ်ရဲတယ်။

ကြည်စုကျွင်၏ အဖြေစကားကို ကြားရသောအခါ လိုစုရောင် အားရကျေနပ်သွားသည်။ သူမကိုယ်တိုင်ပင် ထိုစိတ်ဓာတ်မျိုးရှိနေသည် မဟုတ်ပါလား။ နှစ်ယောက်သား စကားပြောရင်းဆိုရင်း တကယ့်ညီအစ်မရင်းအချာများကဲ့သို့ ချစ်ခင် ရင်းနှီးသွားကြပေသည်။ လိုကတော်ကြီးမှာလည်း ကြည်စုကျွင်အပေါ်တွင် သမီးရင်းတစ်ယောက် ပမာချစ်ခင်



ကြင်နာမှုပေးသည်။

လိုကတော်ကြီးနှင့်လိုစုရောင်တို့က ကြည်စုကျွင် အတွက် အခန်းတစ်ခန်းပေးသည်။သန့်ရှင်းသပ်ရပ်သော အခန်းဖြစ်ပြီး မိန်းကလေးတစ်ဦးအတွက် လိုအပ်သော အသုံးအဆောင် ပစ္စည်းမျှ ရွေ့ထားပေးသည်။

အချိန်တို့ တဖြည်းဖြည်း ကုန်ဆုံးလာသည်။ ကြည်စုကျွင်သည်လည်း လိုထင်ဆင့်မိသားစုတွင် အသားကျလာသည်။ လိုစုရောင်သည် သူမနှင့်တစ်ခန်းတည်းတွင် အတူတကွမနေသည်ကလွဲ၍ ညီအစ်မအရင်းပမာ ရင်းနှီးဖော်ရွေစွာ ဆက်ဆံသည်။ နေ့ဘက် နေ့ဘက်တွင်မူ ကြည်စုကျွင်ကို သူမအခန်းထဲသို့ခေါ်ကာ စောင်းတီးပြတတ်ပေသည်။

ရှင်ရှောင်နှစ်သစ်ကူးပွဲတော်ရက်သို့ ရောက်လာခဲ့သည်။ ကျင်းစူးမြို့ကလေးမှာ ဤနှစ်ကူးပွဲတော်ကို စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိပေသည်။ မြို့သူ မြို့သားတိုင်းပင် ထိုနှစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲလေ့ရှိကြပေသည်။ ထိုအချိန်တွင် လိုမိသားစု ဝေဟာ၌ ထူးဆန်းသောကိစ္စတစ်ရပ် ဖြစ်ပွားခဲ့ပေသည်။ ဤအဖြစ်မျိုးကား နှစ်ကြိမ်နှစ်ခါ ဖြစ်ခဲ့ဖူးပြီး ယခုတစ်ကြိမ်မှာ တတိယအကြိမ်မြောက် ဖြစ်ပွားခြင်းပေတည်း။

အချိန်က ညဉ့်သန်းခေါင်။ လိုကတော်နှင့် ကြည်စုကျွင်တို့မှာ မိမိတို့အိမ်ရာအသီးသီး၌ အိပ်စက် အနားယူနေကြပြီ။ အိမ်ထဲ၌ မီးရောင်ကလည်းပျပျကလေးမျှမရှိ။ ထိုအချိန်တွင် လူနှစ်ယောက် ဓားနှင့်လှံကို ကျောပြင်ထက်တွင် လွယ်ပိုးကာ

အဝေးမှ ရောက်ရှိလာ၏။

လိုမီသားစုအိမ်နောက်သို့ ရောက်သည်နှင့် ပတ်ဝန်းကျင်ကို အကဲခတ် အချင်းချင်းတီးတိုးတိုင်ပင်ပြီး အိမ်ပေါ်သို့ ခုန်တက်လိုက်ကြသည်။ တစ်ယောက်က အိမ်ခေါင်မိုးထက်တွင် အခြေအနေကို စောင့်ကြည့်နေ၏။ ကျန်တစ်ယောက်ကမူ အိမ်အောက်သို့ ဆင်းသွား၏။ မည်သို့ပြုမူ ဆောင်ရွက်နေသည်ကို မသိရပေ။

အချိန်က တဖြည်းဖြည်း ကုန်ဆုံးလာသလို အအေးဓာတ်ကလည်း မေးဖျားရိုက်မျှ ခိုက်ခိုက်တုန် ပြင်းထန်လာသည်၊ ပတ်ဝန်းကျင်တစ်ခုလုံးကလည်း တိတ်ဆိတ်ငြိမ်သက်လွန်းနေ၏၊ အိမ်အောက်သို့ ဆင်းသွားသူသည် ညာဘက်လက်တွင်ဓားရှည်ဆုပ်ကိုင်ကာ ရှေ့သို့ တစ်လှမ်းချင်း တိုးလာခဲ့သည်။ တစ်နေရာသို့ အရောက်တွင် သူ့လည်ပင်း၌ အေးခနဲဖြစ်သွားသဖြင့် လန့်ဖျပ်ကာ ဝပ်ချလိုက်ပြီး ဓားဖြင့် ခုတ်ချလိုက်မိသည်။

'ရွှမ်း'

လေကိုသာ ခုတ်မိလိုက်သည်။ မည်သည့်ရန်သူမျှ မတွေ့ရပေ။ သူအနည်းငယ် ထိတ်လန့်တုန်လှုပ် သွားသည်။ နံရံကိုကျောဖြင့်ကပ်ကာ ထူးခြားမှုတစ်စုံ တစ်ရာကို တွေ့လေမလားဟူသော စိတ်ဖြင့် အမှောင်ထဲတွင် စူးရဲစွာ ရှာဖွေကြည့်မိသည်၊

ဘာမျှ ထူးခြားမှုမရှိသဖြင့် ရှေ့သို့ ဆက်လှမ်းခဲ့ပြန်သည်၊ သူ့ခြေလှမ်းများက လိုမီသားစုဂေဟာ အခန်းဖွဲ့စည်းမှုကို သိထားသယောင်ပင်။ သူသည် အခန်းတစ်ခန်း၏ တံခါးကို



အနီးကပ်နားစွင့်ပြန်သည်။ ဘာသံမျှ မကြားရပေ။

'ဟူး'

ထိုအချိန်မှာပင် လေအေးတစ်ချက်က သူ့လည်ပင်းကို တိုက်ခတ်လာပြန်သည်။ သည်တစ်ခါ တော့ သူမည်သို့မျှ တုန်လှုပ်ခြင်း မဖြစ်မိချေ။ သို့သော် နံရံတွင်မူ ကပ်နေမိသည်။

အိမ်အမိုးပေါ်၌ စောင့်ဆိုင်းကြည့်ရှုနေသူမှာလည်း အောက်မှလူကြာမြင့်လှပြီဖြစ်၍ စိတ်ထဲတွင် စိုးရိမ်လာသည်။ အသံကလည်း မပေးရဲ၊ အိမ်အောက်သို့လည်း မဆင်းဝံ့ဘဲ ဖြစ်နေသည်။ ထို့ကြောင့် ခေါင်မိုးပေါ်၌ပင် ထိတ်ထိတ်လန့်လန့် စောင့်ဆိုင်းနေရသည်။

နောက်ဆုံးတွင် စိတ်မရှည်တော့ဘဲ အိမ်ခေါင်မိုးကိုလက်ဖြင့် သုံးချက်ခေါက်ကာ အချက်ပေးလိုက်မိသည်။

' ခေါက် --- ခေါက် ---- ခေါက်'

အောက်မှလူမှာ ထိုအချက်ပေးသံကိုကြားသော်လည်း လိုကတော်၏ အခန်းရှေ့တွင် ရောက်ရှိနေသဖြင့် ပြန်လှန်၍ အချက်မပေးရဲချေ။ အပေါ်ထပ်မှ လူသည် အောက်ထပ်ရှိ လူထံမှ တုံ့ပြန်သံမကြားရသဖြင့် ပို၍ စိတ်ပူလာသည်။

ထိုစဉ် တစ်ဘက်အိမ်ဆီမှ အရိပ်မည်းတစ်ရိပ် ရုတ်တရက်ထွက်ပေါ်လာပြီး လျှပ်တစ်ပြတ်အတွင်း မှာပင်ပျောက်ကွယ်သွားခဲ့သည်။

လိုမီသားစုဂေဟာ၏ တစ်ဘက်အိမ်မှာ ထိုအချိန်က ကျန်ရှိဟော်နန်ရှင်ဝူ ဖြစ်သည့် ရှီးကျင်း၏ နေအိမ် ဖြစ်ပေသည်။

ရီးကျင်းမှာလည်း အရာရှိကြီး တစ်ယောက်ဖြစ်သကဲ့သို့ ဩဇာ တိက္ကမနှင့် ပြည့်စုံလှသည်။ ထို့ကြောင့် တော်ရုံလူသည် ကျူးကျော် စော်ကားဝံ့ခြင်း မရှိပေ။ အိမ်ခေါင်မိုးပေါ် တက်နေသူမှာ ထိုလူရိပ်ကို မည်သူမည်ဝါမှန်း မသိလိုက်ရ၍ နည်းနည်းမျှ မလှုပ်ရဲချေ။ သူ့ခေါင်းထဲတွင်မူ လွန်စွာ စိုးရိမ်ပူပန်လျက် ရှိနေလေပြီ။

ထိုစဉ် သူ့နောက်ကျောဘက်တွင် ရှတ်တရက် လေအေး တစ်ချက်တိုက်ခတ်သွားသည်။ ကိုယ်ကို လူးလိမ့်ရှောင်တိမ်းရင်း နောက်သို့ လှည့်ကြည့်လိုက်၏။ မြင်ရသော ဒိုင်ကွင်းက သူ့ကိုလိပ်ပြာ လွင့်စဉ်သွားလုမတတ် ထိတ်လန့်တုန်လှုပ် သွားစေ တော့သည်။ ကျောပြင်ထက်မှ ဓားကို ဆွဲတုတ်ရ ဟန်ပြင် လိုက်၏။ အချိန်မမီတော့။ သူ့နောက်တွင် ထောင်ထောင် မောင်းမောင်း လူတစ်ယောက် ရောက်ရှိနေခဲ့ချေပြီ။

သူဝဲလက်ကို ပတ်ဝိုက်ပြီး ညာလက်ဖြင့် ရိုက်ချက် တစ်ချက်ထုတ်လွှတ်လိုက်သည်။ နောက်ရောက်လာသူက ထိုရိုက်ချက်ကို မရှောင်တိမ်းချေ။ ခေါင်မိုးပေါ် တွင် ဝပ်နေသူ၏ ရိုက်ချက်အားပြင်းထန်လွန်းသောကြောင့် ထိုသူမှာ ခေါင်မိုးပေါ် တွင် ဒိုင်းခနဲ လဲပြိုကျသွား ရလေတော့သည်။ အဘယ့်ကြောင့် ဆိုသော် ရိုက်ချ လိုက်မိသူမှာ အောက်ထပ်သို့ ဆင်းသွားသော သူ့ အဖော် ဖြစ်နေသည်ကို သိလိုက်ရသောကြောင့်ပေတည်း။

ခေါင်မိုးပေါ်တွင် ဝပ်နေသူသည် သူ့အဖော်အလောင်းကို ပွေ့ယူကာ ခေါင်မိုးပေါ်တွင် ကိုယ်ဖော့ပြေးလွှားသွား၏။



ကိုယ်ဖော့ပညာအား လွန်စွာ ကောင်းမွန်လှ၏။ လိုမိသားစု ဂေဟာ၏ အိမ်ခေါင်မိုးပေါ်မှ ပြေးထွက်လွတ်မြောက်လာပြီး စိတ်ချရသည့် နေရာသို့အရောက်တွင် အဖော်အလောင်းကို အောက်သို့ ခဏချကာ အနားယူ ဟန်ပြင်လိုက်သည်။ ထိုစဉ်မှာပင် စူးရှအေးစက်သော ရယ်သံတစ်သံကို ကြားလိုက်ရ တော့သည်။

'ဟဲ --- ဟဲ --- ဟဲ'

ရယ်သံက သူ့ရှေ့ဘက်ကလိုလို၊ နောက်ဘက်က လိုလိုဖြစ်နေသဖြင့် ဟိုဟိုဒီဒီ လှည့်ကြည့်လိုက်သည်။ထိုစဉ် သူ့လည်ပင်း၌ အေးခနဲဖြစ်သွား၏။ အောက်သို့ ငုံ့ကြည့်လိုက်ရာ သူ့အဖော်အလောင်းကောင် ပျောက်ဆုံးနေသည်ကို အံ့ဩ ဖွယ်ရာ တွေ့ရှိရပြန်သည်။

'ဖြန်း ---- ဖြန်း'

သူ့အကြီးအကျယ် ထိတ်လန့်ချောက်ချားနေစဉ် မှာပင် နားရင်းနှစ်ဘက်စလုံး ပူထူသွားပြီး နောက်ကျော၌ စူးရှသော ဝေဒနာတစ်ရပ်ကို ခံစားလိုက်ရသည်။ သူအော်မည်ကြံ သော်လည်းအသံမထွက်နိုင်တော့ပေ။ နောက်ဆုံးသူသည် သူ့အဖော်နောက်သို့လိုက်ပြီး သေဆုံးသွားရရှာလေတော့၏။

*****

## အခန်း (၁၂)

## ဒုက္ခဖြင့်ရောက်လာသော ဧည့်သည်

ကြည်စုကျွင်သည် မနက်မိုးလင်းသည်နှင့် တံခါးကို ဖွင့်ကြည့်လိုက်ရာ ရင်ထိုးကလေးတစ်ခုကို တွေ့လိုက်ရသဖြင့် ကောက်ယူပြီး လိုကတော်ကို ပြသကြည့်သည်။ လိုကတော်မှာ ထိုရင်ထိုးကလေးကို တွေ့လိုက်ရာတွင် မျက်နှာပျက် သွားသည်။ ကြည်စုကျွင် ကိုလည်း အကျိုးအကြောင်းမေးမြန် သည်။ ထို့နောက် ရင်ထိုးကို ဖျက်ပစ်ခိုင်းပြီး ဤအကြောင်းအရာ များကို မည်သူ့ကိုမျှ မပြောရန် တားမြစ်ထားလိုက်သည်။ လိုစုရောင်ကို ထိုကိစ္စနှင့် ပတ်သတ်၍ အသိမပေးခဲ့ကြပေ။

ကြည်စုကျွင် စိတ်ထဲတွင် ညကရောက်ရှိလာသူမှာ လိုစုရောင်နှင့် ပတ်သတ်နေလိမ့်မည်ဟု သံသယ ဖြစ်နေမိသည်။ ထုတ်ဖော်ပြော၍ မသင့်သောကြောင့်သာ ရေငုံနှုတ်ပိတ်နေရခြင်း ဖြစ်ပေလိမ့်မည်။ နေ့လယ်ချိန်တွင် ရှီးကျင်း၏ အိမ်မှ လူတစ်ယောက်က လိုကတော်နှင့် လိုစုရောင် တို့ကိုထမင်းစား လာဖိတ်သည်။ ထိုနှစ်အိမ်မှာ တစ်အိမ်နှင့်တစ်အိမ် ချစ်ကြည် ရင်းနှီးကာ သွားလာဆက်ဆံမှုရှိကြပေသည်။



ထမင်းဝိုင်းတွင် ရှီးကတော်က သတင်းထူးတစ်ခု ပေးသည်။ မနက်အရုဏ်မတိုင်မီက အိမ်ကိုလူကပ်ကြောင်း၊ မနက်ပိုင်းတွင် ကျိုမျိုးနွယ်အိမ်ရှေ့မှ အလောင်းနှစ်လောင်း တွေ့ရှိရကြောင်း၊ ထိုအလောင်း နှစ်လောင်းမှာ ကျိုမျိုးနွယ်အိမ်မှ လူများ ဖြစ်နေကြောင်း ပြောပြ၏။

'ဒီကိစ္စက ထူးဆန်းမနေဘူးလား၊ လိုကတော် ကျိုမျိုးနွယ် အိမ်ကလူတွေဟာ ဝမ်ကျင်နဲ့ တစ်ကျိတ် တည်း တစ်ဉာဏ်တည်း သမားတွေ ဝမ်ကျင်ရဲ့ အရှိန်အဝါယူပြီးထင်တိုင်းကြနေကြတာ၊ သူတို့ဆီက သိုင်းသမားတွေ ဆိုတာကလဲ ကြေးစားတွေ ဒီလိုအိမ်မျိုးကို ဘယ်သူကသွားပြီး စော်ကားရန်စရဲမှာလဲ၊ လိုကတော် မှတ်မိသေးလား မသိဘူး၊ လွန်ခဲ့တဲ့လကလဲ ဒီလိုကိစ္စမျိုး ဖြစ်ခဲ့ဖူးသေးတယ်လေ။ လိုကတော်မှာ စိတ်မပါ လက်မပါ ခေါင်းညိတ်ပြလိုက်သည်။ မည်သည့် ထင်မြင် ချက်ကိုမျှ မပေးပေ။ ရှီးကတော်မှာ အစက သတိမထား မိသော်လည်း အတန်ကြာစကားပြောပြီးမှ လိုကတော် တို့သားအမိ နှုတ်ဆိတ်နေကြသည်ကို သတိထားမိသည်။ စားသောက်ပြီးသောအခါ လိုကတော်က ဖုံးကွယ်မနေတော့ဘဲ မနက်ပိုင်း သူမ၏ အိမ်ရှေ့တွင် ကျိုမျိုးနွယ်အိမ်မှ ရင်ထိုးတစ်ခု ကို ကြည်စုကျွင် ကောက်ရသည့်အကြောင်း ပြောပြလိုက်သည်။ ရှီးကတော်သည် တစ်ခဏမျှ စဉ်းစားလိုက်ပြီးမှ-

'ဒီကိစ္စက ပေါ့သေးသေးမဟုတ်ဘူးလို့ထင်တယ် လိုကတော်၊ အရင်နှစ်ကြိမ်နှစ်ခါလဲ လိုကတော်တို့အိမ်မှာ

ဖြစ်ခဲ့တယ်ဆိုတော့ စုရောင်ရဲ့ မင်္ဂလာကိစ္စနဲ့ ဆက်စပ်မှုရှိနေလိမ့်မယ်တူတယ်'

လိုကတော်မှာ သိပ်တုန်လှုပ်မှုတော့မဖြစ်ပေ။ ရီးကတော်က ဆက်ပြောနေပြန်သည်။

'လွန်ခဲ့တဲ့ နှစ်ဦးပိုင်းက ကျိုမျိုးနွယ်တွေဟာ ဝမ်ကျင်ရဲ့ အရှိန်အဝါယူ ဦးဆောင်ပြီး စုရောင်ကို လာတောင်းခိုင်းသေးတယ်မဟုတ်လား၊ အဲဒီတုန်းက ငြင်းလိုက်ပေမယ့် သူတို့ လေးငါးခါလောက် ရမယ်ရှာ နှောင့်ယှက်ခဲ့သေးတယ် မဟုတ်လား၊ အခုတစ်ခါ ထပ်ဖြစ်ပြန်ပြီဆိုတော့ ဒီကိစ္စကို သတိမထားလို့ မဖြစ်တော့ဘူး၊ အမှန်အတိုင်း ပြောရမယ်ဆိုရင်တော့ စုရောင်လဲ အသက်ဆယ့်ရှစ်နှစ်ရှိပြီပဲ၊ သူ့အတွက် စဉ်းစားပေးဖို့ သင့်နေပါပြီ အခုတလော နေပြည်တော် မှာလဲထူးဆန်းတဲ့ အမှုအခင်းတွေ ဖြစ်ပေါ်နေတယ်၊ ကျွန်မရှင့်ကို ဖျောင်းဖျနေတာ အကြိမ်မနည်းတော့ဘူး၊ သိုင်းပညာ အဆင့်မြင့်တဲ့ပုဂ္ဂိုလ်တွေကို အကူအညီတောင်းကြည့်ပါလား'

လိုကတော် သက်ပြင်းချလိုက်သည်။

'ရီးကတော်လဲ သိသားပဲ၊ ကျွန်မတို့တစ်အိမ်လုံးမှာ ဘဏ္ဍာစိုးကြီးတစ်ယောက်ကလွဲလို့ အားလုံး မိန်းမသားတွေချည်းပဲ၊ သိုင်းဆရာငှားမယ်ဆိုရင် ဘယ်လိုလုပ် အဆင်ပြေနိုင်ပါ့မလဲ၊ နောက်ပြီး ကျွန်မတို့မှာက အဆက်အသွယ်လဲမရှိဘူး၊ စိတ်လဲ မချနိုင်ဘူး၊ ငှားမိတဲ့လူက သိုင်းပညာအဆင့်မမြင့်ဘဲ ညာစားရုံ သက်သက်ဆိုရင် တော်သေးရဲ့၊ မရိုးသားတဲ့ လူဆိုး



ဓားပြတစ်ယောက်ကို ငှားမိရင် ဆေးအတွက်ကြောင့် ပိုလေးနေရဦးမယ်၊ ဘယ်လိုစဉ်းစား စဉ်းစား ကျွန်မတော့ မငှားရဲပါဘူးရှင်၊ အမျိုးသမီးကြီးနှစ်ယောက်မှာ အတွေးထဲတွင် နစ်မျောနေကြ၏။ အတန်ကြာထိ တိတ်ဆိတ်နေပြီးမှ လိုကတော်က -

'ဒါနဲ့ ကျန်းလို့ကော နေကောင်းရဲ့လား၊ ခုတလော သူ့သတင်း ဘာများကြားရသေးသလဲ'

'ပြီးခဲ့တဲ့ နှစ်ရက်လောက်က လူကြုံနဲ့ သတင်းပါးလိုက်တယ်လေ၊ သူနေထိုင်ကောင်းပါတယ် တဲ့'

လိုကတော်က ညည်းညည်းညူညူ လေသံလေး ဖြင့် --

'စုရောင်က မိန်းကလေးတစ်ယောက် ဖြစ်နေတာကို ကျွန်မစိတ်ထဲမှာ သိပ်နှမြောမိတာပဲရှင်၊ သူသာ ယောက်ျားလေးတစ်ယောက်ဖြစ်နေရင် အဝေးတစ်နေရာကို ပို့ထားမိမှာပဲ'

ရီးကတော် ခေါင်းညိတ်ပြလိုက်၏။

လိုကတော်က စကားကို ဆက်ပြောပြန်သည်။

'ရှင့်စကားကို နားထောင်ခဲ့လို့ တော်သေးတာပေါ့၊ သူသာ အားစင်ကို မခွဲနိုင်ဘူးဆိုရင် အခုလောက်ထိ အသက်ရှင်မှာတောင် မဟုတ်တော့ဘူး၊ အခု အားစင် ဘယ်ရောက်နေလဲ မသိဘူးနော်၊ အိမ်ကကိစ္စတွေကိုရော သိရဲ့လား မသိဘူး'

'သားတစ်ယောက် မွေးရတာ ကျားတစ်ကောင် ထိန်းရသလိုပဲလို့ ရှေးကစကားဆို ရှိတယ်မဟုတ်လား၊ အခုလိုဝမ်ကျင်တို့ ကြီးစိုးနေတဲ့အချိန်မှာ အဆိုးအကောင်း ရွေးနေလို့မရတော့ဘူး၊ ကျွန်မသာ အစောကြီး ကတည်းက ဒီလောက်အခြေအနေ

ဆိုးမယ်မှန်းသိရင် နေပြည်တော်ကို မလာတော့ပါဘူး'

ရိုးကတော်က ပြုံးပြုံးရယ်ရယ်ဖြင့် စကားဆက် ပြောပြန်သည်။

'လွန်ခဲ့တဲ့ ခြောက်နှစ်လောက်က အားစင်ဟာ ဆရာတစ်ယောက်ဆီမှာ တပည့်ခံတယ်လို့ ကြားရတယ်၊ အဲဒီကတည်းက စာပေပညာကို စွန့်လွှတ်ပြီး သိုင်းပညာကို သဲကြီးမဲကြီး လေ့ကျင့်နေခဲ့သတဲ့၊အခုတော့ သူဘယ်ကို ရောက်နေမှန်း တောင်မသိတော့ပါဘူးရှင်'

'ကောင်းပါတယ်လေ၊ အခုအချိန်မှာ သိုင်းပညာ တတ်ထားတဲ့လူတွေ ကောင်းစားနေကြတာပါပဲ၊ ဒါနဲ့ ကျန်းလိုကော စာပေပညာကိုပဲ သင်နေသလား၊ သိုင်းပညာကို မသင်ဘူးလား'

'ကျွန်မလဲ မသိပါဘူးရှင်'

နှစ်ယောက်သား ထွေရာလေးပါးစကားများ ပြောပြီး လူချင်းခွဲလိုက်ကြသည်။ အိမ်သို့ပြန်ရောက်သောအခါ ကြည်စုကျွင်က လိုကတော်အား အားစင်ဆိုသူ မည်သူဖြစ်ကြောင်း မေးမြန်းကြည့်သည်။ လိုကတော်က သက်ပြင်းလေးချလိုက်ပြီး အားစင်၏ ဘဝဇာတ်ကြောင်းကို ကြည်စုကျွင်အား ပြောပြလေသည်။

အားစင်မှာ လုမျိုးနွယ်ဖြစ်၏။ နေပြည်တော်မှ မင်းမှုထမ်းအရာရှိလုချျ၏ တစ်ဦးတည်းသော သားဖြစ်၏။ လုချျမှာ ဘုရင်မင်းမြတ်အပေါ်တွင် သစ္စာစောင့်သိသူတစ်ဦး ဖြစ်သော်လည်း ဝမ်ကျင်၏ လုပ်ရပ်များကိုတော့ နှစ်မြို့က်ခြင်း မရှိပေ။

ထို့ကြောင့် ဝမ်ကျင်နှင့် သူ့ဂိုဏ်းသားများမှာ အကြံအစည်များကို ဖော်ထုတ်ရန် ဆုံးဖြတ်ခဲ့သည်။ သို့သော် သူ့အရှိန်အဝါက ဝမ်ကျင်၏ ဩဇာတိက္ကမကို မလွှမ်းမိုးနိုင်သဖြင့် ဝမ်ကျင်၏ လက်ဦးမှုကို ခံရကာ မမှန်ကန်သော ပြစ်ဒဏ်ဖြင့် ထောင်ထဲတွင်ပင် အသတ်ခံလိုက်ရတော့သည်။

ဝမ်ကျင်သည် အစပထမက လုချျကို စည်းရုံးခဲ့သူ ဖြစ်၏။ လုချျက လက်မခံသဖြင့် စိတ်ထဲတွင် အငြိုးအတေးထားလိုက်သည်။ နောက်ပိုင်းတွင် လုချျက အုပ်ချုပ်မှုအခန်းကဏ္ဍကို ပြုပြင်ပြောင်းလဲရန် အကြံပေးတင်ပြလာသည့်အတွက် ဝမ်ကျင်မှာ ပိုမိုဒေါသထွက်လာရခြင်းဖြစ်ပေသည်။

လုချျ၏ အုပ်ချုပ်မှုအခန်းကဏ္ဍကို ပြုပြင်ပြောင်းလဲရန် အကြံပေးတင်ပြချက်တွင် ဝါချပ်သံတမန် လူဦးရေများပြားနေသည့်အတွက် အကောက်ကြံမှုများ ဖြစ်ပေါ်လာနိုင်သည်။ နန်းတွင်း၌ အခြေအနေများ ထိန်းသိမ်းပြင်ဆင်ထားဖို့ လိုသည်။ နေပြည်တော်၏ ဆင်ခြေဖုံးဒေသများနှင့် နယ်စပ်ဒေသများကို အထူး အရာရှိများ စေလွှတ်စစ်ဆေးသင့်သည်။ စစ်သည်များကိုလည်း အချိန်မီ စုဆောင်းရွေးချယ် လေ့ကျင့်ပေးသင့်သည်။ လယ်ယာများကို တိုးချဲ့ စိုက်ပျိုးပြီး ဥပဒေကိုလည်း ပြန်လည်ပြုပြင် မွမ်းမံသင့်သည်။ ရိက္ခာများ စုဆောင်းကာ တိုင်းပြည်၏ကာကွယ်ရေး အင်အားဖြည့်တင်းထားပါမှ တိုင်းတစ်ပါး၏ ကျူးကျော်မှုကို ကာကွယ်နိုင်မည်ဟူ၍ဖြစ်ပေသည်။

လုချူ၏ တင်ပြချက်များက လျော်ကန်သင့်မြတ် လှပေသည်။ သို့သော် ဝမ်ကျင်မှာ ဝါချက်တို့နှင့် တိတ်တဆိတ်ဆက်သွယ်နေသူဖြစ်၍ လုချူ၏ တင်ပြချက်ကို လုံးဝ လက်မခံနိုင်ပေ။ ရင်ကျူးဘုရင်သည် အပျော်အပါး စည်းစိမ်များထဲတွင် နစ်မျောနေပြီး အုပ်ချုပ်မှုတိုင်းရေး ပြည်ရာကို ဂရုမစိုက်ပေ။ လုချူတင်ပြချက်တို့သာ လက်ခံခဲ့ပါလျှင် ဝါချပ်တို့ကို ရှုံးနိမ့်မည်မဟုတ်သလို ရန်သူ၏ဖမ်းဆီးခြင်းကိုလည်း ခံရမည်မဟုတ်ပေ။

ဝမ်ကျင်မှာ လုချူကိုသတ်ပြီးသည့်တိုင် မိမိ စိတ်ထဲတွင် မကျေနပ်နိုင်သေး။ အရပ်ရပ်ရှိ သူ့ လက်အောက်ငယ်သားများအား လုချူ၏ သားကို တိတ်တဆိတ် စုံစမ်းလုပ်ကြံသတ်ဖြတ်ပစ်ရန် စေခိုင်းလိုက်သည်။ သို့သော် ရီးကတော်၏ အကြံပေးချက်အရ လုစင် (အားစင်) မှာမည်သည့်နေရာသို့ ရောက်ရှိနေမှန်း မသိသဖြင့် ဝမ်ကျင်မှာ လုစင် (အားစင်)ကို လက်စဖျောက်ရန် မတတ်နိုင်ဘဲရှိခဲ့ရပေသည်။

လိုကတော်က အားစင်(လုစင်)အကြောင်း ပြောပြီးနောက် ရီးကတော်၏ သားကျန်းလို့ အကြောင်းကို ထပ်မံဖြည့်စွက်ပြောကြား၏ ရီးကတော် မှာ အမြော်အမြင် ရှိသူတစ်ယောက်ဖြစ်သဖြင့် လုချူလုပ်ကြံသတ်ဖြတ်ခံရသည်နှင့် တစ်ပြိုင်နက် သားဖြစ်သူ ကျန်းလို့အား နေပြည်တော်နှင့် ဝေးရာအရပ်မှ စိတ်ချရ မည့်သူတစ်ဦးထံ၌ အပ်နှံထားလိုက် ရပေသည်။ အဘယ့်ကြောင့်ဆိုသော် သူ့ခင်ပွန်းကိုယ်တိုင် ဝမ်ကျင်၏



အတိုက်အခံ ဖြစ်နေသောကြောင့်တည်း။

ကြည်စုကျွင်မှာ လိုကတော်၏စကားများကို နားထောင်ပြီး သူ့ဖခင်သေဆုံးရခြင်းကိစ္စမှာ အသေးအဖွဲ့သာဖြစ်ကြောင်း သိရှိခွင့်ရလာသည်။ အဘယ့်ကြောင့်ဆိုသော် လုချူနှင့် ရီးကျူးတို့လို သြဇာတိက္ကမ ရှိသူများပင် ဝမ်ကျင်၏ လုပ်ကြံခြင်းကို ခံရလျှင် မိမိ၏ ဖခင်ကဲ့သို့ သြဇာအာဏာမရှိသူမျိုးမှာ ပို၍ပင် လုပ်ကြံခံရနိုင်သည် မဟုတ်ပါလား။ ဆန်းသောကိစ္စ မဟုတ်တော့ပါပေ။

လိုကတော်မှာ ထိုအကြောင်းများကို ယခင်က သမီးဖြစ်သူ လိုစုရောင်ကိုပင် ထုတ်ဖော်ပြောကြားခြင်းမပြုခဲ့ပေ။ ယခု ကြည်စုကျွင် မေးမြန်းလာသောအခါမှ ကြည်စုကျွင်ရော လိုစုရောင်ရှေ့တွင်ပါ ထုတ်ဖော် ပြောကြားလိုက်ခြင်းဖြစ်ပေသည်။

လိုစုရောင်သည် မျက်နှာရှုံ့မဲ့ကာပင် ဝင်ပြောလာလေ၏။

'သမီး လုစင် မဟုတ်တာခက်တာပဲ၊ တကယ်လို့ သမီး လုစင်ဖြစ်ခဲ့ရင် သမီးကတော့ ရှောင်ပြေးမှာမဟုတ်ဘူး။ အထက်ကို စာတင်ပြီး ဝမ်ကျင်နဲ့ အတိုက်အခံလုပ်မှာပဲ'

လိုကတော်မှာ ထိုစကားကြောင့် မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ စိုးရိမ်သွားသည်။

'တွေ့ကရာတွေ လျှောက်ပြောမနေနဲ့၊ ဝမ်ကျင်သာ ကြားသွားရင် ညည်းအမေ ဒုက္ခတွေနေဦးမယ်၊ ညည်း ဒီလိုစည်းမရှိကမ်းမရှိစကားတွေ လျှောက်ပြောတတ်လွန်းလို့ ညည်းကို

ဘာအကြောင်းမှ ပြောမပြရဲတာ'

လိုစုရောင်က ခပ်ပေါ့ပေါ့တန်တန်ပင် ----

'မမေကလဲ၊ ဘာကြောင့်ကစရာရှိသလဲ၊ ဒီနေရာမှာ သူ့စိမ်း ရှိတာမှ မဟုတ်ကာ၊ သမီး ဒီနေရာက ကျိန်ဆဲနေရင်တောင် သူသိမှာမဟုတ်ဘူး၊ မမေက သူ့ကို ကြောက်နေလို့လား၊ သမီးကတော့ သူ့ကိုမကြောက်ပေါင်'

လိုကတော်မှာ သမီးဖြစ်သူက သူ့စကားနားမထောင်ဘဲ ပြက်ရယ်ပြုသလိုပြောနေသဖြင့် စိတ်ထဲတွင် မကျေမနပ်ဖြစ်ကာ ရှောင်ကျင်ကို အသားလွတ်မာန်မဲတော့သည်။ ရှောင်ကျင်မှာ လိုစုရောင်နှင့် အမြဲထာဝရအတူနေသူဖြစ်ပြီး လိုစုရောင်ကလည်း သူမအပေါ် ချစ်ခင်သံယောဇဉ်ရှိနေသူဖြစ်၍ လိုကတော်ကို ကြောက်ရွံ့သူမဟုတ်ပါပေ။

လိုကတော်က မာန်မဲနေသည့်တိုင် သူမ၏ မမလေး လိုစုရောင်ကဲ့သို့ပင် ရယ်မြူရယ်နေ၏။ ကြည်စုကျွင် ဟန့်တားလိုက်မှ အရယ်ရပ်သွားသည်။

လိုကတော်က ကြည်စုကျွင်အား ---

'သမီးကတော့ လိမ္မာရေးခြားရှိပါပေတယ်ကွယ်၊ စုရောင်ကတော့ ငါ့ကို စိတ်ဆိုးအောင် စဖို့ပဲတတ်တယ်ဟေ့'

လိုစုရောင်က နှုတ်ခမ်းကလေးစူလိုက်ပြီး ---

'မမေ့ကိုသမီး စိတ်ဆိုးအောင် ဘယ်တုန်းက စဖူးလို့လဲ၊ ဝမ်ကျင်ကသာ စိတ်ဆိုးအောင်လုပ်နေတာ၊ သူစောစောသေသွားရင် သူ့ကို သမီးတို့ မုန်းစရာလဲမလို၊ စိတ်ဆိုးစရာလဲ



မလိုတော့ဘူး၊ ဟုတ်တယ်မဟုတ်လား မမေ'

လိုကတော်မှာ လိုစုရောင်ကိုမျက်စောင်းထိုးလိုက်၏။ ကြည်စုကျွင်သည် သားအမိနှစ်ယောက်ကိုကြည့်ပြီး ကျိတ်ပြုံးကလေးပြုံးလိုက်ရလေတော့သည်။

ရှင်ရှောင်ပွဲတော်နေ့ --

နေရာတိုင်းတွင် မီးရောင်စုံများ ထွန်းညှိထားသဖြင့် လူစည်ကားနေသည်။ လမ်းကြီးလမ်းငယ်များ၌လည်း မီးရောင်စုံများ ကြည့်ရှုရန် သွားလာနေကြသူများ ကြိတ်ကြိတ် တိုးနေကြ၏။ တစ်နှစ်ပတ်လုံးအိမ်တွင်းအောင်းနေခဲ့သော သူဌေးသမီးများ၊ အိမ်တွင်းပုန်းအပျိုချောချောအလှများသည် ရှင်ရှောင်ပွဲတော်ရက်တွင်မူ အပြင်သို့ မဖြစ်မနေ ထွက်တတ်ပေသည်။

ဤအချိန်တွင်မူ လူရှုပ်လူဝေ့၊ လူပြောင်လူနောက် များကလည်း သောင်းကျန်းချင်တိုင်း သောင်းကျန်းနေတတ်ကြသည်။

ကြည်စုကျွင်မှာ မြို့ကိုရောက်ကတည်းက လိုကတော် နှင့်အတူဖူးလျှံသီလရှင်ကျောင်းသို့ တစ်ခေါက်သွားဖူးရုံမှ တစ်ပါးအခြားမည်သည့်နေရာမျှ ရောက်ဖူးခြင်း မရှိသေးပေ။ ထို့ကြောင့် ရှင်ရှောင်ပွဲတော်ကို သွားရောက်ကြည့်ရှုလိုပေ၏။ လိုစုရောင်က သူမ၏ မိခင်ကို ပူဆာသောအခါ ကြည်စုကျွင်လည်း မနေသာတော့ဘဲ ဝင်ပြောတော့သည်။

လိုကတော်က မလွှတ်ချင်လွှတ်ချင်နှင့် လိုစုရောင်နှင့် ကြည်စုကျွင်တို့အား အဖော်များနှင့် နှစ်သစ်ကူးပွဲတော်၌ လည်ပတ်ခွင့်ပြုရတော့သည်။

ကြည်စုကျွင်မှာ နတ်ဘုံနတ်နန်းသို့ **ရောက်ရှိနေသည့်** အလား သူ့ကိုယ်သူ ထင်မှတ်နေမိသည်။ **မီးရောင်စုံ အလှများက** သူ့မျက်စိထဲတွင် လှုပလွင့်နေသည်။

တစ်လမ်းဝင်တစ်လမ်းထွက် ကြည့်ရှုလာခဲ့သည်မှာ ညဉ့်သုံးချက်တီးချိန်နီးလာခဲ့သည်။ အလွန်တရာ လည်ပတ်ချင် လှသော်လည်း ကြည်စုကျွင်မှာ လမ်းလျှောက်ရများလာသဖြင့် လွန်စွာ ညောင်းညာလာတော့သည်။

သူမလို မိန်းကလေးပင် ဤသို့ ခံစားရလျှင် လိုစုရောင်၏ ခြေထောက်များ ရောင်ကိုင်းနေပြီလားဟု မသိမသာ အကဲခတ် ကြည့်လိုက်မိသည်။ လိုစုရောင်မှာ မည်သို့မျှ မဖြစ်ပဲ ပကတိ လန်းဆန်းကြည်လင်နေသည်ကို တွေ့ရသောအခါ ကြည်စုကျွင် မှာ လွန်စွာ အံ့အားသင့်သွားရတော့သည်။

'ဒေါင် --- ဒေါင် ---- ဒေါင်'

ညဉ့်သုံးချက်တီးခဲ့ပြီ။ အဖော်အဖြစ်လိုက်ပါလာသူ အမျိုးသမီးကြီးက လိုကတော် စိတ်မပူရအောင် ပြန်ကြရန် နှိုးဆော်သည်။ ကြည်စုကျွင်မှာ ညောင်းနေပြီဖြစ်သော်လည်း ဆက်လက် လည်ပတ်ချင်သေး၏။ လည်ပတ်ရသည်မှာ **အားမရ** သေးသဖြင့် မပြန်ချင်သေး။ ထိုစဉ် ရှောင်ကျင်က **အထိန်း** **အမျိုးသမီးကို** အငြင်းအခုံပြုလာသည်။

**'တိတ်စမ်း'**

လိုစုရောင်က ခပ်ထန်ထန်လေး ဟန့်တားလိုက်၏။ သူမ၏ မျက်နှာမှုန်ကုပ်နေသဖြင့် ရှောင်ကျင် ဘာမျှမပြောရဲ



တော့ဘဲ တိတ်ဆိတ်နေလိုက်သည်။

လိုစုရောင်က ခပ်လှမ်းလှမ်းဆီသို့ စူးစိုက်ကြည့်နေလိုက် ပြီးလျှင် ရုတ်တရက် ကောက်ကာငင်ကာ အလောတကြီး ပြောလိုက်သည်။

'မိုးရွာလိမ့်မယ်၊ ကျွန်မတို့ အမြန်ဆုံး ပြန်ကြစို့'

သူမ၏ သတိပေးစကားကြောင့် ရှောင်ကျင်နှင့် ကြည်စုကျွင် တို့က အပေါ်သို့ ခေါင်းမော့ကြည့်လိုက်သည်။ လမင်းက ထိန်ထိန်ညီးညီးသာလျက်ရှိနေသည်ကို တွေ့လိုက် ကြရ၏။ မိုးရွာမည့် အရိပ်အယောင် မည်သို့မျှ မတွေ့ရပေ။

ရှောင်ကျင်နှင့် ကြည်စုကျွင်တို့က လိုစုရောင်နောက် ပြောင်ပြောင်ဆိုနေပြီဟု ထင်မှတ်ကာ ပြုံးရယ်လိုက်၏။

သို့သော် လိုစုရောင်က ဂရုမစိုက်ဘဲ ကြည်စုကျွင်၏ လက်ကောက်ဝတ်ကို ဘယ်လက်ဖြင့် ဖမ်းအုပ်လိုက်ပြီး လူအုပ် ကြားမှ အတင်းတိုးထွက်တော့သည်။ ရှောင်ကျင်နှင့်အဖော် အမျိုးသမီးများလည်း နောက်မှ ထပ်ကြပ်မကွာလိုက်ပါလာကြ သည်။ ကြည်စုကျွင်မှာ ဘုမသိဘမသိဖြင့် လိုစုရောင် **ဆွဲခေါ်** ရာနောက်သို့ လိုက်သွားရတော့သည်။

ကြည်စုကျွင် အံ့ဩသွားသည်။ လိုစုရောင် ဆုပ်ကိုင် ထားသည့် လက်များသည် ပြုတ်တူဖြင့် ညှပ်ထားသကဲ့သို့ မြဲမြံလှသောကြောင့်တည်း။ နုနယ်သော မိန်းကလေးသည် အဘယ်ကြောင့် ဤမျှ သန်မာနေရပါသနည်း။

'မြန်မြန်လျှောက်ကြ၊ နောက်ကျနေဦးမယ်'

လိုစုရောင်က ခပ်လောလောလေး သတိပေးပြီး လူအုပ်ကြားထဲ အတင်းတိုးထွက်နေသည်။ ထိုစဉ်မှာပင် လူတစ်စု၏ ထိတ်ထိတ်လန့်လန့် အော်ဟစ်လိုက်သံများ ဆူဆူဝါးဝါးထွက်ပေါ်လာတော့သည်။

ကြည်စုကျွင် စိတ်ထဲ ထိတ်ခနဲဖြစ်သွားပြီး လိုစုရောင်ကို ဖြတ်ခနဲကြည့်လိုက်၏။ လိုစုရောင်က ဘယ့်နှယ့်လဲဟူသော သဘောဖြင့် မေးငေါ့ပြလိုက်၏။ သူမပြောသလို မိုးကား ရွာမလာခဲ့။

သို့သော် ကြောက်စရာကောင်းအောင်ပင် လမ်းသွားလမ်းလာသူများ ရုတ်ရုတ်သဲသဲ အုတ်အော်သောင်းတင်း ဖြစ်သွားသည်ကားအမှန်ပင်။

လိုစုရောင်က ကြိုတင်တိုးထွက်ထားသဖြင့် လူအုပ်ကြီး၏ အနင်းမခံရခြင်းဖြစ်ပေသည်။ ကြည်စုကျွင်မှာ ထိုအကြောင်းကို လိုစုရောင် ကြိုတင်သိရှိထားသလိုရှိနေသဖြင့် စိတ်ထဲတွင် သံသယဖြစ်နေမိသည်။

သူမနှင့်အတူပြေးလွှားလာရသဖြင့် မောပန်းသလို ခြေထောက်များလည်း နာကျင်လာရသည်။ ကြည်စုကျွင်မှာ သူမက လက်ကိုဆွဲခေါ်လာသဖြင့် လိုက်လာခဲ့ရသော်လည်း သူမကို မည်သို့မျှမယုံနိုင်ခဲ့ပေ။

အတော်ကလေး လျှောက်မိသောအခါမှ လူအသွားအလာ အတော်ပင်ကျဲပါးသောနေရာသို့ ရောက်တော့သည်။ လိုစုရောင်ကအိမ်တစ်အိမ်ရှေ့တွင် ရုတ်တရက် ရပ်လိုက်ပြီး



ကြည်စုကျွင်ကို ပြုံးပြကာ ---

'ခဏလောက်နားပြီး ရှောင်ကျင်တို့ကို စောင့်ရအောင် မမ၊ ဘယ့်နှယ့်လဲ ခြေထောက်တွေ တော်တော်နာနေပြီလား၊ ဇောနဲ့လာခဲ့တာမို့ အခုမှ သတိထားမိတယ်၊ ကျွန်မလဲ ခုမှနေရထိုင်ရခက်အောင်နာလာပြီ'

သူမသည် ပြောပြောဆိုဆိုပင် ကျောက်ခုံကလေးပေါ်တွင် ထိုင်ချလိုက်ပြီး သူမ၏ပေါင်တံနှစ်ဘက်ကို လက်သီးဆုပ်ကလေးဖြင့် အသာအယာ ထုချေနေသည်။

ကြည်စုကျွင်မှာ လိုစုရောင်၏ သန်မာကြံ့ခိုင်မှုကို အထင်ကြီးနေရာမှ သူလဲငါလိုပါပဲဟူသော အတွေးဝင်လာရပြန်သည်။ လိုစုရောင် ပြောလိုက်မှ သူမသည်လည်း နာကျင်ရကောင်းမှန်းသိလာကာ လိုစုရောင်ကဲ့သို့ပင် ထိုင်ချကာ ပေါင်တံနှစ်ဘက်ကို လက်သီးဆုပ်ကလေးဖြင့် ထုနေမိတော့သည်။

သူတို့ နှစ်ယောက်အနားယူနေစဉ် ရှောင်ကျင်နှင့် နိုင်မားတို့ ရောက်ရှိလာကြသည်။ မီးရောင်များ ကြည့်ရှုစဉ်က ပျော်ရွှင်ကြသလောက် ယခု သူတို့စိတ်ထဲတွင် လွန်စွာ လေးလံထိုင်းမှိုင်းဖြစ်နေကြသည်။ အားလုံးအိမ်သို့ ပြန်ရောက်ကြသည့်အခါတွင် ညဥ့် လေးချက်တီးသံချောင်းက တခေါင်ခေါင် ထွက်ပေါ်လာလေတော့၏။

လိုကတော်မှာ ရုတ်ရုတ်သဲသဲ အော်ဟစ်ဆူညံသံများကြောင့် စိတ်ပူကာ အိမ်ရှိလူတစ်ယောက်ကို စေလွှတ်၍စုံစမ်းကြည့်ခိုင်းသေးသည်။ ထိုသူ့ထံမှ တိကျသော သတင်းကိုမရ

သဖြင့် သမီးတစ်ခုခု ဖြစ်လေမည်လားဟု သောကပွားနေရသည်။

ညဥ့်ကလည်း နက်သည်ထက်နက်လာခဲ့ပြီမို့ ထိုင်မရထမရအောင် စိတ်လှုပ်ရှားနေသည်။ လိုစုရောင်တို့ ရောက်ရှိလာသောအခါမှသာ ဟင်းချနိုင်တော့သည်။ လိုစုရောင်က ပြုံးစိစိ မျက်နှာထားဖြင့် ---

'မေမေကလဲ ပူပန်တတ်ကော၊ ဗေဒင်ဆရာက သမီးကို အသက်တစ်ရာကျော်နေရလိမ့်မယ်လို့ တွက်ထားတာမေမေ မေ့နေပြီလား၊ သမီးကတော့ ဘာမှ မကြောက်ပါဘူး'

'ဒီကလေးမလေး တော်တော်ခက်ပါလား၊ ပေါ့ကြက်ပြက်တွေ လျှောက်ပြောမနေစမ်းနဲ့၊ သွား ---- သွာ ---အိပ်ချေတော့'

ရှောင်ကျင်က လိုစုရောင်နှင့်အတူ အခန်းတွင်းသို့ ဝင်လိုက်လာခဲ့သည်။ အခန်းထဲသို့ရောက်သည်နှင့် တီးတိုးလေသံဖြင့် -----

'မမလေး တကယ်တော်တာပဲ၊ ကျွန်မ ပထမတုန်းက နည်းနည်းလေးမှ သတိမထားမိဘူး၊ မမလေးကတော့ အာရုံစူးရှလွန်းတယ်နော်။ ကျွန်မတို့သာ နောက်ကျသွားရင် လူအုပ်ကြားမှာ ရှုန်းရင်းဆန်ခတ်ဖြစ်ပြီး သေတောင်သေသွားနိုင်တယ်'

လိုစုရောင်က ပြုံးလိုက်သည်။ ရှောင်ကျင်ကို စကားပြန်မပြောဘဲ တံ့ခနဲ ခြေလှမ်းရပ်တန့်လိုက်ပြီး၊ ရှောင်ကျင်၏ ပါးစပ်ကို ရုတ်တရက် ဖမ်းပိတ်လိုက်၏။



ရှောင်ကျင်က လိုစုရောင်ကို မျက်လွှာလှန်ကြည့်လိုက်၏။ လိုစုရောင်က အိမ်ပြင်ဘက်ဆီသို့ စူးစူးစိုက်စိုက်ကြည့်နေသည်။ ရှောင်ကျင်လည်း သူမကြည့်သည့်နေရာသို့ လှမ်းကြည့်လိုက်မိသည်။ ရှောင်ကျင်မှာ ရှေ့သို့ လှမ်းမတက်ရဲလောက်အောင် တုန်လှုပ်သွားမိသည်။ လိုစုရောင်ကသာ တည်ငြိမ်သောလေသံဖြင့်

'ကြောက်မနေစမ်းပါနဲ့၊ လူပါ၊ ဘယ်သူလဲဆိုတာ သိရအောင် တို့သွားကြည့်ကြမယ်'

ရှောင်ကျင်မှာ လိုစုရောင်ကခေါ်သဖြင့် မငြင်းဆန်ရဲ။ သို့သော် လိုစုရောင် စိတ်ပျက်အောင် ပြောလိုက်သေးသည်။

'ဘာမှကြည့်စရာမလိုပါဘူး မမလေးရယ်၊ သွားကြည့်မနေပါနဲ့တော့'

လိုစုရောင် မျက်နှာထားက ရုတ်ခြည်းပင် တည်ငြိမ်သွား၏။

'ဘာမှဆင်ခြေပေးမနေနဲ့၊ ငါ့နောက်လိုက်ခဲ့စမ်း'

ရှောင်ကျင်က မည်သို့မျှ ဓောဒကမတက်ဝံ့တော့ပဲ မီးအိမ်ကလေးကို ဆွဲယူကာထိုနေရာဆီသို့ လိုစုရောင်နှင့်အတူ လိုက်လာရတော့သည်။ လိုစုရောင်က သူမ၏လက်ထဲမှ မီးအိမ်ကိုဆွဲယူလိုက်ပြီး ထိုသူကိုယ်ပေါ်သို့ အလင်းရောင်ရောက်အောင် ကြည့်လိုက်သည်။ လူငယ်တစ်ယောက်ပင်တည်း။

ထိုလူ၏ အဝတ်အစားများက စုတ်ပြတ်နေသည်။ တစ်ကိုယ်လုံးတွင် သွေးများ စွန်းကွက် ပေကျံနေ၏။ အသက်ကို

ဖုတ်လိုက်ဖုတ်လိုက် ရှုရှိုက်နေသော်လည်း သတိလစ်နေပေပြီ။ လိုစုရောင်က ရှောင်ကျင်အား ရေတစ်ခွက်ခပ်စေပြီး ထိုသူ၏မျက်နှာပေါ်သို့ ပက်ချလိုက်၏။

'ပွမ်း'

လူငယ် သတိပြန်လည်လာ၏။ သူ့နံဘေး၌ အမျိုးသမီးငယ်နှစ်ယောက် ရပ်နေသည်ကို တွေ့လိုက်ရသောအခါ လွန်စွာအံ့ဩသွားတော့သည်။ လိုစုရောင်တို့အား မြူးတီမြူးကြောင်လေးကြည့်နေရှာသည်။ လိုစုရောင်က လူငယ်၏ မျက်လုံးအိမ်ထဲသို့ စူးစမ်းသလို ကြည့်လိုက်၏။

'ရှင်ဘယ်သူလဲ၊ ဘာဖြစ်လို့ ဒီနေရာမှာလဲ ရတာလဲ'

ထိုသူက လိုစုရောင်ကို တိုးတိတ်သော ... သံဖြင့် သတိပေး စကားပြောလိုက်၏။

'ခင်ဗျား ကျုပ်ကို ဂရုစိုက်မနေပါနဲ့၊ ဒီနေရာက အမြန်ရှောင်ထွက်သွားဝါ၊ နောက်က ရန်သူတွေ လိုက်လာတော့မယ်'

ထိုလူငယ်မှာ ပြောပြီးသည်နှင့် အားမရှိတော့ဘဲ မျက်လုံးကို ပိတ်လုဆဲဆဲ ဖြစ်သွားပြန်သည်။ လိုစုရောင်က အလျင်အမြန်မေးပြန်သည်။

'ဘယ်က ရန်သူလဲ၊ ဘယ်သူလဲ၊ မြန်မြန်ပြောစမ်းပါ'

လူငယ်က တအင်းအင်းညည်းညူရင်းမှ ခက်ခက်ခဲခဲပင် 'ဝမ်' ဆိုသော စကားတစ်လုံးတည်းကိုသာ ပြောနိုင်ပြီး ခေါင်းငိုက်ကျသွားတော့၏။ လိုစုရောင် စိတ်ပူသွားပြီး တစ်ခဏမျှ စဉ်းစားဟန်ပြုနေလိုက်သည်။ ထို့နောက်တစ်ကိုယ်တည်းရေရွတ်နေမိပြန်သည်။

'ဝမ် --- ဝမ်ဆိုတော့ ဝမ်ကျင်များဖြစ်နေမလား၊ ငါဘာလုပ်ရမလဲ၊ မေမေ့ကို အကြောင်းကြားအသိပေးရမလား၊ ဒီလိုလဲ မဖြစ်ပြန်ဘူး၊ မေမေက ဝမ်ကျင်ဆိုရင် သိပ်ကြောက်တတ်တယ်၊ ငါဘယ်လိုလုပ်ရပါ့မလဲ'

'ရှောင်ကျင် --- သူ့ကိုယ်ပေါ်မှာ ဘာတွေရှိသလဲဆိုတာ ရှာကြည့်လိုက်စမ်း'

ရှောင်ကျင်မှာ ကြောက်ရွံ့နေသဖြင့် မလှုပ်ရဲပေ။ သို့သော် သခင်မ လိုစုရောင် ကိုယ်တိုင် ရှာဖွေပါက ပို၍ မသင့်လျော်သဖြင့် သူမပင် ရှေ့တိုးကပ်ကာ စမ်းသပ်ရှာဖွေရတော့သည်။

ထိုလူငယ်၏ ကိုယ်ပေါ်မှ ငွေတုံးဆယ်တုံး၊ ကျောက်ဖြူခြသေ့ရုပ်တစ်ရုပ်နှင့် စာတစ်စောင်ကို ရှာဖွေတွေ့ရှိရသည်။

လိုစုရောင်က ထိုစာကို လှမ်းယူလိုက်ပြီး ရင်ခွင်ကြား၌ သိမ်းဆည်းထားလိုက်သည်။ ထို့နောက် ရှောင်ကျင်အား တိကျပြတ်သားစွာ အမိန့်ပေးလိုက်သည်။

'ရှောင်ကျင် ---သူ့ကို ထူပြီး ငါ့နောက်လိုက်ခဲ့'

ရှောင်ကျင် ထိတ်လန့်သွားမိသည်။ သို့သော် လိုစုရောင်၏ မျက်နှာထားက တည်ကြည်လေးနက်နေသဖြင့် မည်သို့မျှ မပြောသာတော့ဘဲ ထိုလူငယ်ကို တွဲထူကာ အိမ်ထဲသို့ ခေါ်ဆောင်လာခဲ့ရလေတော့သည်။

* * * * *

## အခန်း (၁၃)
## ရိုးသားစွာ ကယ်တင်ခြင်း

လိုစုရောင်က တီးတိုးသတိပေးသည်။

'ရှောင်ကျင် --- သူ့ကိုငါ့အခန်းထဲတွဲပို့ မေမေ မသိစေနဲ့ ဘယ်သူမှ မသိစေနဲ့'

'ဟင် မမလေး ဖြစ်ပါ့မလားဟင်'

'လျှာမရှည်နဲ့ ငါပြောသလိုလုပ်'

ရှောင်ကျင်မှာ ဤမျှ ဒဏ်ရာပြင်းထန်နေသော ယောက်ျားပျိုတစ်ဦးအား မိမိအခန်းထဲ၌ ထားရဲသည့် သတ္တိရှိသော လိုစုရောင်ကို အံ့အားသင့်နေမိသည်။

လိုစုရောင်၏ အခန်းကိုကျော်ဖြတ်ပြီးလျှင် အိပ်ခန်းနှင့် ကပ်လျက်နောက်ဘက်တွင်ရှိသော လျှို့ဝှက်အခန်းတွင်းသို့ ဝင်ရောက်လာခဲ့သည်။ လိုစုရောင်နှင့်အတူ ဝိုင်းကူပြီး ထိုလူငယ်ကို ဆေးထည့်ဆေးတိုက်ပြုလုပ်ရသည်။- ထိုလူငယ်ကိုယ်ပေါ်မှ စီးကျခဲ့သော သွေးစသွေးနများကို သန့်ရှင်းသုတ်သင်ပစ်ရသည်။



ကျေနပ်လောက်အောင် ခြေရာလက်ရာများ သိမ်းဆည်းဖုံးဖိပြီးသောအခါ ရှောင်ကျင်က လိုစုရောင်၏ လက်ဖဝါးလေးကို အသာအယာ ဆွဲယူကာ သူမ၏ ရင်ဘတ်ပေါ်၌ ဖိကပ်ပေးလိုက်၏။

'ရင်တွေခုန်လိုက်တာ မမလေးရယ်၊ မမလေးတော့ ဘယ်လိုနေမယ် မသိဘူး။ ဒါနဲ့ သူက ဘယ်သူလဲ မမလေးရဲ့ ကျွန်မတို့ သူ့ကိုကယ်တင်လိုက်တာတော့ ဟုတ်ပါပြီ၊ တော်ကြာ မြွေကို အစာကျွေးမိသလို ကိုယ့်ပြန်ကိုက်နေမှ ဒုက္ခတွေ့နေဦးမယ်'

လိုစုရောင်က စိတ်ရှုပ်စွာ ပြောလိုက်၏။

'သူဘယ်သူလဲဆိုတာ ငါလဲမသိဘူး၊ ဒါပေမယ့် လူဆိုးတစ်ယောက်မဖြစ်နိုင်ဘူးဆိုတာတော့ ငါသိတယ်။ သူ့ဆီမှာ ဒေါ်လေးရီးကိုပေးဖို့ စာတစ်စောင် ပါလာတယ်၊စာထဲမှာ ဘာတွေ ရေးထားသလဲမသိဘူး၊ ငါဖတ်ကြည့်ဦးမယ်'

ရှောင်ကျင်သည် လိုတစော်၏ ကျေးဇူးကြောင့် စာပေရေးတတ် ဖတ်တတ်သူဖြစ်ပေသည်။ မမလေး၏ စကားကို ကြားသောအခါ အံ့ဩသွားမိသည်။

'ဟင် ---- မမလေးက ဒေါ်လေးရီးရဲ့ စာကို ခိုးဖတ်ကြည့်မယ်ဟုတ်လား'

'စကားမများစမ်းနဲ့ ငါ့အကြံအစည်နဲ့ ငါဖတ်တာ'

လိုစုရောင်က ပြောပြောဆိုဆိုပင် ငွေဆံထိုးတစ်ချောင်းဖြင့် စာအိတ်ကို အသေအချာဖောက်ကာ စာကို ထုတ်ဖတ်လိုက်

၏။ စာဖတ်ပြီးမှ အိတ်တွင်းသို့ ပြန်ထည့်ကာ ခြေရာ လက်ရာ မပျက် ပြန်ပိတ်လိုက်သည်။ သူမ၏ ကျွမ်းကျင်လိမ္မာပုံကို ကြည့်ပြီး ရှောင်ကျင် လျှာကလေးထုတ်ပြလိုက်မိသည်။

'နင် တံခါးဝမှာ စောင့်ကြည့်နေ၊ ဘယ်သူမှ အထဲကို ဝင်မလာစေနဲ့၊ သူ သတိရလာပြီလားဆိုတာ ငါသွားကြည့်လိုက်ဦးမယ်'

ရှောင်ကျင်မှာ လိုစုရောင်၏ကျောပြင်ကလေးကို ကြည့်ပြီး တအံ့တဩဖြစ်နေမိသည်။ လိုစုရောင်မှာ သူမ၏ လျှို့ဝှက်ခန်းထဲသို့ အပြင်လူကို ခေါ်မသွင်းဖူးပေ။ မွေးစားညီအစ်မဖြစ်သည့် ကြည်စုကျွင်ကိုပင်လျှင် သူမ၏အိပ်ခန်းနောက်ဘက်တွင် လျှို့ဝှက်ခန်းရှိနေသည်ကို အသိပေးမထားပေ။

ထိုအခန်းသည် လိုထင်ဆင့်က သူမအတွက် အန္တရာယ်ကို ရှောင်တိမ်းပုန်းကွယ်နိုင်စေရန် သီးသန့်ဆောက်လုပ်ပေးထားခြင်းဖြစ်ပေသည်။

'ရှောင်ကျင်မှာ သူ့မမလေး၏သဘောကို လုံးဝနားမလည်တော့ပေ။ သူစိမ်းယောကျ်ားပျိုတစ်ယောက်ကို အဘယ့်ကြောင့် အခန်းတွင်းသို့သွင်းကာ ဆေးဝါးကုသပေးနေရလေသနည်း။ ထိုလူငယ်သည် မည်သူများ ဖြစ်နေလေသနည်း၊ ရှောင်ကျင် မည်သို့မျှ မစဉ်းစားနိုင်ဘဲရှိသည်။

လိုစုရောင်သည် လျှို့ဝှက်ခန်းထဲသို့ ပေ့ါပါးစွာ ဝင်သွားသည်။ ဒဏ်ရာရထားသော လူငယ်မှာ အိပ်မော ကျနေပေသည်။ ထိုလူငယ်ကို ခြေဆုံးခေါင်းဆုံး သုံးလေးကြိမ်မျှ အသေ



အချာ စူးစမ်းကြည့်မိသည်။ အထပ်ထပ်ကြည့်ပြီးမှ သူမ စဉ်းစားသည်။

'ငါ့အိမ်ရှေ့မှာ လဲကျနေလို့ တော်သေးတာပေါ့၊ လမ်းမှာများဖြစ်ခဲ့ရင် ဒါမှမဟုတ် တခြားတစ်အိမ်အိမ်ရှေ့မှာများလဲနေရင် ငါ့လို ဘယ်သူမှ အိမ်ခေါ်ထားရဲမှာမဟုတ်ဘူး၊ သူ့ကို လက်ခံတယ်ပဲထားဦး၊ အသက်ရှင်လာအောင်တော့ ကုသပေးနိုင်စွမ်းရှိကြမှာမဟုတ်ဘူး၊ သူ့အတွက် သေနေ့မစေ့သေးလို့ ငါနဲ့လာတွေ့ရတာပဲ'

သူမသည် စဉ်းစားတွေးတောရင်း လူငယ်ကို ထပ်ကြည့်လိုက်၏။ မျက်ခုံးထူထူ၊ နှာတံဖြောင့်ဖြောင့်ဝင်းဝင်း၊ နှုတ်ခမ်း ပါးပါးလျားလျား၊ မေးရိုးများက ကားကျယ်ပြီး ယောကျ်ားပီသ ချောမောလှသည်။

ထိုလူငယ်ကိုကြည့်ရင်းမှ စာကို သတိရလာပြန်သည်။ စာထဲတွင် ထိုသူ သိုင်းပညာထက်မြက်ကြောင်း ဒေါ်လေးရီးအိမ်တွင် တည်းခိုခွင့်ပေးပါမည့်အကြောင်းများ မိတ်ဆက်ရေးသားထား၏။

ထိုစာ၏သဘောကို တွက်ဆကြည့်ခြင်းဖြင့် ထိုလူငယ်မှာ လုစင်ဖြစ်လိမ့်မည်ဟု လိုစုရောင် နားလည်လိုက်သည်။ သူ့အမေ ပြောသည့် လုစင်၏ရုပ်သွင်နှင့် ဆင်နေသည်ဟုလည်း ထင်မှတ်မိ၏။အသက်အရွယ်ကလည်း နှစ်ဆယ်ကျော် ပတ်ဝန်းကျင်ခန့် ပင်ရှိပေဦးမည်။ ငယ်စဉ်ကလုစင်ကို တွေ့ခဲ့ဖူးသော်လည်း ယခုမူ မမှတ်တော့ချေ။

'ညက ပြဿနာဖြစ်တာ သူများလား၊ ရန်သူက သူ့နောက်ကို လိုက်လို့ ဝရုန်းသုန်းကား ဖြစ်သွားတာနဲ့တူတယ်'

လိုစုရောင်မှာ စဉ်းစားလေလေ စိတ်ထဲတွင် ထူးဆန်းလေဖြစ်နေ၏။ ရန်သူက နောက်မှလိုက်နေလျှင် ဘာ့ကြောင့် မိမိအိမ်ရှေ့တွင် လဲကျနေရသနည်း။ ဘာ့ကြောင့်သူ့ကို လွှတ်ပေးလိုက်ရသနည်း။ အိမ်ရောက်သည်အထိ ဘာ့ကြောင့်ဆက်မလိုက်ရသနည်း။ သူကကော ရှီးမျိုးနွယ်အိမ်ကို အဘယ့်ကြောင့် ရောက်မသွားရလေသနည်း။

'ရှီးမျိုးနွယ်အိမ်ဂေဟာကို သွားဖို့ပဲဖြစ်လိမ့်မယ်၊ ဒဏ်ရာက သိပ်ပြင်းထန်နေတော့ ငါ့အိမ်ရှေ့မှာ လဲကျသွားတာဖြစ်ရမယ်၊ ဒီအကြောင်းတွေကို သူသတိရလာမှပဲ အသေအချာမေးကြည့်ရတော့မယ်'

လိုစုရောင်မှာ ထိုလူငယ် နှစ်နှစ်ခြိုက်ခြိုက် အနားယူစေရန် မည်သို့မျှ မနှောင့်ယှက်တော့ဘဲ အခန်းထဲမှ ပြန်ထွက်လာခဲ့သည်။ ထို့နောက် လိုကတော်ထံ သွားရောက်ပြီး ကိုယ်လက်မအီမသာဖြစ်နေသဖြင့် အခန်းထဲ၌ အနားယူမည်ဖြစ်ကြောင်း ပြောပြသည်။

ကြည်စုကျွင်ကလည်း ကိုယ်လက်များနာကျင်နေသဖြင့် အိပ်တော့မည်ဟု လိုကတော်ကြီးအား ပြောနှင့်ထားပေရာ-

'ကိုယ့်ဒုက္ခကိုယ်ရှာတဲ့မိန်းမတွေ မြန်မြန်အိပ်ကြ'

ဆူပူငေါက်ငမ်းတော့၏။

လိုစုရောင်သည် သူ့အခန်းတွင်းသို့ ရောက်သည်နှင့်



လျှို့ဝှက်အခန်းထဲသို့ ဝင်သွားသည်။ သည်တစ်ကြိမ် သူမဝင်လာသောအခါ လုစင်မှာ သတိရနေလေပြီ။

အခန်းပတ်လည်ကို တအံ့တဩကြည့်နေခိုက် နတ်သမီးကလေးတစ်ပါးကဲ့သို့ ချောမောလှပလှသည့် မိန်းမပျိုကလေးတစ်ဦးအခန်းတွင်းသို့ ကန့်ကလျကလေး လျှောက်ဝင်လာသည်ကို မြင်လိုက်ရသောအခါ ထိုလူငယ်သည် သူ့ကိုယ်သူ အိပ်မက်မက်နေလေပြီဟု ထင်မှတ်လေ၏။

လိုစုရောင်က နှစ်နှစ်ခြိုက်ခြိုက်လေး ပြုံးပြလိုက်ပြီး ---

'ရှင့်နာမည် လုစင်မဟုတ်လား၊ ဘာဖြစ်လို့ ဒီဒဏ်ရာတွေရလာရတာလဲ'

လူငယ်မှာ သူ့နာမည်ကို တိုက်ရိုက်ကြီး ပြောချခံလိုက်ရသဖြင့် တုန်လှုပ်သွားသည်။ လိုစုရောင်ကို တအံ့တဩကြည့်နေမိသည်။ လိုစုရောင်က စိတ်မရှည်တော့ဘဲ ခပ်မာမာလေးထပ်မေးလိုက်ပြန်သည်။

'ကျွန်မ မေးနေတာ မကြားဘူးလား၊ ရှင်လုစင်မဟုတ်ဘူးလား၊ ဘာဖြစ်လို့ မဖြေရတာလဲ'

လုစင်က ဖြည်းညင်းစွာ ခေါင်းညိတ်ပြလိုက်၏။ သူ့လေသံကလည်း တိုးညင်းသိမ်မွေ့နေ၏။

'ဟုတ်ပါတယ်ဗျာ၊ ကျုပ်လုစင်ပါပဲ၊ ဒီကညီမကကော ဘယ်သူပါလဲ၊ ကျုပ်ကိုလဲ ဘယ်လိုလုပ်သိရတာပါလဲ ခင်ဗျာ'

လိုစုရောင်က ကျေနပ်သွားသည်။ သူမ၏ အတွေးမှန်ပြီမဟုတ်ပါလား။

'ရှင် ရိုးမျိုးနွယ်ဂေဟာမှာ သွားပြီး တည်းခိုမလို့ မဟုတ်လား။

လုစင်မှာ ထိုစကားကြောင့် စာကိုသတိရပြီး သူ့ရင်ဘတ်ကို လက်ဖြင့် အသာဖိစမ်းကြည့်လိုက်၏။ တစ်စုံတစ်ရာကို စဉ်းစားမိဟန်ဖြင့် မျက်နှာအကြီးအကျယ်ပျက်သွားသည်၊ မျက်လုံးများကလည်း အရောင်တစ်ဖျပ်ဖျပ်တောက်လာ၏။ သူ့အသံက တိုးညှင်းသော်လည်း တင်းမာခက်ထန်နေသည်။

'ခင်ဗျား ဘယ်သူလဲ၊ ဘာ့ကြောင့် ကျုပ်စာကို ခိုးဖတ်ရတာလဲ'

လိုစုရောင်သည် ရှုတ်တရက် စိတ်ဆိုးသွားသည်။ သို့သော် လုစင် စိုးရိမ်မည်ဆိုက စိုးရိမ်လောက်သည့်အခြေအနေ ဖြစ်ကြောင်း ရိပ်မိသဖြင့် လေသံကိုလျှော့လိုက်သည်။

'သိပ်လဲ စိတ်စောမနေပါနဲ့လေ၊ ရှင့်ဒဏ်ရာက သိပ်ပြင်းထန်ပြီး အနာမကျက်သေးတော့ ဒေါသမကြီးပါနဲ့၊ စကားလဲ သိပ်မပြောပါနဲ့၊ ကျွန်မဟာ ရှင့်ကိုလုပ်ကြံမယ်ဆိုရင် အစောကြီးကတည်းက လုပ်ကြံပြီးပြီ ရှင်သတိရအောင် ကယ်တင်ပါဦးမလား၊ ရှင်လဲ ဆာနေရော့ပေါ့၊ ခဏလောက် စောင့်နေဦးနော်၊ ကျွန်မ ရှင့်အတွက် စားစရာပို့ပေးလိုက်ပါ့မယ်'

သူမသည် ပြောပြီးသည်နှင့် အခန်းထဲမှ ထွက်ခွာသွားတော့သည်။

လုစင်သည် သူရောက်ရှိနေသည့် အခန်းကလေးကို အကဲခတ်ကြည့်နေသည်။ အခန်းက သိပ်မကျယ်ဝန်းလှ



သော်လည်း သေသေသပ်သပ် လှလှပပလေးရှိနေသည်။ တိတ်ဆိတ် ငြိမ်သက်လွန်းသဖြင့် အပ်ကျသံကိုပင် ကြားရလောက်ပေသည်။

ဤအိမ်သည် မည်သူ့အိမ်နည်း၊ ဤအခန်းသည် မည်သူ့အခန်းနည်း၊ ဤမိန်းကလေးကား မည်သူနည်း၊ ရိုးအမျိုးအနွယ်အိမ်ဂေဟာတွင် သွားရောက်တည်းခိုမည်ကို အဘယ့်ကြောင့် သိနေရသနည်း။

သူမသည် စာကိုတကယ်ပဲ ခိုးဖောက်ဖတ်ကြည့်လေသလား။ သူမတွင် အကောက်ကြံလိုသည့် စိတ်ဓာတ်မရှိလျှင် အဘယ့်ကြောင့် နာမည်ကို ထုတ်ဖော်မပြောရလေသနည်း။ သူ့အား ဒုက္ခရောက်စေလိုပါက ဤသို့ ကယ်တင်ထားမည်မဟုတ်ဟုလည်း တွေးမိသည်။ လုစင် မည်သို့မျှ စဉ်းစားတွေးတော၍ မရပေ။

ထိုသို့ တွေးတောနေစဉ်မှာပင် မိန်းကလေးတစ်ယောက် အခန်းတွင်းသို့ ဝင်လာသည်။ သူမလက်ထဲတွင် လင်ပန်းတစ်ချပ်နှင့် စားသောက်စရာများ ပါလာသည်။

လုစင်အနီးသို့ လျှောက်လာပြီးလျှင် စားသောက်ဖွယ်ရာများကို ငွန်းနှင့် ခပ်ကျွေးသည်။ လုစင်က စားသောက်ရင်းမှ လိုစုရောင်အကြောင်းကို စုံစမ်းတီးခေါက်ကြည့်သည်

'မမလေးက ရှင်နဲ့ စကားမပြောရဘူးတဲ့။ သူကရှင့်ဒဏ်ရာ အမြန်ပျောက်ကင်းစေချင်လို့ပါ။ ရှင်စကား သိပ်မပြောပါနဲ့။ အေးအေးချမ်းချမ်းသာအနားယူပါ။ နောက်ပိုင်းကျမှ မမလေးက

ကိစ္စအားလုံးကို ပြောပြပါလိမ့်မယ်'

လုစင်မှာ သူမ မပြောလိုမှန်းသိ၍ ဆက်မမေးတော့ပေ။ လိုစုရောင်အကြောင်း ဘယ်လိုပင် စဉ်းစားစဉ်းစား အဖြေ ထွက်မလာသဖြင့် နောက်ဆုံးတွင် ခေါင်းထဲမှာ ပယ်ထုတ်ကာ အိပ်ပစ်ရသည့်ဘဝသို့ ရောက်တော့သည်။

လုစင်မှာ နိုးတစ်ဝက်အိပ်တစ်ဝက်ဖြစ်နေရာမှ ထူးဆန်းသော အသံကြောင့် ရုတ်တရက်နိုးလာသည်။ အသံမှာ မိန်းမပျို နှစ်ယောက်၏ လေသံဖြစ်လေ၏။

ထိုနှစ်ယောက်၏ စကားပြောသံများကို တစ်ခဏမျှ နားထောင်မိသည်။ သို့သော် ဘာတွေပြောနေမှန်းသူမသိပေ။ စကားဆုံးသွားသည်နှင့် သူအိပ်ပျော်သွားရပြန်သည်။

နောက်တစ်ကြိမ်နိုးလာသောအခါ သူသည် ခုတင်ပေါ်မှ ထနိုင်အောင် အခြေအနေကောင်းလာခဲ့ပေသည်။ လျှို့ဝှက် အခန်းမှာ နေရောင်ခြည်မမြင်ရသဖြင့် နေ့လားညလား သူမခွဲခြားတတ်တော့ပေ။ ထို့ပြင် အခန်းထဲတွင် တစ်ချိန်လုံး ဆီမီးခွက်ကို ထွန်းညှိပေးထားသေးသည်။

သူ့စိတ်ထဲတွင် ကျဉ်းကျပ်လာသဖြင့် ထိုင်လိုက်၊ ထလိုက် လှဲလိုက် လမ်းလျှောက်လိုက်လုပ်နေရသည်။ သူ့ကို ကယ်တင်ခဲ့သည့် မိန်းမပျိုကလေးရောက်လာလျှင် အကြောင်းအရာများကို သေချာမေးမြန်းကြည့်မည်ဟု ဆုံးဖြတ်ထားသည်။

သူမေးမည်ဟု ဆုံးဖြတ်ထားပါမှ မိန်းမပျိုကလေးက မလာတော့ဘဲ ရှောင်ကျင်သာအမြဲတမ်းအစားအသောက် လာပို့



သည်ကို ကြုံရတော့သည်။

ရှောင်ကျင်ကို မည်သို့မျှ မေးမြန်းတီးခေါက်မရသဖြင့် သူလက်လျှော့ကာ နှုတ်ဆိတ်နေလိုက်ရသည်။ ရှောင်ကျင် ပန်းကန်ခွက်ယောက်များကို သိမ်းပြီး ပြန်ထွက်သွားသောအခါ သူအိပ်ရာမှ ထလိုက်သည်။ တံခါးအနီးသို့ ကပ်ကာ အပြင်မှ အသံဗလံများကို နားစွင့်နားထောင်ကြည့်သည်။

မည်သူတစ်ဦးတစ်ယောက်၏အသံကိုမျှ မကြားရတော့မှ တိတ်တဆိတ်တံခါးဖွင့်ပြီး လျှို့ဝှက်ခန်းအပြင်သို့ ထွက်လိုက်သည်။

တွေ့လိုက်ရသောမြင်ကွင်းကြောင့် သူအံ့အားအသင့်ကြီး သင့်သွားရလေတော့၏။ လျှို့ဝှက်ခန်းမှ ထွက်လိုက်သည်နှင့် လိုစုရောင်၏ အခန်းကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

စောစောက အပြင်ဘက်တွင် စကားပြောဆိုသံများ ကြားခဲ့ရသော်လည်း မိန်းကလေးတစ်ယောက်၏ အိပ်ခန်းတစ်ခု ဖြစ်နေလိမ့်မည်ဟု မတွေးတောမိခဲ့ချေ။

သူသည် စိတ်ထားမြင့်မြတ်သူဖြစ်၍ မိန်းမပျိုလေးတစ်ဦး၏ အိပ်ခန်းအတွင်းသို့ ခွင့်ပြုချက်မရဘဲ ဝင်ရောက်သည့်အဖြစ်မျိုးကို မခံယူနိုင်ပေ။ ထို့ပြင် ထိုမိန်းမပျိုကလေးမှာ သူ့အသက်ကို ကယ်တင်ခဲ့သော ကျေးဇူးရှင်တစ်ယောက် ဖြစ်နေပြန်သေးသည်။

ထို့ကြောင့် အလျင်အမြန်ပင် တံခါးပြန်ဖွင့်ကာ လျှို့ဝှက် အခန်းထဲသို့ ပြန်ဝင်လာခဲ့မိတော့သည်။ လျှို့ဝှက်အခန်းတံခါးကို

ပြန်ပိတ်လိုက်အပြီးမှာပင် အပြင်ဘက်မှ စကားသံများကို ကြားလိုက်ရသဖြင့် သူ့အထွက်မြန်၍ ကံကောင်းလှပေသည်ဟု တွေးနေမိလေ၏။

စကားသံက သူနှင့်တစ်ခါက တွေ့ဖူးသော မိန်းမပျိုလေး၏အသံမှန်းသူမှတ်မိလိုက်သည်။ သူမအသံလွင်လွင်စာစာကလေးက လျှို့ဝှက်အခန်းတွင်းသို့ စိမ့်၍ ဝင်ရောက်လာလေတော့သည်။

‘သူတို့က ရုတ်တရက် ရှာကြတာဆိုတော့ သမီးလန့်တောင်လန့်လန့်သွားတယ်၊ သူတို့ ဘာမှ မတွေ့ကြပါစေနဲ့လို့ ဆုတောင်းလိုက်ရတာ’

သူမ၏ စကားသံဆုံးသည်နှင့် အသက်ကြီးကြီးအမျိုးသမီး၏ အပြစ်တင်သံကို လှစင်ကြားလိုက်ရပြန်သည်။

‘ဝမ်ကျင်က သိပ်လက်ရဲဇက်ရဲနိုင်တာ၊ အခုကြည့်စမ်း တစ်အိမ်တက်တစ်အိမ်ဆင်းရှာနေကြတာ အသည်းထိတ်စရာ။ ညည်းစကားပြောတာ သတိထားပြောစမ်း၊ သူတို့ ထပ်ပြီးလာရင် လာနေကြမှာ’

‘အိုး --- မေမေကလဲ၊ သမီးအတွက် စိတ်ပူမနေပါနဲ့၊ သမီးက မမှန်မကန်လုပ်တာမှမဟုတ်တာ၊ သူတို့ကို ကြောက်နေစရာမလိုပါဘူး’

နောက်ထပ် စကားပြောသံမကြားရတော့ပေ။ အခန်းတံခါးဖွင့်သံကိုကြားလိုက်ရသဖြင့် အပြင်ဘက်သို့ လူထွက်သွားပြီကို သိရှိလိုက်သည်။ မိန်းမပျိုလေး၏ ပျော်ရွှင်စွာ ရယ်မောသံကို



လှစင်ကြားနေရသည်။

ဒီတစ်ခါတော့ သူတို့မျက်စိရှိရက်နဲ့ ကြောင်တောင်ကန်းတွေဖြစ်သွားကြပြီ။ ဒီလို လာမယ်မှန်းကြိုတင်သိထားရင် ဒေါ်ပွ အောင်မခံချိမခံသာဖြစ်အောင် လုပ်ပြလိုက်ပါရဲ့’

ထိုစဉ် ရှောင်ကျင်၏ အသံကို ကြားလိုက်ရသည်။

‘ရှောင်ကျင်၊ သခင်လေးလု နိုးလာပြီလားဆိုတာ သွားကြည့် လိုက်ပါဦး၊ အပြင်မှာ တင်းတင်းကျပ်ကျပ်လိုက်ရှာနေကြတာ မသိဘဲနဲ့ အပြင်ထွက်လာရင် ပြဿနာတက်နေဦးမယ်၊ ကယ်ထားတာတွေ သဲထဲရေသွန်ဖြစ်နေလိမ့်မယ်’

လှစင် ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။ စကားခိုးနားထောင်နေသည် ကို သိသွားမည်စိုးသဖြင့် ခုတင်ပေါ်တွင် ပြန်ထိုင်နေလိုက်ရသည်။

လက်မတင်ကလေးပင်၊ သူလည်းအထိုင် ရှောင်ကျင်လည်း တံခါးဖွင့်အဝင် ဖြစ်သွားသည်။

‘သခင်လေးလု၊ စကားကိုသိပ်ကျယ်ကျယ်မပြောနဲ့နော်၊ မမလေးက ရှင့်ကို စိတ်ချလက်ချအနားယူဖို့ မှာလိုက်တယ်။ ကျွန်မလဲ အချိန်နဲ့ ရှင့်အတွက် အစားအသောက်တွေလာပို့ပေးပါ့မယ်။ ဒဏ်ရာက အခုမှ ပျောက်ခါစရှိသေးလို့ သိပ်ပြီး လှုပ်လှုပ်ရှားရှား မလုပ်ဖို့လဲ မမလေးက သတိပေးလိုက်တယ်’

ရှောင်ကျင်သည် ပြောပြီးသည်နှင့် တံခါးဆီသို့ လှည့်ကြည့်လိုက်၏။ ထို့နောက် လေသံတိုးတိုးဖြင့် ထပ်ပြောပြန်သည်။

‘သခင်လေးက ဝမ်ကျင်ရဲ့ ရန်သူလား၊ သူကတော့ အပြင်

မှာ သဲကြီးမဲကြီးရှာဖွေနေတယ်၊ ခုနကတောင် ကျွန်မတို့အိမ်ကိုလာပြီး စစ်လားမေးလား လုပ်သွားသေးတယ်'

လုစင်က အရေးတကြီးမေး၏။

'ရှောင်ကျင်၊ မင်းမမလေးနာမည် ဘယ်သူလဲဆိုတာ ငါ့ကိုပြောပြစမ်းပါဦး၊ သူဘာဖြစ်လို့ ငါ့ကို ကယ်တင်ရသလဲဆိုတာ နင်သိသလား၊ ငါကတော့ နင့်မမလေးကို တစ်ခါမှ မသိဖူး၊ မကျွမ်းဖူးပါဘူး' ရှောင်ကျင် နှုတ်ခမ်းလေးဆူလိုက်သည်၊

'မမလေးကို ရှင်ဘယ်သိပါ့မလဲ၊ သူက အပြင်လူကို လွယ်လွယ်ကူကူနဲ့ အတွေ့ခံတာမှ မဟုတ်ဘဲ၊ မမလေးက ဘာကြောင့်ရှင့်ကို ကယ်တင်ရသလဲဆိုတာ ထုတ်မပြောပြပေမယ့် ကျွန်မအထင်ပြောရရင် ရှင်ရိုးမျိုးနွယ်အိမ်ကို ပေးရမယ့်စာနဲ့ ပတ်သတ်နေတယ်လို့ ထင်တာပဲ၊ အဲဒီတစ်ချက်တည်းနဲ့ ရှင့်ကို ကယ်တင်သင့်ပါပြီ'

လုစင်မှာ ဤအိမ်နှင့်ရိုးမျိုးနွယ်ဂေဟာ မည်သို့ ပတ်သတ်နေသည်ကို မေးမြန်းသော်လည်း ရှောင်ကျင်က မဖြေပေ၊ အချိန်တန်လျှင် မမလေးက ပြောပါလိမ့်မည်ဟုသာ စကားရသည်။

တစ်အက်သား စိတ်အကျဉ်းအကျပ်မရစေလိုသဖြင့် လုစင် ဘာမျှထပ်မေးမနေတော့ပေ။ သို့သော် သူ့အပေါ်တွင် စိတ်ကောင်းစေတနာကောင်းဖြင့် ကယ်တင်ခဲ့သည်ဆိုသည့်အချက်ကိုတော့ ရှင်းရှင်းလင်းလင်း သိနားလည်ခွင့်ရသွားသည်၊

*****

# အခန်း (၁၄)
## ရဲပုံသောမိန်းကလေး

ရှောင်ကျင်ထွက်ခွာသွားပြီးသည့်နောက် လုစင်သည် အတွေးရေယာဉ်ကြောထဲ နစ်မျောသွားသည်။ အချိန်မည်မျှကြာအောင် ငိုင်၍ စဉ်းစားနေမိသည်မသိ။ နှာခေါင်းတွင်းသို့ မွှေးကြိုင်သင်းပျံ့သော ရနံ့ကိုရှူရှိုက်မိမှ ရုတ်တရက် သတိဝင်လာရသည်။ သူ့အနီးတွင် လိုစုရောင် ရောက်ရှိနေခဲ့ပြီတည်း။

'အစ်ကိုလုစင်က ဆံကေသာပယ်ပြီး ဘုန်းကြီးဝတ်တော့မလို့လား၊ ကျွန်မရောက်နေတာ အတော်ကြာပြီ။ တကယ့်ကိုကျောက်ရုပ်ကြီးကျနေတာပဲ'

လိုစုရောင်က ရယ်ရယ်မောမောပြောလာသဖြင့် လုစင်ရှက်ကိုးရှက်ကန်းဖြစ်သွားသည်။ ခုတင်ထက်မှ အလျင်အမြန်မက်တပ်ထရပ်လိုက်ပြီး အရှိအသေပေးလိုက်မိသည်။

'အစ်ကိုလုနဲ့ ကျွန်မတို့က တစ်အိမ်နဲ့တစ်အိမ် သိကျွမ်းပြီးသားတွေမို့ အားနာစရာမလိုပါဘူးနော်၊ အားနာနေမယ်ဆိုရင် ကျွန်မ အစ်ကိုလုနဲ့ ဘယ်လို မျက်နှာချင်းဆိုင်ရတော့မလဲ၊

ထိုင်ပါရှင် ထိုင်ပါ'

'မဟုတ်နိုင်သေးပါဘူး၊ ဆရာက ရီးမျိုးနွယ်ဂေဟာမှာ အသက်ဆယ်နှစ်ကျော် ကလေးတစ်ယောက်ပဲရှိတယ်လို့ အသေအချာပြောလိုက်တာပဲ၊ ဘယ်လိုကနေ ဘယ်လို မိန်းကလေးတစ်ယောက်ရောက်နေရတာလဲ'

လုစင်စိတ်ထဲတွင် ဇဝေဇဝါဖြစ်မိပြီး ခုတင်တွင် ပြန်လည်ထိုင်ချလိုက်ရသည်။ လိုစုရောင်၏ အမည်နာမမေးမြန်းရန်ပင် ရှုတ်တရက် မေ့လျော့သွားသည်။ လိုစုရောင်က နားလည်သဘောပေါက်ဟန်ဖြင့် ကြင်နာစွာ မေးလိုက်ပြန်သည်။

'အစ်ကိုလု အခုဘယ်လိုနေသေးလဲ၊တစ်ခုခုကြောင့် စိတ်လက်မအီမသာကြီးများ ဖြစ်နေသလား'

'ကောင်းသွားပါပြီ အခုလို ပြုစုစောင့်ရှောက်ထားတာကို သိပ်ပြီး ကျေးဇူးတင်ပါတယ်၊ ဒါနဲ့ ညီမလေးရဲ့ နာမည်ကို မသိရဘူးလား'

လိုစုရောင်က ဖွဖွလေးပြုံးလိုက်ပြီး ---

'ကျွန်မပြောပြီးပြီကော၊ကျွန်မတို့ဟာ ခင်မင်သိကျွမ်းကြတဲ့သူတွေပါလို့၊ အစ်ကိုလုက ရီးမျိုးနွယ်အိမ်ကိုသွားမှာမဟုတ်လား နည်းနည်းလောက်ရက်ရွှေ့ပြီးသွားရင်ကောင်းမယ် ထင်တယ် ဘာ့ကြောင့်လဲဆိုတော့ အစ်ကိုလုရဲ့ ဒဏ်ရာတွေက လုံးလုံးလျားလျား ပျောက်ကင်းသေးတာ မဟုတ်တော့ သွားလို့လာလို့ အဆင်မပြေသေးဘူး။ လှုပ်ရှားနေတာထက် ငြိမ်သက်တာက ဝေဒနာကို သက်သာစေပါတယ်။ နောက်ထပ် သုံးလေးရက်



လောက် ဆက်နားနေပါဦး၊ နောက်ပြီး ဝမ်ကျင်က ဒီကိစ္စကို အထူးသတိထားနေတယ်၊ တင်းတင်းကျပ်ကျပ် စစ်ဆေးနေလို့ အစ်ကိုလုထွက်တယ်ဆိုတာနဲ့ သူတို့ တွေ့သွားမှာမုချပဲ'

လုစင်မှာ သူမကိုသာ ငေးကြည့်နေမိ၏။ ငယ်ရွယ်သလောက် အမြော်အမြင်ရှိပါပေသည်ဟုလည်း စိတ်ထဲက ကျိတ်၍ ချီးကျူးလိုက်မိသည်။

လိုစုရောင်က ဆက်ပြောပြန်သည်။

'အစ်ကိုလုက သိပ်သတ္တိကောင်းတာပဲနော်၊ ဘာဖြစ်လို့ ဝမ်ကျင်ကို တစ်ယောက်တည်းအင်အားနဲ့ လုပ်ကြံရတာလဲ၊ မနေ့ညက ကျွန်မအိမ်ထဲမှာ ပုန်းနေလို့ တော်သေးတာပေါ့ သူများအိမ်မှာဆိုရင် ဝမ်ကျင်ကို မလိုလားတဲ့လူဖြစ်နေတာတောင် အစ်ကို့ကို လူဆိုးမှန်းလူကောင်းမှန်းမသိလို့ နားခိုပုန်းအောင်းခွင့်ပေးမှာမဟုတ်ဘူး၊ နောက်ဆိုရင် သတိထားပြီး လုပ်ပေါ့၊ ကျွန်မက စိတ်ထဲရှိရာကို စွတ်ပြောတာနော်၊အစ်ကိုလု ဘယ်လိုမှ စိတ်မရှိပါနဲ့'

လုစင်မှာ လိုစုရောင်ကို ပို၍ပင် အထင်ကြီးသွား၏။ ဤမိန်းကလေး ပွင့်ပွင့်လင်းလင်းပြောတတ်လိမ့်မည်။ သတ္တိရှိကာဇဟုသုတ ကြွယ်ဝလိမ့်မည်ဟုလည်း ထင်မှတ်မထားခဲ့ချေ။ ဤသို့သော စကားမျိုးပြောလာသောအခါ စိတ်ထဲတွင် လွန်စွာလေးစားသွားမိသည်။

ထို့ကြောင့် စူးစူးစိုက်စိုက် ကြည့်လိုက်မိသည်။ လိုစုရောင်ကလည်း သူ့ကိုပြန်ကြည့်နေရာ နှစ်ဦးစလုံး အကြည့်ချင်း ဆုံသွား

ကြသည်။ နှစ်ယောက်စလုံးရင်ထဲတွင် ဒိန်းခနဲ လှုပ်ရှားသွား၏။ လိုစုရောင်က မျက်လွှာချခေါင်းငုံ့မိတော့သည်။

'ညီမလေးရဲ့ စကားက တကယ့်ကိုမှန်ပါတယ်၊ မနေ့ညက ကျုပ်ရဲ့ လုပ်ရပ်တွေဟာ တကယ့်ကို ကမူးရှူးထိုးနိုင်လှတယ်၊ ညီမလေးက အန္တရာယ်ကို ထည့်မတွက်ဘဲ စဉ်းစဉ်းစားစား ကူညီခဲ့လို့ တော်သေးတာပေါ့၊ ဒီလိုသာမဟုတ်ရင် ဝမ်ကျင်ရဲ့ လက်ထဲမှာ ကျုပ်ရောက်နေလောက်ပြီ၊ ညီမလေးရဲ့ ကျေးဇူးကို ကျုပ် တစ်သက်မေ့လို့ရမှာမဟုတ်ပါဘူး၊ ညီမလေးရဲ့အမှန်တရား ဘက်မှာ ရပ်တည်တတ်တဲ့စိတ်ဓာတ်ကိုကျုပ် လေးစားချီးကျူးပါတယ်၊ ကျုပ် မှတ်ဉာဏ်သိပ်မကောင်းလှဘူး၊ ညီမလေးက ကျုပ်ကို သိကျွမ်းခင်မင်ဖူးတယ်ဆိုပေမယ့် ညီမလေးရဲ့ အဖေနာမည်တွေကို ကျုပ်သတိမရဘူး၊ ကျုပ်အဖေ အသက်ထင်ရှားရှိစဉ်တုန်းက ညီမလေးအဖေနဲ့ ခင်မင်ရင်းနှီးမှုရှိလိမ့်မယ်ဆိုတာလောက်ပဲ တွေးမိတယ်၊ ထားပါတော့လေ၊ အတိတ်အကြောင်းတွေကို ထားလိုက်ပါ တော့၊ ဒါပေမယ့် အနာဂတ်အတွက်ကတော့ မပြောလို့မဖြစ်ဘူး'

အနာဂတ်အကြောင်းဟုဆိုလိုက်သည်နှင့် လိုစုရောင်၏ ရင်ထဲ၌ ဒိန်းခနဲခုန်လှုပ်သွားရသည်။ စူးစူးရဲရဲကြည့်နေသော လုစင်ကိုလည်း ပြန်မကြည့်ရဲတော့ချေ။

လုစင်ဆက်ပြောမည့်စကားကိုမူ ရင်တစ်ဖိုဖိုနှင့်စောင့်ဆိုင်းနားထောင်နေရသည်။

လုစင်က ---



'ဝမ်ကျင်က ကျုပ်ကို မတွေ့တွေ့အောင်ရှာပြီး သတ်ရမှ ကျေနပ်မယ်လို့ ခုနက ညီမလေးပြောခဲ့တယ်နော်၊ ကျုပ် ဒီမှာ ကြာကြာနေသွားရင် ညီမလေးအတွက် အန္တရာယ်ပို မများဘူးလား၊ ညီမလေးသိပါတယ်လေ၊ ဝမ်ကျင်က တပည့်တပ်အားအရှိန်အဝါကြီးမားသလောက်စိတ်ထားကယုတ်ညံ့ ကောက်ကျစ်တယ်၊ တကယ်လို့ စစ်ဆေးတွေ့ရှိသွားရင် ညီမလေး သက်သာမှာမဟုတ်ဘူး၊ ကျုပ်အသက်ကို ကယ်တင်ခဲ့တဲ့ ညီမလေး ဒုက္ခရောက်မှာကို ကျုပ်မလိုလားဘူး၊ ကျုပ်ဒီမှာ ဆက်နေဖို့ မတားပါနဲ့တော့၊ ဒီညမိုးချုပ်တာနဲ့ ကျုပ်ဒီကနေ ထွက်သွားပါတော့မယ်'

လိုစုရောင် တခစ်ခစ်ရယ်လေတော့၏။

'အစ်ကိုလု စကားက နောက်ဆုံးတော့အားနာတယ်ဆိုတဲ့ အဓိပ္ပါယ်သက်ရောက်လာတာပါ၊ ကျွန်မတို့က သိကျွမ်းခင်မင်တဲ့သူတွေပဲ၊ တစ်ယောက်နဲ့တစ်ယောက် ကူညီရမှာပေါ့၊ လူတစ်ယောက် မျက်စိရှေ့တင် သေသွားရမှာကို လက်ပိုက်ကြည့်နေရမှာလား၊ အစ်ကိုလုက ကျွန်မကို တော်တော်အထင်သေးတာပဲ၊ ကျွန်မမှာ' ကြောက်စိတ်ရှိနေမယ်ဆိုရင် အစ်ကို့ကိုကယ်မှာတောင်မဟုတ်ဘူး၊ တကယ်ဆို အစ်ကိုလု စဉ်းစားကြည့်စမ်းပါဦး၊ မိန်းကလေးတစ်ယောက်က ယောကျ်ားလေးတစ်ယောက်ကို ဒီလိုကယ်တင်ခဲ့တာ ဘေးလူတွေ အတွက် ဘယ်လောက်ပြောစရာကောင်းလဲ၊ကျွန်မက ဘေးက အတင်းအဖျင်းစကားတွေကိုလဲ ဂရုမစိုက်ပါဘူး၊ ကျွန်မဘယ်လို

စိတ်ဓာတ်မျိုး ရှိတယ်ဆိုတာ သိသာနိုင်ပါတယ်လေ'

လိုစုရောင်က စကားစဖြတ်ပြီး လုစင်ကို အကဲခတ်သည်။

လုစင် ခေါင်းငုံ့နားထောင်နေသည်ကိုတွေ့မှ သူမ၏ စကားကို ဆက်၏။

'ဝမ်ကျင်ကိုသာ ကြောက်နေရင် ကျွန်မ ရှင့်ကို မကယ်တင်တော့ဘူး။ ဒီအတွက် ရှင် ကျွန်မကို စိုးရိမ်ပူပန်မနေပါနဲ့၊ ဒီနေရာက လုံခြုံပါတယ်၊ အပြင်လူ ဘယ်သူမှ ဒီအခန်းရှိတယ်ဆိုတာ မသိကြပါဘူး၊ ဒီနေရာဟာ ရှင့်ဒဏ်ရာကို ကုသဖို့ သိုင်းပညာလေ့ကျင့်ဖို့ ကောင်းမွန်သင့်မြတ်တဲ့နေရာတစ်ခုလို့ ကျွန်မထင်တယ်၊ ရှင်စိတ်အေးအေးထားပြီးနေပါ၊ ဒဏ်ရာအားလုံး ကောင်းမွန်သွားပြီး အခြေအနေတွေ ငြိမ်သက်သွားတဲ့အချိန်ကျမှ ကျွန်မရှင့်ကို ရီးမျိုးနွယ်ဂေဟာကိုပို့ပေးမယ်၊ ကျွန်မအခန်းထဲကို လူတွေ မကြာမကြာလာတတ်တယ်၊ ကျွန်မအမေနဲ့ အစ်မတောင် ရှင်ဒီမှာနေတာကို မသိကြသေးပါဘူး ဒီတော့ စကားသံကျယ်ကျယ်မထွက်ပါစေနဲ့၊ အမေသိသွားရင် အားလုံးရှုပ်ကုန်လိမ့်မယ်၊ အမေက လူကို ခင်မင်ရင်းနှီးတတ်ပေမယ့် ပြဿနာဖြစ်မှာကိုတော့ သိပ်ပြီးကြောက်တတ်တယ်၊ ဒါကြောင့် သူ့ကိုအသိမပေးဘဲထားတာပါ၊ ကျွန်မက ရှင့်ကို စေတနာသန့်သန့်နဲ့ပြောနေတာနော်၊ ဘာမှသံသယ ဖြစ်မနေပါနဲ့'

လုစင်မှာ လိုစုရောင်သည် မည်သို့သော မိန်းကလေးဖြစ်မည်ကို တိတိကျကျ မခန့်မှန်းနိုင်ဘဲ ဖြစ်နေရတော့သည်။



လုစင်မပြောနှင့် ပူးပူးကပ်ကပ်အတူနေသော ရှောင်ကျင်ပင်လျှင် ဘာမှန်းမသိဖြစ်နေသည်။ အံ့လည်းအံ့ဩနေရပေသည်။

ထိုခေတ် ထိုအခါက ယောကျ်ားလေးနှင့်မိန်းကလေးတို့မှာ ပြောဆိုဆက်ဆံမှုနည်းပါးကြ၏။ မိန်းကလေးများမှာ များသောအားဖြင့် အခန်းအောင်းနေတတ်ကြပြီး သူစိမ်းယောကျ်ားလေးများနှင့် မျက်နှာချင်းဆိုင်တွေ့လေ့မရှိကြ၊ ဝမ်းကွဲအစ်ကိုမောင်နှမများပင်လျှင် စကားပြောဆိုခွင့်မရှိကြပေ။ ထိုပညတ်ချက်များကို လူကုံထံအသိုင်းအဝန်းမှ ပို၍ အလေးထားတတ်ကြပေသည်။

လိုစုရောင်ကား သူစိမ်းယောကျ်ားလေးတစ်ယောက်နှင့် တွေ့ရုံတင်မက အသက်ပင် ကယ်ပေးခဲ့၏။ သူမ၏အခန်းနောက်ဘက်လျှို့ဝှက်ခန်းထဲတွင် အမေနှင့်အစ်မ မသိအောင် တိတ်တဆိတ်စောင့်ရှောက်ထားပြန်သေးသဖြင့် ရှောင်ကျင်မှာ မအံ့ဩပဲမနေနိုင်တော့ချေ။

* * * * *

## အခန်း (၁၅)

# ဓားလက်ဆောင်

လုစင်လျှို့ဝှက်ခန်းထဲသို့ ရောက်ခဲ့သည်မှာ သုံးရက် ရှိသွားပြီ။ တတိယနေ့တွင် အခန်းထဲသို့ လိုစုရောင် ရောက်ရှိလာ၏။

'အစ်ကိုလု၊ ရှင်ကတော့ ဒဏ်ရာတွေအားလုံးကောင်းသွားပြီ၊ အင်အားတွေကလဲ အရင်လို ပြန်ပြည့်လာပြီလို့ ပြောတယ်၊ ကျွန်မအမြင်တော့ မနေ့ကထက် ဒီနေ့ ပိုကောင်းလာတယ်ဆိုတာလောက်ပဲ သိတယ်၊ အခု ကျွန်မကိုသိုင်းတစ်ကွက်လောက် ကစားပြပါလား၊ ကျွန်မက သိုင်းပညာကို မသင်ကြားခဲ့ဖူးလို့ ထူးကဲနက်နဲတာတွေကို မသိပေမယ့် သိုင်းကစားတာကိုတော့ အများကြီးမြင်တွေ့ဖူးပါတယ်။ကျွန်မငယ်ငယ်တုန်းက ဖေဖေရဲ့ သက်တော်စောင့်တွေကို ကစားပြခိုင်းဖူးတယ်လေ။ အခုတော့ ဖေဖေကလဲ အိမ်မှာမရှိလို့ သိုင်းကစားတာ မကြည့်ရတာ နှစ်တော်တော် ကြာသွားခဲ့ပါပြီ။ အစ်ကိုလုသာ ဒီမှာအချိန်နည်းနည်းပိုနေပြီး ကျွန်မကို သိုင်းပညာ သင်ပေးနိုင်မယ်ဆိုရင် သိပ်ကောင်းမှာပဲ၊

လိုစုရောင်စကားကြောင့် လုစင်အံ့ဩသွားသည်။ မူလက သူမကို-သိုင်းပညာတတ်မြောက်ထားသူဟု ထင်မှတ်ခဲ့သည်



ယခုမှ သိုင်းပညာမတတ်မှန်းသိရတော့သည်။

သူမစိတ်ကျေနပ်စေရန် လက်ဝါးသိုင်းကွက်ကို ကစားပြလိုက်သည်။ အခန်းကကျဉ်းနေသဖြင့် အဆင့်မြင့် သိုင်းကွက်များကိုတော့ မကစားပြနိုင်ပေ။

လက်ဝါးသိုင်းကွက်ကစားပြီးသောအခါ ကျားနိုင်လက်သီးထိုးသိုင်းကွက်ကိုလည်း လေ့ကျင့်ကစားပြ လိုက်၏။ ဒဏ်ရာအပြင်းအထန်ရရှိပြီးနောက်မှ ကစားပြနေရသော်လည်း သူ့လက်သီးနှင့် လက်ဝါးတိုက်ကွက်များက အင်အားအပြည့်အဝ ရှိနေသည်။

လေ့ကျင့်ပြီးစသည့်တိုင် မျက်နှာက အသွေးရောင်တစ်စက်ကလေး ပြောင်းလဲမှုမရှိလို့ မောပန်းနွမ်းနယ်ခြင်းလည်း မရှိပေ။

လိုစုရောင်သည် လုစင်တစ်ယောက် လက်နက်မဲ့သိုင်းကွက်များချည်းသာ ကစားပြနေသည်ကို ငေးကြည့်ပြီး တစ်စုံတစ်ခုကိုတွေးနေ၏။ အတန်ကြာမှ-

'အစ်ကိုလုမှာ လက်နက်မရှိဘူးလား၊ ဒါမှမဟုတ် ပြဿနာဖြစ်တဲ့ညက ပျောက်ဆုံးသွားတာလား'

သူမ၏မေးခွန်းကြောင့် လုစင်မျက်နှာရဲသွား၏။ အရှက်ရသွား၏။ ကိုယ့်လက်နက်ဆုံးရှုံးခြင်းသည် သိုင်းသမားကောင်းတို့အတွက် မျက်နှာပျက်ဖွယ်ရာတည်း။

'ဟုတ်တယ်၊ အဲဒီညကပဲ ပျောက်သွားတာပါ၊ အချည်းအနှီးတော့မဟုတ်ပါဘူး၊ ဓားတစ်လက်နဲ့ အသက်တစ်ချောင်း

လဲလိုက်ရတာပါ၊ ကျုပ်သာ နောက်ကလိုက်လာတဲ့ ရန်သူကို ဓားနဲ့ပစ်မပေါက်ခဲ့ရင် ခုလို အသက်ရှင်ခွင့်ရမှာမဟုတ်ပါဘူး'

လုစင်က သူ့လက်နက်ဆုံးရှုံးရခြင်းကို အကြောင်းပြု ကာကွယ်သည်။

လိုစုရောင်က ခေါင်းကိုဆတ်ခနဲညိတ်လိုက်ပြီး ---

'အစ်ကိုလုရယ်၊ ဓားဆိုတာ အသက်မဲ့ပစ္စည်းတစ်ခုပဲ၊ လူ့အသက်တစ်ချောင်းလောက် တန်ဖိုးမရှိနိုင်ပါဘူး၊ ဓားတစ်လက် ဆုံးရှုံးသွားရင် နောက်ထပ်တစ်လက် ထပ်လုပ်လို့ရတယ်၊ လူ့အသက်ဆုံးရှုံးသွားရင် ဘယ်လိုမှ ပြန်ပြီး ဖန်တီးလို့မရတော့ဘူး၊ အခုမှသတိရတယ်၊ အစ်ကိုလု ခဏစောင့်ဦးနော်၊ ကျွန်မ ပြန်လာခဲ့မယ်'

လိုစုရောင်သည် ရုတ်တရက် အပြင်ထွက်သွားသည်၊ လုစင်သည် သူ့ရှေ့ရေးကိုတွေးတောနေမိ၏။ များမကြာမီပင် လိုစုရောင်သည် ဓားရှည်တစ်လက်ကိုင်ကာ အခန်းတွင်းသို့ ပြန်ဝင်လာသည်ကို တွေ့လိုက်ရတော့သည်။

လိုစုရောင်က ရယ်ရယ်မောမောပြောသည်။

'ဒီဓားက ကျွန်မကို လွန်ခဲ့တဲ့သုံးနှစ်လောက်က ဖေဖေပေးထားတဲ့ဓားပါ၊ ကျွန်မအတွက် အသုံးမဝင်ပါဘူး၊ ကျွန်မ ဓားကို မလိုချင်သလို ကိုင်လည်းမကိုင်ချင်ဘူး၊ ကျွန်မမှာ ဒီဓားရှိတာထက် အစ်ကို့ဆီမှာ ဒီဓားရှိတာက ပိုသဘာဝကျမယ်၊ ဒီတော့ ဒီဓားကို ကျွန်မ လက်ဆောင်ပေးလိုက်ပါရစေ'

လုစင် အံ့အားသင့်နေ၏။ လိုစုရောင်က ဓားကို တစ်ဆ



ဆလုပ်နေပြီး ဆက်ပြော၏။

'ဖေဖေကတော့ ပြောဖူးတယ်၊ ဒီဓားက သိပ်မဆိုးဘူးတဲ့၊ ရှင့်အတွက်တော့ အသုံးတည့်လိမ့်မယ်ထင်ပါတယ်'

စကားဆုံးသည်နှင့် လိုစုရောင်က ဓားရှည်ကို ဓားအိမ်မှ ဆွဲထုတ်လိုက်သည်။ ဓားက ဓားအိမ်မှ ကျွတ်ထွက်မလာ၊ နောက်ဆုံးတွင် လက်လျှော့လိုက်ရပြီး ရယ်ကာမောကာနှင့် --

'ရှင့်ကို လက်ဆောင်ပေးလိုက်ပါပြီလေ၊ မြင်တဲ့အတိုင်းပဲ ဓားနဲ့ ကျွန်မ ဘယ်လောက် မအပ်စပ်သလဲဆိုတာ ဓားအိမ်ကတောင် ထွက်မလာဘူး'

သူမက လုစင်လက်ထဲသို့ ဓားကိုထည့်ပေးလိုက်သည်။ လုစင်က လက်ခံယူပြီး ဓားကို ဓားအိမ်တွင်းမှ ရှမ်းခနဲ ဆွဲထုတ်လိုက်သည်။ ဖြိုးပြက်လက်သွားသောဓားရောင်က လိုစုရောင်ကိုရော လုစင်ကိုပါ အသည်းအေးသွားစေသည်။

ဓားကောင်းဓားမြတ်တစ်လက်ဖြစ်ကြောင်း သံသယရှိရန်မလိုပါ။ သိုင်းသမားမပြောနှင့် သာမန်လူပြိန်းတစ်ယောက်ပင်လျှင် ဤဓားကို ဓားကောင်းဖြစ်ကြောင်း သိနိုင်ပါသည်။

လုစင်မှာ ဓားကို ကြည့်မဝ၊ ရှုမဝဖြစ်ကာ လွန်စွာကျေနပ်နှစ်သိမ့်နေလေတော့၏။ သူ့ယခင်ဓားမှာ သာမန်ဓားဖြစ်သည်။

ဓားရရှိသည့်အတွက် ကျေးဇူးတင်စကားပြောမည်ကြံပြီးခါမှ တစ်စုံတစ်ရာကို တွေးမိကာ ကျေးဇူးစကားမှာ လည်ချောင်းဝတွင် ရပ်တန့်သွား၏။

'ဒီဓားဟာ သူ့အတွက်အန္တရာယ်ကို ကာကွယ်ဖို့ သူ့အဖေကပေးထားတာဆိုတော့ မျိုးဆက်ရတနာတစ်ပါး ဖြစ်ပုံရတယ်၊ ငါက သူနဲ့ သိကျွမ်းဖူးတာလဲမဟုတ်၊ ငါ့အသက်ကို ကယ်ထားတဲ့အတွက် ကျေးဇူးတောင်မှ မဆပ်ရသေးတဲ့အပြင် အခု သူ့ဆီက မျိုးဆက်ရတနာပစ္စည်းကို ထပ်ယူလို့ ဘယ်ဖြစ်ပါ့မလဲ၊ သူ့အဖေသိသွားရင်ကော ကောင်းပါ့မလား'

လုစင်ငိုင်ကျသွား၏။

လိုစုရောင်သည်လည်း လုစင်၏စိတ်နေစိတ်ထားကို အတော်အသင့်ခန့်မှန်းနိုင်ခဲ့လေပြီ။ အပြောအဆိုသိမ်မွေ့သော်လည်း ရဲရင့်ဟန်ရှိပုံ၊ မိမိ၏ အခန်းထဲ၌ အနားယူဆေးကုသနေသည့်အတွက် အားတုံ့အားနာဖြစ်နေပုံ၊ ဓားကို ရတာ ဝမ်းသာအားရ လက်ခံကိုင်တွယ်ပြီးမှ တွေဝေသွားခြင်းသည် သင့်မသင့် --- တော်မတော် တွေးနေပုံရကြောင်း စသည်တို့ကိုရိပ်မိလိုက်သည်။

လိုစုရောင်က ငိုင်တွေနေသော လုစင်ကို ပြုံးပြုံးရယ်ရယ် ဖြင့် ---

'အစ်ကိုလုက အားနာနေပြန်ပြီလား၊ ဓားတစ်လက်က ဘယ်လောက်များအဖိုးတန်နေလို့လဲ၊ ဒီဓားက ကျွန်မဆီမှာ ထားလို့လဲ ဘယ်လိုမှ အသုံးကျတာမဟုတ်ဘူး၊ သံချေးတက်မယ့်အတူတူ ရှင့်ဆီမှာဆိုရင် အသုံးကျသလို တန်ဖိုးလဲရှိမယ်၊ ရှင့်အတွက်လဲ တကယ်လိုအပ်နေတာပဲ၊ ယူသာ ယူထားလိုက်ပါ'

တိုက်တိုက်တွန်းတွန်းပြော၏။ ထို့နောက် တည်ကြည်



လေးနက်သော လေသံဖြင့် ဆက်ပြောပြန်သည်။

'အစ်ကိုလု အမြဲတစေ သတိဝီရိယရှိနေပါ၊ ဒါမှ အစ်ကိုလုရဲ့ မိဘအတွက် ကလဲ့စားချေနိုင်မှာ၊ နောက်ပြီး ဟန်တရွတ် လူမျိုးကို ဒုက္ခပေးနေတဲ့လူကိုလဲ ရှင်းလင်းပစ်နိုင်မှာပါ၊ အဲဒီ လူဆိုး လူညစ်တွေဟာ ကိုယ့်ဘုရင်ကိုယ့်လူမျိုးထက် တိုင်းတစ်ပါး သားဘုရင်ကို မျှော်ကိုးနေကြတာဆိုတော့ သူတို့ကို ရှင်းလင်းပစ်တဲ့အတွက် တစ်တိုင်းပြည်လုံးက ဝမ်းသာကြမှာပါ'

'ရှင်ရောက်လာတဲ့အချိန်မှာ အမေက ကြောက်တတ်လို့ ကျွန်မ အသိမပေးပါဘူး၊ ဒါပေမယ့် ရှင်ဒီကထွက်သွားမယ်ဆိုရင်တော့ သူ့ကိုအသိပေးရမှာပါ၊ မေမေနဲ့လဲ ရှင့်ကို တစ်ခါတော့ တွေ့စေချင်တယ်လေ၊ ကဲ ---- ဓားကိုသာ လက်ခံထားလိုက်စမ်းပါ'

ပြောပြောဆိုဆိုပင် လိုစုရောင်က သူမသိမ်းဆည်းထားသော လုစင်၏စာနှင့်ကျောက်ဖြူခြင်္သေ့ရုပ်ကို ပြန်ပေးလိုက်သည်။

'ဒီခြင်္သေ့ရုပ်က သိပ်လက်ရာမြောက်ပြီး လှတယ်နော်'

လိုစုရောင်က ကျောက်ဖြူခြင်္သေ့ရုပ်ကလေးအားနှစ်သက်နေပြီဟု လုစင်ထင်မှတ်လိုက်သည်။

'ယူထားလိုက်လေ၊ ကျုပ်ညီမလေးကို လက်ဆောင်ပြန်ပေးစရာဆိုလို့ ဒီတစ်ခုပဲရှိတာ၊ ညီမလေးသဘောတူမယ်ဆိုရင် ယူထားလိုက်ပါ။

လိုစုရောင် ဝမ်းသာသွားသည်။ ထိုခြင်္သေ့ရုပ်ကလေးကို

အမြုတ်တန်းပင် ယူဆောင်သိမ်းဆည်းထားလိုက်၏။ ထိုစဉ် အခန်း အပြင်ဘက်မှ တံခါးခေါက်သံသဲ့သဲ့ ကြားလိုက်ရသည်။

'ဒေါက် ---- ဒေါက်'

လိုစုရောင် ငေါက်ခနဲ မတ်တပ်ရပ်လိုက်သည်။ တံခါးဆီသို့ ခြေလှမ်းနှစ်လှမ်းခန့် လှမ်းပြီးမှ နောက်သို့ လှည့်ကြည့်ကာ

'အစ်ကိုလူ၊ ရှောင်ကျင် ကျွန်မကို ဘာအကြောင်းထူးရှိလို့လဲ မသိဘူး၊ ငြိမ်ငြိမ်ကလေးနေပါနော်၊ အပြင်ဘက်မှာ ဘာတွေပဲဖြစ်ဖြစ် ရှင်ဘယ်လိုမှ မလှုပ်ရှားပါနဲ့'

လုစင်က လိုစုရောင်ကို တံခါးအနီးသို့တိုင်လိုက်ပို့သည်။ လိုစုရောင်အခန်းထဲမှ ထွက်သွားသည်။ ရှောင်ကျင်၏ လေသံတိုးတိုးဖြင့် ပြောနေသည့်စကားသံများကို ကြားနေရသော်လည်း ကွဲကွဲပြားပြားမသိရပေ။

လိုစုရောင်၏ ခါးခါးသီးသီးပြောသံကိုကြားရပြီး ခုတင်များ၊ ဗီရိုများ၊ ပစ္စည်းပစ္စယများ ရွေ့သံကြားရသည်။ ထို့နောက် အပြင်ထွက်သွားသည့် ခြေသံကိုလည်း ကြားလိုက်ရသည်။

လုစင်မှာ အပြင်ဘက်တွင် ကာစ်ရုံတစ်ခုဖြစ်နေပြီကို သိလိုက်၏။

သို့သော် လိုစုရောင်က သေသေချာချာ မှာသွားသဖြင့် မည်သို့မျှ မလှုပ်ရှားဝံ့ဘဲ အခန်းထဲတွင် ငြိမ်နေလိုက်သည်။ မိမိ အခန်းအပြင်ထွက်ပါက အကျိုးထက် အဆိုးကပိုများနိုင်ပေသည်။

ထို့ပြင်သူမ၏ ဂုဏ်သိက္ခာလည်း ထိခိုက်သွားစေနိုင်သည်။



မိမိ၏အန္တရာယ်ကို မိမိအလွတ်ရုန်းထွက်ပြေးသွားနိုင်သော်လည်း လိုစုရောင်နှင့် မိသားစုမှာ မိမိကဲ့သို့ ပြေးနိုင်စွမ်းရှိလိမ့်မည်မဟုတ်ချေ။ ထိုအတွေးများကြောင့် သူသည် ဓားအိမ်ကို တင်းကျပ်စွာ ဆုပ်ကိုင်ရင်း ခုတင်ပေါ်သို့ ပြန်ထိုင်ချလိုက်ရတော့၏။

ထမင်းအိုးတစ်လုံးကျက်ခန့်ကြာသောအခါ အခန်းအပြင်ဘက်မှ စကားသံများ၊ ခြေသံများကို ကြားလာရသည်။ လူတစ်ယောက် နှစ်ယောက်တည်း၏ခြေသံမဟုတ်ချေ။ ထိုခြေသံများ နှင့်အတူ လူတစ်ယောက်၏မေးမြန်းသံကိုလည်း လုစင်ကြားလိုက်ရသည်။

'ဒါဘယ်သူ့အခန်းလဲ၊ လုစင်ကော အခုဘယ်မှာလဲ၊ အထဲမှာရှိနေလား'

လုစင်ရင်ထိတ်သွား၏။ အပြင်လူများကား သူ့ကို လာရောက်ရှာဖွေနေကြသူများဖြစ်ကြောင်း သေချာသွားလေပြီ။ တစ်ဆက်တည်းမှာပင် ရှောင်ကျင်ဒေါသတကြီးအော်ငေါက်သံကိုလည်းကြားလိုက်ရည်။

'ရှင်တွေ့ကရာတွေ လျှောက်ပြောမနေနဲ့၊ ဒါကျွန်မ မမလေးအိပ်ခန်း၊ ရှင်ဒီလိုမဟုတ်တာဟုတ်တွေ လျှောက်ပြောနေရင် မမလေးနဲ့ရှင်တွေ့မယ်၊ အဲဒီအခါကျရင် ရှင် လွယ်မှာ မဟုတ်ဘူး'

နောက်ထပ်ယောကျ်ားတစ်ယောက်၏ အဲသံပေါ်လာပြန်သည်။

'ဘာမလွယ်ရမှာလဲ၊ ဟင်း -- ကျိုမျိုးနွယ်ဂေဟာက ကောင်ရဲ့မျက်နှာကို ထောက်နေလို့ပေါ့ကွာ၊ နို့မို့ဆိုရင် ငါလဲ နင့်မမလေးကို ကောင်းကောင်းဆုံးမလိုက်ချင်တာ'

ထိုအသံကိုကြားလိုက်ရရလျှင် လုစင်တုန်လှုပ်သွားမိသည်။ တုဆုကျဲတို့က လိုစုရောင်ကို စော်ကားမော်ကားပြောဆိုစကားများသူကြားနေမိသည်။ လိုစုရောင်၏ စကားသံကိုမကြားရ၊ ထို့နောက်ကားစားပွဲခုံကိုထုသံ၊ နံရံကိုခေါက်သံများ ထွက်ပေါ်လာသည်။

လုစင် အစိုးရိမ်ကြီးစိုးရိမ်သွားမိသည်။ သူ့အဖောက်ထက် လိုစုရောင်တို့မိသားစုအတွက် ပို၍အရေးကြီးနေသည်။ စိတ်လှုပ်ရှားလွန်းသဖြင့် ချွေးများစီးကျလာပြီး ဓားလက်ကိုင်ရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည်။

'ဒေါက် ----ဒေါက်'

နံရံကိုခေါက်နေသံက တဖြည်းဖြည်း နီးကပ်လာသည်။ မိမိလျှို့ဝှက်ခန်းတံခါးအနီးသို့ ရောက်ရှိလာတော့မည်။ စိတ်အကြီးအကျယ်လှုပ်ရှားသလို ရင်တစ်ခုလုံး တဒိန်းဒိန်းခုန်နေ၏။ ထိုစဉ် ---

'ခြိမ်း'

တစ်စုံတစ်ခုကျကွဲသောအသံ။

နံရံခေါက်သံ ရုတ်တရက် ရပ်ဆိုင်းသွား၏။ ရှောင်ကျင်၏ အော်ကြီးဟစ်ကျယ် ကျိန်ဆဲသံက တစ်ခန်းလုံးသို့ လွှမ်းမိုးလာ၏။ ယောကျ်ားတစ်ယောက်၏ ရယ်သံကြားလိုက်သည်။



'ကောင်မလေး၊ ဘာလို့ ဒီလောက်ရွတ်ကြမ်းရတာလဲ၊ တော်ကြာ နင့်ကိုယူမယ့် ယောကျ်ားမရှိဘဲနေဦးမယ်'

ရှောင်ကျင်၏ ကျိန်ဆဲသံ ထပ်မံထွက်ပေါ်လာပြန်သည်။ တုဆုကျဲရယ်ရယ်မောမောဖြင့် ပြောလေ၏။

'တော်ပါကွာ သွားကြစို့၊ ကောင်မလေးကို ဘာဖြစ်လို့ ဒီလောက်နောက်ပြောင်နေရတာလဲ၊ တို့လဲပြန်ဖို့သင့်ပါပြီ၊ သူတို့ကို သိပ်ဒုက္ခမပေးမနေပါနဲ့တော့၊ တော်ကြာ ကျိုမျိုးနွယ်အိမ်က မကျေမနပ်ဖြစ်နေပါဦးမယ်'

သူကဆက်၍ နောက်ဘက်သို့ လှည့်ပြောပြန်သည်။

'ကောင်မလေး၊ နင့်မမလေးကိုပြောဖို့မမေ့နဲ့နော်၊ သူ့အသက်မငယ်တော့ဘူး၊ ကြင်အက်မြန်မြန်ရှာဖို့ကောင်းပြီလို့၊ ကျိုချောင်းဆိုတဲ့ကောင်လေးက မဆိုးပါဘူး၊ချွေဂုဏ်မျိုးဂုဏ်၊ ဓနဂုဏ် ဘာမှပြောစရာမရှိဘူး'

'ဒုန်း'

ရှောင်ကျင်က တုဆုကျဲကို မည်သည့်ပစ္စည်းနှင့် ပစ်ပေါက်လိုက်သည်မသိ။ ဒေါသတကြီးအော်ဟစ်သံများကြားလိုက်ရ၏။ သို့သော် ရှောင်ကျင်ကို မည်သူကမျှ ရန်ပြုပုံမရ။

ထိုကိစ္စများဖြစ်ပွားပြီး ကွမ်းတစ်ယာညက်ခန့်အကြာတွင် လိုစုရောင် အိပ်ခန်းတွင်းသို့ ပြန်ရောက်လာသည်။ အခန်းတစ်ခုလုံး ရှုပ်ပွကာဖြစ်ချင်တိုင်းဖြစ်နေသည်ကို တွေ့ရသောအခါ ဒေါသူပုန်ထသွားတော့သည်။

ရှောင်ကျင်က တုဆုကျဲတို့၏အပြုအမူကို ပြန်လည်

ပြောပြသည့်အခါမှ လိုစုရောင်က တစ်ခစ်ခစ်ရယ်မောလေတော့သည်။

'ပန်းအိုးတစ်လုံးက ဘာမှမဖြစ်လောက်ပါဘူး၊ သူတို့ ရှာမတွေ့ရင်ပြီးတာပဲ၊ ဒီအခန်းတစ်ခုလုံးမှာရှိတဲ့ပစ္စည်းတွေကို မီးရှို့ပစ်လိုက်တာတောင် ငါက ဂရုမစိုက်ဘူး'

ရှောင်ကျင်က စိုးရိမ်မပြေသေးသည့်လေသံဖြင့် ---

'မမလေးက မတွေ့ရတော့ဘာမှမသိဘူးပေါ့၊ တုဆုကျဲ ဆိုတဲ့လူက နံရံကို တုတ်ချောင်းနဲ့ လျှောက်ခေါက်နေတာ တံခါးနားရောက်တော့မှာမို့ ကျွန်မလဲ သိပ်စိုးရိမ်လာကယ်၊ ဒါနဲ့ပဲ အဖိုးတန်ပန်းအိုးကို ခွဲပစ်လိုက်ရတာပါ၊ ပန်းအိုး ကွဲသံကြားမှ သူတို့ လန့်ဖျပ်သွားကြတာ၊ နောက်တော့ နံရံကို ဆက်မခေါက်တော့ဘူး'

လိုစုရောင်က ခေါင်းတစ်ဆတ်ဆတ်ညိတ်ပြလိုက်ပြီး ရယ်ရယ်မောမောဖြင့် ရှောင်ကျင်ကိုချီးကျူးလိုက်၏။

'ဒါကြောင့်မို့ မေမေက ပြောတာ၊ နင်ဟာ သိပ်လျင်သိပ်အကင်းပါးတယ်တဲ့၊ နင်ဖြတ်ထိုးဉာဏ်ကောင်းလို့ သူတို့ အာရုံပြောင်းသွားကြတာ၊ ကဲ --- ကဲ ပစ္စည်းတွေ သိမ်းလိုက်ကြရအောင်'

လုစင်မှာ တံခါးအနားတွင်ကပ်ကာ တစ်ချိန်လုံး အခြေအနေကို စောင့်ဆိုင်းနားထောင်နေခဲ့သဖြင့် ဝမ်ကျင်၏ တပည့်များ၏ လုပ်ရပ်ကိုကောင်းစွာ သဘောပေါက်လိုက်သည်။ သက်ပြင်းချပြီး ခုတင်ပေါ်တွင် ပြန်ထိုင်လိုက်မိသည်။ ထိုအခါကျမှသာ တင်းကျပ်စွာ ဆုပ်ကိုင်ထားမိသည့် လက်ကို ဖြေလျှော့မိသည်။



လုစင်သည် သူ့လက်ထဲမှ ဓားရှည်ကို သေချာစွာ ပြန်ကြည့်၏။ လက်ကိုင်ရိုးပေါ်တွင် တူကျင်းဟူသောစာလုံးကို တွေ့ရှိလိုက်သည်။ ထိုစာတန်းကို အခေါက်ခေါက် အခါခါ ဖတ်ပြီး ကိုယ့်အတွေးနှင့်ကိုယ်နှင့်ပြောနေမိသည်။

'ငါသာလူစိမ်းတစ်ယောက်နဲ့ ဒီလိုကြုံခဲ့ရင် ဘာများလုပ်မိမလဲ၊ အဲဒီ လူစိမ်းဟာ အမျိုးသမီးတစ်ယောက်ဖြစ်နေခဲ့ရင်သူ့ကိုကယ်တင်နိုင်ပါ့မလား၊ ငါ့အိပ်ခန်းထဲမှာ သူ့ကို ဝှက်ထားရဲပါ့မလား၊ ငါဘယ်လိုမှ မဆုံးဖြတ်တတ်ပါလား'

လုစင်မှာ တွေးလေတွေးလေ လိုစုရောင်ကို လေးစားလေလေ ဖြစ်လာသည်။ သူမ၏ရဲရင့်သော သတ္တိ၊ ကြွယ်ဝသလောက် လေးနက်ပွင့်လင်းသော အပြောအဆို၊ အတွေးအခေါ် မြော်မြင် တတ်မှုတို့ကို ချီးကျူးနေမိသည်။

ထိုစဉ် မွှေးရနံ့တစ်ခုကို ရှူရှိုက်လိုက်မိသဖြင့် အခန်းဝသို့ ကြည့်လိုက်မိ၏။ လိုစုရောင် အခန်းတွင်းသို့ ဝင်ရောက်လာပေပြီ။ သူမကား အပြင်၌ ဘာမှမဖြစ်ခဲ့သလို ပြုံးပြုံးရွှင်ရွှင်ဖြင့် လုစင်က လေးစားဂုဏ်ပြုသောအားဖြင့် ထရပ်ပြီးဂါရဝပြု၏။

လိုစုရောင်က -----

'ထိုင်ပါအစ်ကိုလု၊ နောက်ပြီးရင် မေမေနဲ့တွေ့ရအောင် ကျွန်မခေါ်သွားပေးပါ့မယ်၊ပြီးတော့မှ ဒေါ်လေးရိုးဆီသွားကြတာပေါ့'

လုစင် ခေါင်းညိတ်လိုက်၏။ သူမနှင့်တကယ်တမ်း ခွဲရမည် ဆိုသောအခါ ဝေဒနာတစ်မျိုး ခံစားရပေသည်။ လိုစုရောင်က ဆက်ပြော၏။

'ဒီတစ်ခါ ကျွန်မရဲ့အပြုအမူတွေက လွှမ်းရိုးလုပ်စဉ်တွေထက် တော်တော်လေးကျော်လွန်သွားခဲ့ပြီ။ တော်ရုံတန်ရုံ မိန်းကလေးတစ်ယောက် စဉ်းတောင်မစဉ်းစားရဲတဲ့ အလုပ်ကို ကျွန်မလုပ်ပြီးပြီ။ ဒီလိုလုပ်တာကလဲ. ကျွန်မက အစ်ကိုလုကို ယုံကြည်လို့ပါ။ ဒီကိစ္စဟာ ကျွန်မဘဝတစ်သက်တာနဲ့ ပတ်သတ်တဲ့ ဂုဏ်သိက္ခာပိုင်းမို့ မေမေရှေ့မှာ ထုတ်ပြောစရာ မလိုပါဘူး၊ အစ်ကိုလုအနေနဲ့ အိမ်မှားဝင်လာပြီး ကျွန်မနဲ့ တွေ့ကြတယ်လို့ပြောရင် လုံလောက်ပါတယ်'

လိုစုရောင်က အပြင်ဘက်သို့ လက်ညှိုးညွှန်ပြလိုက်ပြီး-

'ဟိုဘက်ကအိမ်ဟာဒေါ်လေးရီးရဲ့ အိမ်ပါပဲ၊ အစ်ကိုလုက အိမ်မှားဝင်လာတယ်လို့ပြောရင် မေမေယုံကြည်မှာပါ၊ နောက်တစ်ခုက အစ်ကိုလုကို ကျွန်မနားလည်အောင် ပြောမပြထားရင်ရှင်းမှာမဟုတ်ဘူး၊ ဒီရက်တွေအတွင်း အစ်ကိုလုကို ပေါ်ပေါ်ထင်ထင်နေခွင့်မပြုတာ၊ ကျွန်မတို့အိမ် နဲ့ ရီးမျိုးနွယ် ဂေဟာက သိပ်နီးကပ်နေတယ်၊ နောက်ပြီး အစ်ကိုက ကျွန်မတို့အိမ်မှာပျောက်သွားတယ်ဆိုတော့ ရီးမျိုးနွယ် အိမ်မှာ ပုန်းရှောင်နေတယ်လို့ ရန်သူတွေက ကျိန်းသေထင်မှာပဲ။ ကျွန်မတို့အိမ်ကိုလာရှာတာပဲ နှစ်ကြိမ်နှစ်ခါရှိသွားပြီ။ တကယ်လို့သာယ အစ်ကိုက ရီးမျိုးနွယ်ဂေဟာကို အလျှင်ရောက်သွားရင်



အန္တရာယ်တွေဖို့ အတော်များတယ်၊ အခုတော့ အစ်ကိုလဲ ဒဏ်ရာတွေ ပျောက်ကင်းပြီး နဂိုအတိုင်း ပြန်ဖြစ်သွားပါပြီ။ ကျွန်မလဲ အစ်ကို့ကို လက်ခံမထားတော့ပါဘူး'

လုစင်သည် လိုစုရောင်၏ အတွေးအခေါ်စဉ်းစားတတ်ပုံကို ချီးကျူးမိသည်။ သူ့အသက် လုံခြုံမှုအားလုံးသည် လိုစုရောင်၏ အကာင်းပါးမှု၊ လိမ္မာတတ်သိမှုကြောင့် ဤသို့ဘေးကင်းရန်ကင်းဖြစ်ရကြောင်း သူနားလည်သဘောပေါက်သည်။

လိုစုရောင်က ရှောင်ကျင်အား အမိန့်ပေးလိုက်၏။

'ရှောင်ကျင်၊ မေမေနဲ့ မမကို ဝါကကိစ္စရှိလို့ ခေါ်ခိုင်းလိုက်တယ်လို့သွားပြောချေ၊ တခြားဘယ်သူမှ လိုက်မလာစေနဲ့ လီမားနဲ့ဝမ်မားတို့နှစ်ယောက် ပါမလာစေနဲ့ သူတို့မသိစေချင်ဘူး'

'ဟုတ်ကဲ့မမလေး'

ရှောင်ကျင်က အရိုအသေပေးကာ အခန်းထဲမှထွက်သွား၏။ တစ်ခန်းလုံးတွင် လိုစုရောင်နှင့် လုစင်တို့ နှစ်ယောက်တည်းသာရှိနေကြပြီး ကိုယ့်အတွေးနှင့်ကိုယ် တိတ်ဆိတ်နေကြသည်။ ထိုတိတ်ဆိတ်မှုကို လိုစုရောင်ပင် စတင် ဖြိုခွဲလိုက်သည်။

'ပြောရရင်တော့ တော်တော်ထူးဆန်းတဲ့ဖြစ်ရပ်ပါပဲ၊ ထိုပြဿနာဖြစ်တဲ့နေ့က ကျွန်မတို့ ဒေါ်လေးရီးအိမ်ဘက်ကို သွားလို့ ဒေါ်လေးရီးက အစ်ကို့အကြောင်းပြောနေသေးတယ်၊ အစ်ကို ဘယ်ရောက်နေမှန်းမသိဘူးတဲ့၊ တိုက်တိုက်ဆိုင်ဆိုင်ပဲ

နေ့ခင်းက စကားပြောခဲ့ကြပြီး ညကျတော့ အစ်ကိုနဲ့တွေ့တော့တာပဲ၊ အဲဒီတုန်းက ကျွန်မ အစ်ကို့ကိုတွေ့ရင် မှတ်မိ မလားလို့ အောက်မေ့နေတာ၊ တကယ်ကြုံတော့မှ ဘယ်လိုမှ မမှတ်မိနိုင်တော့ဘူး၊ အစ်ကို့ကို ဒီလောက်အထိ မြန်မြန်ဆန်ဆန်ကြီး တွေ့ဆုံရမယ်၊ ဒီနေရာမှာ အတူနေရလိမ့်မယ်လို့ မထင်မိပါဘူး'

လုစင်က သူ့အကြောင်းများကို ပြောပြသည်။

ကျင်စူးမြို့က ခွဲခွာပြီးနောက် ဦးလေးနှင့်အတူ လိုက်နေခဲ့ရကြောင်း၊ ဓားပြအုပ်စုနှင့် ရင်ဆိုင်တိုးမိကာ ဦးလေး သေဆုံးသွားခဲ့ရကြောင်း၊ သူလည်း ဓားပြများခေါ် ဆောင်ရာတောင်ပေါ်စခန်းသို့ လိုက်သွားရပြီး ဓားပြများ၏ ငွေစာရင်း ကို ရေးသားကိုင်တွယ်ပေးရကြောင်း တစ်လခန့်အကြာတွင် အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိ လူကြီးတစ်ယောက် ဓားပြစခန်းသို့ ရောက်လာပြီး သူ့နာမည်ကိုခေါ် လျက်လာရောက် ရှာဖွေကြောင်း၊ ထိုလူကို မည်သူမည်ဝါဖြစ်ကြောင်း သူမမှတ်မိ၊ မသိရှိကြောင်း၊ ထိုလူကလည်း သူ့ကိုသိ၍မဟုတ်ဘဲ တစ်စုံတစ်ယောက်က လူကြုံပါး လိုက်၍သာ တောင်ပေါ် စခန်းသို့ ရောက်လာသူဖြစ်ကြောင်း၊ နောက်ဆုံးဓားပြဘက်မှ တစ်ယောက်နှင့် လက်ရုံးချင်းယှဉ်ပြိုင်ကြရာ အနိုင်ရသွားကြောင်း စသည်တို့ကိုပြောနေစဉ် လိုစုရှောင်က ကြားဖြတ်မေး လိုက်သည်။

အဲဒီလိုတောင်ဖြစ်ခဲ့သေးတယ်လား၊ ဒါနဲ့ နေပါဦး၊ ဒီလူက ဘယ်သူလဲ၊ အစ်ကိုရဲ့ စူးဖုများ ဖြစ်နေမလား'

လုစင်မှာ သူမစကားကြောင့် အံ့အားသင့်သွား၏။



လိုစုရှောင်၏ ပါးနပ်မှုကို မချီးကျူးဘဲ မနေနိုင်တော့ချေ။ လုစင်က ခေါင်းညိတ်ပြလိုက်ပြီး ---

'စူးဖုလို့တော့ ပြောနိုင်တာပေါ့၊ ဒါပေမယ့် မဟုတ်ဘူး၊ သူက စူးကုန်းပဲဖြစ်မယ်'

'အဟင်း ----- ဟင်း'

လိုစုရှောင်က သဘောကျစွာ ပါးစပ်ကို လက်ဖြင့် ပိတ်ပြီး ရယ်နေမိသည်။ ပြီးမှ လုစင်ကို မျက်လွှာလေးပင့်ကြည့်လိုက်ကာ

'စူးဖုနဲ့ စူးကုန်းက အတူတူပဲမဟုတ်လား'

'တူမလိုလိုနဲ့ တကယ်တော့မတူဘူး၊ စူးဖုက တပည့် ဆိုလို့ ကျုပ်တစ်ယောက်တည်းရှိတယ်၊ စူးကုန်းမှာက တပည့် သုံးယောက်ရှိတယ်၊ အဲဒီတုန်းက စူးဖုကိုယ်တိုင်သင်ပေးမလို့ပါပဲ၊ နောက်တော့ စူးကုန်းကပဲ သင်ပေးခဲ့တယ်၊ အဲဒီ အချိန်ကစပြီး ကျုပ်သိုင်းပညာ စသင်ခဲ့ရတယ်ဆိုပါတော့ဗျာ'

'စူးကုန်းက လူကြုံပါးလိုက်တာကို လုပ်ပေးရတယ်ဆိုတော့ အဲဒီလူကြုံပါးလိုက်တဲ့လူက စူးဖုများဖြစ်နေမလား အစ်ကိုလု'

လုစဖ်သဘောကျစွာ ရယ်လိုက်ရင်း -

'ညီမလေးက တကယ့်ကိုစဉ်းစားတတ်တာပဲ၊ စိတ်ကူးလိုက်ရင် အမြဲတမ်းအမှန်ချည်းဖြစ်သွားတော့တာပဲ'

ထို့နောက်လုစင်က ကျင်းစူးမြို့ထဲဝင်ရောက်လာသည့် အကြောင်းကို စတင်ပြောကြားသည်။ သူသည် အစကနဦးက သူ့မိဘများအသေဆိုးနှင့်သေခဲ့ရသည်ကို မသိရှိ၊ သိုင်းပညာကို အာရုံစူးစိုက်သင်ကြားပြီး ငါးနှစ်လောက်မှာ သူ့အား သူ့မိဘ

များအကြောင်း ပြောပြ၏။

ထို့နောက်လုစင်မှာ အသက်အရွယ်ငယ်ပြီး သိုင်းပညာမပြည့်စုံသေးသဖြင့် လက်စားချေမည့်ကိစ္စကို ခေတ္တမေ့လျော့ထားရမည်ဖြစ်ကြောင်းကိုလည်း စူးဖုက သတိပေး မှာကြားသည်။

သို့သော် သူ့အားကျင်းစူးမြို့သို့ သတင်းစုံစမ်းရန် တစ်ခေါက်ပြန်ခွင့်ပြုသည်။ ရိုးမျိုးနွယ်ဂေဟာတွင် တည်းခိုပြီး ဦးလေးရီးက စေလွှတ်လိုက်သော လူတစ်ယောက်ဖြစ်ကြောင်း ပြောပြနိုင်းသည်။

စူးဖုရှေ့တွင် ဝမ်ကျင်ကို ကလဲ့စားမချေသေးပါဘူးဟု ကတိစကားဝန်ခံခဲ့သော်လည်း ကျင်းစူးမြို့သို့ရောက်သည်နှင့် ကလဲ့စားချေလိုစိတ်က တားဆီးထိန်းဖိမရအောင် ဖြစ်လာသည်။

ဝမ်ကျင်၏ ယုတ်မာကောက်ကျစ်မှုသတင်းကို ထပ်မံ၍ကြားရသောအခါတွင်ကား သူ့ကလဲ့စားချေလိုသည့် စိတ်ဓာတ်ကို မည်သို့မျှ ချိုးနှိမ်၍ မရတော့ပေ။

သူ ကျင်းစူးမြို့သို့ ရှင်ရှောင်ပွဲတော်ရက်မတိုင်ခင် တစ်ရက်အလိုကရောက်ခဲ့၏။ ရှင်ရှောင်ပွဲတော်ရက်တွင် ဝမ်ကျင်တစ်ယောက် ချင်ထင်းမှန်ကိုသွားမည်ဟူသော သတင်းကိုကြားရ သဖြင့် အနီးအနားတွင် ပုန်းအောင်းကာ အခွင့်အရေးကိုစောင့်ကြည့်သည်။

အစောင့်အကြပ်များ ထူထပ်နေသည့်ကြားထဲမှ ဝမ်ကျင်ကို လုပ်ကြံရန်ကြိုးစားရာ သူ့အဖို့ အခွင့်အရေးမရသည့်အပြင် အတိုက်အခိုက်ပင်ခံလိုက်ရပေသည်။ ထိုမှ ဒဏ်ရာရပြီး ပြေးလာ



ရာ လိုစုရောင်နှင့် တွေ့ပြီး ကယ်တင်ခံရခြင်း ဖြစ်ပေသည်။

လိုစုရောင်က သူ့စကားအဆုံးတွင် သက်ပြင်းချလိုက်ပြီး 'လက်သည်းထိတော့ လက်ထိပ်နာတယ်ဆိုတဲ့ စကားသိပ်မှန်တာပဲနော် အစ်ကိုလုရဲ့၊ စူးဖုက အစ်ကို့ဒေါသကို သိလို့ ထပ်တလဲလဲမှာလိုက်တာပေါ့၊ အစ်ကိုက ရှေ့မှာဝန်ခံပေးပြီး နောက်ကွယ်ရာကျတော့ မလိုက်နာလို့ အမှားကြီးမှားတော့မလို့ စဉ်းစားကြည့်စမ်းပါ အစ်ကိုရယ်၊ အစ်ကိုသာ တစ်ခုခုဖြစ်သွားခဲ့ရင် ဖခင်အတွက် ကလဲ့စားမချေရတဲ့အပြင်၊ စူးဖုအပင်ပန်းခံပြီး သင်ပေးထားတဲ့သိုင်းပညာတွေလဲ အလကားဖြစ်သွားမယ်၊ အသက်တောင်ဆုံးရှုံးသွားလိမ့်ဦးမယ်၊ ဘယ်လောက် ဆုံးရှုံးနစ်နာလိုက်မလဲ၊ ကျွန်မက ပွင့်ပွင့်လင်းလင်းပြောတတ်လို့ အစ်ကို စိတ်မဆိုးနဲ့နော်၊ အခုတစ်ခါ အစ်ကိုမှားခဲ့ပြီ၊ ဒီအဖြစ်အပျက်တွေကို သင်ခန်းစာယူပြီး ပြုပြင် ဆင်ဆင်ခြင်ခြင် လုပ်ပေါ့အစ်ကိုရယ်'

လုစင် ခေါင်းညိတ်ကာ ကတိပေးလိုက်တော့သည်။

*****

## အခန်း (၁၆)
## ဘေးကင်းစွာ ထွက်ခွာခြင်း

လိုကာတော်သည် အရေးတကြီးကိစ္စ ပြောပြစရာ အကြောင်းရှိသည်ဆို၍ ရှောင်ကျင်နှင့်အတူ လိုက်ပါခဲ့၏။ ကြည်စုကျွင်ပင် စောင့်မခေါ်ခဲ့ပေ။ ကြည်စုကျွင်ကို ရှောင်ကျင်က သွားခေါ်ရသည်။

လီမားနှင့်ဝမ်မားတို့လိုက်လိုသော်လည်း ရှောင်ကျင်က မမလေး၏အမိန့်အရ မလိုက်ရဟုဆိုသဖြင့် မီးဖိုဆောင်ထဲတွင် နေထိုင်ခဲ့ကြရသည်။

လိုစုရောင်၏ အခန်းရှေ့သို့ရောက်သောအခါတွင် လိုကာတော်ကြီးမှာ အကြီးအကျယ် အံ့အားသင့်သွားရတော့သည်။ လိုစုရောင်၏ အခန်းတွင်းမှ ယောကျ်ားပျိုတစ်ယောက်၏ ရယ်မောသံကို ကြားလိုက်ရသောကြောင့်ပင်တည်း။

လိုကာတော်မှာ မျက်နှာတစ်ခုလုံး နီမြန်းကာ ဒေါသထွက်သွားသည်။ ရှောင်ကျင်ကို တင်းမာခက်ထန်စွာကြည့်ပြီး အခန်းထဲသို့ လျင်မြန်စွာ ဝင်လေတော့သည်။



လိုကာတော်မှာ စည်းကမ်းကြီးသူတစ်ယောက်ဖြစ်သည်။ အသေးအမွှားကိစ္စတွင် ၁၀ မီးဖြစ်သူကို လွှတ်ပေးထားသော်လည်း ဤကဲ့သို့သော ကိစ္စများတွင် ပေါ့ပေါ့ဆဆမရှိခဲ့ပေ။

သမီးပျိုလေး၏အိပ်ခန်းတွင်းမှ ယောကျ်ားပျိုတစ်ယောက်၏ ရယ်မောသံကြားနေရခြင်းမှာ သူမ၏ နှလုံးသားကို လှံနှင့်အထိုးခံရသကဲ့သို့ နာကျင်လှပေသည်။

အခန်းထဲသို့ ဝင်လိုက်သောအခါ ပြုံးနေသည့် လိုစုရောင်ကို တွေ့လိုက်ရ၏။ လိုကာတော်ကြီးမှာ မထိန်းနိုင်လောက်အောင် ဒေါသထွက်သွား၏။ အသားများက တဆတ်ဆတ်တုန်နေပြီး စကားပင် ဆက်မပြောနိုင်တော့ပေ။

လိုစုရောင်က လိုကာတော်ကိုဖေးဖေးမမ ကိုင်တွယ်လိုက်ပြီး

'မေမေ --- သမီးတို့ဟိုတစ်ရက်တုန်းက အစ်ကိုလုဘယ်ရောက်နေမှန်း မသိဘူးလို့ ပြောမိကြသေးတယ်နော်၊ အခုမထင်မှတ်ဘဲ ရောက်လာခဲ့ပြီလေ'

သူမ၏အသံက ကြည်နူးဟန်ပါနေသည်။ လုစင်ကလည်း လိုကာတော်ကို တွေ့ရသည်နှင့် ချက်ချင်းထရပ်သည်။ လက်ဖမိုးယှက်ပြီး ရှိသေလေးစားစွာ ဂါရဝပြုသည်။

'ဒေါ်ဒေါ် နေကောင်းရဲ့လား၊ ကျွန်တော်လုစင်ပါ'

လိုကာတော်မှာ ဒေါသဖြစ်နေရာမှ အကြီးအကျယ် အံ့အားသင့်သွားရသည်။ လုစင်ကို ကြောင်ကြည့်နေမိသည်။ ကြည့်ရင်းကြည့်ရင်းမှ ငယ်ရုပ်ကို မှတ်မိသွားသည်။

လုစင်က ရည်မွန်စွာပင် နိုးမျိုးနွယ်အိမ်ဂေဟာသို့ သွားရန် ရည်ရွယ်ခဲ့ကြောင်း၊ ထိုအိမ်ဂေဟာဘက်တွင် ဝမ်ကျင်၏လူများ စောင့်ကြပ်ကြည့်ရှုနေပုံရသဖြင့် ဤဘက်သို့ ရောက်လာရကြောင်း၊ အိမ်ခေါင်မိုးပေါ်တွင် ခြေချမိရာမှ လိုစုရောင်နှင့် တွေ့မိကြကြောင်းတို့ကို ယုံလောက်အောင် ပြောပြ၏။

ထို့နောက် ကျင်းစူးမြို့သို့ရောက်ရှိလာရသည့်အကြောင်း စုံကိုလည်း ပြောပြလိုက်၏။ ထိုအကြောင်းများ စကားမပေါက်ကြားစေရန်လည်း တောင်းပန်သည်။

လိုစုရောင်မှာ လုစင်၏စကားများကို နားထောင်ရင်းမှ ကွယ်ရာတွင် ကျိတ်ရယ်လိုက်မိသည်။ လုစင်ပြောပြီးမှ သူမက ဆက်ပြောသည်။

'အစကတော့ ကျွန်မလဲ သူ့ကိုမယုံကြည်ပါဘူး၊ ဒါပေမယ့် ဒေါ်လေးရီးကိုပေးမယ့်စာကိုထုတ်ပြလိုက်တော့မှ ကျွန်မလဲ ယုံသွားမိတယ်၊ သူ့ကိုအပြင်ဘက်မှာထားရင် အန္တရာယ်များလို့ ဒီနေရာမှာ ခေါ်ထားလိုက်တာပဲမေမေ'

လိုကတော်က သက်ပြင်းချလိုက်မိသည်။ စောစောက ထွက်သော ဒေါသများ ပြေပျောက်သွားသည်။

'လိုမိသားစုဟာ မင်းဖေဖေနဲ့ ခင်မင်ရင်းနှီးခဲ့ကြသူတွေပဲကွယ်၊ မင်းဒုက္ခမရောက်အောင် တို့တစ်တွေ ဝိုင်းပြီး စောင့်ရှောက်ပေးရမှာပေါ့။ ဒါပေမယ့် ဟိုလူယုတ်မာကြီး ဝမ်ကျင်ကတော့ ဒီနေ့ပဲ သူ့လူတွေလွှတ်ပြီး တစ်ခေါက်လာ ပြီးပြီ၊ မြို့ထဲကလဲ သတင်းတွေကြားရတာမကောင်းဘူး၊



မင်းအနေနဲ့ မြို့ထဲမှာပေါ်ပေါ်ထင်ထင်နေဖို့ဆိုတာ မဟုတ်သေးဘူး။ အခေါ်သဘောပြောရရင်တော့ နိုးမျိုးနွယ်အိမ်ဂေဟာမှာ နေစရာမလိုတော့ဘူး၊ ဒီအိမ်မှာပဲ တစ်ညလောက်နားပြီးမှ မနက်ဖြန်ဒီကျင်းစူးမြို့ကနေ ထွက်ခွာသွားပေါ့'

လိုစုရောင်က မျက်လုံးပြူးမျက်ဆန်ပြူးပြောသည်။

'ဟင် --- ကျွန်မတို့ဆီမှာနားမယ်ဟုတ်လား၊ သူ့အတွက် ဘယ်နေရာပေးရမှာလဲ'

'လုစင်က အပြင်လူမှမဟုတ်ဘဲ၊ ဘာကြောက်စရာရှိလဲကွယ်၊ စာကြည့်ဆောင်ထဲမှာ တစ်ညလောက်နားလို့ဖြစ်ပါတယ်'

လိုစုရောင် တစ်ခဏမျှ စဉ်းစားဟန်ပြုပြီး ခေါင်းခါယမ်းလျက်ငြင်းပယ်လိုက်သည်။

'မဖြစ်ပါဘူးမေမေရယ်၊ အစ်ကိုလုအတွက် အရေးမကြီးပေမယ့် အခုကိစ္စက လူယုတ်မာကြီး ဝမ်ကျင်နဲ့ ပတ်သတ်နေတယ်၊ လူတွေသိသွားရင် မသင့်လဲမသင့်တော်ဘူး၊ မပြောကောင်း၊ မဆိုကောင်း ဝမ်ကျင်သာသိသွားရင် အန္တရာယ်ပိုပြီး ဖြစ်နေဦးမယ်'

လိုစုရောင်၏ တွေးတွေးဆဆပြောစကားကြောင့် လိုကတော် ငိုင်သွား၏။ လိုစုရောင်စကားကိုလည်း လက်ခံမိသည်။ နေ့ခင်းတုန်းကတောင် ဝမ်ကျင်က လူလွှတ်ပြီး ရှာဖွေခိုင်းသေးရာ နက်ဖြန်လာမရှာဟု မည်သူကမျှ အာမခံချက်မပေးနိုင်ပေ။

'ဒီတော့ သမီးဘာလုပ်ချင်လို့လဲ'

လိုစုရောင်၏ သဘောထားကိုတောင်းခံလိုက်၏။

'သမီးသဘောပြောရရင် အစ်ကိုလုကို ရိုးမျိုးနွယ်အိမ်ဂေဟာသွားခိုင်းတာအကောင်းဆုံးပါပဲ။ ဘာပဲဖြစ်ဖြစ် ဝမ်ကျင်က ဦးလေးရိုးကိုတော့ နည်းနည်းကြောက်စိတ်ရှိပါသေးတယ်။ သူ့အနေနဲ့ သက်သေအထောက်အထားသတင်းအတိအကျ မရသေးဘဲနဲ့တော့ ရိုးမျိုးနွယ်အိမ်ဂေဟာကိုသွားရဲမှာမဟုတ်ဘူး၊ အဲဒီတော့ ရှောင်ကျင်ကိုလွှတ်ပြီး ဒေါ်လေးရိုးဆီကို အကြောင်းကြားခိုင်းလိုက်ပါ၊ ဒေါ်လေးရိုးအတွက် ကြိုတင်ပြင်ဆင်မှုရှိထားရင် အဆင်ပြေတာပေါ့။ သူ့အနေနဲ့ သံသယမဝင်ဘူးဆိုရင်၊ သမီးတို့ လိုက်သွားစရာမလိုတော့ဘူးပေါ့၊ မနက်ဖြန်ကျမှ အစ်ကိုလုနဲ့တွေ့ချင်ရင် သွားတွေ့လိုက်ကြတာပေါ့'

လိုကတော် ခေါင်းညိတ်ပြလိုက်သည်။

'အင်းသမီးပြောတာ မဆိုးပါဘူး၊ ရိုးကတော် အိပ်များအိပ်နေပြီလားတောင်မသိဘူး၊ ရှောင်ကျင် -သွားစမ်း၊ ရိုးကတော်ကို အကျိုးအကြောင်း သေချာအောင်သွားရှင်းပြလိုက်၊ မဟုတ်တရုတ်အပိုစကားတွေ လျှောက်ပြောမလာနဲ့နော်'

ရှောင်ကျင်သည် ခေါင်းညိတ်အရိုအသေပေးပြီး ထွက်ခွာသွားသည်။ သူမထွက်သွားရာမှ လိုကတော်ကြီးက **လုစင်အား** တောင်းပန်သည်။

'ငါတို့အတွက်ကော အခေါ်အတွက်ပါ အကျိုးမရှိဖြစ်မှာစိုးလို့ ဒီလိုလုပ် လိုက်ရတာပါ၊ အခေါ်ကို ဘယ်လိုမှ စိတ်မရှိပါနဲ့နော်'



လုစင်က ဟျာဟျာသလဲပင် သူ့စိတ်ထဲမည်သို့မျှမရှိကြောင်း၊ နားလည်ခွင့်လွှတ်ကြောင်း၊ မှန်မှန်ရည်ရည်ပြန်ပြော၏။ လိုကတော် မေးမြန်းသည့် သူ့အဖြစ်အပျက်များကို အကြမ်းဖျင်းပြောပြ၏။ ထို့နောက် စကားလမ်းကြောင်းပြောင်းကာမေးမြန်းမိသည်။

'စိတ်မရှိနဲ့နော်ဒေါ်ဒေါ်၊ ကျွန်တော်က ငယ်ငယ်လေးကတည်းက ကွဲသွားခဲ့တာဆိုတော့ ကောင်းကောင်းမမှတ်မိတော့ဘူး၊ ဒေါ်ဒေါ်နာမည်ကို မေ့တေ့တေ့ဖြစ်နေပါပြီ'

လိုကတော်မှာ အံ့အားသင့်သွား၏။ လုစင်ကိုမျက်လုံးမှုးကြည့်မိပြီးမှ

'ဟဲ့ တို့က လိုမျိုးနွယ်စုလေ၊ မင်းကို စုရောင်က ဘာမှပြောမပြဘူးလား၊လုစင်သည် လိုဟူသော စကားလုံးကို နှစ်ကြိမ်နှစ်ခါ တီးတိုးရွတ်ဆိုနေပြီးမှ ရုတ်တရက်သတိရလာဟန်ဖြင့်ဝမ်းသာအားရပြောသည်။

'ဦးဦးနာမည် လိုထင်ဆင့် -ဟုတ်တယ် လိုထင်ဆင့်မဟုတ်လား၊ ကျွန်တော် မှတ်မိသလောက်ပြောရရင် အရင်က ဒေါ်ဒေါ်တို့ ဒီနေရာမှာမဟုတ်ပါဘူး၊ ကျွန်တော်တို့ အိမ်နဲ့အိမ်ချင်းကပ်ပဲ၊ အခုဒေါ်ဒေါ်တို့နဲ့ ဒေါ်လေးရိုးတို့လိုပေါ့'

လိုကတော်ကြီးသည် ထိုအခါကျမှ ပြုံးရောင်သမ်းကာ ခေါင်းညိတ်ပြလိုက်သည်။ 'ဟုတ်တယ် -- မင်းမှတ်မိသားပဲ၊ ငယ်ငယ်တုန်းက မင်းနဲ့ စုရောင်ဟာ ကစားဖော်ကစားဖက်တွေပေါ့၊ စုရောင်ကလဲ တကယ့်တိုခက်တာပဲ ဒီလောက်အထိ

စကားတွေ ပြောလာကြပြီးညည်းအဖေဘယ်သူလဲဆိုတာတောင် ပြောမပြခဲ့ဘူးလား'

လိုစုရောင် အလိုက်သင့်ရယ်မောလိုက်၏။

'ဟင့်အင်း -- မပြောပါဘူး၊ သူမှတ်ဉာဏ်နဲ့ သူ စဉ်းစားယူပေါ့၊ စောစောကဆို သိပ်ရယ်စရာကောင်းတာ၊ သူက သမီးကို မမလေးတဲ့လေ'

လုစင်မျက်နှာနီသွား၏။ သွေးရောင်လွှမ်းသွား၏။ လိုကတော်က အားနာစွာပြုံးလိုက်ပြီး လိုစုရောင်ကို မာန်လိုက်၏။

'ညည်းတော်တော်ခက်တာပဲ၊ ဒီလောက်အ႗ဝ အသက်အရွယ်ရောက်နေပြီ၊ တစ်စက်ကလေးမှ အချိုးမပြေ ်းသေးဘူး။

လုစင်က အနေရအထိုင်ရခက်ဟန်ရယ်လျက် ----

လုစင်သည် ကြည်စုကျွင်ကို ဖျက်ခနဲကြည့်ကာ မေးလိုက်မိသည်။

သူကကော ဘယ်သူလဲဒေါ်ဒေါ်

'အေးခုမှသတိရတယ်၊ မင်းကိုပြောပြဖို့ မေ့နေတာ၊ သူက မင်းဦးဦးတာ့ထုံမြို့က မွေးစားလိုက်တဲ့သမီးကြီးလေ ကြည်စုကျွင်တဲ့၊ မင်းညီမစုရောင်နဲ့တော့ တစ်ခြားစီပဲ၊ သူက အေးအေးပဲနေတတ်တာ၊ သိပ်သိမ်မွေ့တာပဲ'

ကြည်စုကျွင်မှာ ရှက်စနိုးလေးဖြစ်သွား၏။

လိုကတော်ကြီးသည်တံခါးဘက်သို့ လှည့်ကြည့်လိုက်ကာ-

'ရှောင်ကျင်သွားတာကြာပြီ၊ ဘာ့ကြောင့် ပြန်မရောက်နိုင်သေးတာလဲမသိဘူး'



သူမစကားအဆုံးတွင် ရှောင်ကျင်ပြန်ရောက်ရှိလာသည်။ နီကတော်က အိမ်သားအားလုံးကို အိပ်ခိုင်းလိုက်ပြီ ဖြစ်ကြောင်း၊ သခင်လေးလုအား သူမနှင့်အတူ လိုက်ခဲ့စေလိုကြောင်း အကြောင်းကြား၏။

လုစင်သည် လိုကတော်နှင့်လိုစုရောင်တို့ကို နှုတ်ဆက်ပြီး ရှောင်ကျင်နှင့်လိုက်ပါသွားသည်။ လိုကတော်က သူ့ကို တံခါးပေါက်ဝအထိ လိုက်ပို့သည်။ ရှောင်ကျင်ကိုလည်း သတိရှိစေရန် အထပ်ထပ်မှာကြားလိုက်သည်။

လိုစုရောင်မှာ လုစင်၏ ကျောပြင်ကျယ်ကြီးကို မျက်စိတဆုံးကြည့်ပြီး ရင်ထဲ၌ လှိုက်ဟာသွားသလို ခံစားလိုက်ရသည်။

လုစင်ထွက်သွားပြီးနောက် လိုကတော်ကြီးက လိုစုရောင်အား လုစင်ကိုအိမ်ခန်းတွင်းသို့ ခေါ်မလာသင့်ကြောင်း ဆူပူလေတော့၏။ စုရောင်က မိခင်၏ လက်မောင်းကို ဆွဲကာ ခွဲနွဲ့နွဲ့လေးပြော၏။

'မေမေကလဲ ဒီအကြောင်းတွေ သမီးနားမလည်ဘဲနေပါ့မလား၊ လုစင်က တစ်ခြားလူမှ မဟုတ်ဘဲ၊ သမီးရဲ့ငယ်သူငယ်ချင်းပဲဥစ္စာ။ ပြီးတော့ သူ့ကိစ္စက ရိုးရိုးသာမန်ကိစ္စလဲမဟုတ်ဘူး၊ ရိုးသားတဲ့သစ္စာရှိတဲ့ လူတစ်ယောက်ကို သမီးတို့က မကူညီဘဲထားလို့ဖြစ်ပါ့မလား၊ သူ့ကိုဒီနေရာခေါ်မထားရင် လုံခြုံပါ့မလား၊ အခုလို သူ့ကိုကူညီလိုက်တာဟာ ကိုယ့်ကိုယ်ကို ကယ်တင်လိုက်သလိုပါပဲ၊ တကယ်လို့ လုစင် သမီးတို့အိမ်ကို လာသွားတယ်ဆိုတာ ဝမ်ကျင်သိသွားမယ်၊တွေသွားမယ်ဆိုရင်

မခက်ပေဘူးလား။ ဖေဖေက သူ့မွေးစားသား ဝမ်တီတ်ရှင်ကို သတ်လိုက်ကတည်းက သမီးတို့ကို အခွင့်ရတာနဲ့ လက်စားချေမှာပဲ၊ မေမေ စိတ်သာချနေစမ်းပါ။ လုစင်က ဒီအကြောင်းတွေ အပြင်လူကို ထုတ်ဖော်ပြောမှာမဟုတ်ပါဘူး။ အပြင်လူလဲ သိနိုင်မှာမဟုတ်ဘူး'

လိုစုရောင်စကားများ အကျိုးအကြောင်း ဆီလျော်လှသဖြင့် လိုကတော်ကြီးမှာ ဘာမျှမပြောနိုင်တော့ပေ။ သို့သော် နောက်နောင် ဤကဲ့သို့အန္တရာယ်ရှိသော ကိစ္စများမဖြစ်အောင် သတိထား ဆင်ခြင်ရန်သာ မှာကြားရတော့သည်။

အကာယ်၍ မလွှဲသာမရှောင်သာ ကိစ္စ ဖြစ်လာလျှင် သူမနှင့်အလျင် ဦးစွာ လာရောက်တိုင်ပင်ပြီးမှ လုပ်ရန်လည်း သတိပေးသည်။

ကြည်စုကျွင်ကား သာမန်ဟန်တရှတ်အမျိုးသမီးတစ်ဦး၏ အတွေးအခေါ်သာရှိသဖြင့် လိုစုရောင်၏သတ္တိကို ရင်သပ်ရှုမောအံ့ဩနေတော့သည်။

လိုစုရောင်သည် ယခုအရေးအခင်းအတွင်း ရှောင်ကျင်လိမ္မာရေးခြားရှိပုံကို သိလိုက်ရသဖြင့် လွန်စွာကျေနပ်သွား၏။ တိုင်ပင်ဖော်တိုင်ပင်ဖက်ရပြီဟု သူမမှတ်ယူမိတော့သည်။

လိုကတော်တို့ ပြန်ထွက်သွားပြီး မကြာမီပင် ရှောင်ကျင် ပြန်ရောက်လာသည်။ လုစင် ရိုးမျိုးနွယ်ဂေဟာသို့ရောက်ရှိပြီး ဒေါ်လေးရီးနှင့်ပြောခဲ့သောစကားများကို ပြန်ပြောပြ၏။

ရှောင်ကျင်က ----



'မမလေးမသိလို့နော်၊ သခင်လေးလုက တကယ်ကို လည်တာပဲ၊ သူပြောတာမှ တကယ့်ကို နားထောင်ကောင်းတာ၊ ကျွန်မသာ ဒီမှာကိုယ်တိုင်မြင်တွေ့သိကျွမ်းမထားရင် သူ့စကားတွေကို ယုံမိမှာပဲ၊ မေမေကြီးလဲ အလိမ်ခံရတယ်၊ ဒေါ်လေးရီးလဲ အလိမ်ခံရတယ်၊ နေဦး --- မမလေးရဲ့ ကျွန်မ ပြန်ခါနီးမှာ မမလေးကို ပြန်ပြောပြဖို့ သူကမှာလိုက်သေးတယ်။ မမလေးရဲ့ ကျေးဇူးတွေကို သူသေတဲ့အထိမမေ့ပါဘူးတဲ့၊ အတန်တန်မှာလိုက်တယ်' --- လိုစုရောင် စိတ်ထဲတွင် လှုပ်ရှားသွားသည်။

'သူဘာ့ကြောင့်များ ငါ့ကို ဒီစကားတွေ ပြောနေရတာလဲ၊ အင်း -- သူငါ့စိတ်ထဲ ငါ့ရင်ထဲမှာ ရှိတာတွေကို ရိပ်မိသွားလေရော့သလား'

နောက်တစ်နေ့တွင်လိုကတော်နှင့်လိုစုရောင်တို့ ရိုးမျိုးနွယ်ဂေဟာသို့သွားရောက်ကြသည်။ ရိုးကတော်က လုစင်မှာ လေးနာရီထိုးသည်နှင့် ထွက်ခွာသွားကြောင်း၊ သူ့သတင်းဂယက်ကြီးမားနေသဖြင့် အားလုံးကို ဒုက္ခဖြစ်မှာ စိုးရိမ်ကြောင်း၊ ထိုသတင်းတည်ငြိမ်သွားမှ အားလုံးကိုနောက်တစ်ခေါက်လာတွေ့ဦးမည်ဖြစ်ကြောင်း ပြောပြလေ၏။

ထို့အပြင် လုစင်က လိုစုရောင်၏ ပါးနပ်လိမ္မာပါးနပ်ပုံ၊ ရဲရင့်သတ္တိရှိပုံ၊ အမြော်အမြင်အတွေးအခေါ်ထက်မြက်ပုံတို့ကို ချီးကျူးပြောဆိုသွားကြောင်းလည်း ပြောပြသည်။

ရိုးကတော်က

'အားစင်က စုရောင်ကိုဒီလောက်တောင်ချီးကျူးသွားပုံ

ထောက်ရင်သူ့စိတ်ထဲမှာ စုရောင်ကိုတော်တော်ဘဝင်ကျမိလို့ ဖြစ်လိမ့်မယ်၊ သူ့ကိုမစိုးရိမ်ကြဖို့ နောက်နောင်ဆိုရင် သူစဉ်းစားဆင်ခြင်ပြီးမှ လုပ်ပါ့မယ်လို့ ကတိပေးသွားသေးတယ်'

ထိုစကားကြောင့် လိုစုရောင်မှာ ရင်ထဲတွင် သိမ့်ခနဲ ခံစားလိုက်ရသည်။ မိမိ၏စကားများကို အလေးအနက်ထားကြောင်း သိရသဖြင့် လွန်စွာ ကျေနပ်ပီတိဖြစ်သွားရသည်၊ ရှီးကတော်ကြီး ဆက်ပြောပြန်သည်။

'ဒီကိစ္စဖြစ်လာရတာ တိုက်တိုက်ဆိုင်ဆိုင်ပဲနော် လိုကတော်၊ ကျွန်မတို့ အားစင်အကြောင်း ပြောမိတာနဲ့ သူရောက်လာခဲ့တယ်၊ သူပြောတဲ့အတိုင်းဆိုရင် ရောက်နေတာ ရက်နည်းနည်းကြာသွားပြီတဲ့၊ ဟိုညက ဝမ်ကျင်ကို လုပ်ကြံတာ သူပဲပေါ့၊ နောက်တော့ထွက်ပြေးပြီး သူငယ်ချင်းတစ်ယောက်အိမ်မှာ တော်တော်ကြာ ပုန်းနေခဲ့တယ်တဲ့၊ ပြီးမှ ထွက်လာခဲ့တာတဲ့ သတ္တိသိပ်ရှိတဲ့ သူငယ်လေးပဲနော်'

လိုကတော်ကြီးမှာ လုစင်တစ်ယောက်တည်းက ဝမ်ကျင်ကို လုပ်ကြံသည်ဆို၍ အံ့သြသွားရသည်။ သူသည် ထိုသတင်းကို မသိရှာပေ။

'ဪ --- ဒါကြောင့်မို့လဲ ဝမ်ကျင်ကသူ့ကို တအားမုန်းနေတာကိုး၊အင်း --- ဟုတ်ပါတယ်လေ၊ ဒီကလေးကလဲ သတ္တိကောင်း လိုက်တာ'

လိုကတော်နှင့် ရှီးကတော်တို့မှာ လုစင်ကို ချီးကျူးရင်းရယ်မောနေမိကြသည်။ ကြည်စုကျွင်ကလည်း စိတ်ထဲတွင် ကျိတ်၍ ချီးကျူးနေမိ၏။

လိုစုရောင်မှာမူ ရင်ထဲ

ရှောင်ကျင် ပြန်လာပြီး သူ့အကြောင်းပြောပြီးကတည်းက တစ်ညလုံး အိပ်မရအောင် သူ့ကိုသတိရနေမိသည်။

မိုးမြန်မြန်လင်းပြီး လုစင်နှင့်တွေ့ဆုံကာ အေးအေးဆေးဆေးစကားပြောချင်နေသည်။ ယခု လုစင်ထွက်သွားပြီဆို၍ သူမရင်ထဲတွင် ဟာသွားရပေသည်။

ရှီးကတော်မှာ ခါတိုင်းနှင့် မတူဘဲ စုရောင်တစ်ယောက်ငိုင်နေသဖြင့် ကျီစယ်လိုက်သည်။

စုရောင်ဘယ်လိုဖြစ်နေတာလဲ ဒီနေ့မှ မရွှင်မလန်းနဲ့ဘာလဲ အားစင်ထွက်သွားလို့လား၊ သူလဲ မတတ်သာလို့ထွက်သွားရတာပါ။

ရှီးကတော် သာမန်နောက်ပြောင်ကျီစယ်ခြင်း ဖြစ်ပါသည်။ သို့သော် ဒဏ်ထိမှန်သွားသဖြင့် စုရောင်မှာ မျက်နှာထူပူသွားသည်။

လုစင်က ထိုရက်ပိုင်းအတွင်း ဖြစ်ပျက်ခဲ့သောအကြောင်းအရာတို့ကို ရှီးကတော်အားပြောပြခဲ့မည်ကို စိုးရိမ်သွားမိသည်။

'အစ်ကိုလုက ထွက်မသွားလို့လဲမဖြစ်တော့ဘူးလေ၊ သူထွက်သွားတာကိုကျွန်မသိပ်စိတ်ပူတာပဲ၊ ရှင်ရှောင်ပွဲတော်တုန်းကသူလုပ်လိုက်လို့ ဝမ်ကျင်က သူ့ကိုပိုက်စိတ်တိုက် လိုက်ရှာနေတယ်၊ အိမ်ကိုလဲ နှစ်ကြိမ်နှစ်ခါလာမွှေသွားတာ ခံလိုက်ရတယ်၊ ဝမ်ကျင်က သူ့ကိုဘယ်လောက်အလိုရှိအရေးထားသလဲ

ဆိုတာ သိပ်ပြီးသိသာတာပဲ၊ နှစ်ကြိမ်လုံးရှာတာမတွေ့တာကြောင့် သူဗိုလ်ဦးတည်ချက်ပြောင်းသွားတယ်၊ အစ်ကိုလု ဒီမြို့က ထွက်သွားပြီလို့ ယူဆနေပုံရတယ်၊ ဝမ်ကျင်က မြို့ပြင်ကိုသာ ဂရုစိုက် အလေးထားနေလို့ အစ်ကိုလုအတွက် သိပ်ပြီးအန္တရာယ် များလွန်းနေတယ်၊ ကျွန်မ မနေ့ညက ဒီအချက်ကို မစဉ်းစား လိုက်ဘူး၊ နောက်မှစဉ်းစားကြည့်တော့ သူ့ကိုမြို့ထဲမှာနေနိုင်း တာ ပိုပြီးစိတ်ချရမယ်ဆိုတာ တွေးမိလာတယ်၊ ဒီမနက် သူ့ကိုအဲဒီ အကြောင်းပြောပြမလို့ဟာ အခုတော့ သူကထွက်သွားခဲ့ပြီ၊ ဝမ်ကျင်ရဲ့ဘေးအန္တရာယ်က လွတ်ကင်းပါစေလို့ ဆုတောင်း မေတ္တာပို့သရမှာပါပဲလေ'

လိုစုရောင်၏စိတ်ကူးမှာ မှန်ကန်နေသဖြင့် နားထောင် နေရသူများ စိတ်မချမ်းမသာဖြစ်သွားရသည်။ သက်ပြင်းများ အသီးသီးချလိုက်မိသည်။

ထို့နောက် ကိုယ့်အတွေးနှင့်ကိုယ်ဖြစ်သွားကြပြီး စကား မပြောဖြစ်တော့ချေ။ နောက်ဆုံး လိုကတော်ကြီးက နှုတ်ဆက်ပြီ ထွက်လာခဲ့ကြသည်အထိ နောက်ထပ် စကားမပြော ဖြစ်တော့ ပေ။

လိုစုရောင်၏စိတ်ကူးများက မှန်သင့်သလောက်မှန်ကန် ၍နေပေသည်။ ဝမ်ကျင်သည် မြို့ပြင်ရှိ မိတ်ဆွေဂိုဏ်းများကို စောစောကပင် အကြောင်းကြားထားပြီး လုစင်အား ဖမ်းဆီးရန် အကြောင်းကြားထား၏။

ဝမ်ကျင်အနေနှင့် ဤကဲ့သို့ လုပ်ရခြင်းမှာ လုစင်



တစ်ယောက်တည်း သတ္တိရှိရှိ လုပ်ကြံရဲခြင်းသည် ကျောထောက် နောက်ခံညွှန်ကြားသူရှိရမည်ဟု ပထမအချက်အနေနှင့် ယူဆ မိသည်။ လုစင်ကိုဖမ်းမိလျှင် နောက်ကွယ်မှ လူမည်သူ ဖြစ်ကြောင်း သိနိုင်သည်။

ထို့ကြောင့် လိုထင်ဆင့်၏အိမ်သို့ နှစ်ကြိမ်နှစ်ခါတိုင်တိုင် ရှာဖွေခိုင်းခြင်းဖြစ်သည်။ အကြောင်းမှာ လိုထင်ဆင့်က သူ့မွေးစားသားကို သတ်ခဲ့သဖြင့် သူ့စိတ်ထဲတွင် သံသယအကြီး မားဆုံးဖြစ်နေ၏။ ဒုတိယအချက်အနေဖြင့် ဝမ်ကျင်မှာ လူတကာအပေါ် စီးမှနေသူဖြစ်၏။ ဘုရင်မင်းမြတ်ရင်ကျူးသည် သူ့စကားနားထောင်ရပြီး သူ့ကိုကြောက်ရွံ့နေရသည့်အတွက် အကြောင်းမဲ့ အလုပ်ကြံ မခံနိုင်ပေ။

လုစင်ကို ဖမ်းမိလျှင် အန္တရာယ်ပြေငြိမ်းသွားမည်ဖြစ်ပြီး မဖမ်းမိပါက လုပ်ကြံသူကို အတင့်ရဲလာအောင် အားပေးလိုက် သကဲ့သို့ ဖြစ်သွားနိုင်ပေသည်။

ထို့ကြောင့် လုစင်ကို မကျေနပ်နိုင်အောင်ဖြစ်နေမိခြင်းပင်၊ သို့သော်ရှင်ရှောင်ပွဲတော်ပြီး၍ ရက်အနည်းငယ်ကျော်လွန်လာ ခဲ့သည့်တိုင် လုစင်ကို မဖမ်းမိဘဲ သတင်းအစအနပင် မရခဲ့ သဖြင့် အကြီးအကျယ်ဒေါသထွက်နေရတော့သည်။

သူ့လက်အောက်ငယ်သားများကိုလည်း ဆူပူကြိမ်းမောင်း တော့သည်။ သူတို့ လူစုသေမင်းလက်တန်ကို မည်မျှဖြန့်၍ ရှာရှာ လုစင်ကတော့ ကျင်းစူးမြို့မှ လွတ်မြောက်သွားခဲ့ရချေပြီ။

✻✻✻✻✻

## အခန်း (၁၄)
## မုဆိုးတစ်သိုက်သားရဲတစ်ကောင်

လုစင်မှာ ကျင်းစူးမြို့မှ ထွက်ခဲ့ပြီးနောက်တစ်နေ့တွင် ဖန်စန်းရှင့်နယ်သို့ ရောက်လာခဲ့သည်။ သူသည်တစ်လမ်းလုံး သတိမပြတ်ထားရှိလာခဲ့၏။

စားသောက်ဆိုင်တစ်ဆိုင်အတွင်း၌ သူ့အားသတိထား ကြည့်ရှု နေသူများရှိနေသည်ကို တွေ့လိုက်ရသဖြင့် အခြားဆိုင် တစ်ခုသို့ သွားရောက်ကာ အခန်းတစ်ခန်းငှားနေလိုက်သည်။ ထိုဆိုင်နှစ်ဆိုင်သည် တစ်ဆိုင်နှင့်တစ်ဆိုင် မကွာလှမ်းလှပေ။ လုစင် ငှားရမ်းထားသောအိပ်ခန်းပြတင်းမှ မျှော်ကြည့်လျှင် တစ်ဘက်တည်းခိုဆောင်ကို ကောင်းစွာမြင်နိုင်ပေသည်။

ထိုတည်းခိုခန်းဆိုင်နှစ်ဆိုင်မှာ ကျန်းဆိုသူနှင့်လီဆိုသူတို့ ပိုင်ဆိုင်သောတည်းခိုခန်းများဖြစ်ကြရ၏။ လုစင်မှာ သန်းခေါင် ယံမတိုင်မီကကျန်း၏တည်းခိုဆောင်တွင် နေထိုင်ခဲ့ သော်လည်း သန်းခေါင်ယံရောက်သည်နှင့် လီ တည်းခိုဆောင်သို့ လှစ်ခနဲ ကူးရောက်သွားခဲ့သည်။ ခြေရာဖျောက်လိုက်ခြင်းသာ ဖြစ် သတည်း။



ညဉ့်နှစ်ချက်တီးသွားခဲ့လေပြီ။ လုစင်သည် စိတ်လှုပ်ရှား ခြင်းကြီးစွာဖြင့် တည်းခိုဆောင်၏ပြတင်းပေါက်မှ အပြင်ဘက်သို့ ချောင်းကြည့်နေသည်။ သူ့ဧွးထင်ထားသည့်အတိုင်းပင် တဖက်အတွင်းမှာပင် တည်းခိုခန်းခေါင်မိုးပေါ်၌ အရိပ်မည်းမည်း များ လှုပ်ရှားလာသည်ကို တွေ့ရသည်။ လူသုံးယောက် အိမ်ခေါင်မိုး ပေါ်တွင်ဝပ်နေခြင်းတည်း။

မကြာမီတစ်ယောက်မှာ ရေတာလျှောက်ကို ဖောက်ထိုးခွဲ ချပြီး သူတည်းခိုခဲ့သော အခန်းပြတင်းပေါက်အတွင်းဘက်သို့ ချောင်းကြည့်နေသည်။

အိမ်အပြင်ဘက်တွင် နောက်ထပ်လူနှစ်ယောက် ဝပ်နေ ကြပြန်သည်။စုစုပေါင်း ငါးယောက်ဖြစ်သည်ကို လုစင် သတိထား မိ၏။

ထိုစဉ်မှာပင် ပြတင်းပေါက်မှ ချောင်းကြည့်နေသူသည် ရေတာလျှောက်မှခြေထောက်ကို ဖြုတ်ချလိုက်ပြီး ရုတ်ခြည်းပင် အခန်းထဲသို့ လက်နက်ပုန်းများ ပစ်ခတ်တော့၏။

လုစင်စိတ်ထဲမှာ ကျိတ်၍ ရေရွတ်လိုက်မိသည်။

'လူမရှိတဲ့အခန်းထဲ လက်နက်ပုန်းတွေ ပစ်လွှတ်လို့ ဘာ အကျိုးထူးမှာလဲ အရူးတွေ'

လက်နက်ပုန်းပစ်ခတ်သူသည် အခန်းထဲ၌ လူမရှိကြောင်း သိရသောအခါ အတော်ကလေးဒေါသထွက်သွား၏။ ထို့နောက် ပြတင်းတံခါးကို ဆွဲဖွင့်လိုက်သည်။ ကျောပြင်ထက်မှ ဓားကိုလည်း ရွှမ်းခနဲ ဆွဲထုတ်လိုက်၏။ မြေပြင်တွင်ဝပ်၍

ပုန်းအောင်းနေသူနှစ်ဦးက ငြိမ်တူခုန်ထလိုက်ပြီး ---

'ဘယ့်နှယ့်လဲ လစ်ပြေးသွားပြီလား'

'ပြေးပြီနဲ့တူတယ်၊ ဘာသံမှမကြားရဘူး'

လုစင်ကား ကျိတ်၍ရယ်မိနေတော့၏။ ထိုသုံးယောက်က အချင်းချင်းတိုင်ပင်လိုက်ကြ၏။ ဓားကိုင်ထားသူက-

'မင်းတို့ အဆင်သင့်လုပ်ထားကြ၊ ငါအထဲဝင်ကြည့်လိုက်ဦးမယ်'

ပြောပြောဆိုဆိုပင် ပြတင်းတံခါးမှ အတွင်းသို့ ခုန်ဝင်သွားသည်။

'ဝုန်း'

လုစင်မှာ အံ့အားအသင့်ကြီးသင့်သွားရလေတော့သည်။ အဘယ့်ကြောင့်ဆိုသော် ထိုသူဝင်ပြီးမကြာမီ ဝုန်းခနဲဟူသော အသံနှင့်အတူ စောစောကဓားကိုင်သူ ပြန်လည်လွင့်စင်ထွက်လာသည်ကို မြင်လိုက်ရသောကြောင့်တည်း။

ထိုအဖြစ်ကြောင့် အပြင်ဘက်တွင်ရှိနေသူနှစ်ဦးမှာ အကြီးအကျယ်ထိတ်လန့်တုန်လှုပ်သွားကြရတော့၏။ လုစင် တွေးရလေပြီ၊ လူမရှိသည့် အခန်းထဲတွင် မည်သူရောက်ရှိနေသနည်း။ ထိုသူသည် မိမိ၏မိတ်ဆွေလောရန်သူလော၊ လုစင်တွေးရခက်ကြီးဖြစ်နေရလေပြီ။

ဓားကိုင်ထားသူ၏အလောင်းလွင့်စင်ထွက်လာ သည့်တိုင် အတွင်းဘက်မှ ဘာသံမျှ မကြားရပေ။ အိမ်ခေါင်မိုးပေါ်မှ လူနှစ်ယောက်မှာ အချင်းချင်းတစ်ယောက်ကိုတစ်ယောက်



ကြည့်လိုက်ကြပြီး တိတ်တဆိတ်အချက်ပေးလိုက်ကြ၏။ တစ်ယောက်က တစ်နေရာသို့ ထွက်ခွာသွား၏။ ကျန်တစ်ယောက်ကမူ အိမ်အမိုးကျပ်ကို စောင့်နင်းချလိုက်သည်။

'ဂြွမ်း'

အုတ်ကြွတ်များ ကြေမွကာ အပေါက်တစ်ပေါက်ဖြစ်သွားသည်။ ထိုလူသည် ခေါင်မိုးအပေါ်မှနေ၍ အောက်က လူကို လုပ်ကြံရန် ကြံစည်ခြင်းဖြစ်ပေသည်။ ထိုစဉ် အိမ်ခေါင်မိုးအပေါက်မှ အပေါ်သို့ အုတ်ချက်နှစ်ချက်ပြန်ကန်ထွက်လာသည်။

'ဗိုး ---- ဗိုး'

'အား ------'

အိမ်ခေါင်မိုးပေါ်ရှိ လူသည် ကျယ်လောင်စွာ အော်ဟစ်လိုက်ပြီးနောက်သို့ ခြေလှမ်းနှစ်လှမ်းဆုတ်ကာ ထိုင်ချလိုက်၏။ တကယ်တော့ ထိုလူဘာမျှမထိခိုက်ပေ။ လုစင်စိတ်ထဲတွင် ထိုလူသည် ဒဏ်ရာမရဘဲ အဘယ့်ကြောင့် အော်နေရသနည်းဟုတွေးနေမိသည်။

ထိုစဉ် အံ့ဩဖွယ်မြင်ကွင်းကိုမြင်ရလေသည်။ အခန်းထဲမှ လူသည် ပြတင်းပေါက်မှအပြင်သို့ ခုန်ထွက်လာခြင်းပေတည်း။ ထိုသူသည် ပြင်ပမှ လူနှစ်ဦးအား ခြိမ်းခြောက်ငေါက်ငမ်းတော့၏။

'ခွေးတိရစ္ဆာန်တွေ ကျုပ်ကိုဘာကြောင့် လာနှောင့်ယှက်ရတာလဲ၊ ကျုပ်နဲ့မင်းတို့ ဘာရန်စမှလဲရှိတာမဟုတ်ဘူး၊

မင်းတို့ကို မဆုံးမဘဲ လွှတ်ထားရင် ငါအသုံးမကျရာ ကျတော့မယ်'

ပြောပြောဆိုဆိုသူသည် လက်ဝါးနှစ်ရိုက်ထုတ်လေ၏။

'ဝုန်း'

သူ့လက်ဝါးရိုက်ချက်အားက ပြင်းထန်လွန်းသဖြင့် လေထုပင် တုန်ခါသွားရပေသည်။ ရန်သူနှစ်ယောက်သည် ခုန်ဆုတ်သွားပြီး သူတို့၏ဓားများကို ဆွဲထုတ်လိုက်သည်။ တိုက်ကွက်များကို အလွယ်တကူပင်ရှောင်တိမ်းနိုင်သဖြင့် လုစင်သည် ထိုလူအတွက် မပူပင်မိတော့ပေ။

ဓားကိုင်ရန်သူတစ်ဦးက

'အဘိုးကြီး ခင်ဗျား သိပ်သေချင်နေပြီဆိုရင် ကျုပ်ကပဲ သေမင်းဆီကို ပို့ပေးလိုက်ပါ့မယ်'

သူသည် ယာလက်ဖြင့် ဓားကိုဝှေ့ယမ်းလိုက်သည်။ အဘိုးအို၏ ပခုံးထက်ဆီသို့ ဓားဦးက မြွေတစ်ကောင်အလား တိုးဝင်သွားသည်။ အခန်းထဲမှလူသည် ပကတိတည်ငြိမ်အေးဆေးလှပေသည်။ ဘယ်ခြေကိုနောက်တစ်လှမ်းဆုတ်၊ ကိုယ်ကိုတစောင်းထားကာ မာန်သွင်းအော်ဟစ်ပြီး ညာခြေကို ရှတ်တရက်မြှောက်တင်လိုက်သည်။

'ဝုန်း'

'အား ---'

ခေါင်းစောင်းထားသော ဓားကိုင်ထားသည့်လူမှာ ခြေကန် ချက်တစ်ချက်အမိခံလိုက်ရပြီး ဆယ်ပေခန့် အကွာသို့ လွင့်စင် သွား၏။ သူ့လက်ထဲမှ ဓားသည်လည်း လက်ထဲမှ လွတ်ထွက် သွားရတော့သည်။

ကျန်တစ်ယောက်မှာ အခွင့်ကောင်းရပြီဟု တွက်ဆကာ အလစ်တွင် လှုပ်ရှားလိုက်သည်။ သူ့ဓားဦးချွန်က ထိုလူ၏ချိုင်းအောက်တည့်တည့်သို့ ဝှစ်ခနဲပြေးဝင်သွားသည်။ အခြားရန်သူတစ်ယောက်ကို ခြေထောက်နှင့်ကန်နေချိန်ဖြစ်၍ ထိုဓားချက်ကို ထိုလူရှောင်နိုင်တော့မည်မဟုတ်ဟု လုစင်ထင်နေသည်။သို့သော် သူထင်သလိုဖြစ်မလာခဲ့ပါ။

ထိုလူသည် ဘေးစောင်းအနေအထားမှပင် လေထဲသို့ ခုန်ပျံလိုက်သည်။ ပထမလူကို တိုက်ခိုက်ပြီး နောက်လူ၏ ဓားကွက်ကို ရှောင်တိမ်းလိုက်သည်မှာ တစ်ချိန်တည်း တစ်ဆက်တည်းဖြစ်နေသည်။ သူ့လှုပ်ရှားမှုများ ပျာယာခတ်ခြင်းမရှိ တည်ငြိမ်တိကျလှ၏။

လုစင်မှာ ထိုလူကို တစ်ကြိမ်တစ်ခါမျှ မြင်တွေ့ဖူးခြင်းမရှိချေ။ သူ့စကားကိုနားထောင်ခြင်းဖြင့် လူလတ်ပိုင်းအရွယ်ခန့်သာရှိမည်ဟု ခန့်မှန်းရသည်။သို့သော် အရွယ်နှင့်ရုပ် အသံကို ခန့်မှန်းမရအောင် ရှိနေ၏။ အောက်တွင် အခြေအနေဆိုးနေသည်ကို တွေ့ရသောအခါ ခေါင်မိုးပေါ် မှလူလည်း အောက်သို့ ဆင်းလာလေတော့သည်။

'ဝှစ် --- ဝှစ် --- ဝှစ်'

ခေါင်မိုးပေါ်မှ လူသည် အောက်သို့ရောက်သည်နှင့် သူ့လက်ကို လှုပ်ရှားလိုက်သည်။ အလင်းတန်းကလေးများထွက်

သွားရာ လက်နက်ပုန်းဖြင့် အလစ်ပစ်ခတ်ခြင်းဖြစ်ကြောင်း သူသိလိုက်မိသည်။ တစ်ကိုယ်တော်သည် အောက်မှရန်သူကိုသာ အဓိကထားတိုက်ခိုက်နေသဖြင့် အပေါ်မှ ခုန်ဆင်းလာသူကို သတိမထားမိဟုလုံးစင်ထင်မှတ်မိသည်။

သို့သော် တစ်ကိုယ်တော်ကား လွန်စွာနားလျင်လှသည်။ လေတိုးသံများအရ သူ့လက်နက်ပုန်းပစ်ခံရပြီဟု ကြိုတင်သိဟန်ရှိသည်။ သူသည် လှစ်ခနဲဘေးဘက်သို့ ကျွမ်းထိုးရှောင်တိမ်းသွားတော့၏။

'ခွပ် --- ခွပ် --- ခွပ်'

'အား'

သံမဏိစူးချွန်လက်နက်ပုန်းသုံးခုသည် မြေပြင်မှ ဓားကိုင်လူဆိုး၏ ရင်ဝသို့စိုက်ဝင်သွားကာ မြေကြီးပေါ်သို့ လဲကျသေဆုံးသွားတော့သည်။ တစ်ကိုယ်တော်သည် အလျင်အမြန်ပင် သူ့လက်ထဲမှ ဓားရှည်ကိုဆွဲယူလိုက်ပြီး အောက်သို့ ခုန်ချလာသူထံ ပစ်ပေါက်လွှတ်လိုက်သည်။

'ငါ့ညီ ကူညီတာကို ကျေးဇူးတင်ပါတယ်ကွာ၊ ဒီဓားက ငါ့ညီအတွက် အစ်ကိုကြီးရဲ့လက်ဆောင်ကလေးပေါ့'

'ဝှီး'

အိမ်ပေါ်မှ ခုန်ချလာသူမှာ သူ့လက်နက်ဖြင့် သူ့လူကို သတ်မိလိုက်သောကြောင့် ဒေါသထွက်နေချိန်တွင် တစ်ကိုယ်တော်က ဓားဖြင့် ပစ်ပေါက်လိုက်သောအခါ လက်ဝါးတစ်ချက်ပြန် ရိုက်ထုတ်သည်။



'အား'

ဓားကိုမြေပြင်ပေါ်သို့ ကျသွားအောင် ရိုက်ချနိုင်ခဲ့သော်လည်း သူ့လက်ကောက်ဝတ်တစ်ခုလုံးမှာ ထုံကျဉ်ကိုက်ခဲသွားရတော့သည်။ ထိုအချိန်မှာပင် လေချွန်သံတစ်သံက ဝှစ်ခနဲထွက်ပေါ်လာခဲ့လေတော့၏။ လေချွန်သံနှင့်အတူ အိမ်အမိုးပေါ်မှ လူတစ်ယောက်ခုန်ချလာသည်။

'ခင်ဗျားကို ဒီညတော့ အလွတ်ပေးလို့မရတော့ဘူး၊ ခင်ဗျား လွတ်ထွက်သွားရင် ကျုပ် ကော့စန်းလန်ဆိုတဲ့ ကောင် အသုံးမကျလို့ဘဲ မှတ်လိုက်ပေတော့'

တစ်ကိုယ်တော်က ထိုသူကိုကြည့်ပြီး အေးစက်စက်လှောင်ရယ်ရယ်သည်။

'မလုပ်ရဲပါဘူးကွယ်၊ ကျုပ်က ကျေးဇူးတရားနဲ့ ကတိစကားကို အလေးထားပါတယ်၊ ခုနက မင်းညီလေးက ကျုပ်ကို ကူညီပြီး ဟိုတစ်ယောက်ကို သတ်ပေးခဲ့ပြီးပြီ၊ ဒီကျေးဇူး ကို ထောက်ထားပြီး မင်းညီလေး အရှက်ရအောင် ပစ်စလတ်ခတ်မလုပ်ရဲပါဘူးကွယ်'

တစ်ကိုယ်တော်၏အပြောကြောင့် ကော့စန်းလန်မှာ ဒေါသအကြီးအကျယ်ထွက်သွား၏။ သူ့ဓားကို ဆွဲထုတ်ကာ တရကြမ်းတိုက်ခိုက်လေတော့သည်။ တစ်ကိုယ်တော်သည် ကော့စန်းလန်၏ ဓားကွက်များကို လှလှပပ လွယ်လွယ်ကူကူပင် ရှောင်တိမ်းနိုင်သည်။

တစ်ကိုယ်တော်က --

'မင်းကို ကျုပ်အရှက်တကွဲအကျိုးနည်းမဖြစ်စေချင်ဘူး ဒါပေမယ့် မင်းက တုတ်အောက်ကို ခုန်တိုးတဲ့ဖားကလေးလို လုပ်လာတော့ ညှာမနေနိုင်တော့ဘူး'

ကော့စန်းလန်ကမေးဖြင့် အဆက်မပြတ်ခုတ်သည်။ တစ်ကိုယ်တော်ကိုထိအောင်မတိုက်နိုင်သဖြင့် ပို၍ပို၍ ဒေါသကြီးလာသည်။ သူ့ပညာနိမ့်ကျသည့်အဖြစ်ကို သူ သတိမထားမိရှာပေ။ အရက်စက်ဆုံး ဓားကွက်များဖြင့် တစ်ကိုယ်တော်ကို မညှာမတာ တိုက်ခိုက်နေပေသည်။ ထို့ပြင် နှုတ်မှလည်းပြောသေး၏။

'ခင်ဗျားသတ္တိရှိရင် ထွက်ပြေးဖို့မကြိုးစားနဲ့၊ ဂျုပ်ခင်ဗျားကို ဓားစာကျွေးပစ်မယ်'

တစ်ကိုယ်တော်က ဟန်မပျက်ပင် သူ့မုတ်ဆိတ်ရှည်ကို ဘယ်လက်ဖြင့် ပွတ်သပ်ရင်း ရှောင်တိမ်း၏။ ထို့နောက် ရယ်ရယ်မောမောဖြင့်--

'ငါ့ကိုအသက်ကြီးပြီလို့ အထင်သေးနေတာလား၊ ငါက မသေချင်သေးတော့ မင်းရဲ့ဓားကို မစားနိုင်သေးပါဘူးကွာ၊ မင်းသာ လူကြီးကို ရိုသေရကောင်းမှန်းမသိ၊ နှုတ်သရမ်း လွန်းတဲ့ မင်းကို မှတ်လောက်သားလောက်အောင် နားရင်းအုပ်ပြီး ဆုံးမရမယ်'

ထိုခဏ၌ လူရိပ်မှာ လှစ်ခနဲဖြစ်သွား၏။ ဓားကြားတွင် ကော့ပျံကာ ရှောင်တိမ်းရင်း လက်ဝါးနှစ်ဘက်ကိုလှုပ်ရှား နေသည်။



'ဖြောင်း ---- ဖြောင်း'

ကော့စန်းလန်၏ နားရင်းနှစ်ဘက် ပူထူသွား။ မျက်စိထဲ ဘွင် အလင်းရောင်တန်းများ ဖြာခနဲထွက်ပေါ်သွားသည်။ တစ်ကိုယ်တော်က အေးတိအေးစက်ရယ်လိုက်ပြီး

'မင်းရှိသေကိုင်းရှိုင်းတဲ့ ဟိုမိန်းမကိုခေါ်လာရင်လဲ သူ့ရှေ့မှာ မင်းကို ဆုံးမပေးရမှာပဲ၊ ဒီနှစ်ချက်က မင်းနဲ့ ဟိုမိန်းမ အတွက် ဆုံးမတာ၊ နောက်တစ်ချက်ကတော့ သိုင်းလောကသား တွေအတွက်ဆုံးမတာ မှတ်ထား'

'ဖြောင်း'

ကော့စန်းလန် နားရင်းထူပူသွားရပြန်၏။

ကော့စန်းလန်မှာ ပြန်လည်တိုက်ခိုက်နိုင်ဖို့ မဆိုထားနှင့်၊ ရှောင်တိမ်းရန်ပင် အခွင့်အလမ်းမရတော့ပဲ နားရင်းကို အဆက် မပြတ်အရိုက်ခံနေရတော့သည်။

လုစင်မှာ ကြည့်ရင်းကြည့်ရင်း နားမလည်နိုင်အောင် ဖြစ်နေမိသည်။ ထိုသူမှာ အသံက လူလတ်ပိုင်း လေသံဖြစ်လျက် မုတ်ဆိတ်ရှည်ကြီးများထားကာ သူ့ကိုယ်သူလည်းအဘိုးကြီး ဟုမပြောဆိုနေခြင်းကို လုစင်အံ့ဩနေမိသည်

ထို့ပြင် သူသည် သိုင်းပညာအတော်အတန် ရင့်ကျက် နေခဲ့ပြီဖြစ်သော်လည်း ထိုတစ်ကိုယ်တော်ကို မည်သည့်ဂိုဏ်းမှ ပုဂ္ဂိုလ်ဖြစ်ကြောင်း ခွဲခြားမသိနိုင်အောင် ဖြစ်နေရသည်။

ကော့စန်းလန်မှာ တစ်ကိုယ်တော်၏ အဆက်မပြတ်

ရိုက်နှက်ဆုံးမမှုကြောင့် မျက်နှာတစ်ပြင်လုံး ဖူးရောင်လာသည်။ လုစင်သည် ကောဇန်းလန်တို့အုပ်စုကို မုန်းတီးမိသော်လည်း ဤမျှရက်ရက်စက်စက်တော့ မလုပ်သင့်ဟု ယူဆပေးသည်။

ကောဇန်းလန်မှာ တစ်ကိုယ်တော်၏ ရိုက်ချက်များကို တတ်နိုင်သမျှ ရှောင်တိမ်းသော်လည်းမည်သို့မျှ ရှောင်တိမ်းမရနိုင်ဘဲ တဖြောင်းဖြောင်း အရိုက်ခံနေရသဖြင့် နောက်ဆုံးတွင် မြေကြီးပေါ် လှိမ့်ချရတော့သည်။ ထိုအခါကျမှ တစ်ကိုယ်တော်၏ ရိုက်ချက်များရပ်သွားသည်။

ဒါက မင်းရဲ့ဆရာသင်ပေးလိုက်တဲ့ အကောင်းဆုံး သိုင်းကွက်လား၊ ငါက မင်းဆရာမျက်နှာကို မထေ က်ထားရင် ဒီလိုဘယ်ဆုံးမပေးလိမ့်မလဲ၊ ဟောဟိုမှာ ပြောရင်းဆိုရင်း မင်းဆရာ ရောက်လာပြီ သူတို့နဲ့ငါရန်မဖြစ်ချင်ဘူး၊ ထွက်သွားမှ ဖြစ်မယ်၊ငါက မင်းကို ဆုံးမခဲ့တဲ့အကြောင်း မင်းဆရာကို ပြန်မပြောပြရင် နောက်တစ်ခါ မင်းကို ငါအရေခွံဆုတ်ပစ်မယ် ကြားလား'

ပြောပြောဆိုဆိုပင် တစ်ကိုယ်တော်သည် ရိပ်ခနဲ ခုန်၍ ထွက်သွားသည်။ သုံးချက်ခန့်ခုန်လိုက်သည်နှင့် အမှောင်၌ လုံးဝပျောက်ကွယ်သွားလေတော့သည်။

ကောဇန်းလန်မှာ တစ်ညလုံး နားရင်းအုပ်ခံနေရသဖြင့် ဒေါသအကြီးအကျယ် ထွက်နေ၏။ တစ်ကိုယ်တော် ထွက်သွားသည်မှာ မိမိဆရာကိုကြောက်ရွံ့သောကြောင့်ဖြစ်မည်ရမည်ဟု မှတ်ယူလိုက်၏။ တစ်ကိုယ်တော်ကို တားမြစ်ရန်တလည်း



သူ့တွင်အစွမ်းမရှိ၊ တစ်ကိုယ်တော်၏ ကျောပြင်ကို မီးဝင်းဝင်းတောက်သောမျက်လုံးများဖြင့် ငေးစိုက်ကြည့်ရင်းမြေကြီးပေါ် သို့ ဓားဖြင့် အပြိုးကြီးစွာ ထိုးစိုက်ချလိုက်မိတော့သည်။

လုစင်မှာ ထိုအဖြစ်အပျက်များကိုကြည့်ပြီး စိတ်ထဲတွင် ထူးထူးဆန်းဆန်း ဖြစ်နေမိသည်။

အဘိုးအိုက ဘယ်သူလဲ၊ ကောဇန်းလန်ကတော ဘာလဲ၊ သူ့ဆရာက ဘယ်သူလဲ၊ အဘိုးအိုဘာ့ကြောင့် မိမိအခန်းထဲမှ ထွက်ပေါ်လာရသလဲ၊ လူသုံးယောက်ကိုသူ ဘယ်လိုသတ်ခဲ့သလဲ၊ ကောဇန်းလန်ကိုတော့ ဘာ့ကြောင့်လွှတ်ပေးခဲ့ရသလဲ၊ သူနှင့်ကောဇန်းလန်ဆရာက သိဟောင်းကျွမ်းဟောင်းမိတ်ဆွေတွေလား၊ ကောဇန်းလန်ကို ဘာ့ကြောင့်ရှုပ်ပျက်ဆင်းပျက် ဆုံးမရတာလဲ။

သူ့ခေါင်းထဲတွင် မေးခွန်းပေါင်းစုံက တစီစီမြည်နေသည်။ သို့သော် မေးခွန်းများအတွက် အဖြေကို မစဉ်းစားနိုင်ပေ။ ကောဇန်းလန်ကို မျက်တောင်မခတ် ငေးကြည့်နေပြီး သူ့ဆရာ အလာကို စောင့်နေမိသည်။

တစ်ကိုယ်တော် ထွက်သွားပြီးမကြာခင်မှာပင် လူသုံးယောက် ရောက်ရှိလာသည်။ တစ်ယောက်က အသက်ငါးဆယ်ခန့်ရှိ ထိပ်ပြောင်ပြောင်အဘိုးအို၊ သူ့နှာမည်က မော်ရင်နင်ဖြစ်၏။ သို့သော် လူအများစုက သူ့ကွယ်ရာတွင်မော်ရင်ရှုပ်ဟုခေါ်ဝေါ်တတ်ကြသည်။

နောက်တစ်ယောက်က မော်ရင်ရှုပ်နှင့်ရွယ်တူခန့်ရှိ၏။

နာမည်က ကျန်းကြည့်ပေါ်ဖြစ်၏။ တစ်ကိုယ်တော်၏စကားအရ ကော့စန်းလန်၏ဆရာကို အသက်ငါးဆယ်ခန့်ရှိ အမျိုးသမီးကြီး တစ်ယောက်ဟု ထင်မြင်ယူဆခဲ့သည်။ ယခုမူ ယောကျ်ားကြီး တစ်ယောက်ဖြစ်နေ၍ လုစင် နားမလည်နိုင်အောင် ဖြစ်မိသည်။

ကျန်းကြည့်ပေါ်သည် မိန်းမလ့ယောကျ်ားပမာ ရုပ်ဖျက်ထားလေသလားဟု သံသယများဝင်နေသည်။ အသေအချာ ကြည့်သောအခါ ယောကျ်ားပုံစံရှိသလို အသံကလည်း ယောကျ်ားအသံဖြစ်နေပြန်သဖြင့် စိတ်ထဲ ဘာခွဲခြားရမှန်းမသိ ဖြစ်ရတော့သည်။

ကျန်းကြည့်ပေါ်၏ အခြားနာမည်ကိုသူမသိ၊ သိလျှင် လည်း ဤသို့စဉ်းစားမရအောင် ဖြစ်နေမည်မဟုတ်ပါချေ။

ကျန်တစ်ဦးကား ကော့စန်းလန်နှင့်အတူ အိမ်ခေါင်မိုးပေါ် တွင်ပုန်းခိုဝပ်နေခဲ့သူ လူလတ်ပိုင်းအရွယ်ရှိ ကော့စန်းချူ သူ့နာမည်ရင်းက ဖန့်လူအော်ဖြစ်ပြီး ကော့စန်းလန်၏ အစ်ကို ဝမ်းကွဲဖြစ်၏။ ထိုသုံးယောက်အနီးသို့ ရောက်လျှင်ရောက်ခြင်း ကျန်းကြည့်ပေါ်က မေးလိုက်၏။

'စူးကွေး -- ရန်သူကဘယ်သူလဲ၊ ထွက်ပြေးသွားပြီလား'

စူးကွေးဆိုသည်မှာ ကော့စန်းလန်၏ အခြားနာမည် တစ်မျိုးဖြစ်၏။ ကော့စန်းလန် ကျန်းကြည့်ပေါ်အားအဖြစ်အပျက် များကို ပြန်ပြောပြသည်။ ကျန်းကြည့်ပေါ်မှာ ကော့စန်းလန် ၏ ဖူးရောင်နေသောမျက်နှာတို့ကိုငုံ့ကြည့်ပြီး ဒေါသအကြီးအကျယ် ထွက်သွားသည်။



'သူဘယ်သူလဲ မင်းသိလား'

ကော့စန်းလန်က တစ်ကိုယ်တော်၏ ရုပ်ရည်နှင့် အသံကို ပြောပြ၏။ ကျန်းကြည့်ပေါ်မှာ မျက်နှာကွက်ခနဲ ပျက်သွားပြီး ဒေါသတကြီး ရေရွတ်ဆဲဆိုလိုက်သည်။

'-------- မင်းဖြစ်နေပြီကိုး၊ ဒီတစ်ခါမှ မင်းကိုမသတ်ရရင် ငါမနေတော့ဘူး'

'ဘယ်သူလဲဆရာ၊ သူ့သိုင်းပညာက ဘာဖြစ်လို့ ဒီလောက် တောင် အစွမ်းထက်နေရတာလဲ'

ကော့စန်းလန်၏အမေးစကားကြောင့် ကျန်းကြည့်ပေါ်မှာ ပိုမိုဒေါသထွက်လာသည်။ ကော့စန်းလန်ကို အော်ငေါက်တော့ သည်။

'သူက ဘယ်လောက်များအစွမ်းထက်နေလို့လဲ၊ ခိုးကြောင် ခိုးဝှက်နဲ့ မင်းတို့ကိုအနိုင်ကျင့်သွားတာပညာလား၊ တကယ် တမ်းသာ သူ့မှာ သိုင်းပညာထက်မြက်နေရင် ပြေးစရာ မလိုပါဘူး၊ ငါနဲ့ရင်ဆိုင်လိုက်ပါလား၊ ဟင်း ---- သူက အစက တည်းက ငါ့ကိုရှုံးနိမ့်ထားခဲ့တာ၊ ငါ့ကိုရင်မဆိုင်ရဲတော့ မင်းတို့ကို သက်သက်မဲ့ အနိုင်ကျင့်နှိပ်စက်သွားတာကွ'

ဘေးတွင်ရပ်နေသော မော်ရင်နင်က ဝင်ပြောပြန်သည်။

'နောင်ကြီးကျန်းကြည့်ပေါ်ပြောတာချွမ်းနန်က ဟိုလူများ ဖြစ်နေမလားမသိဘူး။ သူ့သိုင်းပညာက မသေးပါဘူး၊သူနဲ့ ကျုပ်တိုက်ခိုက်ဖူးတယ်၊ နောက်ဆုံးတော့ သူထွက်ပြေးသွားခဲ့ ရတာပါပဲ၊ ဒီနေ့ခင်ဗျားတပည့်ကိုရှာပြီး ဒီလိုလုပ်လိမ့်မယ်

လို့မထင်မိဘူးဗျာ၊ ဒီလိုရှိနေမယ်မှန်းသိရင် ကျုပ်သူ့ကို လက်လွှတ်မခံပါဘူး'

'ဟား ----- ဟား ----- ဟား'

ကျယ်လောင်သော ရယ်သံကြီးတစ်သံက ရုတ်ခြည်း ထွက်ပေါ်လာ၏။ တစ်ဆက်တည်းပင် အေးစက်စက် စကားသံ တစ်သံထွက်ပေါ်လာလေတော့သည်။

'မော်ရင်ရှုပ်၊ အဲဒီမှုဆိုးမနဲ့ မင်းခပ်မြန်မြန်လေး လက်ထပ်လိုက်ပါတော့ကွာ၊ သူအဘွားကြီးဖြစ်နေပြီဆိုတာ မင်းမတွေ့ဘူးလား၊ ဟင်း မင်းတို့က ငါနဲ့ယှဉ်ရအောင် တူလို့ တန်လို့လား'

အသံက လုစင်၏အိပ်ခန်းထဲမှထွက်ပေါ်လာခြင်း ဖြစ်၏။ တစ်ကိုယ်တော်သည် မည်သည့်အချိန်က သူနေခဲ့သော အခန်း ထဲသို့ ပြန်လည်ဝင်ရောက်သွားခဲ့သည်မသိပေ။ မော်ရင်ရှုပ်မှာ မခံမရပ်နိုင်ဖြစ်ပြီး ပြန်လည်အော်ငေါက်လိုက်၏။

'---- သတ္တိရှိရင် ထွက်လာခဲ့စမ်း၊ သရဲတစ္ဆေလို ခြောက်လှန့်မနေစမ်းနဲ့'

နှစ်ယောက်သားမှာ ပြတင်းတံခါး၏ တစ်ဘက်တစ်ချက်စီ မှ ရပ်စောင့်ကာ တိုက်ခိုက်ရန် အဆင်သင့်ပြင်ထားလိုက်ကြ၏၊ လုစင်မှာသူတို့နှစ်ဦးကိုကြည့်ပြီး-

'ဒီအဘိုးကြီးနှစ်ယောက်ကို ကြည့်ရတာ သိုင်းပညာ အတော်အသင့်တတ်ထားကြပုံရတယ်၊ တစ်ယောက်နဲ့ နှစ်ယောက် တိုက်ခိုက်ရင်ဆိုင်မယ်ဆိုရင် တစ်ကိုယ်တော်



ယှဉ်နိုင်မယ်မထင်ဘူး၊ တကယ်လို့ လိုအပ်လာမယ်ဆိုရင် ငါသူ့ဘက်က ဝင်ကူရမယ်၊ ဒါမှ တရားမျှတလိမ့်မယ်'

ထိုစဉ် အခန်းထဲမှကျယ်လောင်သော ရယ်သံက တဟားဟား ပေါ်ထွက်လာပြန်တော့သည်။ အားရပါးရ ရယ်ပြီးမှ

'ကျန်းကျားခိုမှာ ပါးရိုက်ခံရတာဘယ်သူလဲ၊ တာ့ပေစုမင် မှာ အောင်းဘီတောင်မကောက်နိုင်ဘဲ ထွက်ပြေးရတာ ဘယ်သူ လဲ၊ ဒါတွေကို မင်းတို့အသိဆုံးပဲ၊ မင်းတို့ ငါ့လက်ချက်နဲ့ ရှုံးနိမ့်ခဲ့ကြတာမဟုတ်လား၊ ငါသာ မင်းတို့ကို မသက်ညှာခဲ့ရင် အခုလို မင်းတို့တပည့်တွေရှေ့မှာ အာဘောင်အားရင်း သန်သန်နဲ့ မဟုတ်ကဟုတ်ကတွေပြောနိုင်ပါ့မလားကွဟင်း'

စကားသံဆုံးသောအခါ အခန်းထဲမှာ စောင်လိပ်တစ်လိပ် ဝုန်းခနဲပေါ်ထွက်လာ၏။ စောင့်နေသူနှစ်ဦးသည် ရန်သူထွက်လာ ပြီ အထင်နှင့်နှစ်ယောက်သား လက်ဝါးဖြင့်ရိုက်ချကြသည်။

'ဝုန်း ----- ဝုန်း'

'ဟား ----- ဟား ------ ဟား'

တဟားဟားရယ်သံနှင့်အတူ ပြတင်းပေါက်မှ လူရိပ် တစ်ရိပ်ထွက်ပြေးသွားကြောင်း တွေ့လိုက်ရသည်။

'ခွေးသူခိုး ----- ထွက်ပြေးမလို့လား'

မော်ရင်နှင်က အော်ဟစ်ငေါက်ငမ်းပြီးထိုလူရိပ်နောက်သို့ အလုအယက်ပြေးလိုက်သွားကြလေတော့သည်။

* * * * *

## အခန်း (၁၈)
## ရုပ်ပြောင်းလွဲခြင်း

လူအားလုံးသည် တစ်ကိုယ်တော်နောက်သို့ ပြေးလိုက်သွားကြပြီဖြစ်၍ လုစင်သည် အောက်သို့တိတ်တဆိတ် ဆင်းကာ အလောင်းသုံးလောင်းကို ရှာဖွေကြည့်မိသည်။

ငွေစအနည်းငယ်မှတစ်ပါး အခြားမည်သည့်အရာမျှ မတွေ့ရသဖြင့် စိတ်ဓာတ်ကျသွားသည်။ သို့သော် အလောင်းတစ်လောင်း၏ကိုယ်ပေါ်တွင် စက္ကူလိပ်တစ်လိပ်ကို တွေ့ရှိလိုက်ရသဖြင့် စိတ်ဝင်စားသွား၏။

'ဟာ'

လုစင် အံ့အားသင့်သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် စက္ကူလိပ်ပေါ်မှာ ရုပ်ပုံသည် သူ့ရုပ်ပုံဖြစ်နေသောကြောင့်တည်း။

လုစင်မှာ သူ့ရုပ်ပုံကို ငေးစိုက်ကြည့်နေမိသည်။ ဤသို့ဆိုလျှင် ဝမ်ကျင်သည် သူ့ရုပ်ပုံကို ပန်းချီဆွဲပြီး နေရာအနှံ့ အပြားကပ်ထားပြီးသည်မှာသေချာလောက်ပေပြီ။

လုစင်အနည်းငယ် ခေါင်းခဲသွား၏။ သူသွားလာလှုပ်ရှားရန် အတော်ကလေးခက်ခဲသွားပေပြီ။ သူသည် ဝမ်ကျင်ကို



အတော်ကလေးဒေါသထွက်သွား၏။ အတန်ကြာမှ အခန်းထဲသို့ ပြန်လည်ဝင်ရောက်နိုင်တော့သည်။

'ဒေါင် --- ဒေါင် ---- ဒေါင်'

သံချောင်းသံလေးချက် ထွက်ပေါ်လာသည်။ ညဉ့်ကလည်း နက်သည်ထက်နက်လာသည်။ လုစင်သည် အတွေးရေလျှင်တွင် နစ်မြောနေသည်။ မည်မျှကြာအောင် အတွေးထဲ နစ်မျောနေသည်မသိ။

ပြတင်းတံခါးတစ်ချက်လှုပ်ခတ်သွားမှ သူသတိဝင်လာပြီး လှည့်ကြည့်မိသည်။ ပြတင်းတံခါးဘေး၌ လူတစ်ယောက် ရပ်နေလေသည်တကား။

လုစင်ရင်ထဲတွင် ထိတ်ခနဲဖြစ်သွားပြီး ခုတင်ပေါ်မှ ခုန်ချလိုက်၏။ နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ဆုတ်လိုက်မိသည်။ ဘယ်လက်ကို ရင်ဘတ်ရှေ့တွင် ကာရံထားပြီး ညာလက်က ဓားရိုးပေါ်တွင် ဆုပ်ကိုင်ကာ အသင့်ပြင်ထားလိုက်ရသည်။ ထိုဝင်လာသူကမူ အေးအေးဆေးဆေးပင်။

'တကယ့်ကို ခန့်ညားတာပါပဲ၊ ကိုယ်နေဟန်ထားကတော့ တကယ့်ကို ထိပ်တန်းသိုင်းပညာရပ်တွေကိုသင်ကြားနိုင်မယ့် ပုံသဏ္ဌာန်ပါပဲ'

ထိုသူက အေးအေးချမ်းချမ်းပင် အခန်းတွင်းသို့ အကဲခတ်၏။ ထို့နောက် အခန်းထောင့်တစ်ထောင့်သို့ လျှောက်ဝင်လာသည်။ လုစင်သည် ထိုသူကို တစ်ကြိမ်တစ်ခါမျှ မြင်ဖူးခြင်းမရှိပေ။ အခန်းထဲတွင် သူ့အိပ်ရာသဖွယ် လျှောက်ဝင်နေခြင်းကို

သူမနှစ်မြို့မိချေ။

'မိတ်ဆွေ ---- ခင်ဗျားဘာလုပ်ချင်လို့ ဒီကိုရောက်လာရတာလဲ၊ ကျုပ်ကိုရှင်းရှင်းလင်းလင်းပြောစမ်းပါ'

ထိုသူက သူ့ဘက်သို့ တစ်ချက်ကလေးမျှ လှည့်မကြည့်ဘဲ တည်ငြိမ်အေးဆေးသောလေသံဖြင့်

'ဖြည်းဖြည်းပေါ့ဗျာ အချိန်တွေအများကြီးရှိပါသေးတယ်၊ ရေနွေးကြမ်းတစ်ခွက်လောက်သောက်ပြီးမှ ခင်ဗျားကို ပြောပြရတာပေါ့'

ထိုသူသည် စားပွဲပေါ်မှ ရေနွေးကရားကိုကောက်ငှဲ့လိုက်သည်။ ကောက်သောက်လိုက်သည်၊ သုံးခွက်တိတိ သောက်လိုက်ပြီးမှ-

'တော်လာရင် ဘာကိုမှ မရွေးတော့ဘူး၊ ချဉ်ချဉ်တူးတူးမူးရင်ပြီးရောဆိုတဲ့ စကားက သိပ်မှန်တာပဲ၊ ရေနွေးခွက်ကတစ်ခွက်သောက်တော့ မွှေးချိုပြီး ခံတွင်းထဲမှာရှင်းသွားတယ်၊ ဒုတိယအခွက်သောက်တော့ သောက်လို့ကောင်းသေးတယ်၊ နောက်ဆုံးခွက်ကျတော့ ဘာမှအရသာမရှိတော့ဘူး၊ အဆိပ်ရည်သောက်ရသလိုပါပဲ'

တစ်ကိုယ်တော်သည် ပြောချင်ရာကိုပြောပြီး အခြားတစ်ဘက်သို့လှည့်သွားလေတော့၏။ ခုံလွတ်တစ်လုံးတွင် ဝင်ထိုင်ကာ တစွတ်စွတ် ဆက်လက်ရေရွတ်နေပြန်သည်။

'ဉာဏ်ရှိတဲ့ယုန်သူငယ်ဟာ ဂိတ်ပေါက်နှစ်ပေါက်ထားတယ်၊ မဆိုးပါဘူး။ သူ့အန္တရာယ်ကိုတော့ ရှောင်နိုင်တာပေါ့၊ ကျုပ်ကတော့ သူ့ဂိတ်ပေါက်ကို ရှာဖွေတွေ့နိုင်ခဲ့တာပဲ'



ထိုသူက ပြောရင်းမှ လုစင်၏မျက်နှာကို ဖျတ်ခနဲလှည့်ကြည့်၍လိုက်၏။ ထိုအကြည့်ကြောင့် လုစင်မှာ တစ်ချက်တုန်လှုပ်သွား၏။ မျက်နှာလည်းအနည်းငယ်ပျက်သွားရသည်။

ထိုသူဝင်လာသည်အချိန်ကစ၍ မျက်ခြည်ပြတ်မခံခဲ့။ ပြောဆိုလှုပ်ရှားမှုအားလုံးကို ဂရုပြုနေခဲ့မိသည်။ ယုန်သူငယ်ဟူ၍ တင်စားသူမှာ မိမိကိုရည်ညွှန်းကြောင်း လုစင်သိပေသည်။

တောက်ပသော မျက်လုံးများ၊ ပါးချပ် ချိုင့်ဝင်နေသော နားထင်များကိုကြည့်ပြီး အတွင်းအားပညာ၌ ထိပ်တန်းရောက်သူဖြစ်ကြောင်း ရိပ်မိလိုက်သဖြင့် စိတ်ထဲတွင် တုန်လှုပ်သွားရသည်။

မိမိကိုလိုက်လံဖမ်းဆီးနေသူတစ်ဦးလေလားဟု သံသယဝင်လာတော့သည်။ ထိုသူသည် ကြွက်ကိုကြောင်ကစားသလိုကစားပြီးမှ လက်ရဖမ်းဖို့ကြံစည်းနေပုံမျိုးဖြစ်နေ၏။ ထို့ကြောင့် လုစင်၏သတိများသည် လွန်စွာနိုးကြားဖျတ်လတ်နေသည်။ ဓားရိုးကို တင်းကျပ်စွာ ဆုပ်ကိုင်ထားသည်။

ဝင်လာသူသည်မျက်နှာအမူအရာပြောင်းလဲသွားသည်ကို သိမြင်မည်မှာ သေချာသည်။ သို့သော်ဂရုမထားပေ။ ကုလားထိုင်တွင် ထိုင်လိုက်ပြီး နံဘေးမှ လွတ်နေသော ထိုင်ခုံကို လက်ညှိုးညွှန်ပြကာ-

'ထိုင်စမ်းပါ-ခင်ဗျားဘာဖြစ်နေတာလဲ၊ ဘာဖြစ်လို့မတ်တပ်ကြီးရပ်နေရတာလဲ၊ ကျုပ်တို့အေးအေးဆေးဆေးစကားပြောကြရအောင်'

ထိုသူကား ဤအခန်းကို သူ့အခန်းဟုမှတ်ယူနေသယောင် ရှိ၏။

'ညကြီးအချိန်မတော် ကျွန်တော့်အခန်းထဲကို ခင်ဗျားခွင့်မတောင်းဘဲ အတင်းဝင်လာတာ ဘာကိစ္စရှိလို့လဲ၊ အဖြေအမည်းသဲကွဲအောင် ပြောမပြရင် ခွင့်မတောင်းတဲ့ ဧည့်သည်ကို မောင်းထုတ်ရပါလိမ့်မယ်'

သူ့အသံကို သိပ်မကျယ်သော်လည်း ကြည်လင်ပြတ်သားလှပေသည်။ တစ်ကိုယ်တော်က သူ့ကိုပြုံးကြည့်လိုက်၏။

'မမှားပါဘူး၊ တကယ့်ကိုမမှားပါဘူး၊ အင်း --- ကျုပ်တို့လိုရင်းကိုပဲ ပြောကြပါစို့၊ ခင်ဗျားက လုမျိုးနွယ်မဟုတ်လား၊ နာမည်က လုစင်၊ ရှင်ရှောင်ပွဲတော်မှာ ဝမ်ကျင်ကိုလုပ်ကြံပြီး နေပြည်တော်တစ်ခုလုံး ပွက်လောရိုက်အောင်လုပ်ခဲ့တဲ့ လူမဟုတ်လား'

လုစင်စိတ်ထဲတွင် ထိတ်လန့်သွားသည်။ သူထင်သည့်အတိုင်းပင် ဝမ်ကျင်က စေလွှတ်လိုက်သည့် လူဖြစ်နေပေပြီ။ သူသည် စိတ်ကို အတတ်နိုင်ဆုံး တည်ငြိမ်အောင် ထိန်းချုပ်လိုက်၏။ ဖြစ်သမျှကို ရင်ဆိုင်ရတော့မည်။

'လုစင်ကောဘာဖြစ်သလဲ၊ မဖြစ်တော့ကော ဘာဖြစ်သလဲ၊ မိတ်ဆွေကကော ဘယ်သူလဲ၊ နာမည်တောင်မှ ကျွန်တော့်ကို ထုတ်မပြောမိတ်မဆက်ရသေးဘူးနော်'

ထိုလူသည် သူ့ရင်ဘတ်ကြားထဲသို့ လက်ထိုးနှိုက်လိုက်သည်။ လုစင်ထိတ်ခနဲဖြစ်သွားသည်။ သို့သော်ထိုသူ၏ လက်ပြန်



ထုတ်လိုက်သောအခါတွင်ကား စက္ကူလိပ်ကလေးတစ်လိပ်ထွက်လာသည်။ ထိုစက္ကူလိပ်ကလေးအား လုစင်ထံသို့ ကမ်းပေးလိုက်သည်။

'ငြင်းဖို့မကြိုးစားပါနဲ့ဗျာ၊ ဒီပုံဟာ ခင်ဗျားပုံမဟုတ်ဘူးလား'

လုစင် စက္ကူလိပ်ကို လှမ်းယူပြီး ကြည့်လိုက်၏။ သူ့ကိုယ်တစ်ပိုင်းပုံဖြစ်နေသည်ကို တွေ့လိုက်ရပြန်သည်။ စောစောကပင် ဤပုံမျိုးစာရွက်တစ်ရွက်ကို သူတွေ့လေပြီ၊ ထိုသူမှာ မိမိကို ဖမ်းဆီးရန် ရောက်ရှိလာသူအဖြစ် ကျိန်းသေတွက်၍ ရလိုက်ပေပြီ။ ထို့ကြောင့်ထိုသူကို လက်ညှိုးထိုးပြီး ခပ်မာမာပင်ပြောလိုက်သည်။

'ကဲ --- ခင်ဗျား အပိုတွေလျှောက်ပြောမနေနဲ့တော့၊ လူလား ဘီလူးလား ကွဲပြားသွားပြီပဲ၊ တိုက်ခိုက်ဖို့သာပြင်လိုက်ပါ။ အကောက်ကြံဖို့လဲ စိတ်ကူးမနေနဲ့။ ခင်ဗျားအဖော်တွေထွက်သွားကုန်ကြပြီ၊ အချိန်ဆွဲပြီး သူတို့ကို မစောင့်ချင်ပါနဲ့တော့'

သူကစိန်ခေါ်လိုက်သော်လည်းတစ်ဘက်လူမှာတုတ်တုတ်မျှ မလှုပ်ဘဲ ငြိမ်ထိုင်နေ၏။ ထိုသူ၏ ဤကဲ့သို့ မလှုပ်မယှက်အပြုအမူက သူ့ကိုပိုမိုစိတ်ကွက်ဒေါသပွားစေသည်။ ပကတိတည်ငြိမ်သောလေသံဖြင့်ပင်ပြောသည်။

'ဓားကသိပ်ကောင်းပါလား'

ထိုသူက ဓားကိုချီးကျူးစကားဆို၏။ ထို့နောက်လုစင်အားစူးစိုက်ကြည့်လိုက်သည်။ ထိုသူ၏ရုပ်ရည်မှာ ဥပမိရုပ် ကောင်းမွန်

လှသည်။

လုစင်မှာထိုသူ၏အကြည့်ကြောင့် တစ်စုံတစ်ရာ စွမ်းအင်တစ်ခု၏ထိန်းချုပ်ခြယ်ခြင်းခံလိုက်ရသလို မလှုပ်ရှားဘဲ ငြိမ်နေလိုက်မိသည်။

လုစင်မှာ ဓားကိုကိုင်ပြီး ရှေ့တိုးရမလို နောက်ဆုတ်ရမလို ကြောင်စီစီဖြစ်နေ၏။ တစ်ဘက်လူက လှုပ်ရှား၍ တိုက်ခိုက်နေလျှင် တော်သေးသည်။ ထိုသူမလှုပ်ရှားပဲ သူကစတင်တိုက်ခိုက်ရမည်ဆိုသည်မှာ စိတ်ကောင်းရှိသော သိုင်းသမား တစ်ယောက်အဖို့ လွန်စွာ လုပ်ရန်ခက်ခဲသောအမှုဖြစ်ပေသည်။

ထိုစဉ် ထိုလူက လုစင်အား တီးတိုးလှမ်းပြောတော့သည်။

'မလှုပ်နဲ့၊ ဓားကိုဓားအိမ်ထဲပြန်သိမ်းထားလိုက်၊ လူလာနေပြီ'

လုစင်ငိုင်သွားသည်။ မည်သည့်အသံကိုမျှမကြားရသဖြင့် ဓားကိုဓားအိမ်ထဲပြန်မထည့်ပေ။ ထိုသူက ဂရုမစိုက်ဘဲ ပြတင်းပေါက်အနီးသို့ ရိပ်ခနဲခုန်ပျံသွားကာ အပြင်ဘက်သို့ ငုံ့ကြည့်လိုက်၏။ သည်တော့မှ လုစင်နားထဲသို့ လူသံသဲ့သဲ့ ဝင်လာတော့၏။ ထိုသူ၏နားအကြားအာရုံထက်မြက်မှုကို သူ့စိတ်ထဲတွင် ချီးကျူးလိုက်ရတော့သည်။

ထိုသူက စိတ်လွတ်ကိုယ်လွတ်ပင် ပြတင်းပေါက်မှငုံ့ကြည့်နေသည်။ လုစင်ကို လုံးဝကျောပေးထားသည်။လုစင်လုပ်ကြံချင်လျှင် လွယ်ကူသည်။ သို့သော် လုစင်က ဤလိုလူမျိုးမဟုတ်ပါ။ ရန်သူကို မည်သည့်အခါမျှ ကျောမှ တိုက်ခိုက်မည့်လူစား



မဟုတ်ပါ။ သူသည် ထိုလူ၏ကျောပြင်ကို ကြည့်ပြီးအတွေးပွားနေသည်။

'ဒီလူဘယ်လိုလူဆိုတာ ကွဲကွဲပြားပြားလဲ ဘာမှမသိရသေးတာမဟုတ်ဘူး၊ ငါရန်သူလို့တရားသေမှတ်လို့လဲမရသေးဘူး၊ သူဘယ်သူပါလိမ့်'

လုစင်သည် ထိုသူကို ရန်သူဖြစ်လိမ့်မည်ဟု မထင်ချင်တော့ပေ။ အပြင်မှလူသံများကိုသာ နားစွင့်မိတော့သည်။

'ဘာ့ကြောင့်များ ကော့စန်းလန်တို့အုပ်စုပြန်ရောက်လာရတာလဲ၊ အင်း ---- ကြည့်ရတာ သူတို့ဘက်သားအလောင်းတွေကိုလာကောက်တာနဲ့တူတယ်'

ထိုလူကား လုစင်ကိုရှိလေသသည်ဟုမထင်ပေ။ အပြင်ကိုသာဂရုစိုက်နေသည်။လုစင်သည်ထိုသူ၏နားသို့လျှောက်သွားပြီး ယှဉ်ရပ်လိုက်၏။ အပြင်သို့ကြည့်နေမိသည်။

ထိုသူက လုစင်သူ့နံဘေးနားလာရပ်သည်ကို သိသည်။ သူ့တစ်ကိုယ်တည်း ပြောသလိုလို၊ လုစင်ကို ရှင်းပြသလိုလို ကျန်းကြည့်ပေါ်နှင့် အခြားသူများ၏နာမည်များကိုပြောပြရေရွတ်နေသည်။

ကျန်းကြည့်ပေါ်တို့ဆရာတပည့်အုပ်စုမှာ အပြင်ဘက်တွင် အလုပ်ရှုပ်နေကြ၏။ လူလေးယောက်စုမိသွားကြ၏။ ထိုစဉ် လုစင်နှင့်အတူရပ်နေသူက လုစင်အား တံတောင်ဆစ်နှင့်ရှုတ်တရက် တိုက်လိုက်၏။ လုစင်လန့်သွားသည်။ ထိုလူက စိတ်ပူပန်သည့်လေသံဖြင့်-

'သူတို့ခင်ဗျားကိုလာရှာကြတာ၊ ဒီလိုပုံစံနဲ့ဆိုရင် ရန်သူတွေ နဲ့တိုက်လို့ကိုဆုံးမှာမဟုတ်တော့ဘူး၊ လာခဲ့၊ ဒီဘက်ကိုလာခဲ့လေ ခင်ဗျားမျက်နှာကို ပြုပြင်ပြောင်းလဲပေးလိုက်မယ်၊

လုစင်မှာ ရန်သူ့လက်ထဲတွင် ဝကွက်အပ်ရမည့်အရေးကို ရင်လေးသွားသည်။ ထိုသူသည် သူထင်သလို လူရိုးလူကောင်း မဟုတ်ခဲ့သော် ဟူသောအတွေးက သူ့ကိုတွေဝေစေသည်။

ထိုလူက စိတ်မရှည်ဘဲပြောသည်။

'ခင်ဗျားဘယ်လိုဖြစ်နေရတာလဲ၊ အရင်ကဒီကိုမဟုတ်ပါဘူး၊ ဘာ့ကြောင့်လေးလေးပင်ပင်နွဲ့နေရတာလဲ'

သူ့ဘယ်ဘက်လက်တွင် ဘူးငယ်ကလေးတစ်ဘူးကိုကိုင်ဆောင်ထား၏။ ဘူးထဲတွင် အမျိုးအမည်စုံသော ပစ္စည်းများရှိ၏။ ထိုသူ၏ညာဘက်လက်တွင် မည်သည့်ပစ္စည်းမျှကိုင်ဆောင်ထားခြင်းမရှိသဖြင့် လုစင်က စိတ်ချလက်ချပင် တိုးတိုးလေးမေးလိုက်၏။

'မိတ်ဆွေကဘယ်သူလဲ'

'ကျုပ်ဘယ်သူလဲဆိုတာ ခင်ဗျားမကြာခင်မှာ နားလည်လာရမှာပါ။ ရန်သူမဟုတ်ဘူးလို့သာ မှတ်ထားလိုက်ပါ'

လေသံက တည်ကြည်လှ၏။ ထိုလေသံကပင် သူ့အား ယုံကြည်စေနိုင်လောက်အောင် အာမခံချက်ပေးသလိုရှိ၏။ လုစင်သည် ထိုလူ့အနီး၌ သွားရပ်သည်။

ထိုလူက လုစင်၏မျက်နှာကို စတင်ရုပ်ဖျက်တော့သည်။



ထိုအလုပ်ကို သူလွန်စွာ ကျွမ်းကျင်လှ၏။ တစ်ခဏအတွင်းမှာပင် ပြီးစီးသည်။

'သိပ်ပူတဲ့ရေနဲ့မျက်မှာမသစ်မိဖို့သတိထားပါ၊ ရှောက်သီးနဲ့ကြက်သွန်မြိတ်ကိုလဲ သိပ်ပြီးမစားနဲ့၊ ကျုပ်သွားတော့မယ်၊ ရှေ့မှာ ထပ်ဆုံကြသေးတာပေါ့'

လုစင် တအံ့တသြဖြစ်သွားပြီး -----

'ဟင် -- ခင်ဗျား ထွက်သွားတော့မလို့လား'

ထိုလူကရယ်သည်။

'မသွားသေးဘဲ ဘာကိုစောင့်နေရဦးမှာလဲ၊ ကျန်းကြည့်တို့ ငါ့ကိုလာရှာကြတော့မယ်၊ ခင်ဗျားအခန်းထဲ လူပိုတစ်ယောက် ရောက်နေတာကို ခင်ဗျားဘာမှမပြောပေမယ့် ဆိုင်ရှင်ကတော့ ပြောလာမှာပဲ၊ ခင်ဗျားဒီဆိုင်ထဲ မဝင်ခင်က ညအချိန်ဖြစ်နေလို့ ဆိုင်ရှင်ကောင်းကောင်း မှတ်မိမှာမဟုတ်ဘူး။ ခင်ဗျားကို တစ်ခုသတိပေးရဦးမယ်၊ ခင်ဗျားရဲ့ လက်ထဲက ဓားဟာ သိုင်းလောကရဲ့ ရတနာတစ်ပါးပဲ၊ အဏ္ဏဝါဓားလို့ခေါ်တယ်၊ ဒီဓားကိုလိုချင်တဲ့လူတွေ အရမ်းပေါ်လာလိမ့်မယ်၊ ကိုယ့်လက်ထဲက ပါမသွားအောင်သတိထားပေတော့'

ထိုလူသည် စကားဆုံးသည်နှင့်ပြတင်းပေါက်မှရိပ်ခနဲခုန်ထွက်သွားလေတော့သည်။

❊❊❊❊❊

## အခန်း (၁၉)
## ဓားမြတ်အကျက်အနှုရာယ်

ထိုသူထွက်ခွာသွားလျှင် လုစင်ပြတင်းတံခါးကိုဖြန့်ဖိတ်လိုက်ပြီးခုထင်ပေါ်တွင်ပြန်ထိုင်လိုက်သည်။ ထိုသူကိုရန်သူအဖြစ် မသတ်မှတ်နိုင်သည်ကတော့ မှန်ပါ၊ သို့သော်မည်သူမှန်းကွဲကွဲပြားပြားမသိရသည်က ခက်နေသည်။

ထိုသူ၏ရုပ်ဖျက်မှုကို သတိရလာပြီး မှန်ရှေ့တွင် ရပ်ကြည့်လိုက်မိသည်။ မှန်ပြင်ရိပ်တွင် တွေ့လိုက်ရသော သူ့မျက်နှာကိုကြည့်ပြီး အံ့အားအသင့်ကြီးသင့်သွားရလေတော့သည်။

လုစင်ကား လုစင်မဟုတ်တော့။ လုစင်၏ခန္ဓာကိုယ်ကားတခြားလူတစ်ဦး၏ မျက်နှာရောက်ရှိနေလေပြီ။ သူ့မျက်နှာကိုတစိမ့်စိမ့်ကြည့်ရင်း လိုစုရောင်ကို သတိရလိုက်မိသည်။

ဤပုံစံအတိုင်းဆိုလျှင် လိုစုရောင်သူ့ကိုမှတ်မိတော့မည်မဟုတ်ချေ။ ထိုအတွေးနှင့်အတူ သူမကလက်ဆောင်ပေးလိုက်သော အဏ္ဏဝါဓားကိုလည်း စဉ်းစားမိလိုက်သည်။ ထိုဓားကိုဓားကောင်းဓားမြတ်တစ်လက်ဖြစ်မှန်းသိသော်လည်း မည်မျှအဖိုးတန်မှန်းသူမသိပေ။



တစ်ကိုယ်တော်ဆိုသူ၏ ပြောစကားအရသာ အဏ္ဏဝါဓားမှန်း သိုင်းလောကရတနာ တစ်ပါးမှန်းသိရခြင်းဖြစ်ပေသည်။ သူဓားလက်ကိုင်ရိုးကို အသာအယာပွတ်သပ်ကြည့်မိသည်။

ဤမျှ ကောင်းမွန်ထက်မြက်လှသော ဓားမြတ်ရတနာတစ်လက်ကို ပေးလိုက်သည့်လိုစုရောင်၏စေတနာကို ရှိုးတိုးရိပ်တိပ်နားလည်သယောင်ရှိလာလေ၏။

တစ်ဖန်သူ့ထံမှ ကျောက်ဖြူခြသေ့ရုပ်တုကလေးကိုလက်ဆောင်အဖြစ် တောင်းခံယူသွားပုံကိုလည်း စဉ်းစားမိ၏။ မည်သို့မျှ တန်ဖိုးမရှိသော ဤရုပ်တုကလေးကို တောင်းခံယူခြင်းသည် သူ့ထံမှ တစ်စုံတစ်ရာကို မျှော်လင့်တောင့်တနေခြင်းပင်ဖြစ်ရမည်ဟု သူအတွေးပေါက်လိုက်သည်။

လိုစုရောင်က သူ့အားမြင်မြင်ချင်း ချစ်မိလေသလား။ မိမိကလည်း သူ့ကိုမြင်မြင်ချင်း ချစ်မိလေသလော။ လုစင်၏နှလုံးသားများက တဒိတ်ဒိတ်ခုန်လာမိတော့၏။

သူသည် ယခုချက်ချင်းပင်ကျင်းစူးမြို့တွင်းသို့ သွားရောက်ကာ လိုစုရောင်အား သူ့ရင်ထဲတွင်ဖြစ်ပေါ်ခံစား နေရသည်တို့ကိုဖွင့်ဟချင်စိတ်များ တဖွားဖွားပေါ်လာမိသည်။

'ငါဘာဂရုစိုက်စရာရှိလဲ၊ အခုအချိန်မှာ ငါ့ရုပ်တွေပြောင်းလဲသွားပြီ၊ ဘယ်သူကမှ ငါ့ကိုမှတ်မိမှာမဟုတ်တော့ဘူး၊ သွားမယ်၊ အခုချက်ချင်းပဲသွားမယ်' ပြောပြောဆိုဆိုပင်မတ်တက်ထရပ်လိုက်၏။

'ဖုတ်'

သူ့ရုပ်ပုံလွှာစက္ကူလိပ်ကလေးက အောက်သို့ကျသွား၏၊ လုစင် စိတ်ထဲထိတ်ခနဲဖြစ်သွားမိသည်။

'မဖြစ်ဘူး၊ ငါသွားလို့မဖြစ်ဘူး၊ ငါ့ကို လိုစုရောင်မြင်သွားရင် လဲ ဘယ်လိုမှ ဝမ်းသာနိုင်မှာမဟုတ်ဘူး'

ရုတ်တရက် ပြန်ထိုင်ချလိုက်ပြီးလျှင် သူကောက်ယူခဲ့သည့် ရုပ်ပုံလွှာကားချပ်နှင့်ကြမ်းပြင်ပေါ်တွင်ကျနေသော ရုပ်ပုံလွှာကားချပ်အားလုံးကို အလျင်အမြန် မီးရှို့ဖျက်ဆီးပစ်လိုက်တော့သည်။

ခုတင်ထက်တွင် တစ်ခဏမျှ ထိုင်ပြီး စဉ်းစားသေး၏၊ နောက်မှ အိပ်စက်ရန် ဟန်ပြင်သည့်။ ထိုစဉ် တစ်ဘက်ခန်းမှ လူသံများကြားလာရသည်။ အသေအချာနားစွင့်ထောင်လိုက်ရာ ကျန်းကြည့်ပေါ်တို့အုပ်စုဖြစ်ကြောင်း သိရှိလိုက်ရသည်၊ အသံဗလံများကို နားစိုက်ထောင်ရင်းအိပ်ချင်ဟန်ဆောင်နေလိုက်ရလေတော့၏။

မကြာမီ သူ့အခန်းတံခါးလာရောက်ခေါက်သံထွက်ပေါ်လာသည်။

လုစင်က အိပ်ချင်မူးတူးအသံဖြင့် လှမ်းမေးလိုက်သည်၊

'ဘယ်သူလဲ၊ ဘာဖြစ်လို့ တံခါးလာခေါက်တာလဲ'

'ကျေးဇူးပြုပြီး တံခါးဖွင့်ပေးပါညော့်သည်ကြီး၊ ညော့်သည်ကြီးရဲ့အခန်းထဲမှာရှာစရာရှိလို့ပါ'

လုစင်မီးအိမ်ကို ပြန်လည်ထွန်းညှိလိုက်ပြီး တံခါးဖွင့်ပေးရင်း အပြစ်တင်သံဖြင့် တီးတိုးရေရွတ်လိုက်သည်။



'ခင်ဗျားတို့အိပ်ခန်းကလဲ ကြမ်းပိုးများလိုက်တာဗျာ၊ ညဉ့်နက်တာတောင် အိပ်လို့မရဘူး၊ အခုပဲ အပေါ့အပါးသွားပြီး ပြန်လာလို့ အိပ်မယ်ကြံခါမှ အနှောင့်အယှက်တွေဗွာလဲ များလိုက်တာ'

ကျန်းကြည့်ပေါ်က အေးတိအေးစက်လေသံဖြင့်-

'မင်းစကားပြောဆင်ခြင်ရင်ကောင်းလိမ့်မယ်'

'ဘာလဲ ---- ကျုပ်က ဘယ်လိုပြောရမှာလဲ၊ ကျုပ်အခန်းထဲကို ခင်ဗျားတို့ဘာဖြစ်လို့ ဝင်လာရတာလဲ'

ကျန်းကြည့်ပေါ် ဘာမျှပြန်မပြောပေ။

လုစင်က သူကိုတစ်ယောက်ချင်းကိုပြန်ကြည့်သည်။ ဤလူများသည် လုစင်ကိုကြည့်ကာ မျက်နှာပျက်နေကြ၏။ ကျန်းကြည့်ပေါ်က ကော့စန်းလန်ကို မျက်လုံးဖြင့် အချက်ပြလိုက်၏။

ကော့စန်းလန်က မဟုတ်ကြောင်းခေါင်းခါပြ၏။ ကျန်းကြည့်ပေါ်မှာ မျက်လုံးအကြည့်စူးရှပုံကိုသတိထားမိသဖြင့် သာမန်လူတစ်ယောက်မဟုတ်သည်ကို နားလည်ကာ

'မင်းဘယ်သူလဲ၊ မင်းနာမည်ဘယ်လိုခေါ်လဲ'

လုစင်က အတူပါလာသောစားပွဲထိုးအား တစ်ချက်ကြည့်ပြီး ခတ်ပြတ်ပြတ်ဝင်ပြောလိုက်၏။

'ညော့်မှတ်တမ်းစာအုပ်ထဲမှာ ရေးထားပြီးပြီပဲ၊ ဘာလို့မေးနေရတာလဲ၊ ကျန်းကြည့်ပေါ် မျက်နှာရဲခနဲဖြစ်သွားသည်။ ဒေါသဖြင့် ထပ်မံပြောလိုက်ပြန်သည်'

'ကျုပ်မေးတာ့ ဘာဖြစ်သလဲ၊ မင်းဘာလုပ်လဲ၊ ဘယ်ကလာလို့ဘယ်ကိုသွားမှာလဲ မြန်မြန်ပြောစမ်း'

လုစင်နှင့်ကျန်းကြည့်ပေါတို့ပြောဆိုနေကြသည်ကို မော်ရင်နင်က အခန်းထဲသို့ ဝင်လာကာ အကဲခတ်နေသည်။

ပစ္စည်းတစ်ချို့ကို လှန်လှောကြည့်ရှုသည်။ အရေးကြီးသည့်ပစ္စည်းများကို လုစင်ကစောစီးစွာပင်ကိုယ်ဘေး၌ ဝှက်ထားပြီးဖြစ်ရာ မော်ရင်နင် ဘာမျှမတွေ့တော့ချေ။ လုစင်က အေးစက်စက်ဖြေ၏။

'ဘာမဆိုလုပ်တယ် ဘာမှလဲမလုပ်ဘူး၊ လုပ်ချင်တာမလုပ်ချင်တာ ကျုပ်သဘောပါ။ မီးထဲကလာတယ်၊ ရေထဲကိုသွားမယ်၊ ကျုပ်လုပ်မယ့်ကိစ္စတွေကို ခင်ဗျားဆီ အစီရင်ခံစာတင်ရဦးမှာလား'

သိုင်းလောကတွင် အနှစ်နှစ်ဆယ်ကျော် သောင်းကျန်းဆိုးသွမ်းခဲ့သည့် ကျန်းကြည့်ပေါမှာ လုစင်ကဲ့သို့သော လူငယ်တစ်ယောက်က ပမာမခန့်ပြောလာသဖြင့် အကြီးအကျယ်ဒေါသထွက်သွားသည်။

လူတိုင်းလူတိုင်းမှာ ကျိတ်၍ ကြိုတင်ပြင်ဆင်မှုများပြုလုပ်လိုက်သည်။ မော်ရင်နင်က ရှာဖွေခြင်းအလုပ်ကို ရပ်ကာ အခြေအနေမည်သို့ဖြစ်လာမည်နည်းဟု စဉ်းစားစောင့်ကြည့်နေသည်။ ကျန်းကြည့်ပေါတို့ကို ကြောက်၍ပြီး လိုက်လာရသောဆိုင်ရှင်မှာ အသားများပင် တဆတ်ဆတ်တုန်နေသည်။

ကော့စန်းလန်အား မျက်နှာကြီးဖူးရောင်နေဆဲပင်၊



လုစင်က သူ့ဆရာဆရာကြီးများကို မာမာထန်ထန်ဆက်ဆံသောအခါတွင် စောစောက ထွက်ပေါ်ခွင့်မရသော ဒေါသများက ဟုန်းခနဲထွက်ပေါ်လာလေတော့၏။

'လျှာမရှည်နဲ့၊ ဒီမှာကြည့်လိုက်'

ပြောပြောဆိုဆိုပင် ဘယ်လက်ကိုဝှေ့ယမ်းပြီး ညာလက်ဖြင့် လုစင်ဝမ်းဗိုက်ဆီသို့ အစွမ်းကုန်ထိုးချလိုက်၏။ လုစင်က ခပ်အေးအေးပင် ဘယ်ခြေကို နောက်တစ်လှမ်းဆုတ်ရှောင်တိမ်းပေးလိုက်ပြီးတစ်ဆက်တည်းပင် တိုက်ကွက်ကိုထုတ်လိုက်၏။

နံဘေးမှရပ်ကြည့်နေသော ကျန်းကြည့်ပေါမှာ လုစင်၏တည် ငြိမ်မှုနှင့်သိုင်းပညာအဆင့်အတန်းကော့စန်းလန်ထက်သာလွန်နေသည်ကို တွေ့ရကာ မသိမသာလေး ခေါင်းညိတ်လိုက်သည်။

ကော့စန်းလန်မှာ ပထမတိုက်ကွက်မထိသဖြင့် ဒေါသထွက်ကာ နောက်ထပ်တိုက်ကွက်တစ်ကွက် ထုတ်လိုက်သည်။ လက်ဝဲလက်ဖြင့် လုစင်၏ပခုံးကိုရိုက်ချသည်။ တစ်ဆက်တည်းပင် ညာလက်ညှိုးဖြင့် လက်ခလယ်ကိုဖြန့်ကားလိုက်ပြီး လုစင်၏မျက်လုံးအစုံကို ထိုးချ၏။

သိုင်းကွက်က ကြောက်စရာကောင်းလောက်အောင် လျင်မြန်တိကျလှသည်။

သို့သော် လုစင်က အေးတိအေးစက်ရယ်လိုက်ပြီး ယာလက်ဖမိုးကို အထက်သို့ပင့်တင်ကာ ထိပ်တိုက် ရင်ဆိုင်လိုက်သည်။ တစ်ချိန်တည်းမှာပင် ဘယ်လက်ကို ရှုတ်ခြည်း

ဆန့်ထုတ်ကာ ကော့စန်းလန်၏ သေစေနိုင်သောနေရာသို့ ဖမ်းဆွဲကုတ်ချလိုက်သည်။

'အမယ်လေး'

ကော့စန်းလန်မှာ ရှောင်တိမ်းချိန်ပင်မရတော့ဘဲ အပေါ်ထုတ်တန်းကို တွဲခိုထားပြီး ကြောက်လန့်တကြားအော်ဟစ်လိုက်သည်။ သူလူများ ဝင်ရောက်ကူညီဟန်ပြင်လာရာ လုစင်က တိုက်ကွက်ကိုရုပ်သိမ်းလျက် နောက်ဆုတ်လိုက်သည်။

'တစ်ယောက်ချင်း ယှဉ်ပြိုင်ရင်ယှဉ်ပြိုင်ကြ၊ ဒါမှမဟုတ် အားလုံးတစ်ပြိုင်နက် တက်မယ်ဆိုလဲတက်၊ ဒီလိုခိုးကြောင်ခိုးဝှက် အလစ်တော့မတိုက်ခိုက်နဲ့၊ သိုင်းလောက စည်းကမ်းနားမလည်ကြဘူးလား'

ကျန်းကြည့်ပေါ် သဘောကျစွာ ပြုံးလိုက်သည်။ လုစင်ကို ခေါင်းတညိတ်ညိတ်ကြည့်ကာ

မင်းမှာသူရသတ္တိရှိတယ်ဆိုတာ မြင်ရတဲ့အတွက် မင်းအသက်ကို ခေတ္တယာယီလွှတ်လိုက်မယ်။သွားတော့ မင်းအခုချက်ချင်း မြန်မြန်ထွက်သွားတော့။

လုစင်ဒေါသထွက်ရပြန်သည်။ သို့သော် ဟန်မပျက်ပြုံးလိုက်သည်။

'ဆရာကြီးက အခုလို ခွင့်လွှတ်လိုက်တဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ခင်ဗျာ၊ နောက်နောင်ကြုံကြိုက်ရင်လဲ ဒီကျေးဇူးကို ပြန်ပေးဆပ်ပါ့မယ်၊ ဒါပေမယ့် ဒီကအခန်းဟာ ကျွန်တော့အခန်းပါ၊ အခုအချိန်ဟာ မိုးမလင်းသေးပါဘူး၊ ကျွန်တော့ကို ဘယ်နေရာသွားခိုင်းလို့ ကျွန်တော်က ဘယ်ကိုသွားရမှာလဲခင်ဗျာ'



ကျန်းကြည့်ပေါ်မှာ လုစင်၏စကားကို သဘောပေါက်သွား၏။ ထွက်ခွာသွားရမှာက သူတို့ဖြစ်သည်ကို နားလည်လိုက်သဖြင့် ကိုယ်လှည့်ကာ အခန်းအပြင်သို့ ထွက်ရန် ဟန်ပြင်လိုက်သည်။

ထိုစဉ် မော်ရင်နင်က လုစင်ကို လက်ညှိုးထိုးကာ ဟိန်းဟောက်လေတော့သည်။

'ဟေ့ကောင် မင်းဒီဓားကို ဘယ်နေရာက ခိုးလာတာလဲ၊ ငါ့ကို ရှင်းရှင်းလင်းလင်းပြောစမ်း၊ အမှန်အတိုင်းပြောရင် မင်းအသက်ချမ်းသာမယ်၊ ရှင်းမပြနိုင်ရင်တော့ အင်း အသက်ဒီမှာ ထားခဲ့ရမယ်'

လုစင်မျက်လုံးပြူးသွား၏။ တစ်ကိုယ်တော်မိတ်ဆွေ ပြောသွားခဲ့သည့်စကားသည် မှန်ခဲ့လေပြီ။

'ပြောလေကွာ၊ ဘာဖြစ်လို့ မပြောရသေးတာလဲ'

'ခင်ဗျားအလုပ်မဟုတ်ပါဘူး၊ ဘာပြောစရာရှိသလဲ'

မော်ရင်နင် ကောက်ကျစ်စွာ ပြုံးလိုက်ပြီး လုစင်၏ ရင်ဘတ်ကို လက်နှစ်ဘက်ဖြင့် ရုတ်တရက် တွန်းထုတ်လိုက်သည်။ လုစင်သည် တစ်ဘက်လူ၏ လက်လှုပ်လာသည်နှင့် ခြေနှစ်လှမ်းဆုတ်ကာ ရှောင်တိမ်းပေးလိုက်သည်။ မော်ရင်နင် ရှေ့သို့ ထပ်တက်လာမှ လက်ဝါးတစ်ချက်ရိုက်ထုတ်လိုက်သည်။

မော်ရင်နင်က လုစင်၏အဆင့်အတန်းမည်မျှရှိသည်ကို သိလိုသောကြောင့် မရှောင်တိမ်းဘဲ ထိပ်တိုက်ခုခံပေးလိုက်သည်။

'ဝုန်း'

လက်ဝါးချင်းရိုက်သံက ကျယ်လောင်စွာ ထွက်ပေါ်လာပြီး မော်ရင်နင်၏ တစ်ကိုယ်လုံးတုန်ယင်သွားသည်။ လုစင်ကို အသက်ငယ်ရွယ်သေးသဖြင့် အတွင်းအားသိပ်မနက်ရှိုင်းသေးဟု ထင်မှတ်ထားခဲ့မိသည်။ ယခုအထင်နှင့်အမြင် မှားခဲ့လေပြီ။ သူအထင်မသေးရဲတော့ပေ။

အခန်းဝသို့ ရောက်နေသည့် ကျန်းကြည့်ပေါ်သည် တိုက်ခိုက်သံများကြောင့် ချက်ချင်းပြန်လှည့်လာ၏။

'ဘယ်လိုဖြစ်ရတာလဲ နောင်ကြီးမော်'

မော်ရင်နင်မှာ ပြောရခက်နေသည်။ သူနှင့်အဆင့်တူ ဟု သတ်မှတ်ထားသော ကျန်းကြည့်ပေါက နံဘေးတွင် တပည့်တပန်းများနှင့် ရှိနေကြသဖြင့် ဓားမြတ်အကြောင်းကို ပြောမထွက်။ ပြောလိုက်လျှင် ထိုအုပ်စုက ဓားမြတ်ကို လိုချင်စိတ်ပေါ်ကြပေဦးမည်။

သို့သော် မဖြေ၍လည်း မဖြစ်သဖြင့် ရှင်းပြလိုက်ရတော့သည်။

'ဒီကောင်ဘယ်ကဓားကောင်းဓားမြတ်တစ်လက်ခိုးယူလာတယ်မသိဘူး၊ သူ့လိုမဖြစ်စလောက်ကလေးက ဒီဓားရဲ့ ပိုင်ရှင် မဖြစ်နိုင်ဘူး၊ကျုပ်မှာကလဲ ဓားတစ်လက် လိုအပ်နေ



တယ်၊ သူသာ အဲဒီဓားကို ထားခဲ့မယ်ဆိုရင် ကျုပ် သူ့အသက်ကို ရန်မရှာဘူး'

လုစင်ရင်ထဲထောင်းခနဲဒေါသဖြစ်သွားသည်။ ဓားမြတ်ကိုလည်း ဓားအိမ်အတွင်းမှ ရွှမ်းခနဲ ဆွဲထုတ်လေတော့သည်။ ဤကား လုစင်၏အမှားပေတည်း။

ဓားရောင်က အခန်းတစ်ခုလုံး ပြိုးပြိုးပြက်ပြက်လင်းလက်သွား၏။ လူများ၏မျက်လုံးထဲ ကျိန်းစက်သွားသလို ခံစားလိုက်ရသည်။ လုစင်က ဓားကို ရင်ဘတ်ရှေ့တွင် ကာကွယ်ထားလိုက်ပြီး အားလုံးကို စိန်ခေါ် လိုက်၏။

'သတ္တိရှိရင် လာယူလှည့်၊ ခင်ဗျားတို့ ရအောင်ယူနိုင်ရင် ယူကြ'

ကျန်းကြည့်ပေါ်သည် ထိုအခါကျမှ ဓားကို သေချာစွာ တွေ့မြင်တော့သည်။ သူလည်း လိုချင်လောဘတွက်လာတော့၏။

'တယ်ကောင်းတဲ့ဓားပါလား'

မော်ရင်နင် စိတ်ထဲ တုန်လှုပ်သွား၏။ ထိုဓားကို ကျန်းကြည့်ပေါ် လိုချင်တပ်မက်စိတ် ဝင်လာမည်ကို စိုးရိမ်မိ၏။ ရုတ်ခြည်းပင် သူ့ခါးတွင်ချည်နှောင်ထားသော လက်နက်ကို ဆွဲထုတ်လိုက်၏။ သူ့လက်နက်မှာ အဖျားပိုင်း၌ သံချိတ်ကောက်ကလေးတစ်ခုပါရှိပြီး အရင်းတွင် သံကြိုးကွင်းဆက်များဖြင့် လက်ကိုင်ပြုလုပ်ထား၏။ သူ့လက်နက်ကို တဆတ်ဆတ်ထုတ်လိုက်၊ ရုတ်သိမ်းလိုက်လုပ်ပြီးမှ လုစင်၏ နှလုံးသားနေရာတည့်တည့်သို့ ပစ်ချလိုက်သည်။

'စွပ်'

မော်ရင်နင်မှာ အချိန်တိုတိုနှင့် တိုက်ပွဲကို အဆုံးသတ်ချင်သောကြောင့် ထက်မြက်သော တိုက်ကွက်ကို ထုတ်သုံးလိုက်ခြင်းဖြစ်သည်။ ထိုတိုက်ကွက် အလျင်အမြန်ထုတ်သုံးလိုက်ခြင်းဖြင့် ကျန်းကြည့်ပေါ် ဤအရေးအခင်းထဲသို့ ဝင်ရောက် မလာနိုင်အောင် လက်ဦးမှုရယူလိုက်ခြင်းဖြစ်ပေသည်။ လုစင်မှာ တစ်ဘက်လူက ရက်ရက်စက်စက်ပြင်းပြင်းထန်ထန် တိုက်ခိုက်လာသဖြင့် လျှပ်တစ်ပြက်ရှောင်ပေးလိုက်ပြီးမှ ဓားကိုပယ်ထုတ်လိုက်၏။

အံ့သြစရာကောင်းလှသည်၊ အဏ္ဏဝါဓားနှင့်သံချိတ်လက်နက် ထိတွေ့လိုက်သည်နှင့်အသံတစ်ချက်ကလေး ထွက်မလာ၊ လေထုကို ခုတ်ပိုင်းလိုက်သကဲ့သို့ ပေါ့ပါးလှစွာ သံချိတ်လက်နက်ကို ခုတ်ဖြတ်လိုက်မိသည်။

'ခြွမ်း'

ကြမ်းပြင်ပေါ်တွင် လေးလက်မခန့်ရှည်လျားသော သံချောင်းအပိုင်းအစကလေးတစ်ခု ကျလာ၏။ မော်ရင်နင်၏ သံချိတ်လက်နက်အဖျားပိုင်းကို ဖြတ်ချလိုက်ခြင်းပေတည်း။

လုစင်၏ အံ့သြမှုကား စာမဖွဲ့နိုင်တော့ပေ။ မော်ရင်နင်မှာလည်း မျက်နှာတစ်ခုလုံး သွေးဆုတ်ဖြူရော်သွားသည်။ သူ့လက်နက်အဖျားပိုင်းကိုခုတ်ချခံလိုက်ရသဖြင့် ရှက်လည်းရှက်၊ ဒေါသလည်းထွက်သည့်ပြင် လုစင်၏ဓားကိုလည်း ပို၍လိုချင်တပ်မက်စိတ်ပြင်းထန်လာရသည်။ သူသည် အနည်းငယ်



ဆုတ်ပေးလိုက်ပြီးမှ မုန်တိုင်းတိုက်သလို အစွမ်းကုန် ထပ်မံတိုက်ခိုက်ပြန်တော့သည်။ အခန်းက အခန်းကျဉ်းကလေးဖြစ်နေသဖြင့် လုစင်မှာ နံရံကိုကျောဖြင့်ကပ်ပြီး တိုက်ခိုက်နေရသည်။

သူ့ဤကဲ့သို့ တိုက်ခိုက်ရသည်မှာပို၍ပင် သူ့အတွက် နောက်ကျော လုံခြုံမှုရသည်။

တိုက်ကွက်ပေါင်း နှစ်ဆယ်ကျော်တိုက်ခိုက်ပြီးသောအခါ မော်ရင်နင်၏ သံချိတ်လက်နက်မှာ လုစင်၏ အဏ္ဏဝါဓားနှင့် ခုတ်ဖြတ်ခံရသဖြင့် နှစ်ပေခန့်အရှည်ရှိပေတော့သည်။ ဓားရောင်တလက်လက်ကြားတွင် မည်သို့မျှ ဆက်လက် မယှဉ်ပြိုင်နိုင်ကြတော့။ ဓားမြှတ်ကိုရရှိဖို့မပြောနှင့်၊ကျန်းကြည့်ပေါ်ကို မည်ကဲ့သို့ မျက်နှာပြရမှန်းမသိတော့ပေ။

ကျန်းကြည့်ပေါ်မှာဆွေ့ဆွေ့ခုန်နေပြီး တိုက်ပွဲစည်းဝိုင်းအတွင်းသို့ဝင်ရောက်လှုပ်ရှားရန် ဟန်တစ်ပြင်ပြင်ဖြစ်နေသဖြင့် လုစင်က အလျင်ဦးစွာအော်ဟစ်လိုက်၏။

'ဝင်ခဲ့စမ်း'

မော်ရင်နင်နောက်သို့ ခြေလှမ်းနှစ်လှမ်းခန့် ခုန်ဆုတ်လိုက်သည်။ ကျန်းကြည့်ပေါ် ဝင်မလာသေးသဖြင့် လုစင်က လှမ်းပြောလိုက်၏။

'ခင်ဗျားတို့က လူအင်အား အားကိုးနဲ့ ကျုပ်ဓားကိုလုယူအပိုင်စီးချင်နေကြတယ်ပေါ့၊ လာကြလေ၊ ဒီဓားကို ကျုပ်သေပြီးမှပဲ ခင်ဗျားတို့ရမယ်'

ကျန်းကြည့်ပေါ်သည် မော်ရင်နင်၏လက်နက်ဖြတ်ချခံလိုက်ရသည်ကိုတွေ့ထားသဖြင့် ကမူးရှူးထိုးမဝင်ပေ။ အကြံထုတ်နေသည်။ လုစင်က ဆက်၍ စိန်ခေါ်လိုက်၏။

'ဒီဓားကို ဘယ်သူလိုချင်သလဲ၊ လိုချင်တဲ့လူနာမည်စာရင်းအလျင်ပေး'

ကော့စန်းလန်မှာ လုစင်ကို စောစောပိုင်းက ရှုံးနိမ့်ထားခဲ့သူဖြစ်၏။ ယခုမထူးတော့ပြီ သေလျှင်လည်းသေစေ၊ မသေလျှင်လည်း လုစင်၏ဓားကိုရမည်ဟုတွေးကာ လုစင်ဆီသို့ ရိပ်ခနဲခုန်ဝင်သွားလေတော့သည်။

ငါကကော့စန်းလန်ပဲ၊ မင်းဆီကဓားကိုယူပြီး မင်းကိုလောကကြီးထဲက အနားယူခိုင်းလိုက်မယ်'

စကားဆုံးသည်နှင့်တစ်ပြိုင်နက် လုစင်၏ ရင်ဝတည့်တည့်သို့ ဓားဖြင့်ရက်စက်စွာ ခုတ်ချလိုက်သည်။ ကျန်းကြည့်ပေါ်မှာ လုစင်၏ သိုင်းပညာအရည်အချင်းက ကော့စန်းလန်ထက်များစွာ သာလွန်နေသည်ကိုစောစောကပင် တွက်ချက်မိပြီးဖြစ်ပေသည်။ ကော့စန်းလန်ကို သူစိတ်မချနိုင်ပေ။ သို့သော်တားဆီးလည်းမရတော့သဖြင့် ကျိတ်ပြီးအားအင်စုစည်းကာအချိန်မရွေး ဝင်ရောက်ကူညီနိုင်ရန် အသင့်ပြင်ထားလိုက်၏။

သို့သော် သူရော၊ မော်ရင်နင်ပါ အံ့အားသင့်သွားရ၏။ ဒီတစ်ချီတွင် လုစင်က ပြန်လည်မခုခံသည့်အပြင် ရှောင်တိမ်းကာရုတ်ခြည်းအော်ဟစ်မေးမြန်းလိုက်သောကြောင့်ဖြစ်သည်။

'ခဏလေး ---- မိတ်ဆွေက ဘယ်ကော့စန်းလန်လဲ၊



ဟော်နန်က နောင်ကြီးဖန့်လား။ ကော့စန်းလန်တစ်ချက်ကြောင်သွားပြီး တိုက်ကွက်ကို ရုတ်တရက်ပင် ရပ်တန့်လိုက်သည်'

'ဟုတ်တယ်၊ ကျုပ်ဖန့်စုကွေး၊ ဟိုပေကပဲ'

'ဟင်--- ကျွန်တော်လူမှားသွားပြီ'

ကော့စန်းလန်မှာ ဟိုပေပြည်နယ်သားတစ်ယောက်ဖြစ်ပြီးဟော်နန်ပြည်နယ်တွင် ပညာသင်ကြားခဲ့၏။ ထို့ကြောင့်အကြောင်းမသိသူအချို့က သူ့အားဟော်နန်ပြည်နယ်သားအဖြစ်ထင်မှတ်ကြပေသည်။ ဤကဲ့သို့ မှားယွင်းမှုကို ကော့စန်းလန်အကြိမ်ကြိမ်ကြုံခဲ့ဖူးပေသည်။ သည့်အတွက် သူ့စိတ်ထဲတွင်မထူးဆန်းတော့။ လုစင်က ထိုသို့မေးလာသဖြင့် ပို၍ပင်ဝမ်းသာသွားမိသည်။ သူ့အမည် သိုင်းလောကတွင် ထင်ပေါ်ကျော်ကြားနေပြီဟု အထင်လည်းကြီးသွား၏။

'ပြောရရင်တော့ ကျုပ်က ဟိုပေဖန့်ဝူကွေးပါ။ ငယ်စဉ်ကဆရာနဲ့အတူ ဟော်နန်မှာပညာသင်ခဲ့ရတဲ့အတွက်'

သူ့စကားမဆုံးခင်မှာ လုစင်က တအံ့တဩဟန်ဖြင့်ကြားဖြတ်မေးလိုက်၏။

'ဒါဆိုနောင်ကြီးရဲ့ ဆရာက သိုင်းလောကမှာ နာမည်ကြီးတဲ့ဆရာကြီးကျန်းများဖြစ်နေမလား'

ကော့စန်းလန်က ဝမ်းသာသောအသံဖြင့်-

'ဟုတ်တယ်၊ ကျုပ်ဆရာက ကျန်းကြည့်ပေါ်ပဲ၊ နောင်ကြီးက ဒီနာမည်ကို ဘယ်လိုလုပ်သိထားရတာလဲ'

ကော့စန်းလန်၏ အခေါ်အဝေါ်အပြောအဆိုများ

လေသံပြောင်းသွားသည်။

လုစင်ကချိုသာသောအသံဖြင့်-

'လက်စသတ်တော့ အစ်ကိုဖန့်ကိုး၊ ကျွန်တော် မျက်စိမှောက်သွားတယ်ဗျာ၊ မှားကုန်တော့မလို့၊ အစ်ကိုဖန့်က ကျွန်တော့အပြစ်ကို စိတ်သဘောထားကြီးကြီးနဲ့ ခွင့်လွှတ်ဖို့ တောင်းပန်ပါတယ်'

ပြောရင်းမှပင် ကော့စန်းလန်ကို ဦးညွှတ်ဂါရဝပြုလိုက်သည်။

ထို့နောက် ဆက်၍ ရည်မွန်စွာဖြင့်

'ဆရာကျန်းကော နေထိုင်ကောင်းပါရဲ့လားခင်ဗျာ၊ အစ်ကိုဖန့်ရဲ့ဆရာကြီးကို နောင်တွေ့ခဲ့ရင် ကျွန်တော်က သာကြောင်းမာကြောင်းမေးတဲ့အကြောင်းပြောပေးပါ။ ကျွန်တော့် ဆရာနှုတ်ဖျားက အစ်ကိုဖန့်ဆရာနာမည်ကို မကြာခဏ ပြောဆိုသံကြားဖူးပါတယ်၊ ဒါ့ကြောင့် အမှန်တကယ် လေးစားကြည်ညိုလွန်းလို့ အခုလိုမေးရတာပါခင်ဗျာ'

ကော့စန်းလန်မှာ လုစင်၏မြှောက်ပင့်မှုကြောင့် ဘဝင်လေဟပ်ကာ ဘာကိုမျှ စဉ်းစားတွေးခေါ်နိုင်စွမ်းမရှိတော့၊ ကျန်းကြည့်ပေါဘက်သို့လှည့်ကာ လုစင်အား လက်ညှိုးထိုးပြလိုက်ပြီး ---

'နောင်ကြီးရှားချူရင့်၊ကျုပ်ဆရာကြီးက ဒီမှာလေ'

လုစင်က ဝမ်းအသာကြီးသာသွားဟန်လုပ်လိုက်သည်။ ရှေ့သို့လှမ်းတက်ကာ ဦးညွှတ်အရိုအသေပေးလိုက်၏။



'ဆရာကြီးကျန်းခင်ဗျား တူမောင် ဆရာကြီးရဲ့အမည်ကိုသာ ကြားဖူးတာပါ၊ လူကိုတစ်ကြိမ်တစ်ခါမှ မမြင်ဖူးပါဘူး၊ အခုလို ပြုလုပ်မိတာ ခွင့်လွှတ်ပါ၊ကျွန်တော့အပြစ်က သိပ်ကြီးမားနေလို့ တောင်းပန်ရမှာကိုတောင် ရှက်မိပါတယ်ခင်ဗျာ'

ကျန်းကြည့်ပေါသည်လည်း ကော့စန်းလန်နည်းတူ ဘဝင်မြှောက်သွား၏။ လုစင်အားရယ်ကာမောကာ လက်ဝါးခါပြလိုက်ပြီး သဘောထားကြီးဟန်ဖြင့်

'အထင်လွဲပြီးဖြစ်ကြတာပဲ၊ မသိလို့မှားတာကို အပြစ်ပြောလို့မရပါဘူး၊ ကွယ်ပြောရရင်ကျုပ်တို့လဲ ခုနကတူမောင်တို အထင်မှားခဲ့မိတာပဲ၊ ဒါနဲ့ တူမောင်ရဲ့ဆရာကြီးဆိုတာ ဘယ်သူများပါလိမ့်ကွယ်'

လုစင်က ဟန်မာန်အပြည့်ဖြင့်

'ဆရာကြီးကျန်းတို့နဲ့ဆိုရင် မိတ်ဟောင်းဆွေဟောင်းတွေ ဖြစ်ပါလိမ့်မယ်၊ သူ့နာမည်က ချွေ့ထုံပါ၊သိုင်းလောကသားတွေ တစ်ချို့က ရှင်လျှိုခုလို့လည်းခေါ်ပါတယ်'

ရှင်လျှိုခုမှာ စန်းတူပြည်နယ်၏ ထင်ရှားသော လူကြီးလူကောင်းတစ်ယောက်ဖြစ်ပေသည်။ သိုင်းပညာ အဆင့်အတန်းမြင့်မားသည့်အပြင် လူမှုဆက်ဆံရေးလည်း ပြေပြစ်လှပေသည်။ အထက်လမ်းသိုင်းသမား၊ အောက်လမ်းသိုင်းသမား အားလုံးနှင့်အဆင်ပြေအောင် ပေါင်းသင်းတတ်၏။

သူ့နယ်ပယ်သို့ရောက်ရှိလာသောသူများကိုလည်း အစစအရာရာ အဆင်ပြေအောင် စီစဉ်ဆောင်ရွက်ပေးတတ်၏။

ထို့ကြောင့်လည်း သိုင်းလောကသားအားလုံးက ရှင်လျှိုခုကို လေးစားကြပေသည်။

ရှင်လျှိုခုသည် သိုင်းပညာဝါအရ ကျန်းကြည့်ပေါနှင့်အတူ တူလောက်ရှိသော်လည်း အောင်မြင်ကျော်ကြားမှုတွင်ကား သူ့ကို ကျန်းကြည့်ပေါက ခြေဖျားထိအောင်ပင်လိုက်မမီပေ။

လုစင်မှာ ရှင်လျှိုခု၏ တပည့်တစ်ယောက်ဖြစ်ပြီး မိမိအကြောင်းကို ရှင်လျှိုခုက မကြာခဏထုတ်ဖော်ချီးကျူး စကားပြောသည်ဆိုသဖြင့် ကျန်းကြည့်ပေါမှာ ဝမ်းအသာကြီးသာ အကျေနပ်ကြီးကျေနပ်မိတော့သည်။

လုစင်မှာ သူ့ကိုယ်သူ ရှင်လျှိုခု၏ တပည့်တစ်ယောက်ဖြစ်ကြောင်း လိမ်ညာပြောဆိုရသည်မှာ အကြောင်းရှိပေသည်။ ရှင်လျှိုခုသည် နာမည်အရှိန်အဝါကြီးမားသလောက်ဆက်ဆံရေးပြေပြစ်သည်။

တစ်ဖန်သူ့တွင် နာမည်ကျော်ကြားလူသိများသော ဓားမြှတ်တစ်လက်ရှိနေပေသည်။ ဆရာအမိန့်အရ လုစင် တောင်အောက်သို့ဆင်းလာစဉ် ကျိုနန်ကိုရောက်ရှိခဲ့ပြီး ရှင်လျှိုခုအား ဝင်ရောက်ဂါရဝပြုခဲ့ဖူး၏။

ထူးဆန်းအံ့ဩဖွယ်ကောင်းသော ဓားမြှတ်တစ်လက်လည်း တွေ့မြင်ခဲ့ဖူး၏။ ထိုအချက်ကို သတိရကာ ရှင်လျှိုခုကို ခုတုံးလုပ်လိုက်ရခြင်းဖြစ်ပေသည်။

ကျန်းကြည့်ပေါမှာ အူမြူးသွားပြီး ဟက်ဟက်ပက်ပက် ရယ်မောလိုက်ကာ ---



'မင်းပြောတာမှန်တယ်၊ ငါနဲ့မင်းဆရာက မိတ်ဟောင်းဆွေဟောင်းတွေပဲ၊ တော်သေးတာပေါ့၊ တူမောင်က ရှင်းရှင်းလင်းလင်းပြောလိုက်လို့ ငါလဲ ကိုယ့်လူကိုမမှတ်မိနိုင်အောင်ဖြစ်နေရပြီ၊ အမှားကြီးမှားကြတော့မလို့၊ တူမောင်သာ တစ်စုံတစ်ခုဖြစ်သွားရင် ရှင်လျှိုခုကို ငါဘယ်လိုမျက်နှာပြရမှန်းတောင်မတွေးတတ်ဘူး၊ ဟား --- ဟား ---- ဟား၊ ဒီအကြောင်းသာ မင်းဆရာသိသွားရင် ရယ်စရာဖြစ်နေတော့မှာပဲ'

သူ့စကားများက လုစင်ကို တပည့်လက်သားအဆင့် လောက်သာသဘောထားကြောင်း ဖော်ပြနေ၏။ သူသည် လုစင်နှင့် စကားကောင်းနေသဖြင့် မော်ရင်နင်က ချောင်းဟန့်သတိပေးသော်လည်း ဂရုမစိုက်နိုင်ပေ။

ထို့ကြောင့်မော်ရင်နင်သည်စိတ်ဆိုး မာန်ဆိုးဖြင့် ခြေထောက်ဆောင့်ပြီး ပြတင်းပေါက်မှ ခုန်ပျံထွက်သွားတော့သည်။

လုစင်က တအံ့အားသင့်ဟန်ဖြင့်----

'အို --- ကြည့်စမ်းပါဦး၊ ကျွန်တော်က ဆရာကြီး ကျန်းနဲ့သာစကားပြောဖို့ဂရုစိုက်မိနေတာ၊ ဟိုဆရာကြီးကိုတောင်မေ့သွားရတယ်၊ သူ့သိုင်းပညာကလဲ ထက်မြက်တယ်နော်၊ ကျွန်တော့်မှာ ဓားမြှတ်တစ်လက်ရှိနေလို့သာ သူ့ကိုခုခံနိုင်တာ၊ နို့မို့ဆိုရင် လွယ်မှာမဟုတ်ဘူး၊ သူကတော ဘယ်သူလဲ ဆရာကြီးကျန်း'

လုစင်မှာ တမင်ဟန်ဆောင်ကာမေးလိုက်၏။

ကျန်းကြည့်ပေါ် မှာနှာခေါင်းရှုံ့လိုက်ပြီး ----

'သူ့သိုင်းပညာက ငါတို့ကိုမမီပါဘူးကွာ၊ အဲဒီလူက လူတကာ အပေါ်မှာ မရိုးသားဘူးကွ၊ ဒါ့ကြောင့် သိုင်းသမားတွေက သူ့ကိုကွယ်ရာမှာ မော်ရင်ရှုပ်လို့ ခေါ်ကြတယ်၊ ငါတို့က တွေ့ ပေတွေ့အများကြီးဖတ်ဖူးတော့ မော်ရင်ရှုပ်အကြောင်းကို သိမှာပေါ့၊ သူကအဲဒီလိုလူ၊ သူ့ကိုအရေးစိုက်ဖို့မလိုပါဘူး၊ အဲ --- နည်းနည်းတော့ သူ့ကိုသတိထားဆက်ဆံရင် ပိုကောင်းမယ်၊ သူကမြွေလိုမျိုးကွ၊ အဆိပ်ရှိတယ်လေ'

လုစင်သည် တဒင်္ဂအရေးအခင်း ပြေလည်အောင်ပြုနိုင်ခဲ့လေပြီ

'သူဘယ်လိုလူဆိုတာ ကျွန်တော်ရှင်းရှင်းလင်းလင်းမသိပါဘူး၊ ဒါပေမယ့် သူ့သိုင်းပညာ မဆိုးပါဘူး၊ ကျွန်တော်က ဆရာကြီးကျန်းရဲ့ မိတ်ဆွေဟောင်းတစ်ယောက်လို့ထင်နေတာ၊ ဆရာကြီးကျန်းပြောသလိုဆိုရင် သူ့ကိုကျွန်တော်ပြစ်မှားမိတယ်လို့ မဆိုနိုင်နိုင်တော့ဘူးပေါ့နော်'

'ဟုတ်တယ်၊ ဘယ်ဆိုနိုင်တော့မှာလဲ၊ ပြဿနာကို အလျှင်စတာသူပဲ၊ ငါတို့ကို အပြစ်ဆိုလို့ ဘယ်ရမလဲ၊ ပြီးတော့ ငါတို့ဆီမှာစားမြတ်တစ်လက်ရှိနေတာကို မြင်ပြီး အပိုင်စီးချင်လို့ ဒီလိုလုပ်တာ၊ အလကား သိက္ခာမရှိဘူး၊ သူနဲ့ ပေါင်းရတာ သိက္ခာတောင်ကျသေး။ လမ်းမှာဆုံလို့ ငါနဲ့ လိုက်လာတာပါ။ ကိုယ်နဲ့ သက်တူရွယ်တူလူတစ်ယောက်က ခွင့်တောင်းပြီး လိုက်လာတာကို မလိုက်နဲ့လို့ပြောရင် သူရှက်သွားမှာစိုးလို့



လိုက်ခွင့်ပြုလိုက်ရတာ၊ သူနဲ့သိတယ်လို့ဆိုနိုင်ပေမယ့် မိတ်ဆွေရယ်လို့ပြောမရပါဘူး၊ သူ့အကြောင်းကိုရော မင်းဆရာရဲ့ ပါးစပ်က ပြောသံကြားဖူးရဲ့လား'

လုစင်ကအဖြေမပေးမီသူ့ဘာသာဆက်ပြောသည်။

'ပြောရရင်လဲ သနားစရာပါပဲ။သူတစ်ပါးက နှင်ထုတ်လိုက်လို့ ဘယ်သွားရမှန်းမသိဖြစ်နေတုန်း မလွှဲသာမရှောင်သာ ခေါ်လာခဲ့ရတာပါ၊ သူက ငါနဲ့မည်အရှိန်အဝါနဲ့ ----'

'ဦး'

သူ့စကားသံမဆုံးခင်မှာပင် ပြတင်းပေါက်အပြင်ဘက်မှ ဖိနပ်စုတ်တစ်ဘက် ပြေးဝင်လာပြီး ကျန်းကြည့်ပေါ် မျက်နှာတည့်တည့်ကိုရောက်ရှိလာသည်။ တစ်ဆက်တည်းပင် မော်ရင်နှင်၏ အော်ဟစ်ဆဲဆိုသံလည်း ထွက်ပေါ်လာခဲ့သည်။

'မုဆိုးမလေး မင်းကငါ့ကိုနာမည်ဖျက်နေတယ်ပေါ့လေ၊ သတ္တိရှိရင် ထွက်ခဲ့စမ်း၊ မင်းနဲ့ငါ ဘယ်သူသာတယ်ဆိုတာ ယှဉ်ကြည့်လိုက်ရအောင်'

ကျန်းကြည့်ပေါ်မှာ ဖိနပ်စုတ်အနီးသို့ရောက်သည်နှင့် လက်ဝါးဖြင့်ရိုက်ချလိုက်သည်။ ဖိနပ်စုတ်သည် ဘေးသို့ လဲဖယ်သွားပြီး ကော့စန်းလန်မျက်နှာကို ထိမှန်သွားသည်။ သူ့ခမျာ နာကျင်စွာ အော်လိုက်ရပြန်သည်။ ကျန်းကြည့်ပေါ်၏ မျက်နှာသည်လည်း ဖိနပ်ထဲတွင်ထည့်ထားသော ရွှံ့သဲများ ပေကျံသွားပြန်သည်။ ကျန်းကြည့်ပေါ် ဒေါသပေါက်ကွဲသွားတော့၏။

'မင်းက ငါ့ကိုအရှက်ခွဲတယ်လား'

သူသည် ကိုယ်ကို တစ်ချက်လှည့်ကာပြတင်းပေါက်မှ ခုန်ပျံ ထွက်သွားသည်။

လုစင်က သူ့ကိုတားသလိုနှင့်မြှောက်ပေးလိုက်၏။

'ဆရာကြီးကျန်း၊ သဘောထားကြီးကြီးထားလိုက်ပါ၊ ကိုယ့်ထက်နိမ့်ကျတဲ့သူနဲ့ ဘာ့ကြောင့်ပြိုင်မိုက်ချင်ရတာလဲ၊ သူလဲ မခံမရပ်နိုင်လို့လုပ်နေတာနဲ့တူပါတယ်၊ ဒီလိုလုပ်မိတာကို သူနောင်တရသွားမှာပါ၊ အစ်ကိုဖန့် ဒဏ်ရာ ရမရကို ကြည့်ရအောင်ပါ'

ကျန်းကြည့်ပေါ်မှာ လုစင်ရှေ့တွင် သူ့ကိုယ်သူ သဘောထားကြီးကြောင်းပြလိုသဖြင့် ပြတင်းပေါက်မှ ပြန်ဝင်လာခဲ့သည်။ သို့သော် မော်ရင်နင်ကမူ သူ့ကို ခွင့်မလွှတ်နိုင်ပေ။ အခန်းအပြင်ဘက်မှအော်ဟစ်ဆဲဆိုကာ ကျန်းကြည့်ပေါ်၏ ငယ်ကျိုးငယ်နာများကို ထုတ်ဖော်နေလေတော့၏။ သည်တစ်ခါတွင်ကား ကျန်းကြည့်ပေါ် မည်သို့မျှ သည်းမခံနိုင်တော့ပေ။ ပြတင်းပေါက်မှ ခုန်ပျံကာ မော်ရင်နင်နောက်သို့ လိုက်ပါသွားတော့သည်။ ကော့စန်းလည်း သူ့ဆရာနောက်မှ ပြေးလိုက်သွားသည်။

လုစင်သက်ပြင်းချလိုက်မိတော့သည်။ သူသည် ဆိုင်ရှင်အား အခန်းခရှင်းပေးကာ အမှောင်ထဲမှာပင် လမ်းပေါ်သို့ ထွက်လာခဲ့လေသည်။

*****

အခန်း (၂၀)

## လမ်းညွှန်ပန်းချီကား

လုစင်မှာ လမ်းပေါ်တွင် လျှောက်သွားနေရင်းမှ စောစောက အဖြစ်အပျက်တို့ကိုရယ်ချင်နေမိသည်။ ကျန်းကြည့်ပေါ်၏ စိတ်ဓာတ်မတည်ကြည်မှုကိုတွေးပြီး ရွံ့ရှာနေမိသည်။

ယခုတော့ ဟန်ကျသွားပေပြီ။ သူမုန်းတီးသူနှစ်ဦး အသေအကြေတိုက်ခိုက်ကြတော့မည်။ သူ့ပရိယာယ်အောင်မြင်သဖြင့် လုစင်သည် လွန်စွာကျေနပ်နေ၏။

ကိုယ့်ကိုယ်ကို ရှင်လျှိုခု၏တပည့်အဖြစ် လိမ်ညာပြောခဲ့ရသည့်အတွက်မူ ရှင်လျှိုခုကိုတောင်းပန်ရမည်။ နောက်နောင် ရှင်လျှိုခုနှင့်သူ့အကြားတွင် အထင်လွဲသံသယဖြစ်မှုမရှိအောင် လုပ်ရမည်ဟု စဉ်းစားထားသည်။ ရှင်လျှိုခုမှာ သဘောထားပြည့်ဝသူဖြစ်၍ သူ့ကိုခွင့်လွှတ်မည်မှာ သေချာပါသည်။

မိုးမလင်းမီကပင် ချူကျားတင့်ကိုကျော်လာခဲ့၏။

သူ့အနေနှင့် မွန်းမတည့်မ ကျွိမာမြစ်ကိုဖြတ်ကူးပြီး လျှုကျင်ကြည့်ကို ရောက်၏။ သုံးလေးရက်ခန့်ဆက်သွားလျှင်

ပုထူတောင်ကြားကိုဖြတ်ပြီးမဟာဒတ်တိုင်းကြီးအတိုင်း တောင်ဘက်သို့ဆင်းလာရာ ကျူမာရီသို့ရောက်ရှိခဲ့သည်။ ကျူမာရီသို့ရောက်သည့်အချိန်မှာ ညနေစောင်းခဲ့ပေပြီ။

ကျူမာရီမှာ ခရီးသည်တို့ ခေတ္တအနားယူကွန်းခိုရာ စခန်းမြို့ကလေးတစ်ခုဖြစ်ပေသည်။ လူနေအိမ်ခြေနည်းပါးကာ စားသောက်ဆိုင်များလည်းသိပ်မရှိလှ။ ယခုကဲ့သို့ပင် နှင်းဖြိုင်ဖြိုင်ကျနေသော ရာသီတွင် အသွားအလာနည်းပါးသောကြောင့် စည်ကားမှုသိပ်မရှိဘဲ အေးတိအေးစက်နိုင်လှပေသည်။

လုစင်မှာခရီးရှည်လာခဲ့ရသည်ဖြစ်၍ အိတ်ထဲတွင် တဖြည်းဖြည်း ရိက္ခာနည်းပါးလာသည်။ ကျူမာရီသို့ရောက်သောအခါ ရိက္ခာကဘာမျှမကျန်တော့ပေ။ ရှေ့ဆက်ရမည့်ခရီးစဉ်ကလည်း အတော်ပင်ကျန်ရှိနေသေးသည်။ငွေကြေးကလည်း ပြတ်လုလုရှိနေလေပြီ။

ညဉ့်ကလည်း တဖြည်းဖြည်းနက်လာသည်။ လေတိုက်သံများ ပြင်းထန်လာသလို မိုးကလည်း သဲကြီးမဲကြီး ရွာချလာသည်။ ခေါင်မိုးပေါ်သို့ကျရောက်လာသော မိုးစက်မိုးပေါက်များ၏ အသံက လုစင်ကိုများစွာ စိတ်ဆင်းရဲစေပေသည်။ လုစင်မှာ ခုတင်ထက်တွင် ထိုင်ကာငိုင်တွေစဉ်းစားနေမိ၏။ စိတ်ထဲတွင်လည်း ရှေ့ဆက်မည့်ခရီးအတွက် မတွေးတတ်အောင်ဖြစ်နေရပေသည်။ အခန်းတံခါးရော ပြတင်းတံခါးပါပိတ်ထားလိုက်ပြီဖြစ်သော်လည်း လေအေးတစ်ချက်တိုက်ခိုက်လိုက်သဖြင့် ကျောထဲစိမ့်အောင်ပင် အေးသွားရသည်။



လုစင်သည်လက်ထဲ၌ ငွေမရှိတော့သောကြောင့် စိုးရိမ်ပူပန်သွားကာ ဇောချွေးများပင်ပြန်လာရသည်။ မိုးကလည်း သဲကြီးမဲကြီး ရွာသွန်းနေသဖြင့် မိုးလင်းသည့်တိုင် ခရီးဆက်၍ ရဦးမည်မဟုတ်သေး။ ဆက်နေရန်လည်း စားသောက်စရိတ်မရှိတော့သဖြင့် အခက်တွေ့နေရပေသည်။

သူသည် စိတ်ပျက်လက်ပျက်ထရပ်ကာ ပြတင်းတံခါးကို ဖွင့်လိုက်သည်။ အေးစက်သောလေနှင့် မိုးမှုန်များက သူ့မျက်နှာကို မြားစက်များသဖွယ် တိုးဝင်လာသည်။ အအေးဒဏ်မခံနိုင်သဖြင့် ပြတင်းတံခါးကိုပြန်ပိတ်လိုက်ရပြန်သည်။ ခုတင်နားသို့ပြန်ဆုတ်ကာ ထိုင်ချလိုက်သည်။ သူ၏အဏ္ဏဝါဓားကား ခုတင်ဘေးမှ စားပွဲခုံပေါ်တွင် အသင့်ရှိနေပေသည်။ သူ့တွင် ချမ်းသာသမျှမှာ လိုစုရောင်လက်ဆောင်ပေးထားသည့် ဤအဏ္ဏဝါဓားတစ်ချောင်းသာရှိပေတော့သည်။

မိုးက တစ်ရက်ထက်တစ်ရက်ပိုကြီးပိုသည်းလာသည်။ ခုနစ်ရက် ဆက်ရွာသွန်းနေသဖြင့် လုစင်မှာ ခရီးဆက်၍လည်း မဖြစ်၊ လက်ထဲတွင်လည်း ငွေစမရှိတော့ဘဲ စိတ်အကြီးအကျယ်ပျက်နေရပေသည်။ မိုးလေခြောက်သွေ့မှ ခရီးဆက်ရန် စိတ်ကူးထားသော်လည်း သူ့အခက်အခဲကြောင့် မိုးရွာထဲပင် ထွက်ခွာသွားတော့မည်ဟု ဆုံးဖြတ်ကာ နံနက်စာစားပြီးသည်နှင့် ခရီးထွက်ရန် ပြင်ဆင်လေတော့သည်။ သူ၏အချမ်းသာဆုံးသော အဏ္ဏဝါဓားကိုလှမ်းယူလိုက်သည့်အခါ လုစင်မှာ အကြီးအကျယ် ထိတ်လန့်သွားရတော့သည်။ အဘယ့်ကြောင့်ဆိုသော်

စားပွဲပေါ်မှ အထ္တုဝါဓားသည် လုံးဝမရှိတော့သောကြောင့်ပင် တည်း။

လုစင်စိတ်ထဲ ထိတ်လန့်တုန်လှုပ်သွား၏။ လိုစုရောင် ပေးလိုက်သော အထ္တုဝါဓားမြှတ်က ပျောက်ဆုံးနေခဲ့ချေပြီ။ ထိုဓားသာ ပျောက်ဆုံးသွားပါက လိုစုရောင်ကို မည်ကဲ့သို့ မျက်နှာပြရတော့မည်နည်း။

ထိုအချိန်မှာပင် ဆိုင်အပြင်ဘက်မှ မြင်းခွာသံနှင့် လူသံ သူသံတို့ကိုကြားလိုက်ရ၏။ သူကြားဖူးထားသော လူတစ်ယောက် ၏ စကားသံကြောင့် သူအကြီးအကျယ် အံ့အားသင့်သွား၏။

'ဒီလူက ဘာ့ကြောင့် ဒီကိုရောက်လာရပြန်တာလဲ'

သူ့ခေါင်းထဲ အတွေးတစ်ခုဝင်ရောက်လာကာ အခန်း အပြင်သို့ ထွက်ကြည့်လိုက်သည်။ တည်းခိုဆိုင်ထဲသို့ ထပ်မံ ရောက်ရှိလာကြသော လူအုပ်များထဲ၌ သူသိလိုသော လူကို မတွေ့ရ၊ နားယဉ်ခဲ့သော အသံသည်လည်း ထပ်မံပေါ်ထွက် မလာချေ။

စိတ်ထဲတွင် ဇဝေဇဝါဖြစ်သွားပြီး သူကိုယ်သူ မကျေမနပ် ဖြစ်နေမိသည်။ ထိုလူအုပ်ကို ဂရုမစိုက်တော့ပေ။ ငွေစ ဖြတ်ရသည့်အထဲ ဓားကပျောက်ဆုံးသွားပြန်သဖြင့် အကြီး အကျယ် စိတ်ညစ်ကာ ဆိုင်အတွင်း၌ ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေမိသည်။

တည်းခိုဆောင်သို့ နောက်ထပ်ရောက်ရှိ လာသည့်အုပ်စု မှာ လူခုနှစ်ယောက်ရှိ၏။ လူတိုင်းတွင် အထုပ်အပိုးအဆင်သင့်



နှင့်မြင်းကိုယ်စီလာကြသည်။ မြင်းအားလုံးမှာ မြင်းကောင်း မြင်းသန့်များချည်းသာဖြစ်ကြ၏။

လုစင်မှာ ထိုသူများကို တစ်ချက်စိုက်ကြည့်လိုက်ရုံနှင့် သိုင်းသမားများသာ ဖြစ်ကြောင်းသိသည်။ သို့သော် ထိုသူများ သည် မည်သူမည်ဝါဖြစ်ကြသည်ကိုတော့ သူမသိပေ။

'ခေါက် --- ခေါက် --- ခေါက်'

အပြင်ဘက်မှ အဆက်မပြတ်ခေါက်လိုက်သော တံခါးခေါက်သံကြောင့် လုစင်ဖျတ်ခနဲထလိုက်မိသည်။

'ဘယ်သူလဲ'

အပြင်မှ ပြန်ဖြေသံက ထွက်မလာ၊ လုစင်အခန်းတံခါး ဖွင့်ကြည့်လိုက်သည်။ မည်သူမျှမရှိချေ။ သူ့စိတ်ထဲ၌ ထူးထူး ဆန်းဆန်း ဖြစ်သွားမိသည်။

ထိုအချိန်မှာပင် ဆိုင်မှစားပွဲထိုးအလုပ်သမားလေး တစ်ယောက်ဖြတ်သွားသည်ကို တွေ့ရှိလိုက်ရသဖြင့် သူ့အခန်း တံခါး ခေါက်မိသလားဟု လုစင်မေးမိသည်။ အလုပ်သမား လေးက

'ဟင့်အင်းမခေါက်မိပါဘူးခင်ဗျာ၊ ကျွန်တော့လက် နှစ်ဘက်စလုံးမှာ ပစ္စည်းတွေကိုင်ထားတဲ့ဥစ္စာ၊ ဘယ်လိုလုပ်ပြီး တံခါးခေါက်လို့ရမှာလဲ'

အလုပ်သမားကလေးသည် ပစ္စည်းများကို လက်နှစ်ဘက် ဖြင့် ကိုင်ဆောင်ထားလျက်ရှိသည်။

'ဒါဖြင့် ဒီအခန်းရှေ့က လူဖြတ်သွားတာတွေမိသလား'

'ဟင့်အင်း -- မတွေ့မိပါဘူး'

လှစင် စိတ်ပျက်သွားသည်။ ဘာမျှအစအန မေးမရသဖြင့် အခန်းထဲသို့ ပြန်ဝင်လာသည်။ သူအခန်းထဲသို့ ပြန်ရောက်သောအခါ ဖုံ့အားသင့်သွားပြန်လေ၏။ စားပွဲပေါ်တွင် ငွေသားနှစ်ဆယ်နှင့်အတူ စာရွက်ကလေးတစ်ရွက်ကို တွေ့လိုက်ရသောကြောင့်ပင်တည်း။

စာကိုဖွင့်ဖတ်လိုက်ရာ ရှက်လည်းရှက်၊ ဒေါသလည်းထွက်မိတော့သည်မ။

စာထဲတွင်ကား လှစင်အား ဓားကိုနှစ်ရက်ခန့်ငှားပါရန် မေတ္တာရပ်ခံပါကြောင်း၊ ထိုသို့ ငှားရမ်းသည့်အတွက် ငွေစနှစ်ဆယ်သာထားခဲ့ပါကြောင်း၊ ဓားမြတ်တစ်စုံတစ်ရာမဖြစ်ရန် တာဝန်ယူပါကြောင်း၊ နှစ်ရက်ပြည့်မြောက်သည်နှင့် ဤတည်းခိုခန်းသို့ ပြန်လာပြီး ဓားမြတ်ကို ပေးအပ်မည် ဖြစ်ကြောင်း ရေးသားထားလေသည်။

ဓားကိုငှားရမ်းသည်ဆိုကတည်းက ရယ်စရာ ဖြစ်နေခဲ့ပေပြီ။ ငွေကြေးဖြင့် ချေးငှားသည်ဆိုကတည်းက သူ့အားလှောင်ပြောင်သလိုဖြစ်နေပြန်သည်။

လှစင်မှာ ငွေစများကိုကြည့်ပြီး ငိုရခက်၊ ရယ်ရခက်ဖြစ်နေ၏။

ထိုငွေကို လက်မခံ၍လည်းမရသလို၊ လက်ခံ၍လည်း ဘာမှန်းညာမှန်းမသိဘဲ အူကြောင်ကြောင်ဖြစ်နေရပေသည်။



တစ်ဦးဦးက သူ့ကိုကျီစယ်လှောင်ပြောင်နေသည်ဟု ခံစားရကာ စိတ်မကြည်မလင်ဖြစ်နေ မိ၏။

သို့သော် သူသည်ဓားကိုလက်လွတ်ဆုံးရှုံးရသူဖြစ်နေရသည်။ ထိုဓားသာပြန်မရလျှင် လိုစုရောင်ကို သည်တစ်သက် မျက်နှာပြရန်လုံးဝမဖြစ်တော့ပေ။

စာပါ ကတိအတိုင်းမှန်မှသာ သူ့အသက်ရှူပေါက်ရမည်ကို တွေးမိလာ၏။

ထို့ကြောင့်သူသည် မနိုင်၍ သည်းခံခြင်းဖြင့် သည်းခံလိုက်ရတော့သည်။

ထိုနေ့ညမှာပင် တည်းခိုဆောင်သို့ နောက်ထပ်လူအုပ်စု တစ်စုရောက်ရှိလာကြပြန်သည်။ ထိုအုပ်စုတွင် မြင်းများ၊ လားများအပြင် အာမခံပစ္စည်းများတင်ဆောင်လာသော လှည်းလည်းပါရှိ၏။

အာမခံသယ်ယူပို့ဆောင်ရေးအဖွဲ့တစ်ဖွဲ့ ဝင်ရောက်နားခိုလာခြင်းဖြစ်သည်။

ထိုအဖွဲ့၌ စုစုပေါင်း လူအယောက်နှစ်ဆယ်ပါရှိပြီး ကုန်ပစ္စည်းများလည်း အတော်များများ သယ်ယူတင်ဆောင်လာကြသည်။

ပစ္စည်းတင်လာသော လှည်းဘီးသံကို နားထောင်ကြည့်ခြင်းအားဖြင့် အထဲ၌ ရွှေ၊ ငွေ၊ ကျောက်၊ သံ၊ ပတ္တမြား များမဟုတ်နိုင်ဘဲ အခြားအရေးကြီးသည့် ပစ္စည်းများဖြစ်ရမည်ဟု ခန့်မှန်းတွက်ဆနိုင်ပေသည်။

ထိုလူစုမှာ အုပ်စုနှစ်စုခွဲ၍ တည်းခိုအနားယူကြ၏။

မနက်ပိုင်းက ရောက်ရှိလာသော လူခုနှစ်ယောက်သည်လည်း အာမခံဌာနသိုင်းသမားများ ပစ္စည်းသယ်ရွှေ့ပုံကို စောင့်ကြည့်နေကြ၏။

အာမခံအဖွဲ့မှလူများကလည်း ထိုလူခုနှစ်ယောက်ကို မျက်လုံးဒေါက်ထောက်ကြည့်နေကြသည်။ ထိုလူခုနှစ်ယောက်က မယုံကြည်စရာပင်၊ မျက်ခုံးမျက်လုံးများဖြင့် အချက်ပြနေကြပေသည်။

လုစင်သည် ထိုအဖွဲ့နှစ်ဖွဲ့၏ သံသယကို ကောင်းစွာရိပ်မိလိုက်သည်။ သူအတန်ကြာ အကဲခတ်ပြီးမှ သူ့အခန်းထဲသို့ ပြန်ဝင်လာခဲ့လေ၏။

သူ့အခန်းထဲသို့ ဝင်သွားသည်နှင့် ခုနှစ်ယောက်အုပ်စုလည်း ခန်းမထဲသို့ ပြန်ဝင်လာကြ၏။ တစ်ယောက်သာလျှင် အမှောင်ထဲတွင် ကျန်ရစ်ခဲ့သည်။

အာမခံအဖွဲ့သားများသည် ထိုခုနှစ်ယောက်အုပ်စုကို သံသယမျက်လုံးများဖြင့် စောင့်ကြည့်သော်လည်း ဂရုစိုက်ဟန်တော့ မရှိပေ။ ရယ်ရယ်မောမောပင်ရှိနေကြသည်။

အခန်းသုံးခန်းမှာနီးကပ်နေသဖြင့် တစ်ဘက်နှင့်တစ်ဘက် ပြောစကားများကို ကောင်းစွာကြားနေရသည်။

အာမခံအဖွဲ့သားများသည် ခုနှစ်ယောက်အုပ်စုကို လူဆိုးဓားပြသဖွယ်သဘောထားကြောင်း၊ လုစင်ကိုလည်းသတိထားရမည်ဖြစ်ကြောင်းသူတို့ပြောနေသည့်စကားများက ဖော်ပြနေ၏။



အာမခံဌာနအဖွဲ့သားတစ်ယောက်က-

'ကျုပ်တို့တစ်တွေ ဒီလောက်ခရီးပေါက်ခဲ့ပြီးမှ ဘာကြောက်စရာလိုသလဲ၊ ကျုပ်သဘောပြောရမယ်ဆိုရင် လုပ်စရာရှိတာကို ချက်ချင်းလုပ်ရမယ်၊ သူတို့ကို စောစောစီးစီး ပဲရှင်းပစ်လိုက်တာကောင်းပါတယ်'

'ဒီလိုလုပ်ဖို့မလိုပါဘူး၊ သူတစ်ပါးက ကိုယ့်ကို ကျူးကျော်မစော်ကားသေးရင်ကိုယ်ကလဲ သူတစ်ပါးကို မကျူးကျော်သင့်ဘူး၊ သူတို့အကြောင်းသူတို့နားလည်ပြီး ထိန်းသိမ်းစောင့်စည်းနိုင်ကြရင် ကျုပ်တို့က ဘာဖြစ်လို့မလိုအပ်ပဲ ရန်မီးမွေးရမှာလဲ'

နောက်တစ်ယောက် ထိုလူ၏စကားကိုထောက်ခံသည်။

'ရှေးစကားအရ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တတ်သတဲ့၊ သူကကိုယ့်ကို တစ်မတ်ဖိုးပြုစုရင် ကိုယ်က တစ်ကျပ်ဖိုးလောက်တုံ့ပြန်တတ်ရတယ်၊ ကြီးတဲ့သူကို ရိုသေလေးစားနေရာပေးတတ်ရမယ်၊ သူတို့အနေနဲ့ တို့ကို အဲဒီလိုနေရာပေးလေးစားတတ်ကြရင် သင့်တော်တာပေါ့၊ ဒီလိုမဟုတ်ဘဲ ကလိမ်ဉာဏ်ဆင်အကောက်ကြံမယ်ဆိုရင်တော့ သူ့စရိတ်နဲ့သူ မြေကြီးထဲဝင်သွားရမယ်'

လုစင်မှာ မူလက ထိုသူများမသိ၍ ပြောဆိုနေကြခြင်းဖြစ်မည်ဟုထင်မှတ်မိ၏။ နောက်မှ ထိုသူများသည် ဘေးပတ်ဝန်းကျင်မှ လူများကြားအောင် တမင်ပြောဆိုနေကြခြင်းဖြစ်ကြောင်း ရိပ်မိလေတော့သည်။

လုစင်မှန်းဆသည့်အတိုင်းပင် ထိုသူများက အမှန်တကယ်

ပင် ခြောက်လှန့်နေကြခြင်း ဖြစ်ပေသည်။

အခြားတစ်ဘက်မှ ခုနှစ်ယောက်အုပ်စုကလည်း ထိုသူတို့၏ စကားများကိုကြားကြသည်သာ။ ထိုအုပ်စုကလည်း ကိုယ့်ကိုယ်ကို အထင်ကြီးနေကြသူများဖြစ်၍ အာမခံအဖွဲ့သားများ၏စကားကို ရယ်စရာအဖြစ် သဘောထားကြသည်။

လုစင်၏စိတ်ထဲတွင် ထိုအုပ်စု နှစ်စုထိပ်တိုက် တွေ့လေပြီဟု ထင်မှတ်လိုက်မိ၏။

သို့သော် ထိုညကား မည်သို့မျှ ပြဿနာမဖြစ်ဘဲ အေးချမ်းစွာ ကျော်လွန်သွားခဲ့သည်။ ဒုတိယနေ့မိုးလင်းပြီး နေအတော်အတန်မြင့်သည့်တိုင် အာမခံသိုင်းသမားများ မနိုးကြသေးပေ။ ခရီးဆက်လက်ထွက်ခွာဖို့ အရိပ်အရောင်လည်းမပေါ်သေး။

လုစင်မှာ သူ့ဓားမြှတ်ပြန်လာပို့သည်အထိ စောင့်ဆိုင်းနေရသဖြင့် ဆိုင်မှပင်စောင့်နေရသည်။

ခုနှစ်ယောက်အုပ်စုကလည်း ထွက်ခွာမသွားသေးသဖြင့် ပိုင်ရှင်မှာ ရတက်မအေးအောင် ဖြစ်နေရရှာသည်။

ထိုနေ့မွန်းလွဲပိုင်းတွင် အသက်ငါးဆယ့်ဝန်းကျင်ရှိ အဘိုးအိုတစ်ယောက် မြင်းတစ်စီးဖြင့် တည်းခိုဆောင်သို့ ရောက်ရှိလာသည်။

အာမခံအဖွဲ့သားများက အဘိုးအိုကို အခန်းထဲသို့ ရိုသေလေးစားစွာ ခေါ်သွားသည်။ အဘိုးကြီး၏ မျက်လုံးများ အရောင်တောက်နေသဖြင့် အတွင်းအားကောင်းကြောင်းကို မှန်းဆ၍ ရပေသည်။ အရပ်အမောင်းကားသာမန်မျှသာဖြစ်၏



ထိုအဘိုးကြီးရောက်ပြီးနောက်မကြာမီမှာပင် နောက်ထပ်လူတစ်ဦးရောက်လာပြန်၏။ ထိုသူကား အသက်သုံးဆယ်ခန့် အရပ်မြင့်မြင့် ခန့်ညားသောဥပဓိရုပ်သွင် ရှိသည်။ မြင်းစီးပြီး ရောက်လာခြင်းဖြစ်၏။

ထိုသူကိုလည်း အာမခံသိုင်းသမားများက ကြိုဆိုကာ အခန်းထဲသို့ ခေါ်သွားကြပြန်သည်။ ထို့နောက် အာမခံအဖွဲ့သားများထဲမှ နှစ်ယောက်သာလျှင် ဦးစွာ ထွက်ခွာသွားသည်။ ထိုလူနှစ်ယောက်သည် တော်တော်နှင့်ပေါ်မလာပေ။

လုစင်မှာ သိုင်းလောကက အတွေ့အကြုံနုနယ်သူဖြစ်၍ ထိုသူများ၏အဆင့်အတန်းကိုမသိပေ။ သူသည် ဘေးမှ ပွဲကြည့်ပရိတ်သတ် သက်သက်သာဖြစ်သည်။

သိုင်းသမားအုပ်စုနှစ်စု၏ တစ်ဦးပေါ်တစ်ဦးခေါင်းတုံးပေါ် ထိပ်ကွက်လုပ်မည့်အရေးကိုသာ စိတ်ဝင်စားစွာ စောင့်ကြည့်နေခြင်းဖြစ်ပေသည်။

တစ်နေ့တာ ထပ်မံကုန်ဆုံးပြီးမိုးချုပ်လာခဲ့ပေပြီ၊ ဤနေ့ကား ဓားမြှတ်ပြန်အပ်ရမည့်နေ့တည်း။

ထို့ကြောင့် သူ့ထံမှ ဓားငှားရမ်းယူဆောင်သွားသူကို စောင့်နေရတော့သည်။ ညဉ့်သံချောင်းသုံးချက်တီးသည့်တိုင် သူ့ဓားကို မည်သူမျှ ပြန်မပို့လာပေ။ ထို့ကြောင့် လွန်စွာစိတ်ပူလာရတော့သည်။

မိုးလင်းသည့်တိုင် တစ်ညလုံးထိုင်စောင့်ပါသော်လည်း မည်သို့မျှ ထူးခြားမလာသဖြင့် လုစင် လွန်စွာဒေါသထွက်လာ

တော့သည်။ ဓားဆုံးရှုံးရသည့်အတွက်လည်း လွန်စွာ ယူကျုံးမရဝေဒနာခံစားလိုက်ရသည်။

'ဟင်း --- သူများက ငါလိုက်စုံစမ်းမှာကို စိုးရိမ်ပြီး ငါခြေရာခံမလိုက်နိုင်အောင် ဒီဆိုင်မှာ စောင့်ခိုင်းခဲ့တာပဲ၊ ဒါကို ငါမရိပ်မိဘူး၊ နှစ်ရက်ဆိုတဲ့အချိန်ဟာ မြင်းကောင်းကောင်းနဲ့ဆို မိုင်ပေါင်းငါးရာလောက် ခရီးပေါက်နိုင်တယ်၊ ခြေလျင်သွားတယ် ပဲထားဦး၊ လိုက်လို့မမီနိုင်တော့ဘူး၊ ဟင်း ---- ငါကိုယ်က အသုံးမကျတာပါလေ၊ ဒီဓားကို ကိုယ်နဲ့မကွာထားပြီး အိပ်သင့်တာ၊ အခုတော့'

လုစင်သည် ဓားမြှတ်ကိုမရရအောင်ပြန်ယူမည်ဟု သံန္နိဋ္ဌာန်ချလိုက်၏။ သို့သော် ရှေးဦးစွာ တာ့ထုံကိုအလျင်သွားပြီး လိုထင်ဆင့်ကို သွားရောက်တွေ့ဆုံမည်။ လမ်းတစ်လျှောက်တွင် ဓားပျောက်သည့်ကိစ္စကိုလည်း စုံစမ်းသွားမည်ဟု စဉ်းစားချိန်ဆထား၏။

သူအထုပ်အပိုးများပြင်ဆင်နေစဉ်မှာပင် အခန်းတံခါးခေါက်သံကြားလိုက်ရသဖြင့် သူ့ဆံပင်များ ထောင်သွားလေတော့၏။

'ဒေါက် --- ဒေါက်'

လုစင် တံခါးဖွင့်ပေးလိုက်ရာ စားပွဲထိုးအလုပ်သမားလေးသည် အထုပ်ရှည်ရှည်တစ်ခုကို ရှိသေစွာ လာပေးသည်။

'ဆရာ့ကို ခုနက လူတစ်ယောက်လာပြီး ဒီအထုပ်ပေးခိုင်းလိုက်ပါတယ်၊ အပြင်ဘက်မှာ ဆရာ့ဆီက စကားပြန်ကြားဖို့



စောင့်ဆိုင်းနေပါတယ်ခင်ဗျာ'

လုစင်အထုပ်ရှည်ကိုဖြေချလိုက်၏။ သူ၏အဏ္ဏဝါဓား ဖြစ်နေသည်ကိုတွေ့လိုက်ရသောအခါ လုစင်သည် ထခုန်မတက် ဝမ်းမြောက်သွားမိလေတော့၏။

သူသည် ဓားကို ထိုအထုပ်ပုံစံအတိုင်း သိုင်းလွယ်ပြီး ဆိုင်ရှေ့သို့ ပြေးထွက်သည်။ ဆိုင်ရှေ့၌ စောင့်နေသည်ဆိုသော လူကို မတွေ့ရတော့ပေ။

ဓားငှားရမ်းသူကား ကတိအတိုင်း ဓားကိုပြန်ပေးအပ်ပြီး ထွက်ခွာသွားခဲ့လေပြီ။ လုစင်သည် သူ၏အခန်းထဲသို့ ပြန်ဝင်ခဲ့၏။ အခန်းထဲ တံခါးကို သေချာစွာပိတ်ကာ အထုပ်ကို ပြန်ဖြေလိုက်သည်။ ဓားရှည်ကို ဓားအိမ်အတွင်းမှ ဆွဲထုတ်ကြည့်သည်။ သူ၏အဏ္ဏဝါဓား သူ့လက်ထဲပြန်ရောက်လာသဖြင့် သူ့နှလုံးသားများ ပူနွေးသွားသည်။

'အင်း --- ဘာပဲပြောပြော၊ ဒီလူကတိတည်တာတော့ အမှန်ပါပဲလေ၊ သူသာစိတ်ကောင်းမရှိရင် ငါ့ဓားကို ငါဒီလိုလွယ်လွယ်ကူကူ ဘယ်ပြန်ရပါတော့မလဲ'

သူသည် ဓားကို ဓားအိမ်တွင်းသို့ ပြန်လည်ထည့်သွင်းသိမ်းဆည်းလိုက်၏။ ဓားအိမ်ကိုပတ်ထားသည့်အဝတ်မှာ ထူထဲလှသည်ဟု သူထင်သည်။ ထိုအဝတ်စကို သေချာစွာ ပြန်ကြည့်မိတော့၏။

ထိုအခါ ထိုအဝတ်စထဲ၌ တွန့်ကြေအောင်လုံးထွေးထားသည့် ပိတ်ဖြူအချပ်တစ်ချက်ကိုတွေ့လိုက်ရသည်။ ထိုပိတ်ဖြူ

ပေါ်တွင် ပန်းချီကားတစ်ခု ရေးဆွဲထားလေ၏။

ရှုခင်းပုံပန်းချီကားတစ်ချပ်ပေတည်း။

ရှုခင်းကား သစ်ပင်ကြီးများမိုးထိအောင်မြင့်မားလှသည့် နေရာဒေသတစ်ခု၊ ထိုသစ်ပင်များအကြား၌ မထင်မရှား အိမ်ကလေးတစ်အိမ်။

သစ်ပင်များ၏ ဘေးတစ်ဖက်တွင် မြစ်တစ်ခုရှိပြီး အခြားတစ်ဘက်တွင် တောင်တန်းကြီးတစ်ခုရှိသည်။တောင်ပေါ်တွင် လူနှစ်ယောက်သဏ္ဌာန်လိုလို သဏ္ဌာန်နှစ်ခုကိုတွေ့ရသည်။

ပန်းချီကားတစ်ချပ်လုံးကို အရောင်ရင့်ရင့်မှင်ဖြင့်ရေးဆွဲထား၏။

ထိုပန်းချီကားကို အဘယ့်ကြောင့်ဤသို့ထည့်ပေးလိုက်သည်ကို သူ သဘောမပေါက်ပေ၊ လွှင့်ပစ်ရမည်ကိုလည်း သူ့စိတ်ထဲတွင်နှမြောလေသည်။

သူသည် စိတ်ကူးပေါက်ကာ ဓားကို ပတ်ပေးသည့် ပိတ်စတစ်ခုလုံးကိုလှန်လှောရှာဖွေပြန်လေတော့၏။

ထိုအခါ အတွင်းမှစာရွက်ကလေးတစ်ရွက်ထွက်လာလေတော့သည်။

စာထဲမှလက်ရေးသည် သူ့ထံမှဓားငှားရမ်းယူဆောင်သွားသူ၏လက်ရေးနှင့်တူညီနေသည်ကို တွေ့ရှိရသဖြင့် စိတ်ဝင်စားသွားသည်။

'ဤဓားသည် သာမန်ဓားမဟုတ်ချေ။ အရာဝတ္ထုမှန်သမျှကို အသံမထွက်စေဘဲ ဖြတ်တောက်နိုင်စွမ်းရှိသည့်ဓားဖြစ်သည်။



ဓားပိုင်ရှင်၏ခွင့်ပြုချက်မရယူဘဲ ယူဆောင်သွားရခြင်းအတွက် အနူးအညွတ်တောင်းပန်ပါသည်။ တစ်ခုကတိပြုနိုင်သည်မှာ ဤဓားကို သစ္စာတရားအတွက်သာ အသုံးပြုခဲ့ပါသည်ဆိုသည့် အချက်ပင်တည်း။

နောင်လူချင်းတွေ့ပါက ထပ်မံတောင်းပန်ပါဦးမည်။

ယခု ပန်းချီကားတစ်ခုပူဇော်ပေးပို့လိုက်ပါသည်။ လက်ရာ မကောင်းသော်လည်း အဓိပ္ပါယ်လေးနက်မှုရှိပါသည်။ အကြောင်းစုံသိလိုလျှင် ဖုံဝှမ်ကျွမ်းရွာသို့ ခဏလောက် ကြွရောက်ခဲ့ပါ။

ကျွန်ုပ်နှင့်အသင်သည် ရန်သူလည်းမဟုတ်၊ မိတ်ဆွေသူငယ်ချင်းမဖြစ်သေးသည်မို့ ကိုယ့်သဘောဆန္ဒအတိုင်း ဆုံးဖြတ်စေချင်ပါသည်။

ကျေးဇူးအထူးတင်ပါသည်'

စာအောက်တွင် နာမည်မပါချေ။ လက်မှတ်ရေးထိုးမထားချေ။ လုစင်စဉ်းစားသည်။ထိုသူဖိတ်ခေါ်သည့်ကျေးရွာ သို့ သွားသင့်မသွားသင့်စဉ်းစား၏။ နောက်ဆုံးတွင် သွားရန်ဆုံးဖြတ်လိုက်သည်။

*****

# အခန်း (၂၁)
# စမ်းသပ်သူများ

လုစင်သည် တစ်လမ်းလုံး ဖုံဝှမ်ကျွမ်းကို စုံစမ်းခဲ့၏။ လူနေအိမ်ခြေနည်းပါးလှသောအရပ်ဖြစ်၍ နေ့ဝက်လောက် လျှောက်ပါမှ အိမ်ခြေအချို့ကို တွေ့ရှိရသည်။ မေးတိုင်း ခေါင်းခါပြသည်ချည်းသာကြုံရသည်။ ဤသို့ဖြင့်နေစောင်းခဲ့ရ လေပြီ။

လေဒဏ်နှင့်မိုးဒဏ်မခံရအောင် တစ်နေရာရာတွင် ဝင်ရောက်အနားယူရမည်ကို လုစင်သိသည်။ သို့သော် နားခိုစရာ လုံးဝမတွေ့ဘဲ ဖြစ်နေရသည်။

နောက်ဆုံး မထူးတော့ပြီမို့ တစ်ညလုံး ခရီးဆက်သွားမည်ဟု ဆုံးဖြတ်လိုက်သည်။

အမှောင်က သိပ်သည်းလာသည်။ ကြယ်ပြာရောင်ကိုပင် မမြင်ရ။ နှင်းငွေ့ဆမ်းထားသော လေကြမ်းက မျက်နှာကို လာရောက်တိုက်ခတ်သဖြင့် ကျဉ်ခနဲ စိမ့်ခနဲ ခံစားနေရသည်။

အမှောင်ထဲတွင် မျက်စိထက် နားအာရုံကို ပိုဂရုစိုက်ကာ လျှောက်လှမ်းနေရသည်။



မကြာမီ ရေစီးသံတစ်သံကိုကြားလိုက်ရသဖြင့် ပန်းချီကား ထဲမှ မြစ်လိုလို ချောင်းလိုလိုပါရှိသည်ကို ပြေး၍ မြင်ယောင် လိုက်မိ၏။

လုစင်ခြေလှမ်းကို ရပ်ကာ စဉ်းစားလိုက်သည်။ ထိုမြစ်ကို ကျောပေးလျှောက်ကာ နားလိုက် လျှောက်လိုက် လုပ်နေမိသည်။

ကွမ်းတစ်ယာညက်ခန့်ကြာသောအခါ သစ်ပင်မြင့်ကြီးများ ရှိသည့်နေရာသို့ရောက်လာလေတော့၏။ ထိုနေရာသည် ပန်းချီကားထဲ၌ ပါသောနေရာဖြစ်သည်ဟု သူယုံကြည်လိုက် မိသည်။

အိတ်ထဲမှ မီးခတ်ကျောက်ကိုထုတ်ကာ မီးတွန်းညှိရန် ကြိုးစားသော်လည်း လေထန်နေသဖြင့် မီးတွန်းညှိ၍ မရပေ။ ထို့ကြောင့်အမှောင်ထဲ၌ပင် လမ်းစရှာရတော့၏။

မကြာမီလူသွားလမ်းကလေးတစ်ခုကို ရှာဖွေတွေ့ရှိခဲ့ တော့သည်။ လုစင်ဝမ်းသာသွားသည်။ ထိုလမ်းသွယ်ကလေး အတိုင်းလျှောက်လာခဲ့သည်။

မနားမနေလျှောက်ခဲ့ရာနောက်ဆုံးတွင် ခပ်လှမ်းလှမ်း၌ မီးရောင်ပျပျကိုလှမ်းမြင်တွေ့ရလေတော့၏။

'ဝှစ် ---- ဝှစ် ---- ဝှစ်'

လေတိုးသံ၊လက်နက်ပုန်းသံများ လေထဲ၌ တိုးဝင်ဖြတ် သန်းလာသံ။

သို့သော် လေသံအရ ထိုလက်နက်ပုန်းများသည် သူ့ဆီသို့ မလာကြောင်းသူသိသည်။ သူ့ကိုထိမှန်အောင်ပစ်ခတ်ခြင်း

မဟုတ်ဘဲ ခြေလှမ်းကို ရပ်တန့်ရန်သတိပေးခြင်းသာဖြစ်ကြောင်း သူရိပ်မိသည်။

ထို့ကြောင့်လုစင်ခြေလှမ်းကိုရပ်လိုက်သည်။ လက်နက်ပုန်းလေသံထွက်ပေါ်လာရာဘက်သို့ စူးစိုက်ကြည့်လိုက်သည်။

အမှောင်ထဲမှ အသံတစ်သံ ထွက်ပေါ်လာတော့၏။

'ဒီကိုဘာလာလုပ်တာလဲ၊ မြန်မြန်ထွက်သွားစမ်း'

လုစင်ထောင်းခနဲ ဒေါသထွက်သွားသည်။

သို့သော် သူ့စိတ်ကို ထိန်းလိုက်သည်။ အရေးပါအရာရောက်သူနှင့်မတွေ့ရသေးပဲ အောက်လူများနှင့်ရန်မဖြစ်ချင်ပေ။

'ဒီနေရာဟာ သူတစ်ပါးရဲ့နေရာပဲ၊ ငါက အချိန်မတော်ကြီး ရောက်လာတော့ ငါ့ကို ဘယ်သူဘယ်ဝါခွဲခြားသိနိုင်မှာမဟုတ်ဘူး၊ သူတို့နဲ့ငါကမိတ်ဆွေတွေလား၊ ရန်သူလားဆိုတာခွဲခြားမသိခင် ဒေါသထွက်လို့ ဘယ်ဖြစ်ပါ့မလဲ၊ မလိုအပ်ဘဲခိုက်ရန်ဒေါသဖြစ်တယ်ဆိုတာကောင်းတာမှမဟုတ်ဘဲ'

လုစင်ဒေါသစိတ်များ ပြေပျောက်သွားသည်နှင့် နှုတ်ဖျားမှ ယဉ်ကျေးသိမ်မွေ့စွာ ပြန်ဖြေလိုက်သည်။

'ကျွန်တော် ခရီးသွားဧည့်သည်တစ်ယောက်ပါခင်ဗျာ၊ မိုးကာလဲမှောင်၊ အေးကလဲအေးမို့ဗိုက်ထဲကလဲဆာလာတာနဲ့ နားခိုစရာနေရာရှာရင်း ဒီဘက်ကို အမှတ်မထင် ရောက်ခဲ့ရတာပါ၊ ကျွန်တော့်မှာ အမှားအယွင်းရှိရင် ခွင့်လွှတ်စေချင်ပါတယ်၊ မိုးမှောင်နေတဲ့အချိန်မှာ ကျွန်တော့အတွက် ညအိပ်နားနေဖို့နေရာရှာမတွေ့နိုင်ဘဲ ဖြစ်နေရပါတယ် နောင်ကြီးတို့ကူညီနိုင်ရင်



ကျွန်တော့ကိုကူညီကြပါခင်ဗျာ'

တစ်ဘက်လူက အေးစက်စက်ရယ်လိုက်ပြီး ---

'မင်းဘယ်သူလဲဆိုတာ ငါဂရုစိုက်စရာမလိုဘူး၊ နောက်ထပ် ဘာမှလျှာရှည်မနေနဲ့၊ ဒီနေရာက အမြန်ဆုံးထွက်သွားပါ ဒါပဲပြောမယ်'

ထိုလူက ပထမပုံစံအတိုင်း မာမာထန်ထန်နှင့် နှင်လွှတ်သည်။ လုစင်၏စိတ်ထဲ၌အတော်ကလေး မကြည်မသာဖြစ်သွားသည်။

'လူလူချင်းစာနာသင့်ပါတယ်ဗျာ၊ ခရီးသွားဆိုတာ ဒီလိုတစ်ခါတစ်ရံ ဒုက္ခတွေတတ်ကြပါတယ်၊ အကူအညီတောင်းခံလာတဲ့လူတစ်ယောက်ကို ဒီလိုမာရေကျောရေ မဆက်ဆံသင့်ပါဘူး'

သူ့စကားလုံးများက ပြေပြစ်သော်လည်း စကားသံကမူ အနည်းငယ်မာနေသည်။ ဤကဲ့သို့အပြန်အလှန်ပြောဆိုနေကြစဉ် နောက်ထပ်လူတစ်ယောက်၏အော်သံ မေးမြန်းသံ တစ်သံထွက်ပေါ် လာလေတော့၏။

'ကျင်းအော့ --- ဘာဖြစ်နေတာလဲဟေ့'

လုစင်နှင့်စကားပြောဆိုနေသူမှာ ကျင်းအော့ဟူ၏။ ကျင်းအော့က ခပ်ပေါ့ပေါ့ပြန်ပြောသည်။

'ကြောင်တောင်တောင်ကလေးတစ်ယောက်ပါကွာ'

'လူကောင်းလား'

'ဒီလိုညကြီးမင်းကြီးမှာ သူကို့လူကောင်းလူဆိုး ဘယ်လို

ခွဲနေနိုင်ပါမလဲ၊ အဲဒါသူ့ကိုလက်မခံကောင်းလားဆိုပြီး ပြဿနာရှာနေတယ်၊ ချင်ရှိ --- မင်းကကော ဘာဖြစ်လို့ ဒီလက်ကိုလာတာလဲ၊ မင်းတာဝန်ပြီးသွားလို့လား'

ချင်ရှိက

'ဆေးလိပ်သောက်ချင်လို့ကွာ၊ မင်းမှာရှိရင် ငါ့ကိုပေးစမ်းပါဦး၊ လေကလဲတိုက်လိုက်တာ၊ နည်းနည်းတောင်ချမ်းစိမ့်စိမ့်ဖြစ်လာတယ်၊ ဒီလောက်မှောင်မည်းတဲ့ ညကြီးအချိန်မတော်လျှောက်သွားနေတာ ဘယ်နည်းနဲ့မှ လူကောင်းတော့မဖြစ်နိုင်ဘူး၊ သူခိုးမဟုတ်ရင် ဓားပြမဲဖြစ်ရမယ်၊ မှတ်လောက်သားလောက် အောင်ဆုံးမပေးလိုက်ကွာ'

လုစင်စိတ်ထဲထောင်းခနဲဖြစ်သွားသည်။ ချင်ရှိနှင့်ကျင်းအော့ တို့ကိုမြင်လာရပြီ။ ကွဲကွဲပြားပြားမဟုတ်သော်လည်း လက်နက်များကို ကိုင်ဆောင်ထားကြကြောင်း သိနိုင်မြင်နိုင်၏။ ထိုအချိန်မှာပင် နောက်ထပ်လူသုံးယောက် ထပ်မံထွက်ပေါ်လာပြန်သည်။

လူငါးယောက်သည် လုစင်ကိုဝိုင်းရံလိုက်ကြသည်။ တစ်ယောက်တစ်ပေါက် ဇော်ကားမော်ကားစကားများလည်း ပြောကြ၏။

လုစင်စဉ်းစားသည်။ သူတို့ပြောသည့်စကားကလည်း စဉ်းစားစရာကောင်းသည်။

လူသူမနီးသောခရီး၌ မှောင်ကြီးမည်းကြီးထဲ၌ တစ်ယောက်တည်းလာသည်။ ဤသို့သောခရီးသည်ကို သံသယ



မရှိ ချွင်းချက်မရှိ လူကောင်းဖြစ်သည်ဟု လက်ခံဖို့ရန်မလွယ်ပေ။

သို့သော် သူ့အားဝိုင်းတိုက်လျှင်တော့ ခုခံရမည်သာ။

လုစင်ကလည်း အေးစက်တည်ငြိမ်စွာဖြင့် ----

'သွားတော့သွားမှာပါ၊ ဒီနေရာမှာ ပေတေပြီးရပ်နေမှာမဟုတ်ပါဘူး၊ ဒါပေမယ့် ခင်ဗျားတို့က လက်နက်အားကိုးနဲ့ ကျွန်တော့ကို နှင်ထုတ်ဖို့မကြိုးစားပါနဲ့၊ ဒီလိုအနိုင်ကျင့်မယ်ဆိုရင်တော့ ခင်ဗျားတို့မှားသွားပါလိမ့်မယ်'

ချင်ရှိကဝင်ပြောသည်။

'ကျင်းအော့ မင်းအသာနေ၊ ငါတစ်ခွန်းပဲမေးမယ်၊ ဟေ့ကောင် မင်းက ဘာလုပ်ချင်လို့လဲ၊ သွားရင်လဲ အမြန်သွား၊ ငါအမှတ်စဉ်ရေမယ်၊ တစ်ဆယ်ပြည့်လို့မှ ထွက်မသွားသေးဘူးဆိုရင် ဒီနေရာက မင်းအသက်ရှင်လျက်ထွက်သွားရလိမ့်မယ် မထင်နဲ့'

ချင်ရှိပြောပြီးသည်နှင့်အမှတ်စဉ် စ၍ ရေတွက်သည်။ ရှစ်အရောက်တွင် ခဏရပ်လိုက်ပြီး လုစင်ကိုမေးပြန်သည်။

'ဘယ်လိုလဲ ရှစ်ရောက်နေပြီ၊ မင်းထွက်မသွားသေးဘူးလား၊

'ရေလေဗျာ၊ ရေစမ်းပါ၊ ဘာ့ကြောင့်ရပ်ပစ်လိုက်ရတာလဲ၊ ခင်ဗျားမရေရင် ကျုပ်ရေတွက်ပေးမယ်၊ ကိုး-တစ်ဆယ်၊ ကဲ ကျုပ်မသွားဘူး၊ ခင်ဗျားတို့စတိုက်ပေတော့'

လုစင် အသင့်ပြင်ထားလိုက်၏။ ကျင်းအော့တို့လူစု လှုပ်လှုပ်ရှားရှား ဖြစ်သွား၏။

'ဟား --- ဟား ---- ဟား'

လူတစ်ယောက်၏ အော်ဟစ်ရယ်မောသံသည် တိတ်ဆိတ်ငြိမ်သက်နေသော ညဥ့်ယံကို ဖောက်ထွင်းပေါ်ထွက်လာလေတော့၏.

'ဟင်'

လုစင်အကြီးအကျယ်အံ့ဩသွား၏။ ထိုရယ်သံကို ကြားလိုက်သည်နှင့် တစ်ပြိုင်တည်းသူ့ကို လုပ်ကြံမည်ဟု ဝိုင်းထားသည့် ရန်သူငါးယောက်သည် သူတို့လက်နက်များကို ဘေးသို့ ပစ်ချလိုက်ပြီး လုစင်ကို လက်ဖမိုးယှက်ဂါရဝပြုလေတော့သည်။

လုစင်မတွေးတတ်တော့ပေ။သူသည်ရင်ဝ၌ လက်ဝါးစောင်းထောင်ကာကွယ်ရန် ကျောက်ရုပ်ကြီးကဲ့သို့ မှင်တက်အံ့ဩနေလေ၏။

'နောင်ကြီးလုစင်က တကယ့်ကို ပညာပြည့်ဝတဲ့အပြင် ရဲစွမ်းသတ္တိနဲ့လဲ ပြည့်စုံပါပေတယ်၊ ကျွန်တော်တို့အားလုံး လှိုက်လှိုက်လှဲလှဲချီးကျူးပါတယ်ဗျာ၊ ဒါကြောင့်မို့လို့လဲ အစ်ကိုကြီးကခင်ဗျားကို တစ်ဖွဖွချီးကျူးနေတာကိုး၊ စောစောက ကျွန်တော်တို့အပြုအမူတွေကို စွဲမယူပါနဲ့နော်'

လုစင်သည် လက်နှစ်ဘက်ကိုဘေးသို့ အသာအယာ ပြန်ချလိုက်ရ၏။

ရာသီဥတုပြောင်းသွားလေပြီ။ သာယာသွားလေပြီ။ ရန်ပွဲမဖြစ်နိုင်တော့။ သူ့စိတ်ထဲ၌ ထူးဆန်းအံ့ဩနေသည်



ကားအမှန်ပင်။

'နောင်ကြီးတို့ကကာယ်သူများပါလဲခင်ဗျား၊ ကျွန်တော် ရုတ်တရက်မမှတ်မိနိုင်တာကို ခွင့်လွှတ်ပါ'

တစ်ဘက်မှ တရိုတသေလုပ်လာကြသဖြင့် သူကလည်း တစ်လေးတစ်စားပင် ပြန်မေးလိုက်ရသည်။ ထိုအခါ လူတစ်ယောက် ရှေ့သို့ထွက်လာပြီး ဂါရဝပြုသည်။

ထိုလူကား စောစောက ရယ်မောခဲ့သူတည်း။

သူက ---

'ကျုပ်တို့ရဲ့ နောင်ကြီးကျိုက နောင်ကြီးလုစင်ကို သိပ်ချီးကျူးနေပါတယ်၊ ဒါနဲ့ ကျုပ်တို့က တကယ်ဈောချီးကျူးလောက်လို့လား၊ ကျုပ်တို့စမ်းကြည့်မယ်ဆိုပြီး ခုလို ခြိမ်းခြောက်စမ်းသပ်ကြတာပါ၊နောင်ကြီးလုစိတ်ထဲမှာ ဘယ်လိုမှ သံသယမရှိပါနဲ့နော်။ အခုဖုံဝှမ်ကျွမ်းကိုရှာဖို့လာခဲ့တာမဟုတ်လား၊ ဒီနေရာဟာ ဖုံဝှမ်ကျွမ်းပါပဲ၊ ပန်းချီကားချပ်ဟာ နောင်ကြီးလုအတွက် လမ်းညွှန်မြေပုံပါပဲ၊ တော်ပါပေတယ်ဗျာ၊ ပန်းချီကားကိုကြည့်ပြီး ဒီနေရာကို ရောက်အောင်လာနိုင်ပါပေတယ်၊ ကျုပ်တို့က မနက်ဖြန်ကျမှ ရောက်လာလိမ့်မယ်လို့ ထင်နေကြတာ၊ ညကြီးအချိန်မတော်ရောက်လာတာကိုကပဲ နောင်ကြီးလုကို ချီးကျူးစရာဖြစ်နေတော့တာပေါ့ဗျာ'

လုစင်၏စိတ်ထဲ၌ အေးချမ်းစပြုသွား၏။ ဤလူများသည် မိမိ၏ရန်သူများမဖြစ်တန်ရာ၊ မိမိတစ်ယောက်တည်း ဤမျှ ပရိယာယ်ဆင်ပြီး ညွှတ်ကွင်းတွင်းတွန်းပို့ရန်မလိုဟုလည်း

ထင်သည်။

လုစင်က ဂါရဝပြုလိုက်ပြီး ---

'လူကြီးမင်းက ဒီရွာရဲ့ အရှင်သခင်များလားခင်ဗျား၊ နာမည်ကောဘယ်လိုခေါ်ပါသလဲခင်ဗျာ'

သူ့အမေးစကားဆုံးသည်နှင့်ခပ်လှမ်းလှမ်းမှ အသံတစ်သံက ရုတ်တရက်ထွက်ပေါ်လာ၏။

'မင်းထင်တာမှန်တယ်ညီလေး၊ ဒီပုဂ္ဂိုလ်ဟာ ဖုံ့ဝှမ်ကျွမ်းရွာရဲ့အရှင်သခင်ကြီးရှင်ကျွမ်းဝုပဲ၊ ဆရာကြီးရှင်နဲ့ ရွာထဲကိုအတူဝင်နှင့်ပါ။ကျုပ်မှာကိစ္စလေးနည်းနည်းရှိလို့ အပြင်ကိုခဏသွားလိုက်ဦးမယ်၊ ပြီးရင်ပြန်လာခဲ့မယ်'

လုစင် ချက်ချင်းပင် အသံကိုမှတ်မိလိုက်သည်။

ထိုစကားသံကား သူ့အားရုပ်ဖျက်ပုံစံပြောင်းပေးလိုက်သူ၏ အသံပင်တည်း။

ထို့ကြောင့်၍လူများမှာ လူဆိုးဓားပြများ မဟုတ်ကြောင်း ပို၍ သေချာသွားသည်။ သူ့စိတ်ထဲအေးချမ်းသွားရ၏။ အားလုံးပင်ရင်းရင်းနှီးနှီး ကျွမ်းကျွမ်းဝင်ဝင်ဖြစ်သွားတော့သည်။

ကျင်းအော့နှင့်ချင်ရှိတို့လူသိုက်မှာ ဖုံ့ဝှမ်ကျွမ်းရွာသားများတော့ မဟုတ်ကြပါ။ အနယ်နယ်အရပ်ရပ်မှရောက်လာသော သူရဲကောင်းသိုင်းသမားများဖြစ်ကြပါသည်။

ဖုံ့ဝှမ်ကျွမ်းကျေးရွာသို့ရောက်လာပြီး အရောင်းအဝယ်ကိစ္စတစ်ခု ဆွေးနွေးနေစဉ် ကျိုကျန်ရှန်ရောက်ရှိလာခြင်းဖြစ်သည်။



ကျိုကျန်ရှန်သည် ထိုကျေးရွာသို့ရောက်သည်နှင့် အသက်ငယ်ငယ်နှင့်သတ္တိရှိသူ လူတစ်ယောက်ကို တွေ့ခဲ့ကြောင်း၊ ဘုရင့်လူယုံတော်အမတ်ကြီးတစ်ဦးကိုပင်တစ်ကိုယ်တော်လုပ်ကြံရန်ကြံခဲ့သူဖြစ်ကြောင်း၊ ပါးရပ်နပ်ရည်ရှိပြီး ရန်သူများ၏အရိပ်အခြည်ကို ကြိုတင်သိသူဖြစ်ကြောင်းစသဖြင့် အားရပါးရချီးကျူးတော့သည်။

ကျိုကျန်ရှန်ကဆက်၍ ထိုလူငယ်သည် ယခုအချိန်၌သာသာမန်သိုင်းပညာတတ်ကျွမ်းသော်လည်း နောင်တစ်ချိန်တွင် သိုင်းလောင်က၏ မကိုင်နိုင်ဦးသျှောင် ဖြစ်လာလိမ့်မည်ဟု အနာဂတ်ကို ကြိုတင်ဟောကိန်း ထုတ်လိုက်ပြန်သေးသည်။

ထိုလူငယ်၏အမည်မှာ လုစင်ဖြစ်သည်ဟုလည်း အသိပေးထားသည်။

ကျင်းအော့နှင့်ချင်ရှိတို့မှာ သူရဲကောင်းစိတ်ဓာတ်ရှိသူများဖြစ်ပြီးသူတို့ကိုယ်တိုင် ကိုယ့်ကိုယ်ကို အထင်ကြီးသူများဖြစ်၏။ ကျိုကျန်ရှန်၏စကားကိုမယုံကြည်ကြပေ။

နောက်ဆုံးတွင် ကျန်းအော့နှင့်ချင်ရှိတို့က လုစင်၏သတ္တိကိုစမ်းသပ်လိုသည်ဟုကျိုကျန်ရှန်ကို အဆိုပြုသည်။

ကျိုကျန်ရှန်က သဘောတူပြီး ကျူမာရီတည်းခိုဆောင် သို့သွားရောက်ကာ လုစင်၏ဓားကိုခိုးယူခဲ့သည်။ လုစင်အားယုံထင်ကြောင်ထင်ဖြစ်စေကာ ဓားကိုပြန်ပေးသည်။

စာနှင့်ပန်းချီကားတို့ကိုပေးပြီး ဤကျေးရွာသို့ တမင်မျှားခေါ်ခဲ့ခြင်းဖြစ်သည်။ လုစင်က သူတို့ပြောသည့်စကားများကို

နားထောင်ပြီးနောက် ရိုးရိုးသားသားပွင့်ပွင့်လင်းလင်းပင် ပြောသည်။

'ဆရာကြီးရှင်နဲ့ နောင်ကြီးတို့တစ်တွေ ကျွန်တော့်ကို ချီးကျူးတာလွန်ကဲနေပါပြီ။ တကယ်တော့ ကျွန်တော်လဲ ဓားပျောက်သွားတဲ့အချိန်မှာ အေးအေးဆေးဆေးမနေနိုင်ပါဘူး၊ နှစ်ရက်တိတိ စိတ်သောကရောက်ခဲ့ရပါတယ်၊ ပြီးတော့ ပန်းချီကားကိုလဲ ကျွန်တော် တိကျအောင်မှန်းဆနိုင်ခဲ့တာ မဟုတ်ပါဘူး၊ ရမ်းသမ်းလျှောက်သွားရင်းနဲ့ ဒီကိုရောက်ခဲ့တာ ပါခင်ဗျာ'

ထိုအခါ ရှင်ကျွမ်ဝုက လက်ခုပ်လက်ဝါးတီး ဘာ အားရ ပါးရ ချီးကျူးလေတော့၏။

'ဒါမှ သူရဲကောင်းပီသတာ၊ ဒီလိုရိုးရိုးသားသား ပွင့်ပွင့်လင်းလင်းဝန်ခံတတ်ဖို့ဆိုတာ တော်ရုံတန်ရုံလူလုပ်နိုင်တဲ့ကိစ္စမျိုး မဟုတ်ပါဘူး၊ ကျုပ်ကတော့ နောင်ကြီးကျိုပြောတာကို ယုံသွားပြီ'

ကျင်းအော့ကလည်း ဝင်ရောက်ထောက်ခံစကားဆို၏။

'ဟုတ်တယ် ဆရာကြီးရှင်ပြောတာမှန်တယ်နော်၊ တော်ရုံလူဆိုရင် ဒီလိုချီးကျူးစကားပြောခံရရင် တိတ်တိတ် ကလေးငြိမ်နေလိုက်မှာပဲ၊ဒါကကိုယ်ထွက်ကြွားနေရတာမျိုးမှ မဟုတ်တာ၊နောင်ကြီးလုကတော့ တကယ့်လူရိုးလူကောင်းပါပဲ ဗျာ'

ထိုသူများက ချီးကျူးလေလေ လုစင်မှာ မနေတတ်



မထိုင်တတ်ဖြစ်လေလေပင်၊ နောက်ဆုံးသူတို့သည် သစ်တော အတွင်းရှိ စံအိမ်များရှိရာသို့ လုစင်အား ခေါ်ဆောင်သွားပြီး ဧည့်ခံတည်ခင်းကြသည်။

ညကြီးမင်းကြီး ရုတ်တရက် ကောက်၍လုပ်သောဧည့်ခံပွဲ မှာ အမှန်တကယ်ပင် ထူးဆန်းလှပေသည်။ ထိုပွဲ၏အထူး ဧည့်သည်တော်ကား အများသိသည့်အတိုင်း လုစင်ပင်ဖြစ်နေပါ သတည်း။

✻✻✻✻✻

## အခန်း (၂၂)
## ကြားဖြတ်တိုက်ပွဲ

လုစင်မှာ ငြင်းဆန်မရသဖြင့် အရက်သုံးခွက်ခန့်သောက်ချလိုက်ရသည်။ အရက်ကြိုက်သူမဟုတ်သဖြင့် သူ့မျက်နှာ အတော်ကလေးထိန်းနေရသည်။ နောက်ထပ်တိုက်သည့်အရက်များကို ငွတ်ငြင်းတော့မှ အတိုက်ရပ်သွားကြသည်။

အတော်ကလေး သောက်မိသောအခါ လူတိုင်းလူတိုင်း အရက်ရှိန်မြင့်ကာ အာသွက်လာ၏။

တန်းချွင့်ခို ဆိုသူက--

'ဆရာကြီး --- ကျွန်တော်တို့ ခုနကဆွေးနွေးတဲ့ကိစ္စ မပြီးပြတ်သေးဘူးလေ၊ အခုစားရင်း သောက်ရင်း ဆက်ပြီး ဆွေးနွေးကြရင်မကောင်းဘူးလား'

ချင်ရှိက ထောက်ခံ၏။

နောင်ကြီးတန်းပြောတဲ့စကား မဆိုးပါဘူး၊ ဆရာကြီးရဲ့ အစီအစဉ်အဆုံးအဖြတ်ကိုသာပြောပါ။ ကျွန်တော်တို့ နာခံဖို့ အသင့်ပါပဲ'



လုစင်မှာ သူတို့မည်သည့်အကြောင်းကိစ္စများ ဆွေးနွေးပြောဆိုခဲ့ကြသည်ကိုမသိပေ။

သူတို့ဆွေးနွေးမည့်ကိစ္စများသည် လျှို့ဝှက်ကိစ္စများဖြစ်နေက မိမိရှိနေလျှင် ဆွေးနွေးရခက်နေလိမ့်မည်ဟု ယူဆကာ သူပင်ပန်းလာသဖြင့် အနားယူခွင့်ပြုရန်ဆရာကြီးရှင်အား တောင်းပန်မေတ္တာရပ်ခဲ့သည်။

ရှင်ကျွမ်ဝုက တဟားဟားအော်ရယ်လေတော့၏။ လုစင်မည်သည့်သဘောဖြင့် ဤသို့ ခွင့်တောင်းသည်ကို သူကောင်းစွာရိပ်မိ၏။

'ညီလေးလု အရက်နည်းနည်းလောက်သောက်ပါဦးလား၊ ကျုပ်တို့ပြောမယ့်ကိစ္စက လျှို့ဝှက်ကိစ္စ မဟုတ်ပါဘူး၊ ညီလေးလု ရှိနေလဲ ကျုပ်တို့ပြောလို့ဖြစ်ပါတယ်၊ ဒီကိစ္စမှာ အကြံကောင်းဉာဏ်ကောင်းကလဲ လိုအပ်နေသေးတော့ ညီလေးလုရှိနေရင် ကျုပ်တို့အတွက် အကူအညီတောင် ရချင်ရဦးမှာပါ'

ဆရာကြီးရှင်က တခြားလူတစ်ယောက်အား လှမ်းပြောလေ၏။

'ညီလေးပိုင်ရီမင်၊ ဒီအကြောင်းတွေကို မင်းကပဲ ဦးဆောင်ပြီး အကြမ်းဖျင်းပြောပြလိုက်ပါ၊ ညီလေးလုကိုလဲ ခေါင်းရှုပ်သွားအောင် အလုပ်ပေးလိုက်ကြတာပေါ့'

ပိုင်ရီမင်ကလည်ချောင်းတစ်ချက်ရှင်းလိုက်ပြီး လုစင်အား ရှင်းပြလေတော့သည်။

'ဒီလိုပါခင်ဗျာ ဟိုပေပြည်နယ်က ကျင်ယွမ်အာမခံဌာန

ဟာ ကြီးမားတဲ့အလုပ်တစ်ခုကို လက်ခံလိုက်တယ်၊ အလုပ်က အာဏာရှိလူကြီးတစ်ဦးရဲ့ ပစ္စည်းကို နေပြည်တော်ကနေ တာ့ထုံ အထိရောက်အောင် တာဝန်ယူပို့ဆောင်ပေးရမှာပါ။ ကြားရ သလောက်ဆိုရင် သူတို့သယ်ပေးတဲ့ပစ္စည်းဟာ အင်မတန် တန်ဖိုးကြီးမားတယ်လို့ဆိုပါတယ်၊ ကျင်ယွမ်အာမခံဌာနဆိုတာ ဘုရင့်စစ်သားတွေရဲ့ အကူအညီယူပြီး စီးပွားရေးလောကမှာ တွင်ကျယ်ခဲ့တာပါ၊ ကျုပ်တို့သိုင်းလောကသားတွေကို သူတို့က ကလေကချေတွေလိုပဲ သဘောထားကြပါတယ်'

လုစင်ကကြားဖြတ်မေးလိုက်သည်။

'အာဏာရှိလူကြီးတစ်ဦးရဲ့ပစ္စည်းဟုတ်လား၊ ဒါဆိုရင် ဒီသတင်းမဖြစ်နိုင်ဘူး၊ ဒီခရီးကြားမှာ စစ်စခန်းတွေရှိနေတာပဲ၊ အာမခံဌာနကို တာဝန်ယူပို့ဆောင်ခိုင်းစရာမလိုပါဘူး'

ရှင်ကျွမ်ဝုက သဘောကျစွာပြုံးလိုက်ပြီး ---

'ညီလေးပြောတဲ့ပစကားက ယုတ္တိရှိပါတယ်၊ ဒါပေမယ့် အဖြစ်မှန်က ဒီလိုမှမဟုတ်ဘဲ ဒီပစ္စည်းတွေဟာ လူကြီးတစ်ဦး ရဲ့ပစ္စည်းမှန်သော်လည်း သန့်ရှင်းတဲ့ပစ္စည်းမှုဟုတ်ပါဘူး၊ သူတို့ လာဘ်စားပြီးမတရားရယူထားတဲ့ပစ္စည်းတွေဖြစ်နေတယ်၊ ဒါ့ကြောင့်ဘုရင့်စစ်သားတွေကိုအသုံးမပြုဘဲ အာမခံအဖွဲ့ကို အသုံးပြုငှားရမ်းတာပေါ့'

'ဪ --- မတရားရထားတဲ့ပစ္စည်းတွေကိုး'

လုစင် ခေါင်းတညိတ်ညိတ်ရေရွတ်နေ၏။

'နောင်ကြီးကျိရှန်ဟာ ဒီပြဿနာတွေကို သွားစုံစမ်းနေတာ



ပဲ၊ သူပြန်လာရင် အကြောင်းစုံတိတိကျကျသိရလိမ့်မယ်၊ ဒီတော့ သူပြန်လာမှပဲ ဒီကိစ္စဆက်ဆွေးနွေးတာကောင်းလိမ့်မယ် ထင်ပါတယ်'

လုစင်သည် သိုင်းလောကသားဖြစ်လာခဲ့ပြီးသည့်နောက် တိုက်ခိုက်သတ်ဖြတ်ခဲ့ဖူးသည်သာဖြစ်၏။ သူသတ်ခဲ့သူများမှာ လူဆိုး ဓားပြ၊ လူရမ်းကားများသာဖြစ်သည်။ မည်သည့်အခါမှ မလုယက်ဖူးပေ။

ဆရာကြီးရှင်တို့ဆွေးနွေးနေသည့်ကိစ္စမှာ လုယက်ရန် ကိစ္စမျိုးဖြစ်လာသဖြင့် လုစင် မဆွေးနွေးလိုတော့ပေ။ နှုတ်ဆိတ် သွားသည်။

သို့သော် ပိုင်ရီမင်က ပြောလက်စ စကားကိုဆက်ပြော၏။

'ကျင်ယွမ်အာမခံဌာနနဲ့ ဆရာကြီးတွေဟာ အချိတ် အဆက်ရှိနေကြတယ်ဆိုတာ အများသိထားတဲ့ ရယ်စရာ လျှို့ဝှက်ချက်ကြီးပါ။ သူတို့ရဲ့ပစ္စည်းတွေကို လုယက်လို့ လုယက် သူတွေ ငရဲမကျနိုင်ပါဘူး၊ ဒီပစ္စတွေဟာ ဆင်းရဲသူဆင်းရဲသား တွေရဲ့ မျက်ရည်နဲ့စက်ထားတဲ့ ပစ္စည်းတွေပါ၊ ဒါတွေကို လုနိုင်ရင် သူတို့ဟာ သိုင်းလောကသားတွေကို လန့်သွားမှာပါ၊ သိုင်းလောကသားတွေကိုပေါ့သေးသေးလုပ်လို့မရဘူးဆိုတာ အဲဒီအခါမှသိသွားမှာပါ'

တန်ချင်ခိုက အလျင်အမြန်ပင်ထောက်ခံ၏။

'မှန်တယ်၊ ဖြူစင်သူလူထုဆီက မတရားယူထားတဲ့ ပစ္စည်း တွေကို ကျုပ်တို့က ဘာဖြစ်လို့ ပြန်မလုသင့်ရမှာလဲ၊ လုပြီးရင်

ပြည်သူတွေရဲ့ လက်ထဲ ဒီပစ္စည်းတွေ ဖြန့်ဝေပေးလိုက် ယုံပေါ့'

ရှင်ဘုရင်နှင့်အမတ်ကြီးအများစုသည် ကိုယ့်အတွက် ကိုယ့်ဥစ္စာပစ္စည်း မတရားစုဆောင်းနေသည့်အချိန်အခါဖြစ်၍ ထိုပစ္စည်းများကို လုယက်ရန်အများသဘောတူ ဆုံးဖြတ်လိုက်ကြတော့သည်။

ကျိုကျန်ရှန်ပြန်မရောက်သေးချိန်မှာပင်သူတို့ ဆုံးဖြတ်ချက် ချပြီးနေကြလေပြီ။ လုစင်၏အခြေအနေကို အကဲခတ်နေသည့် ရှင်ကျွမ်ဝုက လုစင်၏သဘောဆန္ဒကို တီးခေါက်သည်။ လုစင်ကလည်း သူ့ဆန္ဒသဘောကို ရိုးသားစွာ ပြောပြ၏။

'ဒီပစ္စည်းတွေဟာ ပြည်သူလူထုကို နိုင့်ထက်စီးနင်းလုပ်တဲ့ အရာရှိကြီးတွေရဲ့ ပစ္စည်းဥစ္စာ ဟုတ် မဟုတ် သေသေချာချာ စုံစမ်းရင်ကောင်းပါလိမ့်မယ်၊ သူ့ဘာသာရိုးရိုးသားသား စုဆောင်းထားတဲ့ပစ္စည်းတွေကို ကိုယ်က မှားယွင်းလုယက်မိရင် ကိုယ်လဲ သူခိုးဓားပြအုပ်စုထဲ ပါသွားနိုင်ပါတယ် ခင်ဗျာ'

သူ့အမြင်ကို တန်ချင်ခိုက အလျှင်ဦးစွာ ကန့်ကွက်သည်။

'ဟာ -- အခြေအမြစ်က စပြီးပြန်စုံစမ်းဖို့ဆိုတာ မလွယ်ဘူးဗျာ၊ ဒီကျင်ယွမ်အာမခံနဲ့ ဆက်သွယ်လုပ်ဆောင်ကတည်းက ဒီပစ္စည်းတွေဟာ မရိုးမသားရတဲ့ပစ္စည်းတွေဆိုတာ သိသာပါတယ်၊ ဒီတစ်ခါပစ္စည်းတွေဟာ သိပ်များတယ်၊ အလွတ်ပေးလို့ မဖြစ်ဘူး၊ ခပ်မြန်မြန်ပဲ အကောင်အထည်ဖော်သင့်ပါတယ်'

လုစင်မှာ တန်ချင်ခိုတင်ပြချက်ကို စိတ်ထဲက သဘောမတူသော်လည်း ထုတ်ဖော်မပြောချေ။ ပိုင်ရှီမင်က ထူးခြားချက်



တစ်ခုကို ထပ်မံတင်ပြ၏။

'ကျွန်တော်တို့နှစ်ယောက် ကျင်ယွမ်အာမခံဌာနရဲ့ ပစ္စည်းသတင်းအကြောင်းကြားတာနဲ့ နောက်က တစ်လမ်းလုံး လိုက်လာခဲ့ပါတယ်၊ ဒါပေမယ့် မထင်မှတ်ဘဲ ကျွန်တော်တို့လို အကြံအစည်ရှိတဲ့လူတွေကိုလဲ တွေ့ခဲ့ရပါတယ်၊ ယန်မေချိစ တို့ဆိုရင် အာမခံဌာနနဲ့ ရှေ့ဆင့်နောက်ဆင့် လိုက်ပါနေကြပါတယ်'

ယန်မေချိစဆိုသော နာမည်ကြားသည်နှင့်လုစင်မှာ တည်းခိုဆောင်မှ လူခုနှစ်ယောက်ကို သတိရလိုက်မိသည်။

ရှင်ကျွမ်ဝုတို့သည် ဤကိစ္စကို အကောင်အထည်ဖော်ဆောင်ရွက်ရန်ဆုံးဖြတ်လိုက်ကြတော့သည်။ ထိုဆုံးဖြတ်ချက်ချပြီးသည်နှင့် မည်သို့မည်ပုံစတင်လှုပ်ရှားကြမည်ကိုတိုင်ပင်ကြသည်။

တန်းချင်ခိုက ဖုံဝှမ်ကျွမ်းကျေးရွာမှပင် စတင်ဆောင်ရွက်လျှင်ပို၍ အဆင်ပြေကြောင်းတင်ပြ၏။ ချင်ရှိနှင့်အောင်လူသုံးတို့ကလည်း မပင်ပန်းဘဲ အနိုင်ရသည်မို့သဘောတူကြ၏။

ရှင်ကျွမ်ဝုက လုစင်ကိုကြည့်ပြီး မေးလိုက်သည်။

'ညီလေးလုကကောဘာယ်လိုသဘောရှိလဲ'

လုစင်မှာမနေသာတော့သဖြင့် ဝင်ဖြေရတော့သည်။

'နောင်ကြီးတန်နဲ့ နောင်ကြီးအောင်တို့ရဲ့ဆန္ဒသဘောထားကမပင်ပန်းဘဲ အကျိုးအမြတ်ရရှိမယ့်သဘော ရှိနေပါတယ်၊ ဒီလိုလုပ်ရပ်မျိုးက ရန်သူနဲ့ယှဉ်ပြိုင်တိုက်ခိုက်နိုင်ရင်တော့

ကောင်းပါတယ်'

တန်ချင်နိုက တအံ့တဩဟန်ဖြင့် ----

'ကျုပ်တို့က အခုရန်သူနဲ့စစ်ခင်းနေကြတဲ့သဘောပဲ မဟုတ်လားဗျာ'

'ကျွန်တော်ဆိုလိုတာက တစ်မျိုးပါ၊ နောင်ကြီးတန်းအထင်မှားသွားတာပါ၊ သူတစ်ပါးပစ္စည်းကို လုမယ်ဆိုရင် သူတစ်ပါးကို ရန်သူလိုသဘောထားရမှာမှန်ပါတယ်၊ ဒါပေမယ့် ကျွန်တော်ပြောချင်တဲ့ရန်သူဆိုတာက ဒီသဘောမျိုးမဟုတ်ဘူး၊ နောင်ကြီးတို့ပြောသလို စစ်ကြိုတိုက်ခိုက်မယ်ဆိုရင် သင့်လျော်ပေမယ့် ကျင်ယွမ်အာမခံဌာနအပေါ်မှာ ဒီနည်းစနစ်ကို သုံးဖို့မသင့်လျော်ပါဘူး'

အောင်လူထုံက လုစင်ကိုစိုက်ကြည့်ပြီး ပြန်မေး၏။

'နောင်ကြီးလုရဲ့စကားကို ကျုပ်တော့ဘယ်လို နားလည်ရမှန်းမသိတော့ဘူး၊ ကျုပ်တို့က ကျင်ယွမ်အာမခံဌာနကို မတိုက်သင့်မြန်တော့ဘူးလား'

'ဒီလိုသဘောမျိုးမဟုတ်ပါဘူး၊ ကျွန်တော့်ကို အထင်လွဲကုန်ကြပြီ၊ ကျွန်တော်ပြောခဲ့တာတွေက ကိစ္စတစ်ခုကိုရှင်းရှင်းလင်းလင်းမသိခင် မလုပ်သင့်ပါဘူး။ ဒါပေမယ့် ဆုံးဖြတ်ပြီးကြပြီဆိုရင် ကျွန်တော်ဘယ်လိုမှ မပြောလိုတော့ပါဘူး၊ ကဲ --- ကျွန်တော့သဘောပြောရရင် ဒီအစီအစဉ်ကို ဖုံဝှမ်ကျေးရွာက စတင်ဖို့သဘောမတူဘူး။ ဒီလိုလုပ်လိုက်ခြင်းအားဖြင့် အကျိုးထက် အပြစ်က ပိုများလိမ့်မယ်လို့ ကျွန်တော်ထင်ပါတယ်'



ရှင်ကျွမ့်ဝုက ---

'ညီလေးလုက ဘယ်လိုလုပ်ချင်သလဲ၊ ဖုန်ဝှမ်ကျွမ်းကျေးရွာက စမတိုက်ရင်ဘယ်ကစတိုက်ရမလဲ'

'ရွှေ့ပြောင်းလို့ရတာနဲ့ ရွှေ့ပြောင်းလို့မရတာကို လူတိုင်းသိကြပါလိမ့်မယ်၊ လူဆိုတာက နေရာတကာကို လျှောက်သွားလို့ရပေမယ့် နေရာဆိုတာကတော့ ရွှေ့လျားလို့မရပါဘူး၊ ဆရာကြီးရှင်ဟာ ဒီရွာရဲ့ အကြီးအကဲတစ်ယောက်မို့ သူ့သဘောတူညီချက်မရရှိဘဲ ဒီရွာက စတင်လှုပ်ရှားကြမယ်ဆိုရင် မဖြစ်နိုင်ပါဘူး၊ ဒီအချက်ကို နားလည်လိမ့်မယ်ထင်ပါတယ်'

အားလုံးခေါင်းညိတ်လိုက်ကြ၏။ လုစင်က သူ့စကားကို ဆက်ပြန်သည်။

'သဘောကတော့ ကျင်ယွမ်အာမခံဌာနကို လုယက်လိုက်ရင် ရွာရဲ့အကြီးအကဲ ပါဝင်ရလိမ့်မယ်၊ဒီအချက်ကို လူတိုင်းတွေးမိကြမှာအမှန်ပါပဲ၊ အိမ်ခံမရှိဘဲနဲ့ ဧည့်သည်က မစော်ကားရဲဘူးဆိုတဲ့သဘောပေါ့၊ ဒါ့ကြောင့်ပြဿနာဖြစ်ပြီဆိုတာနဲ့ ကျင်ယွမ်အာမခံဌာနက မလွဲမသွေလူလွှတ်ပြီး ဖုံဝှမ်ကျွမ်း ကျေးရွာမှာအကူအညီလာတောင်းမယ်၊ ဒီလိုအခြေအနေမျိုးမှာ ဆရာကြီးရှင်က ဘာလုပ်ရမလဲ၊ လမ်းကနှစ်လမ်းရှိတယ်၊ အမှန်းခံပြောင်တိုက်၊ နောက်တစ်လမ်းက အမှန်းမခံနဲ့၊ ကျင်ယွမ်အာမခံဌာနကို တစ်ခြားလမ်းက တိုက်ခိုက် ဒါပဲ၊ အဲဒါဆိုရင် ဖုံဝှမ်ကျွမ်းကျေးရွာဟာ တိုက်ခိုက်မှုနဲ့ မပတ်သတ်ဘူးဆိုပြီး မူလဂုဏ်ဒြပ်အတိုင်း သန့်သန့်ရှင်းရှင်းရှိနေပါလိမ့်မယ်'

လုစင်က အားလုံးကို တစ်ချက်အကဲခတ်ပြီး သူ့စကားကို အဆုံးသတ်လိုက်သည်။

'ဒါကြောင့် ဖုံ့ဝှမ်ကျွမ်းကျေးရွာက စတင်ဖို့ ကျွန်တော် သဘောမတူပါဘူး'

သူ၏ပြတ်သားသောစကားသံကြောင့် အားလုံးမှာ မှင်တက်ငေးကြောင်သွားကြရပြန်သည်။ အတန်ကြာမှ တန်းချင်ခိုက စဉ်းစားမိဟန်လေသံဖြင့်

'နောင်ကြီးလုရဲ့စကားက တကယ့်ကိုမှန်ကန်ပါတယ်၊ ကျုပ်တို့တစ်တွေ ဒီရွာကို ပြိုကွဲအောင်လုပ်လို့မဖြစ်ဘူး၊ ရွာသူကြီးက ဂရုမစိုက်တာတောင်မှ ရွာသားတွေ ကစဉ့်ကလျား ဖြစ်ကုန်မယ်၊ ကျုပ်တို့အတွက်လဲ နားခိုစရာနေရာတစ်ခု လျော့သွားလိမ့်မယ်၊ ဒီနည်းလမ်းကို သုံးလို့မဖြစ်ဘူး၊ ဒီတော့ နောင်ကြီးလုအနေနဲ့ ဘယ်လိုလုပ်ရင်ကောင်းမယ်ဆိုတာ စဉ်းစား မိသလား'

လုစင်က စကားမလွန်အောင်ထိန်းပြောသည်။

'ကျွန်တော့်သဘောဆန္ဒတစ်ခုတည်း ဘယ်ဟုတ်ပါ့မလဲ၊ အားလုံးတိုင်တိုင်ပင်ပင်ညှိညှိနှိုင်းနှိုင်းဆွေးနွေးကြရင် နည်းလမ်း တစ်ခုပေါ်လာမှာပါ'

ရှင်ကျွမ်ဝုက လုစင်၏သဘောထားကို နားလည်သည်။ ထို့ကြောင့်ပွင့်ပွင့်လင်းလင်းပြောစေရန် စကားလမ်းကြောင်း ပေးသည်။

'အားနာစရာမရှိပါဘူးညီလေးလု၊ ဒီမှာရှိတဲ့ လူတွေ



အားလုံးဟာ ရဲဘော်ရဲဘက်တွေ တစ်စိတ်တစ်ဝမ်းတည်းလူတွေ ပါပဲ၊ ညီလေးရဲ့အကြံဉာဏ်ဟာ အားလုံးရဲ့အကြံဉာဏ်ပါပဲ'

လုစင်ငြင်းဆန်မရတော့သည်နှင့် သူ့စိတ်ကူးကို ဖွင့်ဟ ပြောဆို ရတော့သည်။

'ကျွန်တော်က ဒီနေရာကို ပထမဆုံးအကြိမ်ရောက်ဖူးတာဆိုတော့ ဒီနယ်တစ်ဝိုက်ရဲ့ အခြေအနေကိုကောင်းကောင်း သိမထားပါဘူး၊ ဘယ်နေရာက အစီအစဉ်ကို စတင်မယ်လို့ အတိအကျမပြောနိုင်ပါဘူး၊ ဒါပေမယ့် ဖုံ့ဝှမ်ကျွမ်းကျေးရွာကို မရောက်ခင်အစီအစဉ်စမယ့်အစား ဖုံ့ဝှမ်ကျွမ်းကျေးရွာကို လွန်သွားပြီးမှ လုပ်ငန်းစရင်ကောင်းပါလိမ့်မယ်၊ ဒါမှလဲ ရွာအကြီးအကဲတစ်ယောက်အနေနဲ့ ဒီကိစ္စကို ဘယ်လိုမှ မသိဘူးဆိုတာ ငြင်းဆန်လို့ရနိုင်ပါတယ်၊ ဖြစ်နိုင်ရင်လူဆိုး ဓားပြတွေပေါ်တဲ့အနီးဆုံးနေရာတစ်ဝိုက်မှာ တိုက်ခိုက်နိုင်ရင် အကောင်းဆုံးပါပဲ၊ ဒီနယ်မြေကို ကျွန်တော်မကျွမ်းကျင်တော့လဲ ဘယ်နေရာဘယ်ဒေသရယ်လဲ ညွှန်မပြတတ်ပါဘူး'

ရှင်ကျွမ်ဝု ကျေနပ်သွား၏။ ထိုအကြံဉာဏ်ကို သူသဘော ကျပေသည်။

'ငါ့ညီလုကတော့ တကယ့်ကို ဉာဏ်ပညာအမြော်အမြင် ထက်မြက်ပါပေတယ်ကွယ်၊ ဒါကြောင့်လဲ နောင်ကြီးကိုက ညီလေးအပေါ် ဂရုစိုက်နေတာကိုး၊ ကိုယ့်ကိုယ်ကို အထင်ကြီးပြီး ပြောတာတော့ မဟုတ်ပါဘူး၊ ဒါပေမယ့် အင်အားကြီးရန်သူ တစ်ယောက်ဆိုတာကိုတော့ သတိပြုမိပါတယ်၊ ဖုံ့ဝှမ်ကျွမ်း

ကျေးရွာကိုလဲ သိပ်အမြတ်တနိုးခုံမင်သံယောဇဉ်ကြီးကြီး ရှိဖို့လဲ မလိုအပ်ပါဘူး၊ မိတ်ဆွေကောင်းအတွက် အသက်ကိုတောင် ပေးလှူရဲကြရင် ကျေးရွာတစ်ရွာ အဆုံးရှုံးခံဖို့ဆိုတာ ပြောပလောက်တဲ့ကိစ္စမဟုတ်ပါဘူး၊ဒါပေမယ့် ဖုံဝှမ်ကျွမ်းထက်ပိုပြီး အဆင်ပြေသင့်လျော်နိုင်မယ့်နေရာရှိနေခဲ့ရင် ကျုပ်တို့က ဘာဖြစ်လို့ ဖုံဝှမ်ကျွမ်းကို ဖျက်ဆီးပစ်ရမှာလဲ၊ နောက်နောင် ဒီထက်အရေးကြီးတဲ့ကိစ္စတွေ ဒီရွာမှာ ထပ်ပြီးဆွေးနွေးစရာ မရှိဘူးလို့ပြောနိုင်မလား၊ ဒါ့ကြောင့် ကျုပ်ညီလေးလုရဲ့တင်ပြချက်ကိုသဘောတူတယ်'

ရှင်ကျွမ်ဝု၏သဘောတူညီချက်ကို အားလုံးက ငြိမ်သက်တိတ်ဆိတ်စွာ ထောက်ခံကြသည်။

'ကျုပ်က ဒီနေရာမှာ ဆယ်နှစ်မကနေခဲ့ပြီးပြီမို့ ခင်ဗျားတို့အားလုံးထက်ပိုပြီးအခြေအနေကို သိပါတယ်၊ ရွာရဲ့အရှေ့ဘက်မှာ ဘာမှမရှိဘူး၊ နောက်ဘက်မိုင်ငါးဆယ်ကျော်လောက်မှာ ရယ်ဟူအောင်းလို့ခေါ်တဲ့တောင်ကြားလျှိုတစ်ခုရှိတယ်၊ အဲဒီနေရာမှာ မြွေခွေးရိုင်းတွေပေါများနေလို့နာမည်ကြီးတယ်၊ အဲဒီမှာလုပ်ငန်းစရင်ဖြစ်တယ်၊ ရယ်ဟူအောင်းတောင်ကြီးကိုကျော်ပြီးတာနဲ့ဆယ်မိုင်ကျော်လောက်ထပ်သွားရင်ချူကျားကျွမ်းရွာကိုရောက်မယ်၊ အဲဒီအနားမှာလဲ ကျီလီအောင်း ဆိုတဲ့ တောင်ကြားမြေပြန့်တစ်ခုရှိတယ်၊ အဲဒီနေရာနဲ့ သိပ်မဝေးတဲ့ဆီမှာ တစ်ဘက်ကချောင်း၊ အလယ်မှာက ထင်းရှူးတောကြီး ထိုးထိုးမားမားရှိနေတယ်'



ချင်ရှိနှင့်ကျင်းအော့တို့နှစ်ယောက်စလုံးက မြိုင်တူပင်ကြားဖြတ်မေးလိုက်၏။

'ချူကျားကျွမ်းရွာသူကြီးက ချတော့တူမဟုတ်လား'

'ဟုတ်တယ်'

လုစင်ကလည်း အခြေအနေဝင်မေး၏။

'ချတော့တူရဲ့ ဆက်ဆံရေးက ဘယ်လိုအနေအထားရှိသလဲ၊ သိုင်းပညာထက်မြက်သလား'

ရှင်ကျွမ်ဝုက ချတော့တူ၏အကြောင်းကိုရှင်းပြ၏။

သိုင်းဆရာကြီးတစ်ဦးဖြစ်သည်။ အလွန်ရိုင်းပျသည်။ အဂတိလိုက်စားသည်။ သူ့ရွာသားများက သူ့ကိုမုန်းတီးကြသည်။ သို့သော် ကြောက်ရွံ့ကြသည်။

ရှေ့တွင် မဖွယ်မရာမလုပ်ဝံ့သော်လည်း ကွယ်ရာတွင် မလေးစားကြကြောင်းပြောပြ၏။ ပိုင်ရှီမင်က ငြိမ်သက်နေရာမှ ဝင်ပြောသည်။

'ချတော့တူက မကောင်းတာမှန်သမျှ အကုန်လုပ်တယ်ဆိုတော့ ရွာကိုရောက်လာတတ်ကြတဲ့အောက်လမ်းသိုင်းသမားတွေနဲ့အသွားအလာရှိမှာပဲ၊ ဒီအတိုင်းဆိုရင် သူတို့နဲ့နီးတဲ့နေရာမှာလှုပ်ရှားမှုကိုစလိုက်ရင် သူတို့ဝင်ပါလာနိုင်တယ်၊ ဒီတော့ ရယ်ဟူအောင်းမှာပဲ စလိုက်ကြရင်မကောင်းဘူးလား'

တန်းချင်ခိုက ရယ်ကာမောကာဖြင့် ---

'ဒါကတော့ ပြောနေစရာလိုသေးသလားဗျာ၊ ကျုပ်တို့တစ်တွေရယ်ဟူအောင်းမှာပဲ စပြီးလှုပ်ရှားလိုက်ကြတာပေါ့၊

ချတာ့တူကို အခွင့်အရေးပေးရဦးမှာလား'

အားလုံးမှာရယ်ဟူအောင်းတွင်စတင်ရန် သဘောဆန္ဒရှိနေကြသည်။

ထိုစဉ် လုစင်က ရုတ်တရက်မေးလိုက်သည်။

'ဆရာကြီး ရှင် ---- ဆရာကြီးရှင်နဲ့ ချတာ့တူနဲ့ ရန်ငြိုးရန်စများ ရှိခဲ့ဖူးပါသလားခင်ဗျား'

ရှင်ကျွမ်ဝုက ရယ်လိုက်ပြီး ---

'ဘာဖြစ်လို့လဲ၊ ကြားဖြတ်လုမယ်ထင်လို့လား၊ သူနဲ့ကျုပ်ကြီးကြီးမားမားပြဿနာတော့ မရှိပါဘူး၊ လွန်ခဲ့တဲ့ နှစ်ဝက်လောက်က ရွာထဲက မုဆိုးတွေနဲ့ သူတို့နဲ့ မကျေမနပ်လေးတွေဖြစ်ခဲ့ဖူးတယ်၊ ညီလေးက ဘာတွေများ ထပ်ပြီးစဉ်းစားမိလို့လဲ'

လုစင်က စဉ်းစားမနေတော့ဘဲ ရုတ်တရက်ပင်သူ့စိတ်ကူးကိုပြောလိုက်၏။

'ဒီလိုဆိုရင် ကျိုလီအောင်းတောင်ကြားမှာပဲ စပြီးလှုပ်ရှားသင့်တယ်'

တန်းချင်ခိုက ဝင်မေး၏။

'ဘာဖြစ်လို့လဲ၊ ဘာ့ကြောင့်လဲ'

လုစင်မဖြေခင်မှာပင် အပြင်ဘက်မှ အသံတစ်သံကြားလိုက်ရသဖြင့် လူတိုင်းလူတိုင်း အံ့အားသင့်သွားကြရသည်။ ကျင်းအော့က နောက်သို့လှည့်ကာပြောသည်။

'နောင်ကြီးကျို --- ဘယ့်နှယ့်ဗျာ၊ ထွက်သွားတာ ညဝက်လောက်ကြာမြင့်သွားပြီ၊အခုမှပဲပေါ်လာတော့တယ်'

အမှန်တကယ်ပင် ကျိုကျန်ရှန်ပြန်လည်ရောက်ရှိလာခဲ့ပေသည်။ ကျိုကျန်ရှန်က အခန်းတွင်းသို့ ဝင်ရောက်လာခဲ့ပြီး ပြုံးပြုံးရယ်ရယ်ပြောသည်။

'ညဝက်ဘယ်ကမလဲဗျာ၊အခုမိုးလင်းတော့မယ်ဗျ၊ ခင်ဗျားတို့ကတော့ ဘာတွေများပြောလို့ဆိုလို့မပြီးနိုင်ဘဲ ဖြစ်နေရတာလဲ၊ အနားယူဖို့ ကောင်းနေကြပြီဗျ-

ရှင်ကျွမ်ဝုက သူတို့ဆွေးနွေးနေကြသည့်အကြောင်းအရာအကြမ်းဖျင်းကို အတိုချုံးပြောကြားပြ၏။ ကျိုကျန်ရှန် ထိုကိစ္စကို ဘာမျှမှတ်ချက်မချသေးဘဲ လုစင်ကိုသာလှမ်းပြောသည်။

'သိပ်ကောင်းတဲ့သတင်းတစ်ခု ကျုပ်စုံစမ်းရခဲ့တယ်၊ မင်းမပါဝင်ဘူးဆိုရင်တော့ တော်တော်လေးခက်လိမ့်မယ်ကွယ့် လုစင်'

ဘာမှန်းမသိသောစကားကြောင့် အားလုံးခေါင်းထောင်သွားကြ၏။သူ့ထက်ငါသိလိုစိတ်ဖြင့်မေးမြန်းကြသည်။

ကျိုကျန်ရှန်က အေးအေးဆေးဆေးပင်ပြောပြပါသည်။

'ပြောပါ့မယ် --- ပြောပါ့မယ်၊ လမ်းတစ်လျှောက်လုံးသတင်းသိပ်ကြီးနေလို့ထင်ပါရဲ့၊ အာမခံဌာနခေါင်းဆောင်ကျိုကျင်ယွမ်နဲ့ စွမ်းချန်းစုတို့နောက်က လိုက်လာကြတယ်၊ ကြားရသလောက်တော့ သူတို့ရှင်ကျွမ်ဝုနဲ့တွေ့ဖို့လာချင်လာလိမ့်မယ်၊ သူတို့အတွက်ရှေ့ခရီးဆက်ရမှာကို ဘဝင်မကျဘူးဖြစ်နေကြတယ်၊ အထူးသဖြင့် ယန်မေချီစတို့က ရှေ့မလွတ်၊ နောက်မလွတ်လိုက်နေကြလို့သူတို့အဖို့ ပိုပြီးနောက်ဆံတင်း

နေကြတယ်၊ ယန်မေချီစတို့ကလဲ လူစောင့်နေကြပုံရတယ်၊ ခုနှစ်ယောက်အုပ်စုထဲမှာ ဝူစက်ရင်ကျက်ထွက်သွားတာ စစ်ကူသွားတောင်းပုံပဲ။

ခန့်မှန်းကြည့်ရသလောက် မနက်ဖြန်ညနေခင်းလောက် ဒီကိုရောက်လာကြလိမ့်မယ်၊ ကျုပ်စုံစမ်းရသလောက်ကတော့ ဒါပဲ၊ ကဲ ---- ခင်ဗျားတို့ဘယ်လိုသဘောရှိကြသလဲ'

လုစင်က မျက်မှောင်ကြုတ်လိုက်ပြီး ---

'ကျွန်တော်က ဘာဖြစ်လို့မပါရင်မဖြစ်ရမှာလဲ၊ နောင်ကြီးကျိုရဲ့စကား အဓိပ္ပါယ်က ဘယ်လိုလဲ၊ ကျွန်တော်မပါရင်မဖြစ်တဲ့အခန်းကနောင်ကြီးရဲ့ စကားထဲမှာ လုံးဝမပါသေးဘူး'

ကျိုကျန်ရှန်က အားပါးတစ်ရရယ်မောလိုက်သည်။

'ဘာပစ္စည်းတွေသယ်လာပြီး ဘယ်ကိုသွားမယ်ဆိုတာ ငါ့ညီသိလို့လား' --- လုစင်ခေါင်းခါယမ်းပြလိုက်သည်။

ကျိုကျန်ရှန်ကခေါင်းတစ်ဆတ်ဆတ်ညိတ်ပြလိုက်ပြီး ဆက်ပြော၏။

ပစ္စည်းတွေအားလုံးဟာ ရှေးဟောင်းရွှေထည်တစားစရာပစ္စည်းနဲ့ကျောက်မျက်ရတနာတွေပဲ၊ စူးကျုံးပြည်နယ်တာ့ထုံအိမ်တော်ကို သယ်သွားကြလိမ့်မယ်၊ အဲဒီပစ္စည်းတွေရဲ့ပိုင်ရှင်ကတော့ နာမည်သိပ်ကြီးနေတဲ့အမတ်ကြီး ဝမ်ကျင်ပဲ'

ကျိုကျန်ရှန်စကားကြောင့်လုစင်မှာကျောက်ရုပ်ကြီးတစ်ရုပ်ကဲ့သို့ ဖြစ်သွားရလေတော့သည်။

* * * * *

## အခန်း (၂၃)
## သတင်းထောက်သူ

လုစင်သည် အတန်ကြာငိုင်နေပြီးမှ သက်ဝင်လာ၏။

'နောင်ကြီးကျို တကယ်ပြောတာလား၊ အဲဒီပစ္စည်းတွေက လူယုတ်မာဝမ်ကျင်ရဲ့ပစ္စည်းတွေအမှန်ပဲလား'

'တကယ်ပြောနေတာပေါ့ကွ၊ မင်းကို ငါလိမ်မပြောပါဘူး၊ ညီလေးရာ'

'ဟား --- ဟား ---- ဟား'

လုစင်မှာ ဝမ်းသာလွန်းသဖြင့် ကျယ်လောင်စွာ ရယ်မောလိုက်လေတော့၏။

ထို့နောက် လေးနက်ခိုင်မာစွာရေရွတ်လိုက်၏။

'ကောင်းတယ်၊ ဒီအတိုင်းဆိုရင် လူယုတ်မာဝမ်ကျင်သိပ်ပျော်ဖို့အကြောင်းမမြင်တော့ဘူး၊ သူစိတ်ညစ်အောင်ထပ်လုပ်ရမှာပဲ'

ထို့နောက်ရှင်ကျွမ်ဝုအားမေးပြန်သည်။

'ဆရာကြီးရှင် ခင်ဗျာ ကျေးဇူးပြုပြီး ခုနကအကြောင်းကို ဆက်ပြီးပြောပေးပါ၊ ကျိုလီအောင်းတောင်ကြားမှာရှိတဲ့ချောင်းက ဘယ်လိုအခြေအနေရှိပါသလဲ၊ ရေစီးသန်သလား၊ ဒီဘက်အထိ ပေါက်ရောက်ပါသလား၊ လုစင်စိတ်ပါလက်ပါအားတက်သရော ပြောလာသဖြင့် ရှင်ကျွမ်ဝုကလည်း တုံ့ဆိုင်းမနေတော့ဘဲ အလျင်အမြန်ပင်ဖြေ၏။ ထိုအဖြေကိုရလျှင်လုစင်မှာ ဝမ်းသာသွား၏။

'ဒီလိုဆိုရင် သိပ်ဟန်ကျတာပဲ၊ ကျွန်တော့အကြံအစည်ကို ဘယ်လိုသဘောရလဲ'

လုစင်က သူ့အကြံအစည်ကိုအားလုံးထုတ်ဖေ ါ်ပြောကြား လိုက်သည်။ အားလုံးသဘောတူလက်ခံလိုက်၏။

တန်းချင်ခိုက စိုးရိမ်အသံဖြင့် ----

'နောင်ကြီးလုရဲ့ အစီအစဉ်ကောင်းပါတယ်၊ သူတို့မလာမှာ ကိုဘဲ စိုးရိမ်ရပါတယ်'

လုစင်က ----

' ဒါကိုတော့အာမခံချက်ပေးလို့မရဘူး၊ ဒါပေမယ့် ဒီနည်းအတိုင်း လှည့်စားလို့ရနိုင်ကောင်းပါတယ်'

ကျိုကျန်ရှန်က နဖူးကြောရှုံ့လိုက်ပြီး ---

'ဒီအကြံဉာဏ်ကိုစမ်းသုံးသင့်တယ်၊ မအောင်မြင်လဲဘဲ ဆုံးရှုံးမှာမဟုတ်ဘူး၊ ယန်ချီစတို့ကသာသွားရင် အစွမ်းကုန် တိုက်ခိုက်ရမှာ·သေချာတယ်၊ ထိုအချိန်ရောက်ရင် တို့တစ်တွေ သက်သက်သာသာနဲ့ ယူလိုက်ရုံပေါ့။ တကယ်လို့အာမခံဌာနက



လူတွေနိုင်သွားမယ်ဆိုရင်လဲဒီအတိုင်းပဲ၊ ချကျားကျွမ်းရွာက သိုင်းသမားတွေ ကျုပ်တို့ကိုရင်မဆိုင်နိုင်ဘူးလို့ပြောရခက်တယ်၊ ဆရာကြီးရှင် ---- ကျုပ်တို့ဒီလိုပဲလုပ်ကြရင်ကောင်းမယ်၊ ထိုင်နေရုံနဲ့ အမြတ်ထွက်မှာဆိုတော့ ဒီထက်ကောင်းတာ ရှိပါဦးမလား'

ရှင်ကျွမ်ဝုက ပြုံးလိုက်ပြီး နောက်ပြောင်ကျီစယ် စကားဆိုသည်။

'ခင်ဗျားတို့ကတော့ ပျော်နိုင်မှာပေါ့ဗျာ၊ ဒါပေမယ့် ကျုပ်ကတော့ ဟိုနှစ်ကောင်ကို ရင်ဆိုင်ရဦးမယ်ဆိုတော့ သိပ်မကျေနပ်ဘူးဗျာ၊ ဒီတစ်ခါတော့ ခင်ဗျားတို့ကိုအရှုံးပေးလိုက် ပါပြီ'

အားလုံးရယ်မောလိုက်ကြသည်။ ထို့နောက်အသီးအသီး ပင် ကိုယ့်တာဝန်ကိုယ်ထမ်းဆောင်ရန် လမ်းခွဲလိုက်ကြ၏။ နေ့လယ်ပိုင်းတွင် ဖုံဝှမ်ကျွမ်းကျေးရွာသို့ လူတစ်ယောက် မြင်းဒုန်းစိုင်းကာ ရောက်ရှိလာတော့သည်။

အသက်ငါးဆယ်ဝန်းကျင်ခန့်ရှိပြီး ထောင်ထောင် မောင်းမောင်းနှင့် ကြံ့ခိုင်တောင့်တင်းသည်။ မျက်လုံးများက တောက်ပလွန်းနေသဖြင့် အတွင်းအားပညာအဆင့်မြင့်ကြောင်း သိသာသည်။ ဥပဓိရုပ်ရည်ကလည်း တည်ကြည်ခန့်ညားသည်။

ထိုသူက မြင်းကိုတုံ့ခနဲရပ်ကာသစ်ပင်တစ်ပင်တွင် ကြိုးချည်လိုက်ပြီး လူသွားလမ်းကလေးအတိုင်း လျှောက်လာ ခဲ့သည်။ အတန်ကြာလျှောက်လာမိလျှင် လူသံကြားရသဖြင့်

ခြေလှမ်းရပ်လိုက်ရသည်။

'ဘယ်သူလဲဒီကိုဘာလာလုပ်တာလဲ'

အသံသာကြားရပြီး လူကိုမမြင်ရ၊ ထိုသူက အသံထွက်ပေါ်လာရာဘက်သို့ ဦးညွတ်အလေးပြုလိုက်သည်။

'ကျေးဇူးပြုပြီးအကြောင်းကြားပေးပါလားခင်ဗျား၊ ကျင်ယွမ် အာမခံဌာနက ကျိုကျင်ယွမ်က ဒီရွာရဲ့ ရွာသူကြီးနဲ့ တွေ့လိုကြောင်းအကြောင်းကြားပေးပါ'

ထိုသူကား ကျိုကျင်ယွမ်တည်း။

သူ့အသံက ကြည်လင်ပြတ်သားလှသည်။ အတွင်းအားဖြင့် ပြောလိုက်ခြင်းဖြစ်ပေသည်။ စောစောက မေးခွန်းထုတ်လိုက်သူသည် သည်တော့မှ ပျော့ပျောင်းသွားသည်။

'ဆရာကြီးကျိုကျင်ယွမ်မှန်းမသိလို့ပါခင်ဗျာ၊ အခုလိုမေးမိတာကို ခွင့်လွှတ်ပါ၊ အခုပဲ ဆရာကြီးရှင်ကို အကြောင်းကြားပေးပါ့မယ်၊ ကျေးဇူးပြုပြီး ခဏလောက်စောင့်စေချင်ပါတယ်'

သူ့စကားဆုံးသည်နှင့်အချက်ပေးသံများပေါ်ထွက်လာ၏။ ထို့နောက်အတန်ငယ်တိတ်ဆိတ်ငြိမ်သက်သွားသည်။

ထိုအသံများပေါ်ထွက်လာသော်လည်း၊ ကျိုကျင်ယွမ်မှာ လူရိပ်လူယောင်ကိုမတွေ့ရစိတ်ထဲတွင် ရှင်ကျွမ်ဝု၏ စည်းစနစ်ကျနစွာ အစောင့်အကြပ်ချထားပုံကို ချီးကျူးနေမိသည်။

ကွမ်းတစ်ယာညက်ခန့်အကြာတွင် ခပ်ဝေးဝေးဆီမှ လူရိပ်တစ်ရိပ်လျှောက်လာသည်ကိုတွေ့ရ၏။

ထိုလူက



'ဆရာကြီးရှင်က ဆရာကြီးကျိုနဲ့ တွေ့ဆုံဖို့ ရွာထဲကို ဖိတ်ခေါ်လိုက်ပါတယ်ခင်ဗျာ'

ကျိုကျင်ယွမ်လည်း ပြန်လည်၍ အရိုအသေပေးပြီးလျှင် ထိုလူနောက်သို့လိုက်ပါသွား၏။ တောလမ်းကလေးအတိုင်း လျှောက်သွားပြီးလျှင် အိမ်တစ်ဆောင်ကိုတွေ့ရ၏။ ရှင်ကျွမ်ဝုက ရွာထိပ်တွင်စောင့်ကြိုနေသည်။ တွေ့လျှင်တွေ့ချင်းဂါရဝပြုသည်။

'နောင်ကြီးကျိုရောက်လာမှာကို မသိလို့ကြိုတင်ပြီးမစောင့်ကြိုနိုင်တာကို ခွင့်လွှတ်စေချင်ပါတယ်ဗျာ'

ရှင်ကျွမ်ဝုက ကျိုကျင်ယွမ်အတွက် ညည့်ခံစားပွဲတစ်ပွဲ လျင်မြန်စွာ စီစဉ်တော့၏။

'ရောက်လာမှတော့ ချက်ချင်းလှည့်ပြန်မသွားနဲ့ဦးနော်၊ နောင်ကြီးကျို ဖင်နွှေးအောင်တောင်မှ ထိုင်မသွားဘူးဆိုရင် ကျွန်တော့ကို အထင်သေးရာကျပါတယ်၊ ကျွန်တော့ရွာရောက်တုန်းရောက်ခိုက် ညည့်ဝတ်မကျေဘူးဆိုရင် သိုင်းလောကမှာ ကျွန်တော်နာမည်ပျက်သွားတော့မှာပေါ့'

ကျိုကျင်ယွမ်ခေါင်းတညိတ်ညိတ်ဖြင့် ဝင်ထိုင်ရသည်။

'နောင်ကြီးရှင်ကတော့ တကယ့်ကို လက်ရုံးရည်ရော နှလုံးရည်ပါပြည့်စုံပြီး သိုင်းလောကမှာ ထင်ရှားတဲ့ပုဂ္ဂိုလ်တစ်ယောက်ပါပဲဗျာ။ နောင်ကြီးရဲ့ ဖုံ့ဝှမ်ကျွမ်းကျေးရွာကို အထင်မသေးရဲပါဘူး၊ ကျွန်တော့မှာကလဲ အာမခံလှည်းတွေကို စောင့်ရှောက်ပေးပို့ရမယ့်တာဝန်ကြီးရှိနေလို့ အချိန်ကြာကြာ

မနေနိုင်လို့ပါ'

ရှင်ကျွမ်ဝုက တဟားဟားရယ်လေတော့၏။

'ဒီလိုမှပေါ့ဗျာ၊ ကျွန်တော်အစောကြီးကတည်းကသိပါတယ်၊ နောင်ကြီးကျိုက ကျွန်တော့ကျေးရွာကိုအထင်သေးမှာမဟုတ်ပါဘူးလို့၊ အထင်သေးတဲ့စိတ်ရှိရင် အခုလိုဘယ်လာမလဲဗျာ၊ နော်'

ကျိုကျင်ယွမ်၏စိတ်ထဲတွင် ရှင်ကျွမ်ဝုသည် နာမည်နှင့်လိုက်အောင် ကျော်ကြားသည့်လူပေတည်းဟု မှတ်ချက်ချမိသည်။

ရှင်ကျွမ်ဝုက --

'နောင်ကြီးကျို ကျွန်တော့ကိုစပ်စုတယ်လို့တော့ မထင်စေချင်ဘူး၊ နောင်ကြီးက အာမခံကိစ္စနဲ့ ဒီကိုရောက်လာမှတော့ ကျွန်တော့မှာပြောစရာစကားလေးတွေရှိနေပါတယ်၊ ကျွန်တော့ကျေးရွာရဲ့မိုင်ငါးဆယ်ပတ်ဝန်းကျင်မှာ ကျွန်တော့ကို အထင်သေးတဲ့သူမရှိဘူးလို့ ထင်ပါတယ်၊ ဒါပေမယ့် မိုင်ငါးဆယ် အပြင်ဘက်မှာတော့ မြေခွေးရိုင်းတောဟာ အန္တရာယ် တော်တော်ကြီးတဲ့နေရာတစ်ခုဖြစ်တယ်၊ အဲဒီနေရာကို နောင်ကြီးကျိုအထူးသတိထားစေချင်ပါတယ်၊ ဒီကနေ မိုင်နှစ်ဆယ်လောက်ထပ်သွားမိရင်ကျိုလီအောင်းတောင်ကြားကို ရောက်ပါ့မယ်၊ အဲဒီနေရာကလဲ အန္တရာယ်များတဲ့နေရာတစ်ခု ဖြစ်ပါတယ်၊ နေ့ဘက်မှာဆိုရင်ရင်ဆိုင်လို့လွယ်ကူပေမယ့် ညဘက်မှာဆိုရင် အန္တရာယ်များတဲ့နေရာတစ်ခုဖြစ်လို့ သတိထားရပါလိမ့်မယ်၊



နောင်ကြီးကျိုလို ရဲရင့်ထက်မြက်တဲ့ သူရဲကောင်းတစ်ယောက်အနေနဲ့ ဘာမှပြဿနာအဟန့်အတား မရှိနိုင်ပေမယ့် ပေါ့ဆလို့တော့မဖြစ်ဘူး၊ ကျွန်တော်က ဒီလိုပြောလိုက်လို့ နောင်ကြီးစိတ်ထဲ မိကျောင်းမင်းရေကင်းပြတယ်လို့ မထင်စေချင်ပါဘူး'

ကျိုကျင်ယွင်မှာ မသွားခင်ကတည်းကပင် ဤခရီးစဉ်ကိုကြိုတင်စုံစမ်းထောက်လှမ်းခဲ့ပြီးဖြစ်၏။ ခရီးစဉ်တစ်ခုလုံးအန္တရာယ်ရှိသည့် နေရာဘယ်နှစ်နေရာရှိသည်ကိုလည်း သိရှိပြီးဖြစ်သည်။

ရှင့်ကျွမ်ဝုက ဤသို့ထုတ်ဖော်ပြောကြားလိုက်သောအခါ သူ့စိတ်၌ လှိုက်လှိုက်လှဲလှဲ ကျေးဇူးတင်သွားတော့၏။ ရှင့်ကျွမ်ဝုကို မိတ်ဆွေကောင်းတစ်ယောက်အဖြစ် သတ်မှတ်လိုက်တော့သည်။

ဂါရဝပြုပြီး သိချင်သည့်အချက်အလက်များကို ထပ်မံစုံစမ်းသည်။

'နောင်ကြီးရှင်က အကြားအမြင်များပြီးသတင်းစုံကိုသိနေတဲ့လူတစ်ယောက်ဆိုတော့မေးရဦးမယ်၊ ခုတလောဒီနေရာကို ဘယ်လိုအဆင့်ရှိတဲ့ပုဂ္ဂိုလ်တွေရောက်ခဲ့တယ်ဆိုတာသိပါလားခင်ဗျာ'

ရှင်ကျွမ်ဝုက ထိုအမေးစကားကြောင့် ရုတ်ခြည်းပင်မျက်နှာအမူအရာပြောင်းလဲလိုက်ပြီး စိတ်ပါလက်ပါပြော၏။

'နောင်ကြီးကျို မမေးရင်လဲ ကျွန်တော်က ဒီအကြောင်းပြောမလို့ပါပဲ၊ ကျွန်တော်ဟာ အသုံးမကျတဲ့လူတစ်ယောက်

ဖြစ်ပေမယ့် ဒီရွာရဲ့အကြီးအကဲတစ်ယောက်ဖြစ်နေသေးတာပဲ၊ ကျွန်တော်ဟာ အရင်ကသိုင်းလောကထဲမှာ ကျင်လည်ခဲ့ဖူးပေမယ့် သူတစ်ပါးရဲ့ချုပ်ခြယ်ခြင်းအာဏာ ပေးတာကို ခံခဲ့တဲ့သူမဟုတ်ပါဘူး၊ ကိုယ့်လမ်းကိုယ်လျှောက်ပြီး ကိုယ်စိတ်ကူးနဲ့ ကိုယ်ဆုံးဖြတ်ချက်ချတတ်ပါတယ်၊ ဒါကြောင့်လဲ ကျွန်တော် အာမခံလုပ်ငန်းအလုပ်ကိုမလုပ်ခဲ့ဘူး၊ ကာကွယ်စောင့်ရှောက်ပေးတဲ့အလုပ်ကို မလုပ်ခဲ့ဘူး၊ ဒီလိုပြောလို့နောင်ကြီးကျို ကျွန်တော့ကို အထင်လွဲစေချင်ဘူး၊ ကျွန်တော်မလုပ်နိုင်တာနဲ့ ဒီပြင်လူကိုအထင်သေးတဲ့သဘောမျိုးမပါဘူးနော်၊ လူတိုင်းဟာ ကိုယ့်ရည်ရွယ်ချက်၊ အတွေးအခေါ် ဆိုတဲ့ခြေထောက်နှစ်ချောင်းပေါ်မှာ ဘဝဆိုတဲ့ကိုယ်ထည်ကြီးကို ရပ်တည်ထားကြတာမဟုတ်လား၊ ဘယ်သူ့ကိုမှ ကျွန်တော် အထင်မသေးတတ်ပါဘူး၊ အဲ ---- ကျွန်တော်ကတော့ သူတစ်ပါးနဲ့ ချုပ်ချယ်မှုကို မခံချင်ဘူး၊ ဒါတောင်မှ အခုဘဲ အဲဒီလိုချုပ်ချယ်ခံရတာမျိုး ဖြစ်ခဲ့ရတယ်၊ ကျွန်တော့ကို ချုပ်ချယ်တဲ့လူတစ်ယောက် ပေါ်လာခဲ့တယ်လေ'

ကျိုကျင်ယွမ် စိတ်ဝင်စားသွား၏။ မျက်လုံးအရောင်တောက်ပလာသည်။

ရှင့်ကျွမ့်ရှုက ဒေါသထွက်လာသည့်ဟန်ဖြင့် --

'ပြီးခဲ့တဲ့ သုံးရက်ကပေါ့ဗျာ၊ ကျွန်တော့ကိုလူတစ်ယောက် စာတစ်စောင်ရေးပို့လိုက်တယ်၊ သူ့ကိုရွာထဲက စောင့်နေပါ၊ သုံးရက်ပြည့်ပြီးတာနဲ့ မလွဲမသွေ ရောက်လာမယ်၊ ကျွန်တော့်



ကိုလာတွေ့မယ်ပေါ့၊ ဒီနေ့ဟာ သုံး[illegible]ဆုံးရက်ပဲ၊ သူကျွန်တော့ကို ဒီလိုအကြောင်းမကြားရင်လဲ ကျွန်တော်က ဘယ်ကိုမှသွားမယ့်လူမဟုတ်ပါဘူး၊ [illegible] တော့ ကျွန်တော့ကို သွယ်ဝိုက်တဲ့နည်းနဲ့ ချုပ်[illegible]သလိုပဲ၊ သွားစရာရှိသွားမယ်၊ လာစရာရှိလာမယ်ဆိုတာက ကိုယ့်ကိစ္စပဲ၊ စောင့်ဆိုင်းနိုင်းတယ်ဆိုတာလဲ လှုပ်ရှားလို့မရအောင် ထိန်းချုပ်ထားခြင်းတစ်ခုပါပဲ၊ ပထမတော့ ကျွန်တော် အရေးမစိုက်ဘဲ တမင်လျှောက်သွားဖို့ စိတ်ကူးသေးတယ်၊ နောက်ပြန်စဉ်းစားမိမှ ဒီလိုလုပ်ပြရင် သူတစ်ပါးအတွက် စကားပြောပြစရာဖြစ်လာနိုင်တာမို့ ရွာမှာပဲငြိမ်နေမိတယ်။ နောင်ကြီးကျိုရယ် ---- ကျွန်တော်အသက်ငါးဆယ်ရှိပါပြီဗျာ၊ ရှေ့ပိုင်းမှာ ဘယ်ချုပ်အချယ် မခံရဘဲ ဒီနေ့ကျမှ အချုပ်ချယ်ခံလိုက်ရတယ်ဆိုတော့ ဒေါသမထွက်ဘဲနေပါ့မလားဗျာ'

ရှင့်ကျွမ်ဝှသည် ဒေါသထွက်စရာမဟုတ်သည်ကို ဒေါသထွက်နေသည်ဟု ကျိုကျင်ယွမ်ယူဆ၏။ သို့သော် ဘာမျှမပြောပေ။

ရှင့်ကျွမ်ဝှက

'ကြည့်စမ်းပါဦး နောင်ကြီးကျိုရယ်၊ ရာသီဥတုက ဘယ်လောက်ကောင်းသလဲ၊ ဒီညဆီးနှင်းမကျနိုင်တော့ဘူးဗျ'

ရှင့်ကျွမ်ဝှက အမှတ်မထင်ပြောသလိုပြောသော်လည်း ဒီညဆိုသော စကားနှစ်လုံးကြောင့် ကျိုကျင်ယွမ် ဆတ်ခနဲ တုန်ယင်သွား၏။ ရှင့်ကျွမ်ဝှက တမင်သူ့ကိုသတိပေးလိုက်ခြင်း

ဖြစ်ကြောင်းရိပ်မိလိုက်သည်။

သူသည်ထရပ်ပြီး ရှင့်ကျွမ်ဝုကို နှုတ်ဆက်စကားပြောလေတော့သည်။ ရှင့်ကျွမ်ဝုက ခေါင်းညိတ်ပြီး ထပ်မံ ဖိတ်လိုက်သည်။

'နောင်ကြီးကို နေပြည်တော်မပြန်ခင် ကျွန်တော့်ဆီကို နောက်ထပ်တစ်ခေါက်လောက်အရောက်လာခဲ့ပါဦး၊ အခုတော့ နောင်ကြီးကို အတင်းအဓမ္မ ထပ်ပြီးမနေခိုင်းတော့ပါဘူးဗျာ'

ရှင်ကျွမ်ဝုက ဧည့်သည်တော်အား ရွာပြင်သို့ရောက်အောင် လိုက်လံပို့ဆောင်ပေး၏။ ကျိုကျင်ယွမ် သည် သူသိချင်သည့်သတင်းများကို သိရပြီဖြစ်၍ သူ့မြင်းကြီး ဖြင့် အပြန်ခရီးကိုစတင်နေလေပြီ။

* * * * *

အခန်း (၂၄)

## ရန်ဟိုက်ပေးခြင်း

လုစင်သည် သူ့အစီအစဉ်အတိုင်း ဖုံဝှမ်ကျွမ်းကျေးရွာမှ ထွက်၍ ချုကျားကျွမ်းရွာသို့ သွားသည်။ ချတော့တူကို ရှာဖွေခဲ့သည်။

ထို့နောက် ချတော့တူအား ကျိုကျင်ယွမ်သယ်ယူလာခဲ့သည့် ပစ္စည်းများသည် ဝမ်ကျင်၏ပစ္စည်းများဖြစ်ကြောင်းပြောပြ၏။

ကျိုကျင်ယွမ်သည် သူ၏အာမခံပစ္စည်းများကိုဖုံဝှမ်ကျွမ်းကျေးရွာမှလုယူမည်သတင်းရရှိထားခြင်းကြောင့် ချတော့တူ၏ အကူအညီကို လာရောက်တောင်းခိုင်းခြင်းဖြစ်ကြောင်း ဤသို့ကူညီပါက အမတ်ကြီးဝမ်ကျင်တလည်း အလွန်တရာကျေးဇူးတင်လိမ့်မည်ဖြစ်ကြောင်း လုစင်က လှည့်ပတ်ပြောဆိုလေတော့၏။

ချတော့တူမှာ ကျင်ယွမ်အာမခံပစ္စည်းများရောက်ရှိလာမည်ကို အစောကြီးကတည်းက ကြိုတင်သိရှိခဲ့ပြီးဖြစ်၏။ ကိုယ်တိုင်လက်ဦးမှုလုယက်ယူငင်မည်ဟုလည်း စိတ်ဆုံးဖြတ်ထားခဲ့သည်။

ယခု လုစင်ထံမှ ဤပစ္စည်းများသည် ဝမ်ကျင်၏ပစ္စည်းများဖြစ်သည်ဟုသိရသောအခါ ပထမ စိတ်ကူးအတိုင်း ဆောင်ရွက် ရန်မဖွံ့မရဲဖြစ်သွားသည်။

ဝမ်ကျင်နှင့်ရန်သူအဖြစ်ခံပြီး လုယက်မည့်အစား ဝမ်ကျင်အားကူညီပြီး ဘွဲ့တံဆိပ်တောင်းတောင်းယူပါက ပို၍အကျိုးရှိမည်ဟု စဉ်းစားဆုံးဖြတ်လိုက်သည်။

ထိုသို့ ဆုံးဖြတ်ပြီးသည်နှင့် သူ့တပည့်တပန်းများကိုခေါ်ကာ ရယ်ဟူအောင်းတောင်ကြားသို့ အရောက်သွားလေတော့၏။

လုစင်သည်လည်း သူတို့နှင့်အတူလိုက်ပါလာခဲ့သည်။

ရယ်ဟူအောင်းသို့ရောက်သောအခါ သူတို့ရှေ့၌ ကြိုတင်ရောက်ရှိနေသည့် ယန်မေချိုတို့နှင့် ထိပ်တိုက် ဝင်တိုးတော့သည်။

လုစင်မှာ သူတို့အုပ်စုကို ကောင်းစွာမှတ်မိ၏။ ခပ်လှမ်းလှမ်းမှပင် ချာဘာ့တူအား သတိပေးခဲ့သည်။

'ဒါတွေက ဖုံ့ဝှမ်ကျွမ်းကျေးရွာက လူတွေထင်တယ်၊ သူတို့အုပ်စု လူနည်းနေကြတုန်း အလျင်ဖြိုထားရရင် ကောင်းမယ်ထင်တယ် နောင်ကြီးချ'

ချာဘာ့တူမှာ နာမည်ကောင်းလက်မှတ်ကို အသာငမ်းငမ်းလိုချင်နေသူဖြစ် ချက်ချင်းထွက်တိုက်ရန် ဟန်ပြင်သည်။ ထိုအခါ လုစင်က သူ့ကိုတားသည်။

'နေဦး နောင်ကြီးချ၊ ကျွန်တော်အလျင်သူနဲ့ တစ်ပွဲ



လောက်နွှဲပါရစေ'

လုစင်သည် စကားပြန်ကိုမစောင့်တော့ဘဲ ရှေ့သို့ခုန်ထွက်လိုက်ပြီး ရှေ့မှ အုပ်စုကို ငေါက်ငမ်းလေတော့သည်။

'ခင်ဗျားတို့ဘယ်သူတွေလဲ၊ ဒီနေရာက ဆုတ်သွားကြ'

လုစင်၏ငေါက်ငမ်းသံကြောင့် ခပ်ပုပုလူတစ်ယောက်ထွက်လာသည်။သူက ဒေါသတကြီးပြန်၍အော်ဟစ်၏။

'မင်းဘာတွေအော်နေရတာလဲ၊ မင်းနာမည်ကိုပြောစမ်း၊ ငါ့ကျာပွတ်အကြောင်းသိသွားရမယ်'

'ရှမ်း'

ပြောရင်းမှ ကျာပွတ်ကိုတစ်ချက်ယမ်းလိုက်၏။

လုစင်က ----

'စကားသိပ်များမနေနဲ့၊ ခင်ဗျားတို့အကြောင်းကျုပ်မသိဘူး ထင်နေသလား၊ ကျုပ်တို့သခင်ကြီးကျိရဲ့အာမခံပစ္စည်းတွေကို လွယ်လွယ်နဲ့ လုလို့ရမလားဗျ၊ သေရမှာကိုမကြောက်တဲ့လူ အလျင်ဆုံး တက်လာခဲ့၊ သေမှာကြောက်တဲ့လူ အမြန်ဆုံးဘေးကို ဖယ်ထွက်နေလိုက်'

တစ်ဘက်မှ ခပ်ပုပုလူမှာ ခုနစ်ယောက်အုပ်စုထဲမှ ကူယင်း ဖြစ်၏။ လုစင်ကို ကျိကျင်ယွမ်၏လူဟု သိသည်နှင့် ရန်သူအဖြစ်သတ်မှတ်လိုက်တော့သည်။

'ဟား ----- ဟား---- ဟား တကယ့်ချာတိတ်ပဲ၊ သတ္တိရှိရင်လာခဲ့စမ်း၊ ကျိကျင်ယွမ်၏လက်ပါးစေတွေ ဒီလောက်သတ္တိရှိလိမ့်မယ်လို့မထင်ဘူး၊ မင်းက သူ့အတွက် ဒီလောက်အကျိုး

ဆောင်ပေးနေတာ သူ့သားမက်မို့လို့လား၊ ဟဲ --- ဟဲ ချာတိတ်၊ မင်းပြန်သွားပြီး၊ မိန်းမနဲ့ ပျော်ပျော်နေစမ်းပါ၊ တော်ကြာ မင်းမိန်းမ မုဆိုးမဖြစ်သွားရင်မကောင်းပါဘူး'

လုစင်သည် ဘာမျှမပြောတော့ဘဲ ခုန်ဝင်ပြီး တိုက်ခိုက်တော့သည်။

တိုက်ကွက်နှစ်ဆယ်မပြည့်မီပင် ကူယင်း၏လက်သီးတစ်ချက်အထိုးခံရကာ လုစင်သည်နောက်သို့ ယိမ်းယိုင်သွားရလေ၏။

နောက်တစ်ကြိမ်ပြန်အတိုက်တွင်လည်း နောက်ထပ်တစ်ချက်အကန်အခံလိုက်ရသဖြင့် ခပ်လှမ်းလှမ်း သို့လွင့်ထွက်သွားရပြန်သည်။

နောက်ဆုံးတွင် သစ်တောအုပ်ထဲပြေးဝင်သွားပြီး စူးစူးရှရှအော်ဟစ်လိုက်၏။ နောက်ထပ် ဘာသံမျှထွက်မလာသလို လူလုံးလည်းမပြတော့။

ကူယင်းမှာ တစ်ဘက်လူကြောက်၍ ထွက်ပြေးသွားပြီဟု သတ်မှတ်ကာ အကျေနပ်ကြီးကျေနပ်တော့သည်။

ချတော့တူက လုစင်ကျန်ရစ်ခဲ့သည့် စက္ကူလိပ်တစ်လိပ်ကို ကောက်ယူလိုက်၏။

လုစင်တစ်ယောက် တောထဲထွက်ပြေးသွားရပုံ ကို တွေ့လိုက် ရသည့်အခါတွင်မှ သူသည် စက္ကူလိပ်ကို ဖြန့်မကြည့်နိုင်တော့ဘဲ ကူယင်းထံသို့ခုန်ဝင်သွားလေတော့၏။

လုစင်သည် ထိုအဖြစ်အပျက်များကို သစ်ပင်ကြီးတစ်ပင်



ပေါ်မှချောင်းကြည့်နေမိသည်။ ချတော့တူနှင့်ခုနှစ်ယောက်အုပ်စုကား သူလိုချင်သည့် ပုံစံအတိုင်း အကြိတ်အနယ်တိုက်ခိုက်နေကြလေပြီ။

'ချတော့တူ ဒီတစ်ခါတော့ ခင်ဗျား ပင်ပန်းသလောက် ဘာမှအကျိုးမရှိတဲ့အပြင် အပြစ်ပေးတာတောင် ခံရဦးမှာပါကလား'

လုစင်သည် ခုနှစ်ယောက်အုပ်စုနှင့်အတူလိုက်လာသူနှစ်ယောက်ကို တစ်ခါမျှ မမြင်ဖူးပေ။ သူတို့ထပ်မံခေါ်ဆောင်လာသည့် စစ်ကူများဖြစ်နိုင်ပေသည်။

ချတော့တူတို့အုပ်စုမှာ လူသုံးဆယ်နီးပါးရှိ၏။သို့သော် တစ်ဘက်နှင့်လက်ရည်တူ ယှဉ်ပြိုင်နိုင်စွမ်း ရှိသူဆို၍ ငါးယောက်လောက်သာပါရှိသည်။ ထိုငါးယောက်ထဲတွင် နှစ်ယောက်သာ အထက်စီးရသည်။

တစ်ယောက်က ဉာဏ်နီဉာဏ်နက်သုံးတတ်သဖြင့် လုစင်၏ ပေါင်ကိုဒဏ်ရာရစေသည်။ ချတော့တူအပါအဝင် အားလုံးမှာလည်း အကျပ်အတည်းနှင့်ရင်ဆိုင်နေရသည်။ ခုနှစ်ယောက်အုပ်စုမှ ဝမ်ရင်က အော်မေး၏။

'သူခိုးတွေ မင်းတို့ဒီမှာလာရှုပ်ရဲရအောင် ဘယ်ကကောင်တွေမို့လို့လဲ၊ ရှင်းရှင်းလင်းလင်းပြောစမ်း၊ ကျုပ်စိတ်မထိန်းနိုင်ရင် အဆိုးမဆိုကြနဲ့'

သူ့လက်ဝဲရင်ဘတ်ကိုဒိုင်းဖြင့် ကာရံထားပြီး ဒိုင်းထဲတွင်ဓားကို ဖုံက်သိမ်းထားသည်။ သူ့ပုံစံက ကြောက်စရာကောင်း

လှသဖြင့် ချတော့တူပင် ထိတ်ခနဲဖြစ်သွားသည်။

သို့သော် ဟန်ကိုယ့်ဖို့ဆိုသည့် စကားအတိုင်း ဖြန်လည် ဟိန်းဟောက်လိုက်သည်။

'ခွေးမားဖြတွေ -- ချကျားကျွမ်းရွာရဲ့ရွာသူကြီးကိုတောင် မသိတော့ဘူးလား၊ မင်းတို့ဒီနေရာက မြန်မြန်ထွက်သွားကြစမ်း'

သူ့စကားမဆုံးခင်မှာပင် ဗူးရှကြောက်စရာကောင်းသော အော်သံတစ်ချက်ထွက်ပေါ်လာသဖြင့် ချတော့တူပင် လန့်ဖျပ်သွား၏။ သူ့အစ်ဘက်သို့ စောင်းအကြည့်တွင် ဝမ်ရင်က အသံကျယ်ကြီးဖြင့် အော်၏။

'ညီအစ်ကိုတို့ -- ဒီကောင်တွေ ကျိုကျင်ယွမ် အိမ်တော် လက်ပါးစေတွေမဟုတ်ဘူး၊ချကျားကျွမ်းရွာက လူတွေ၊ သူတို့က တို့လက်ထဲက ပစ္စည်းကိုလိုချင်နေကြတာ၊ ဒီကောင်တွေ လွတ်မထွက်သွားစေနဲ့'

'ဟား ---- ဟား ------- ဟား'

ထိုစဉ် အေးစက်စက်ရယ်မောသံနှင့်အတူ လူနှစ်ယောက် သည် သစ်တောအုပ်ကလေးအတွင်းမှ ထွက်လာလေတော့၏။

× × × × × × × × × × × × × × × × × ×

ထိုသူနှစ်ယောက်မည်သူမည်ဝါဖြစ်ကြသည်ကို ထိုခုနှစ် ယောက်အုပ်စုမှာမြင်လိုက်သည်နှင့်ပင်သိလိုက်၏။ သူတို့ နှင့်လမ်းတွင်တွေ့ကြုံခဲ့ဖူးပြီးဖြစ်ပေသည်။

ထိုသူနှစ်ယောက်က ဘေးတစ်ဘက်တစ်ချက်တွင် ပုန်းကွယ်လိုက်ကြပြီး --



'ချကြစမ်းပါကွာ၊ မင်းတို့အရှုံးအနိုင်ကွဲမှ ငါတို့ဝင်ခဲ့ရင်လဲ နောက်မကျသေးပါဘူး'

တခြားတစ်ယောက်ကလည်း ----

'မင်းတို့အတွက်သက်သေဒိုင်လူကြီးလုပ်ပေးဖို့ လူလို နေသလား၊ ငါဆိုရင်ဘယ့်နှယ့်လဲ'

ထိုနှစ်ယောက်က အော်ဟစ်လှောင်ပြောင်နေသည်။ ခုနှစ်ယောက်အုပ်စုထဲမှလူတစ်ယောက်က ----

'မင်းတို့ရယ်တာစောလွန်းပါတယ်သူငယ်ချင်း၊ တို့တစ်တွေ ဘာဖြစ်လာမလဲ ကြည့်ရသေးတာပေါ့နော်'

ချတော့တူကလည်း ထိုလူနှစ်ယောက်၏ လှောင်ပြောင်မှု ကို နားမခံနိုင်ပေ။

'ခင်ဗျားတို့ဘယ်သူတွေလဲ၊ ကျိုကျင်ယွမ်အာမခံအဖွဲ့ သိုင်းသမားတွေလား'

'ခင်ဗျားနဲ့မဆိုင်ပါဘူး၊ ခင်ဗျားအသက်ကိုသာသတိထား ပါ'

လုစင်သည် သစ်ပင်ပေါ်မှနေ၍ ပတ်ဝန်းကျင်တစ်ခုလုံး ကို ခြုံမြင်နေရသည်။

ထိုစဉ်အဝေးဆီမှ ဖုန်မှုန့်၊ သဲမှုန့်များတလိပ်လိပ် ထွက်လာသည်ကိုတွေ့မြင်လိုက်ရသည့်အခါတွင် သူစိတ်အေး သွားတော့၏။ အားလုံးအံကိုက်အချိန်ကိုက်ဖြစ်လာသည်ကို သူလွန်စွာကျေနပ်မိသည်။

မကြာမီမြင်းခွာသံများရယ်ဟူအောင်းတောင်ကြားဆီသို့

ရောက်ရှိလာတော့၏။ ခုနှစ်ယောက်အုပ်စုထဲတွင် လူတစ်ယောက်သာ ဝဲဘက်ပေါင်တွင်ဒဏ်ရာရရှိပြီး ကျန်လူများ အခြေအနေကောင်းနေကြ၏။

ချကျားကျွမ်းရွာသားအချို့ကား ထွက်ပြေးကြရလေပြီ။

ချတော့တူမှာလည်း အပြင်းအထန်ဒဏ်ရာရရှိပြီး မြေပေါ်တွင်လဲကျနေပေပြီ။

ကျိုကျင်ယွမ်အာမခံအဖွဲ့သား အချိန်မီရောက်မလာခဲ့လျှင် ဝူစမ်ရှင်၏ ဓားအောက်တွင် ချတော့တူ အသက်ပျောက်လောက်ပေပြီ။

ကျိုကျင်ယွမ်အာမခံအဖွဲ့သားများ အားလုံ ကို ဝန်းရံထားလိုက်ကြ၏။ ထိုအထဲမှ မာရှိဝမ့်ဆိုသူက ဓားကိုမြှောက်၍ ကျယ်လောင်စွာအော်ဟစ်လိုက်၏။

'မင်းတို့တစ်တွေ ငါတို့နောက်ကိုလိုက်နေတာအတော်ကြာသွားပြီ၊ တော်တော်တော့ပင်ပန်းကြမှာပဲ၊ မင်းတို့အထဲက ဘယ်သူအလျှင်ဆုံးတက်လာပြီး ငါနဲ့ရင်ဆိုင်မလဲ'

ခုနှစ်ယောက်အုပ်စုထဲမှ တာ့ဝမ်ချဆိုသူက တည်တည်ငြိမ်ငြိမ်ပင်ပြောသည်။

'သခင်ကြီးကျိုကျင်ယွမ်ထွက်လာခဲ့ဖို့ ဖိတ်ခေါ်ပါတယ်၊ ကျုပ် သူနဲ့စကားပြောစရာရှိတယ်'

သို့သော်ကျိုကျင်ယွမ်ပါမလာပါ၊ အာမခံအဖွဲ့သားများသည် မိမိတို့ အင်အားတောင့်တင်းသည်ဆိုပြီး ဂုဏ်မောက်နေကြသည်။ အသက်လေးဆယ်ခန့်ရှိသော လူတစ်ယောက်သည်



လူအုပ်အလယ်သို့တိုးထွက်လာပြီး ခုနှစ်ယောက်အုပ်စုနှင့်ရင်ဆိုင်လိုက်၏။

'သခင်ကြီးကျို ဒီမှာမရှိဘူး၊ မင်းတို့စကားပြောစရာရှိရင် ကျုပ်နဲ့ပြောရင်လဲရပါတယ်'

ထိုသူကား စွမ်းချန်းစုပင်တည်း'

ဝမ့်ချက ----

'ခင်ဗျားတို့ အာမခံဌာနကလူတွေ သိုင်းလောကစည်းကမ်းကိုနားလည်ရဲ့လား၊ အခု ခင်ဗျားတို့က အရာရှိတွေနဲ့ အချိတ်အဆက်လုပ်ပြီး ဩဇာအာဏာပြချင်လို့ ဘယ်ရပ့်မလဲ'

စွန်းချန်းစု မျက်နှာရဲခနဲဖြစ်သွား၏။

'အပိုတွေလျှောက်ပြောမနေနဲ့၊ မင်းတို့ဘာလုပ်ချင်သလဲ၊ တိုက်ခိုက်မယ်ဆိုရင်လဲအဆင်သင့်ပဲ၊ တစ်ယောက်ချင်းလား၊ တစ်ပြိုင်နက်လား၊ အားလုံးရတယ်၊ မင်းတို့ကြိုက်သလိုစီစဉ်၊ အေး----တကယ်လို့ မင်းတို့မှာခရီးစရိတ်ပြတ်လပ်ပြီး ဒီလိုလုပ်ရပါတယ်ဆိုလဲ မင်းတို့ဘက်ဒုက္ခမရောက်ရအောင် ငွေသားအနည်းအကျဉ်းဆီတော့ အလှူပြန်ထည့်ပေးနိုင်ပါတယ်၊ ပြော---- ဘယ်လိုလုပ်စေချင်သလဲ။

ဝမ့်ချမှာ အစော်ကားခံရသဖြင့် မျက်နှာရဲခနဲဖြစ်သွား၏။

'မင်းတို့အနေနဲ့ ဘုရင်ဆိုးရဲ့အရာရှိတွေနဲ့ ဆက်သွယ်တာကိုက သိုင်းလောကရဲ့စည်းကမ်းကို ဖြိုးဖောက်ရာရောက်နေပြီ၊ မင်းတို့အမှားကိုဝန်ခံပြီး အာမခံလှည်းတွေအားလုံးထားခဲ့မယ်ဆိုရင် မင်းတို့ကိုသက်ညှာတဲ့အနေနဲ့ အသက်ချမ်းသာ

ခွင့်ပေးမယ်'

ဝမ့်ချစကားမဆုံးမီပင်အရိပ်မည်းတစ်ခုက နှစ်လံလောက်အကွာမှသူ့အပေါ်သို့ ခုန်အုပ်ရောက်ရှိလာ၏။

'ခွေးသူခိုး --- ငါ့ရဲ့ဓားကို အလျင်မြည်းကြည့်လိုက်စမ်း'

ခုနှစ်ယောက်အုပ်စုမှ တစ်ယောက်ကလည်း ခုန်ပျံဝင်လာသည်။

ဝမ့်ချသည် သူတို့၏ခေါင်းဆောင်တစ်ယောက်ဖြစ်၍ ဝမ့်ချကိုရင်ဆိုင်ခွင့်မပေးပေ။ ထိုနှစ်ယောက်ကား မာရှိဝမ့်နှင့်စန်းစချိနင် တို့ပင်တည်း။

မာရှိဝမ့်က ဓားရှည်တစ်လက်ဖြင့် တိုက်ခိုက်၏။ တကယ်တမ်းယှဉ်ပြိုင်လျှင် ချိနင်က သူ့ထက်သိုင်းပညာအဆင့်အတန်းပို၍ထက်မြက်သည်။ သို့သော် ချိနင်က ပညာကုန်ထုတ်မသုံးဘဲ မာရှိဝမ့်ထက် အဆင့်နိမ့်ကျသယောင် ဟန်ပြတိုက်ခိုက်သည်။ သိုင်းကွက်ပေါင်းနှစ်ဆယ်ရောက်သောအခါမှ မာရှိဝမ့်၏ကျောပြင်ကို အပိုင်ရိုက်ချလိုက်တော့သည်။

'ဖုန်း'

'အား'

မာရှိဝမ့်မှာ နှစ်လံခန့်သို့ လွင့်စင်သွားပြီး အသက်ပျောက်သွားရလေတော့သည်။ ထိုအခါ သူနှင့်ညီအစ်ကိုလိုခင်မင်သော ကျန်းဆိုသူက ဝင်ရောက်လာသည်။

ချိစကူးခုလုံ နှင့် လက်ရည်ချင်းယှဉ်ပြိုင်၏။

တိုက်ကွက်နှစ်ဆယ်မပြည့်မီပင် ဦးနှောက်ပွင့်ကာ



ကျန်းသေသွားသည်။

ဤသို့ဖြင့် အာမခံအဖွဲ့သားသုံးယောက်မှာ ရန်သူ့လက်ချက်ဖြင့် အသက်ဆုံးရှုံးသွားရသည်။ ထိုအခါ စွမ်းချန်းစုမှာ သူကိုယ်တိုင်ဝင်တိုက်မည်ဟု ဆုံးဖြတ်လိုက်သည်။ သူခုန်ဝင်မည်ပြုစဉ် လူကွမ်ဆိုသူက ခုန်ဝင်သွားသဖြင့် သူအသာနောက်ဆုတ် လိုက်ရသည်။

လူကွမ်က သံမဏိဓားကြီးဖြင့် ကူယင်းကို တိုက်သည်။ အားလုံး အံ့သြသွားကြ၏။ တိုက်ကွက်သုံးကွက်အတွင်း၌ ကူယင်းသေဆုံးသွားသောကြောင့်တည်း။

ထိုအခါ တစ်ဘက်နှင့်တစ်ဘက်ထိန်းမရတော့ဘဲ အုပ်စုလိုက်တိုက်ခိုက်ကြတော့သည်။ ခုတ်သံထစ်သံ၊ မာန်သွင်းသံများကဆူညံနေသည်။ ကြီးကျယ်သောအုပ်စုလိုက် တိုက်ပွဲကြီးပင်ဖြစ်ပါတော့သည်။

အချိန်အတော်ကြာတိုက်ပြီးသောအခါမှ ကျယ်လောင်သောအသံတစ်သံပေါ် ထွက်လာလေ၏။ ထိုအသံကား အာမခံဌာန၏ ခေါင်းဆောင်ကြီးကျိုကျင်ယွမ်၏အသံပင်ဖြစ်ပါလေသတည်း။

ပထမပိုင်းပြီးပါပြီ။

(ဒုတိယပိုင်းဆက်လက်ဖတ်ရှုပါရန်)

တက္ကသိုလ် နေလင်းအောင်